
www.burmeseclassic.com



www.burmeseclassic.com

# ဆုမြတ်မွန်မွန်

သင့်ထံ၌အချစ်ရှိသည် မရှိသည်ဖြစ်စေ


စာမူခွင့်ပြုချက်အမှတ်
၅၁၁၀၂၄၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၄၄၁၀၁၀

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃

ဆုမြတ်မွန်မွန်
သင့်ထံ၌အချစ်ရှိသည့် မရှိသည်ဖြစ်စေ/ဆုမြတ်မွန်မွန်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၃၀၀-စာ၊ ၁၂×၁၈ စင်တီ။
(၁) သင့်ထံ၌အချစ်ရှိသည့် မရှိသည်ဖြစ်စေ


21 NOV 2013

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com








# ဆုမြတ်မွန်မွန်

သင့်ထံ၌

အချစ်ရှိသည်ဖြစ်စေ

မရှိသည်ဖြစ်စေ



စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"အနု"ရဲ့နားထဲသို့ လေချွန်သံတစ်ခုက တိုးဝင်နေသလိုလိုဟု ထင်မိလေသည်။ ဒါဟာ အိပ်မက်လား၊ တကယ်လားဆိုတာ "အနု"ခွဲခြားမရသေးချေ။ သိစိတ်နှင့် မသိစိတ်ကြားမှာ လူးလွန့်နေသော ခန္ဓာကိုယ်က ဘာကိုမှ ဝေခွဲမရသေးပါ။ အဲဒီနောက်မှာတော့ တစ်စုံတစ်ရာက အနုကို လှုပ်နှိုးနေသလို ခံစားလာရသည်။ အဲဒါကိုလည်း အိပ်မက်ဟုပင် ထင်နေသေးသည်။

နောက်တော့မှ လူက တဖြည်းဖြည်း လူးလွန့်ကာ နိုးလာခဲ့သည်။ မျက်လုံးနှစ်လုံး ပွင့်သွားချိန်ဝယ် အနု မြင်တွေ့လိုက်ရတာက အင်မတန် ကြောက်မက်ဖွယ်ကောင်းသော ရုပ်ပျက်ဆင်းပျက် မျက်နှာကြီးဖြစ်သည်။ ပြီးတော့ အင်မတန် ကျက်သရေယုတ်သော သရဲသဘက်တို့၏ ညည်းတွားသံများ၊ ခွေးအူသံများ။

"အား"



www.burmeseclassic.com

www.burmeseclassic.com



အနုက ကြောက်လန့်တကြား အော်ဟစ်ပစ်လိုက်ကာ ဘယ်နားကို ထပြေးရမှန်းမသိ ဖြစ်သွားသည်။ အလင်းရောင် ဖျော့ဖျော့သာရသော အခန်းထဲတွင် ရုပ်ပျက် ဆင်းပျက် မျက်နှာနှင့် လူကြီး၊ အဲ ... လူကြီးလား သရဲကြီးလား ဘာကြီးမှန်းမသိသော ဟာကြီးက ဘယ်ကရောက်လာတာလဲ။ အနုကရော ဘယ်ကိုရောက်နေတာလဲ။

အနု ရင်ထဲတွင် ကြောက်လန့်စိတ်က အပြည့် ဝင်ရောက်လာကာ ခုတင်ပေါ်မှ ကြောက်လန့်တကြား ပြေးဆင်းဖို့ ပြင်သည်။ ဒါပေမဲ့ သတ္တဝါကြီးက ရှေ့မှကာဆီးနေသောကြောင့် ဘယ်လိုမှ ဆင်းပြေး၍ မဖြစ်ချေ။ အနုကို ရန်မူတော့မည့်သဏ္ဍာန်နှင့် ကြောက်မက်ဖွယ် အသံဆိုးများကြောင့် အနုရင်ထဲမှာ သေအောင် ကြောက်လန့်လာသည်။ ငိုချပစ်ချင်စိတ်နှင့်အတူ ဝမ်းပန်းတနည်း အသံကြီးဖြင့် အိမ်ကလူတွေကို အားကိုးတကြီး အော်ခေါ်မိသည်။

"ဖေဖေရေ ... ကြီးကြီးရေ ... လာပါဦး၊ အနုကို ကယ်ပါဦး"

"ဟား ဟား ... ဟား ဟား"

ကြောက်မက်ဖွယ် အသံကြီးဖြင့် သတ္တဝါကြီးက အနုရဲ့အနားသို့ လက်နှစ်ဖက်ကို ဆန့်တန်းကာ တိုးကပ်လာသည်။ အဲဒီအချိန်မှာပဲ အခန်းမီးတွေက ဖျတ်ခနဲ ပွင့်လာကာ ...

"ကဲ ... ခေတ်ရေ၊ ဒီလောက်ဆို တော်လောက်ပါပြီကွယ်။ ဟိုမှာ အနု အရမ်းလန့်နေပြီ"





မီးတွေ လင်းလာတာနှင့် အားလုံးကို လင်းလင်းချင်းချင်း မြင်တွေ့ခွင့်ရသွားသည်။ အနုသည် အခန်းဝမှာရပ်နေသော ကြီးကြီးထံ တစ်ဟုန်ထိုးပြေးသွားကာ တအားပဲ ဖက်ထားမိလေသည်။ ကြီးကြီးက အနုရဲ့နဖူးစပ်က ချွေးစေးတွေကို သုတ်ပေးကာ နှစ်သိမ့်ပေးနေသည်။

"အလကား အနု၊ ဘာမှ မဟုတ်ဘူး၊ မကြောက်နဲ့တော့ သမီး၊ ခေတ် သက်သက်လာနောက်တာ၊ ထတော့ သမီး၊ မျက်နှာသွားသစ်ချေ၊ ခဏနေ ဘုန်းဘုန်းတွေ ကြွလာတော့မယ် ...

ခေတ် ... လာခဲ့၊ အောက်ဆင်းလာခဲ့"

ကြီးကြီးက လှမ်းခေါ်လိုက်လျှင် ခေတ်က သူ့ရဲ့ ကြောက်မက်ဖွယ် မျက်နှာဖုံးကြီးကို ဆွဲဖြုတ်ပစ်လိုက်ကာ အနုကို ပြောင်စပ်စပ်ဖြင့် ပခုံးတွန့်ပြသည်။

"ဘယ်လိုလဲ အနု၊ သိပ်ကြောက်သွားသလား။ ဟား ဟား ငါက နင့်ရဲ့ နှစ်ဆယ့်တစ်နှစ်ပြည့် မွေးနေ့လေးကို မှတ်မှတ်ရရ ဖြစ်သွားစေချင်လို့ပါဟ"

ခေတ်ရဲ့လက်ထဲတွင် သရဲသံများ ထွက်ပေါ်နေသော ကက်ဆက်တစ်လုံးကို မြှောက်ပြနေကာ လှောင်သလို ရယ်မောနေသည်။ အနုက တော်တော်ဒေါသထွက်သွားသောကြောင့် ခေတ်ကို အံကြိတ်ကြည့်ကာ ဘာမှမပြောတော့ဘဲ မျက်နှာသစ်ဖို့ရာအတွက် သန့်စင်ခန်းထဲသို့ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်ပြီး ပြန်ထွက်လာသောအခါ အခန်းထဲတွင် ဘယ်သူမှ မရှိတော့။ အနုက နာရီကို တစ်ချက်ကြည့်လိုက်သောအခါ နံနက်လေးနာရီခွဲကို ညွှန်ပြနေသည်။ ဒီနေ့ အနုရဲ့ မွေးနေ့ဖြစ်သည်မို့ အိမ်မှာ ဘုန်းကြီးငါးပါးကို အရုဏ်ဆွမ်းကပ်ကာ တရားနာမည်ဖြစ်သည်။ ညှိုပရိသတ်တွေကိုတော့ ဘယ်သူ့ကိုမှ ဖိတ်မထားပါ။ အနုက ကြည့်ကောင်းရုံ ပြင်ဆင်ပြီး အဝတ်အစားလဲကာ အောက်ထပ်သို့ ဆင်းလာခဲ့လျှင် မီးဖိုချောင်ထဲမှာ ကောင်မလေးတွေနှင့်အတူ ပြင်ဆင်လုပ်ကိုင်နေသော ကြီးကြီးကို တွေ့လိုက်ရသည်။ အနု ဝင်လာတာ မြင်တာနှင့် ကြီးကြီးက ...

"ပြီးပြီလား သမီး။ အေး ... အဲဒီမှာ ကော်ဖီဖျော်ထားတယ် သောက်လိုက်ဦး"

"ဟုတ်သတ္တဝါရော ကြီးကြီး"

အနုက စားပွဲမှာ ဝင်ထိုင်ရင်း ကော်ဖီကို တစ်ငုံငုံရင်းမှ မေးလိုက်လျှင် ကြီးကြီးက မသက်သာဟန်ဖြင့် ဖြေသည်။

"ပြန်သွားပြီလေ။ သမီးကို သက်သက်လာနှောက်တာပါကွယ်။ ပြောလို့လည်း မရဘူး။ ဗွတ်ဖြစ်နေတာနဲ့ လွှတ်ပေးလိုက်ရတယ် ...

သမီးအဖေကလည်း ခွင့်ပြုလိုက်ပါ ဆိုတာနဲ့ ပေးဝင်လိုက်တာပေါ့။ တကတဲမှ အနုလေး တော်တော်လန့်သွားသလား"





"လန့်တာပေါ့။ သမီးဖြင့် အိမ်မှာမဟုတ်ဘဲ တခြားဘယ်နေရာကိုများ ရောက်သွားသလဲလို့တောင် ထင်မိတယ်"

"ဩော် ... ဖြစ်မှဖြစ်ရလေ၊ အနုလေးက ဘယ်ရောက်မှာမို့လို့လဲ၊ ဟင်း ... အဲဒီ ခေတ်ဆိုတဲ့ ကောင်လေးဟာလေး သူများကို နှောက်ဖို့ ပြောင်ဖို့များ အိပ်ရာကတောင် နိုးစက်ပေးထားပြီး ထပြောင်တတ်တယ်။ အံ့ရော ...

ကဲ ... အနုလေး ရှေ့ကိုသွားတော့၊ ကားသံကြားတယ်၊ ဘုန်းဘုန်းတွေ ကြွလာပြီနဲ့ တူတယ်"

အနုက ကော်ဖီကို လက်စသတ် မော့သောက်ပြီးနောက် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ အိမ်ရှေ့မှာက ကြီးကြီးပြောသလိုပင် ဘုန်းဘုန်းတွေ ကြွလာကာ ဖေဖေက ဦးဆောင်ပြီး ပင့်ဖိတ်ကြိုဆိုနေသည်။ အားလုံး လူစုံသောအခါ တရားနာဆွမ်းကပ်ကြသည်။ နတ်သုဒ္ဓါဆွမ်းကပ်သည်မို့ ဘုန်းဘုန်းတွေ ပြန်ကြွသွားတာနှင့် ကြီးကြီးက အိမ်နီးနားချင်းတွေကို ချိုင့်နဲ့ဝေဖို့ပြင်ဆင်တော့သည်။

အခုမှပဲ ထမင်းစားပွဲဝိုင်းမှာ ထပ်တွေ့ဖြစ်ကြသော အနုနဲ့ ဖေဖေဟာ စကားကောင်းကောင်း ပြောရတော့သည်။

"သမီးလေး ... မနက်က တော်တော်မှ လန့်သွားရဲ့လား၊ ခေတ်ကကွာ ဖေဖေ့ကို အရင်နေ့တွေတည်းက ပြောထားလို့ပါ။ သူ သမီးမွေးနေ့ကျရင် Surprise လုပ်ချင်တယ် ဆိုလို့လေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မနက်ကို ဆယ်နာရီ ဆယ့်တစ်နာရီမှ ထတဲ့ လူက လေးနာရီထပြီး လုပ်မယ်ဆိုတာနဲ့ ဖေဖေလည်း မထင်လို့ အေး … လာခဲ့ပေါ့ကွာလို့ ပြောလိုက်တာ။ တကယ်ရောက်လာတယ်လေ”

အနုက ကိုယ့်အဖေကိုယ် မျက်စောင်းထိုးလိုက်လျှင်လည်း မကောင်းဘဲ ရှိတော့မည်မို့ မျက်လုံးတစ်ချက်သာ လှန်ကြည့်ပြီး ဘာမှမပြောတော့ချေ။

ဖေဖေဟာ သားယောကျ်ားလေးကို အင်မတန် လိုချင်တောင့်သူပီပီ ငယ်ငယ်တည်းက ချစ်ခင်တွယ်တာခဲ့ရသော ခေတ်လုလင်ကို သူ့သားအရင်းသဖွယ် သံယောဇဉ်ရှိလှသည်။ ပထမဆုံးမွေးခဲ့တာက အနု ဖြစ်နေတာမို့ သားယောကျ်ားလေး မရမချင်း ကလေးယူမည်ဟု ဆုံးဖြတ်ခဲ့သော ဖေဖေ့ဆန္ဒတွေဟာ မပြည့်ဝခဲ့ပါ။ အနုရဲ့မေမေဟာ မိဘတွေရှိရာ မန္တလေးသို့ခေတ္တ သွားရင်းနဲ့မှ ကားအက်ဆီးဒင့်ဖြစ်ကာ ကွယ်လွန်သွားခဲ့ရှာသည်။

အနုက သူငယ်တန်း စတက်ခါစအရွယ်မို့ ကျောင်းသွားဖို့ ထားခဲ့ခြင်းကြောင့်သာ ကျန်နေခဲ့ရခြင်းဖြစ်သည်။ အဲဒီတုန်းက မန္တလေးသွားခဲ့သော ဒရိုင်ဘာရော မေမေရော၊ ညီအစ်မတစ်ဝမ်းကွဲရော အားလုံး ပွဲချင်းပြီး ဆုံးပါးသွားခဲ့တာပင်။ အဲဒီထဲက ဖေဖေလည်း အိမ်ထောင်ထပ်မပြုဖြစ်တော့ဘဲ အနုသည်လည်း ဖေဖေရဲ့အဒေါ်၊ ကြီးကြီးရဲ့လက်ပေါ်မှာသာ ကြီးပြင်းခဲ့ရတာဖြစ်သည်။





ခေတ်တို့မိသားစုထဲမှာတော့ ခေတ်အဖေဟာ အနုမေမေရဲ့သူငယ်ချင်းဖြစ်ပြီး ဖေဖေနဲ့လည်း ခင်မင်ရင်းနှီးမှုရှိခဲ့ကြကာ အနုလေးတန်းလောက်ရောက်မှ ခေတ်တို့မိသားစုက မန္တလေးက ပြောင်းရွှေ့လာခဲ့ကြတာဖြစ်သည်။ လေးတန်းလောက်တည်းက အိမ်ခြင်းကပ်ရပ် ဖြစ်ခဲ့သော အနုနဲ့ ခေတ်ဟာလည်း သံယောဇဉ်ရှိသော သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။

အဲဒီ သံယောဇဉ်တွေဟာ ဆယ်တန်းလောက်အရောက်မှာတော့ ခေတ်ဘက်က စတင်အရောင်ပြောင်းလာခဲ့တာလည်း အနုက ရိပ်မိသိရှိခဲ့သည်။ ဒါပေမဲ့လည်း ခေတ်ဆိုသော ကောင်ဆိုးလေးဟာ ယုံချင်စရာမှ မကောင်းတာပဲလေ။ တက္ကသိုလ်မှာ King ရကာ အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ်နှင့် မျက်နှာလေးက နုဖပ်နေသလောက် ခန္ဓာကိုယ်ကြီးကထွားပြီး ဂျစ်တိဂျစ်ကန် စတိုင်လ်မိုက်မိုက် ကောင်ကလေးကို သူကတောင် မဆွတ်ရပါဘဲ ညွတ်ချင့်နေသော ကောင်မလေးတွေကိုပဲ အပြစ်ပြောရမလား၊ ဒါမှမဟုတ် မြှောင်းဖောက်ပေးထားတိုင်း ရေစီးသန်ချင်နေသော ခေတ်ကိုပဲ အပြစ်တင်ရတော့မည်လား၊ ဘာကိုအပြစ်တင်လို့ တင်ရမည်မှန်း မသိတော့။

ခေတ်ကတော့ မိန်းကလေးတွေ ကြားထဲမှာ အတော်ဆါပြုလာဖြစ်သော ကောင်လေးတစ်ယောက် ဖြစ်လို့နေခဲ့ပြီ။ အိစိကလီများသော၊ ဇာတ်လမ်းတွေများသော ခေတ်လုလင်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြားနေခဲ့ပြီ။ ဒါတွေကြောင့်လည်း အနုဟာ တက္ကသိုလ်တက်စဉ် တစ်လျှောက်လုံးကနေ ကျောင်းပြီးလို့ ဘွဲ့ရသွားတဲ့အထိ ခေတ်ရဲ့ကွဲထွက်နေသော သံယောဇဉ်အကြည့်ကို ဥပေက္ခာပြုလျစ်လျူရှုခဲ့တာပဲ ဖြစ်သည်။ သူ့အတွက် နင့်နေအောင်ချစ်သော သီးသန့်အချစ်တစ်ခု ရှိပေမယ့်လည်း အပူမရှာချင်သော အနုဟာ ကိုယ့်ဟာကိုယ်ပဲ အေးအေးဆေးဆေး နေခဲ့တာဖြစ်သည်။

"သမီးအတွက် ခေတ်က ဘတ်ဒေးပရဲဆင့် ဘာပေးသလဲ"

"အဲဒီလို ခြောက်လှန့်တာကြီးပဲ နေမှာပေါ့"

"ဟား ဟား ... ဟုတ်မယ်တော့ မထင်ပါဘူးကွာ၊ ကဲ... ဖေဖေကတော့ သမီးအတွက် မွေးနေ့လက်ဆောင်အဖြစ် စိန်လော့ကတ်လေး ဝယ်ထားတယ်ဗျာ ... ရော့"

ဖေဖေ တွန်းပို့ပေးလိုက်သည့် ကတ္တီပါဘူးလေးကို ဖွင့်ကြည့်လိုက်လျှင် တဖျပ်ဖျပ်လက် တောက်ပနေသည့် ဖန်စီဒီဇိုင်း စိန်လော့ကတ်တစ်ခုကို တွေ့မြင်လိုက်ရသည်။ ကြီးပေမယ့် ဖန်စီဒီဇိုင်းထွင်ထားသောကြောင့် ပြူးတူးပြဲတဲ လူကြီးမဆန်ဘဲ စိန်လော့ကတ်က တန်ဖိုးရှိမှန်း သိသာကာ ပေါ့ပေါ့ပါးပါး ပစ္စည်းလိုပင် စတိုင်လ်မိုက်နေသည်။

ဖေဖေ ဘယ်လိုများ ဒီလောက် ခပ်မိုက်မိုက်ဒီဇိုင်းကို ရွေးချယ်နိုင်ခဲ့ပါလိမ့်။ မိန်းမတစ်ယောက် ဝတ်ဆင်မည့်ဒီဇိုင်းကို ဒီလောက်တောင်ပဲ ရွေးတတ်နေပါမလား။ အနုက ဖေဖေ့ကို





တစ်ချက်မော့ကြည့်လိုက်လျှင် ဖေဖေက ဘယ်လိုလဲ ဟူသော ပုံစံဖြင့် မေးဆတ်ပြနေသည်။ ဖေဖေ့ပုံစံက သေချာပေါက် ကြိုက်ရမယ်လေ ဟူသော ပုံစံမျိုး၊ တစ်စုံတစ်ယောက်က ဒါကို သူ့ သေချာပေါက် ကြိုက်စေရမယ်ဟု အာမခံလောင်းကြေးထပ်လိုက်သော ပုံစံမျိုး။

အနုက ကတ္တီပါဘူးကို ပြန်ပိတ်လိုက်ကာ ဖေဖေ့ကို အေးအေးဆေးဆေးပဲ ပြန်မေးလိုက်သည်။

"ဘယ်သူရွေးပေးလိုက်တာလဲ"

အနုရဲ့စကားကြောင့် ဖေဖေကမျက်ခုံးပင့်ကာ ဟာခနဲ ရေရွတ်သည်။ ပြီးတော့ အနုရဲ့မျက်နှာကို အကဲခတ်သလိုကြည့်ကာ ...

"သမီး မကြိုက်ဘူးလား။ မဟုတ်ပါဘူး ... တော်တော်ကို ကြိုက်မှာပါ ...

ဘာလို့လဲဆိုတော့ အခုနက သမီးမျက်လုံးတွေ ဖျတ်ခနဲ တောက်သွားတာ ဖေဖေ တွေ့လိုက်တယ်"

"ကြိုက်ပါတယ်။ တော်တော်ကို ကြိုက်ပါတယ်"

"ဒါနဲ့များတောင် သမီးပုံစံက ဘာဖြစ်လို့ ဝမ်းပန်းတသာ မရှိရတာလဲ။ ဖေဖေက သမီး အဲဒီလို ဝမ်းသာအားရဖြစ်ပြီး ပျော်သွားမယ့်ပုံလေးကို ကြိုတွေးပြီး မျှော်လင့်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ကိုယ်တိုင် ရွေးလာတယ် ဆိုရင်တော့ သမီး အဲလို ဖြစ်ချင်ဖြစ်မှာပေါ့"

"ဟား ... ဖေဖေ ကိုယ်တိုင် မရွေးလို့ ဘယ်သူရွေးရမှာလဲ။ သမီးက ဖေဖေ့ကို အဘိုးကြီးဖြစ်ပြီလို့ ထင်နေလို့လား။ ဖေဖေ့အသက် ဖိုတီဖိုးနော်"

"သိပါတယ်။ ဖိုတီဖိုးမို့လည်း ရွေးပေးမယ့်သူ ရှိနေတာပေါ့"

"ဟား ... သမီးက အဖေကို ပေါက်ကရတွေ ထင်မနေစမ်းပါနဲ့ကွာ။ သမီးထက် ပိုချစ်ရမယ့်သူ အဖေ့အတွက် မရှိသေးပါဘူး"

"This's Today's Match လေ"

"ဟား ဟား ... ငါ့သမီးကတော့ကွာ။ ကမ္ဘာဖလားစကားတွေနဲ့ လာပြောနေပြန်ပြီ။ အင်း ... ငါ့သမီးက တစ်ချက်တစ်ချက်ကျရင် တကယ်စားတယ်။ နားလည်ရလည်း ခက်တယ် ...

အဲဒါကိုက အနုသွေး ဖြစ်နေတာနဲ့ တူပါတယ်ကွာ"

ဖေဖေက ခပ်ညည်းညည်းလေး ပြောဆိုနေလိုက်လျှင် အနုက နတ်သုဒ္ဓါတစ်စွန်းကို အသာဝါးကာ ဘာစကားမှ ထပ်မပြောဖြစ်တော့ချေ။ ထပ်မပြောချင်တာထက် ဖေဖေ့ကို ချောင်မပိတ်ချင်တာက ပိုမှန်ပါမည်။ ဒီအရွယ်ထိ တစ်ယောက်တည်းနေခဲ့ရသော ဖေဖေရဲ့ကွက်လပ်တွေကိုလည်း နားလည်သည်။





ကိုယ်ကျင့်တရားနှင့် သိက္ခာကို ထိပါးစေသော ကိစ္စရပ်များမှလွဲ၍ တော်တန်ရုံကိစ္စများတွင် ဖေဖေ့ကို ကြီးကြီးရော၊ အနုရောကပါ လွတ်လပ်ခွင့် ပေးထားခဲ့ပါသည်။

အားလုံးကို သိနေတယ်၊ တမင်အခွင့်အရေးပေးထားတာဟူသော ပုံစံမျိုးကို ကြီးကြီးရော၊ အနုရောပါ သုံးလေ့ရှိကြလေသည်။

"သမီးနဲ့ ခေတ်ရဲ့အခြေနေကရော"

"ဘာအခြေအနေလဲ။ ဖေဖေနော် ... ဒါ အဖေတစ်ယောက်အနေနဲ့ သမီးကို ပြောရမယ့် စကားလား"

"ဖေဖေကတော့ ပြောရလိမ့်မယ်။ သမီးမှာ အမေမှမရှိတာ။ ပြီးတော့ ဖေဖေနဲ့သမီးကြားမှာ မပြောရ မဆိုရဲစရာ ဘာကိစ္စမှ မရှိတာ ...

သူငယ်ချင်းလို လွတ်လွတ်လပ်လပ် ပေါင်းကြတာပဲ၊ ဖေဖေကတော့ ခေတ်ကိုပဲ သမက်အဖြစ် မြင်တယ် ...

သူကလည်း သမီးကိုချစ်နေတာ သမီး သိတယ် မဟုတ်လား။ သမီးကရော ပြန်မချစ်နိုင်ဘူးလား"

"ချစ်စရာလား။ ဒီလောက် ပွေးနေတဲ့သူကို"

"ဩော် ... သူမှမပွေးရင် ဘယ်သူပွေးမှာလဲ သမီးရယ်။ ပွေးပါစေလား။ သမီးကိုတော့ သူ တကယ်ချစ်မှာပါ။ ဒါကို သမီးလည်း သိနေတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဖေဖေကတော့လေ ... လေတယ်၊ တော်ပြီ ... တော်ပြီ။ ဖေဖေ့ဘာသာပဲ ဆက်စားတော့ ...

သမီးတော့ အိပ်ရေးပျက်လို့ ပြန်အိပ်ဦးမယ်"

အနုက စကားစကို တမင်ဖြတ်ပစ်ကာ ထထွက်လာခဲ့လျှင် ဖေဖေ့ရဲ့ရယ်သံကြီးက မုန်းစရာကောင်းစွာပင် နောက်ပါးမှနေ၍ ကပ်ငြိပြီး ပါလာသည်။ ယောက်ျားကောင်း မောင်းမတစ်ထောင်ဟူသော စကားကို ဖေဖေနဲ့ခေတ်တို့သဘောတူ လက်ခံထားကြသလားတော့ မပြောတတ်တော့ပါ။





❀ ၂ ❀

ခေတ်လုလင်သည် ကိုယ့်ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ စကားလုံးချိုချိုလေးတွေကို အီညှက် အီညှက်နှင့် ပြော သော ဇီဇဝါရဲ့ဆံနွယ်လေးတွေကို အသာသပ်ဖွပေးနေသော်ည်း စိတ်တို့ကတော့ "အနု"ထံ ရောက်နေသည်။ မနေ့က မွေးနေ့ ဖြစ်သည်။ ဒါပေမဲ့လည်း သူမအိမ်သို့ မနက်ခင်း အစောကြီး သွားခြောက်လှန့်ပြီးကတည်းက အိမ်ပြန်ပြီး ပြန်အိပ် သူငယ်ချင်းတွေ လာခေါ်သောကြောင့် ပြန်လိုက်ပါသွားပြီး ညမိုးချုပ်တော့မှပဲ အိမ်ပြန်ရောက်ဖြစ်တော့သည်။

အိမ်ပြန်ရောက်တော့လည်း ရေမိုးချိုး၊ ထမင်းစား သောက်တော့ ကောင်မလေးတစ်ယောက်နှင့် ဖုန်းပြောတာကြောင့် ထံ ဖုန်းတောင် မဆက်ဖြစ်တော့ချေ။ အနု အတွက် မွေးနေ့ လက်ဆောင်ကိုလည်း မပေးရသေးပါ။ ဘာပေးရမှန်းလဲ မသိသေး



www.burmeseclassic.com

www.burmeseclassic.com



တခြားကောင်မလေးတွေအတွက် ဆိုလျှင်တော့ မျက်စိထဲတွေ့ရာ ကောက်ဝယ်ပေးလိုက်သော်လည်း အနုကိုတော့ အဲဒီလို မလုပ်ချင်ပေ။ သူ့လက်ဆောင်ကို အနု မြင်သွားတာနဲ့ သည်းသည်းလှုပ်ကြိုက်စေချင်သည်။

အဲဒီတော့ ဘာပေးရရင် ကောင်းမလဲ ? ... ? ... ? ...

"မောင် ... ပြောနေတာ ကြားလား၊ ချစ် မေးနေတယ်လေ"

ဓီဇဝါက သူ့ရင်ခွင်ထဲမှနေ၍ ခေါင်းထောင်ကြည့်လာကာ သူ့မေးစေ့ကို ဆွဲကိုင်လှုပ်ယမ်းပြီး ပြောတော့မှပဲ လက်ရှိအခြေအနေမှာ သူ သတိဝင်လာတော့သည်။

"အင်း ... ဘာပေးရမလဲ ပြော"

သူက စိတ်ထဲမှာဖြစ်နေသော အတွေးတို့ကို ပါးစပ်က ထုတ်ဖော်ပြီး ပြောမိသွားသော်လည်း အဲဒီစကားဟာ ဓီဇဝါ ပြောနေသော စကားနှင့် အဆက်အစပ် ရှိသွားသည်ဟု ထင်သည်။

"သြော် ... ချစ် မစဉ်းစားတတ်တော့လို့ မောင့်ကိုမေးနေတာလေ။ သူက လူကို ပြန်မေးနေပြန်ပြီ"

"မောင်လည်း ဘယ်စဉ်းစားတတ်မလဲကွာ။ မောင်တောင် သူငယ်ချင်းတစ်ယောက်ရဲ့မွေးနေ့ကို ဘာလက်ဆောင်ပေးရမလဲလို့ စဉ်းစားနေတာ ..."





ချစ် နည်းနည်းလောက် စားပေးစမ်းပါ။ ဘာပေးရမလဲဟင်"

"မောင်နော် ... ဘယ်က သူငယ်ချင်းလဲ။ သူငယ်ချင်းရောဟုတ်ရဲ့လား"

"သြော် ... သိပ်ဟုတ်တာပေါ့။ မဟုတ်ရင် ချစ်ကိုပြောပါ့မလား ..."

မနေ့က သူ့မွေးနေ့လေ။ ဒါပေမဲ့ မသွားဖြစ်ပါဘူး။ ဒါကြောင့် သူ ကျေနပ်လောက်တဲ့ လက်ဆောင်နဲ့ ချော့မလို့"

ဓီဇဝါက သူ့မျက်လုံးတွေထဲသို့ အဖြေရှာသလိုလို၊ အကဲခတ်သလိုလို လိုက်ပြီးစူးစမ်းသည်။ ဒါမျိုးတော့ အကဲစမ်းလို့မရသည့်သူက ဒူးနန့်၍တောင် ဓီဇဝါ့ကို ပြန်ကြည့်ပေးလိုက်သည်။ နောက်ဆုံးတော့မှ သူမက သက်ပြင်းကို အသာချကာ ...

"သူနဲ့ မောင်က ဘယ်လောက်ထိ ရင်းနှီးကြသလဲဟင်"

"အင်း ... သူ့အကြောင်းကို တစ်ခါမှ မပြောပြဖူးဘူးနော်။ တူတယ်၊ သူနဲ့က လေးတန်းတည်းက သူငယ်ချင်းပေါ့ ...

အရမ်းခင်တယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲကလို သူငယ်ချင်းမျိုးတော့ မဟုတ်ဘူးနော်"

"အဟင်း ... မောင်ကတော့ လုပ်ပြီ၊ ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲကလို မဟုတ်ဘူးဆိုတာ ဘာကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မောင်က ရည်းစားတွေထက် သူ့ကိုပိုဦးစားပေး၊ ပိုသံယောဇဉ်ရှိပြီး သူ ခေါ်တာနဲ့ ရည်းစားကို ထားခဲ့ပြီး ငုတ်တုတ်ကနေ ထပြေး၊ ရည်းစားနဲ့ သူ့ကြားမှာ ဗျာများပြီး ပြဿနာတက်၊ နောက်ဆုံး ရည်းစားနဲ့ပြတ် စသဖြင့် ပေါ့ကွာ၊ အဲလိုမျိုး သူငယ်ချင်းမျိုး မဟုတ်ဘူးလို့ ပြောတာပါ ...

သူ့ကို ဇီဇဝါတောင် မကြားဖူးဘူး မသိဖူးဘူး မဟုတ်လား၊ အေးဆေးအကန့်ပေါ့။ ကဲ ... အဲဒီလို သူငယ်ချင်းလေးကို သူ အံ့သြဝမ်းသာသွားမယ့် လက်ဆောင်မျိုး ပေးချင်တယ်။ ဘာပေးရမလဲ ... ပြော"

"မောင်တောင် သူ ဘာကြိုက်တတ်မှန်း မသိဘဲနဲ့ ချစ်က သူ့အကြိုက်ကို ဘယ်လိုလုပ် သိမလဲ မောင်ရဲ့"

"ဟာကွာ ... သူ့အကြိုက်တွေ ဘာတွေ သိဖို့မလိုဘူးကွာ။ လူတစ်ယောက် မိန်းကလေးတစ်ယောက်ပေါ့၊ ဇီဇဝါအရွယ် မိန်းကလေးတစ်ယောက်ပေါ့ ...

ဘာကြိုက်တတ်မလဲ စဉ်းစားလိုက်ပေါ့"

"မိန်းကလေးတွေကတော့ စိန်ကြိုက်ကြတာပဲလေ"

သူက ဇီဇဝါရဲ့မျက်လုံးတွေထဲသို့ နောက်နေသလား ဟု ဝင်ရောက်ရှာဖွေ စစ်ဆေးကြည့်လိုက်သည်။ နောက်နေတာတော့ မဟုတ်။ သူက စိတ်ပျက်စွာဖြင့် ခေါင်းကိုခါယမ်းလိုက်သည်။





"ဘာလဲ ... သူက စိန်မကြိုက်တဲ့ မိန်းကလေးမို့လို့လား"

"မဟုတ်ပါဘူး၊ ဇီဇဝါရဲ့အတွေးက သိပ်ရိုးစင်းနေလို့"

"ဒါဆိုလည်း မလျှောက်တတ်တော့ဘူး"

"ကဲ ... မလျှောက်တတ်ရင်လည်း ပြန်ကြရအောင်ကွာ။ ကိုယ် သူ့အတွက် ပရဲဆင့် လိုက်ရှာဝယ်ရဦးမယ်"

"ဟင်... ဘယ်လိုဖြစ်တာလဲ။ ချက်ချင်းကြီးပါလား။ သူက မောင့်အတွက် တစ်ခုခုတော့ အရေးပါတယ်နဲ့ တူတယ်နော်"

"ကြိုက်သလို သတ်မှတ်လိုက်တော့။ ကဲ ... လစ်မယ်"

သူက ကားပေါ်တက်ကာ မောင်းထွက်ဖို့ပြင်လျှင် ဇီဇဝါက ဘာမှမပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကားပေါ်တက်ကာ တံခါးကို အသံမြည်အောင် ဆောင့်ပိတ်ခြင်းဖြင့် သူမရဲ့သဘောထားကို သိစေသည်။ သိသော်လည်း သူက တော့ ဘာမှလုပ်မပေးနိုင်ချေ။ သူမရဲ့အိမ်ရှေ့မှာ ကားရပ်ပေးသော်လည်း သူ့ကို လှည့်တောင်မကြည့်ဘဲ တံခါးကိုသာ ဆောင့်ပိတ်ပြီး လှည့်ထွက်သွားသည်။

သူက သဘောပင် ကျသေးရဲ့ ဟက်ခနဲရယ်ကာ ကားကို မောင်းထွက်လာခဲ့သည်။ မိန်းကလေးတွေများ တော်တော် ချစ်ဖို့ ကောင်းလှသည်။ လိုလျှင်တစ်မျိုး၊ မလိုလျှင်တစ်မျိုးဖြစ်ကာ ဘယ်တော့မှ သဘောထားတွေက တစ်သမတ်တည်း တန်းနေတယ်ဟူ၍ မရှိချေ။ အဲဒီလို တစ်သမတ်တည်း တန်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူရှိမလဲ။ သူသည် ဖွံ့စင်ဝင်းပနေသော မျက်နှာလေးတစ်ခု ကို မျက်လုံးထဲတွင် တန်းမြင်သည်။

"အနုသွေး"ဟူသော နာမည်လေးနဲ့လိုက်အောင် နှိုးနှစ်ရောင်အသားအရေနှင့် နုနုထွေးထွေးရှိသော ကောင်မလေးသည် သူ့ရဲ့ဦးဆုံးသော ရင်ခုန်သံပိုင်ရှင်လေး ဖြစ်ခဲ့သော်လည်း သူနဲ့ အနုတို့ဟာ ဘာတွေလွဲချော်မိမှန်း မသိဘဲ လွဲချော်နေခဲ့သည်။ သူ့အပေါ်မှာ စေတနာမေတ္တာနှင့် သံယောဇဉ်အပြည့်ရှိသော အနုကို သူကလည်း ပေါ့ပေါ့တန်တန် ရည်းစားမတော်ချင်တော့။ သူက ဆိုက်ကိုနည်းနည်းဆန်သောကြောင့် ရည်းစားမတော်ရဘဲ ရည်းစားထက် နက်ရှိုင်းသည့် ခံစားမှုမျိုး ရှိတာကိုပဲ နှစ်သက် သဘောကျနေမိတော့ကာ အနုကို ရင်ထဲကပဲ တစိမ့်စိမ့် ချစ်မြတ်နိုး နေတော့သည်။

အခုလောလောဆယ်မှာတော့ သူ အသည်းအသန် စားနေသော ပြဿနာမှာ အနုအတွက် ဘာမွေးနေ့လက်ဆောင် ဝယ်ရမလဲ ဆိုတာပဲ ဖြစ်သည်။ ဓိဇဝါ့ကို အိမ်ပြန်ပို့ပေးပြီး သူ ပြန်လာသော လမ်းတစ်လျှောက်မှာ Jewelry ဆိုင်တွေမို့ သူက မျက်လုံးထဲတွင် Decoration သဘောကျသော ဆိုင်တစ်ဆိုင်ထဲ သို့ ကားကို ချိုးကွေ့ဝင်ကာ ဝင်လာခဲ့သည်။ သူ့ ထင်တဲ့အတိုင်း ပင်။ ဆိုင်ထဲက လက်ဝတ်ရတနာဒီဇိုင်းတွေက မော်ဒန်ဆန်နေသည် ဖန်စီပုံစံ ပေါ့ပါ့ပါးပါး ရှိလှသည်။





ဆိုင်မှ ဝန်ထမ်းအမျိုးသမီးငယ်လေးက လက်နှစ်ဖက် နောက်ပစ်ကာ သူ့ကို တလေးတစား မေးသည်။

"ကျွန်မ ဘာကူညီပေးရပါမလဲ"

"အသက်နှစ်ဆယ်လောက်ရှိတဲ့ မိန်းကလေးတစ်ယောက် ကို မွေးနေ့လက်ဆောင်ပေးချင်တယ်။ သင့်တော်တာ ဘာ ရှိမလဲ"

"လော့ကတ်၊ လက်စွပ်၊ လက်ကောက်ပျော့၊ နားဆွဲ၊ Foot Chain ရှိပါတယ်"

"ရေ့ကပြောသွားတဲ့ ဟာတွေတော့ သိပ်စိတ်မဝင်စားဘူး၊ Foot Chain က စိန်နဲ့လုပ်ထားတဲ့ Foot Chain ရှိမလား"

"ရှိပါတယ်။ ဒီဘက်ကို ကြွပါ"

ကောင်မလေးက သူ့ကို ကောင်တာတစ်ခုဆီသို့ ခေါ်ဆောင်သွားသည်။ ပလက်တီနမ်နှင့် စိန် ရောစပ်ပြီး ပြုလုပ် ထားသော Foot Chain လေးတွေထဲကမှ အသည်းပုံစိန်ပွင့်လေး များပါသော အသည်းတုံးလေးတစ်ခု တွဲလောင်းကျနေသော Foot Chain လေးကို ရွေးချယ်လိုက်သည်။ အနုတော့ ဘယ့်နှယ် နေမည်မသိချေ။ ယောကျ်ားလေးဖြစ်သော သူတောင် တော်တော် သဘောကျစွာဖြင့် ဝယ်ခဲ့တာဖြစ်သည်။

ပြီးလျှင် ဘယ်မှမဝင်တော့ဘဲ အနုဆီသို့ တစ်ခါ တည်း မောင်းလာခဲ့သည်။ အနုတို့အိမ်ထဲသို့ ကားကိုချိုးကွေ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနှင့် အနုကို စိတ်ချမ်းသာဖွယ်ကောင်းသော မြင်ကွင်းဖြင့် မြင်လိုက်ရသည်။ တစ်သက်လုံး စိတ်ချမ်းသာချင်ပုံရသော အနုသည် ပန်းပင်တစ်ပင်ကို ရေလောင်းပေါင်းသင်နေသည်။ ပန်းနုရောင် ရှပ်အင်္ကျီအကွက်လေးကို ဂျင်း(န်)ပင်အပြာဒူးဖုံးလေး ဝတ်ထားသော အနုရဲ့အိမ်နေရင်း ဒီဇိုင်းက လန်းလှသည်။

“ဟိတ် ... အနု”

“ဘာတုန်း”

ချစ်ဖို့ကောင်းသော သူမက ခေါင်းမော့မကြည့်ဘဲ ဤသို့ထူး၏။

“အဲဒါတွေ ခဏထားခဲ့စမ်းပါ။ ငါ နင့်ကို မွေးနေ့လက်ဆောင်ပေးစရာရှိတယ်”

သူမက သူ့ကို မျက်လုံးတစ်ချက် စွေကြည့်ကာ _

“ဘယ်မှာလဲ၊ လက်ထဲမှာလည်း ဘာမှမပါဘဲနဲ့”

“ပါတယ် လာစမ်းပါ။ နင့်ဟာကြီးကို ချထားခဲ့စမ်းပါ”

သူက အနုလက်ထဲမှ ခက်ရင်းကြီးကို ဆွဲချ အနုလက်ကို ဆွဲခေါ်လျက် ဒန်းစင်ရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။ အနုကို ထိုင်စေပြီးမှ သူကတော့ အနုရဲ့ခြေရင်းအောက်ဘက် မှဆိုးဒူးထောက် ထိုင်ချလိုက်သည်။

“ဟဲ့ ... နင် အဲဒါ ဘာလုပ်တာလဲ”

သူက အနုကို အသာအယာ မော့ကြည့်ကာ _





“နင့်ကို မွေးနေ့လက်ဆောင် ပေးမလို့လေ”

“အို ... မွေးနေ့လက်ဆောင် ပေးတာနဲ့ ဒူးထောက်နေတာနဲ့ ဘာဆိုင်လို့လဲ”

“ခဏလေး ပါးစပ်ပိတ်ထားစမ်းပါကွာ။ ငြိမ်ငြိမ်လေးနေ”

သူက ဘောင်းဘီအိတ်ထဲမှ ဘူးလေးကို ထုတ်ယူကာ အထဲက Foot Chain ကို ထုတ်လိုက်သည်။ ပြီးတော့ အနုရဲ့ခြေကျင်းဝတ်လေးမှာ ဝတ်ဆင်ပေးလိုက်လေသည်။ ပြီးလျှင် ထိုင်ရာမှ မထသေးဘဲ အနုရဲ့ခြေကျင်းဝတ်လေးကို ဟိုဘက်ဒီဘက် လှည့်ကိုင်ကာ သူ့ဟာသူ တီးတိုးရေရွတ်လိုက်သည်၊

“အင်း ... လှလိုက်တာ။ နင့်အတွက် မေ့ဒါမှာထားတဲ့ အတိုင်းပဲ”

အနုထံမှ ဘာသံမှ ထွက်မလာသဖြင့် မော့ကြည့်လိုက်လျှင် သူ့ကို အံ့သြဆို့နင့်စွာ ငေးနေသော အနုရဲ့မျက်ဝန်းကြည်တောက်တောက်လေးများကို တွေ့မြင်လိုက်ရသည်။ သူက အဲဒီမျက်ဝန်းတွေထဲသို့ အသေချာ စိုက်ကြည့်နေပြီးတော့မှ ချစ်စိမ်းဖြင့် နှာခေါင်းရှုံ့ပြလိုက်သည်။ ပြီးတော့ မတ်တတ်ထရပ်လိုက်လေသည်။

“ဘာကြည့်နေတာလဲ၊ မကြိုက်ဘူးလား”

“နင် ဘာစိတ်ကူးနဲ့ ဒါကို ဝယ်လာတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ၊ သွားရင်းလာရင်းနဲ့ စိတ်ကူးပေါက်ပြီး ဝယ်လာတာ။ အဲဒီဆိုင်ထဲမှာ လက်ဝတ်ရတနာမျိုးစုံ ရှိပေမယ့် ဒီ Foot Chain လေးနဲ့ နင်နဲ့ကတော့ အလိုက်ဖက်ဆုံးဖြစ်မယ် ထင်လို့လေ ...

ပြီးတော့ နင့်ခြေထောက်မှာ ဘာမှဝတ်ထားတာလဲ မမြင်မိလို့လေ၊ ကဲ ... ငါ မေးတာ ဖြေပါဦး။ ကြိုက်ရဲ့လားလို့"

"အင်း ... အရမ်းကြိုက်တယ်"

"အိုခေ ... ဒါမျိုးမှပေါ့၊ နင် အရမ်းကြိုက်မယ်လို့ ငါ မျှော်လင့်ထားပြီးသားပါ"

အနုရဲ့ မျက်လုံးတွေက ချက်ချင်းပင် အရောင်ပြောင်းလဲသွားတာကို သူ သတိပြုမိလိုက်သည်။

"နင့်ကို ဘယ်သူရွေးပေးလိုက်တာလဲ"

"ဟာ ... ဘာဖြစ်ရတာလဲ။ ဘယ်သူမှ မရွေးပေးဘူး။ ငါ နှလုံးသားနဲ့ ငါရွေးလာတာ။ ဘာလဲ ... နင်က ဆိုင်က ကောင်မလေးတွေ ရွေးပေးလိုက်တယ်လို့ ထင်နေတာလား ...

ရော့ ... အဲဒီဆိုင်ရဲ့ လိပ်စာကတ်၊ နင် မယုံရင် ခပ်တည်တည်နဲ့ သွားမေးလို့ရတယ်။ ငါ ဒီနားကပဲစောင့်နေမယ် ... သွား"





ဒီတော့မှ မရွှေချောရဲ့မျက်နှာက ပြန်လည်ပျော့ပျောင်းတော်မူသွားကာ နှုတ်ခမ်းတွေက စူတူမူတူဖြင့် ပြုံးလာသည်။

"သိဘူးလေ၊ နင်က ဒီလောက် လှတာကို ရွေးလာနိုင်တာကိုး။ ပြီးတော့ ပေးရိုးပေးစဉ် မဟုတ်ဘဲ Foot Chain ဆိုတော့ Idea ဆန်းသွားသလားလို့ပဲ"

"အောင်မယ်လေးဟဲ့ ... ဖြစ်ရတယ်။ ငါက ဘာဖြစ်လို့ လှတာ မရွေးနိုင်ရမှာလဲ။ ပြီးတော့ Foot Chain ကို ငါ သဘောကျသွားတာက နင့်ခြေထောက်လေးမှာ ငါကိုယ်တိုင် ဝတ်ပေးချင်လို့လေ ...

ငါဘဝမှာ ဘယ်မိန်းကလေးကိုမှ ခြေထောက်မှာ ဘာတစ်ခုမှ မဝတ်ပေးဖူးဘူး။ ခြေထောက်နဲ့ပတ်သက်တဲ့ ပစ္စည်း ဘာတစ်ခုမှ လက်ဆောင်မပေး,ပေးဖူးဘူး။ အဲဒါကတော့ နင့်တစ်ယောက်အတွက်ပဲဆိုတာ မြဲမြဲမှတ်ထား"

သူ့စကားကြောင့် အနုက ကြည်နူးစွာပြုံးသည်။ ညနေလေပြည်က ခပ်အေးအေး တိုက်ခတ်နေချိန်တွင် သူတို့နှစ်ယောက်သားမှာ စကားမဆိုမိကြဘဲ ခဏတာမျှ အသာငုံ့ကြည့်လိုက်သည်။ သူ ပေးထားသော Foot Chain လေးသည် အနု့ခြေထောက်လှလှလေးတွင် ပန်တင်၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အနားမှာရှိသော စကားပင်မှ စကားပန်းပွင့်လေး တစ်ပွင့်ကို ဖျတ်ခနဲခူးကာ အနုရဲ့နားရွက်ကြားထဲသို့ ထိုးစိုက်ပေးလိုက်သည်။ စကားပန်းပွင့်လေးနဲ့ဆိုတော့ အနုက ပိုပြီးချစ်ဖို့ကောင်းသွားသလိုပင်။

"အနု"

သူက တိုးဖွဖွ ခေါ်လိုက်လျှင် အနုက သူ့ကိုရွှန်းလဲ့နေသော မျက်လုံးရွဲကြီးများဖြင့် မော့်ကြည့်သည်။ အနုရဲ့မျက်လုံးထဲတွင် သူ့အပေါ်၌ သမုဒ္ဒယအရိပ်များ အပြည့်အသိပ် တွေ့နေရသည်။ အနုရယ် ... ပါးစပ်က ဖွင့်ပြောတာထက် လေးနက်တဲ့ချစ်ခြင်းတွေ ငါ့ရင်ထဲမှာ အပြည့်အသိပ်ရှိတယ်ဆိုတာ နင် တစ်နေ့ သိလာစေရမှာပါဟာ။

သူက အနု မသိအောင် သက်ပြင်းတစ်ချက်ကို ခိုးရှိုက်လိုက်ကာ ဖီလင်ကို ချက်ချင်းချိန်းယူလိုက်သည်။

"ငါ ဗိုက်ဆာတယ်။ ငါ့ကို လက်ဖက်ထမင်းသုပ်ပေးစမ်း... စံပယ်ရေနွေးကြမ်းလည်း သောက်မယ်"

သူ့ရဲ့အာဏာရှင်ဆန်သော အပြောကို အနုက ဟင့်ခနဲ မျက်စောင်းထိုးသည်။ ဆောရီးပါ အနုရယ်။ ဒီ... ကြည်နူးလိုက်ဖြာတဲ့ အခြေအနေမျိုးမှာ တို့တွေ အကြာကြီး ရှိနေသင့်ဘူးလေ။

"ပြောနေတာ ကြားလား။ ဗိုက်ဆာပြီ မြန်မြန်သွားလုပ်"





"အောင်မာ ... ငါကပဲ သူ့ကျွန် ကျနေတာပဲ"

"လုပ်ပါ အနုရာ၊ ငါက နင့်လက်ဖက်ထမင်းကို ဘယ်လောက်ကြိုက်တယ်ဆိုတာ သိလျက်နဲ့၊ သွား ... သွား"

"ဘယ်သွားရမှာလဲ။ ထမင်းစားခန်းထဲမှာ လာစားချည်"

"အေ့ပါ ... ငါက နောက်မှ အေးဆေးလာစားမှာပေါ့။ နင်က ငါ ခိုင်းလိုက်တာနဲ့ ရှေ့ကနေ ပြေးသုပ်ချည်တော့လေ"

အနုက သူ့ကို စိတ်ကုန်တယ် ဟူသော ပုံစံမျိုးဖြင့် နှာခေါင်းတစ်ချက်ရှုံ့ကာ ဒန်းစင်ပေါ်မှ ထထွက်သွားသည်။ ပါးစပ်မှပြောမသွားပေမယ့် အနု လက်ဖက်ထမင်း သွားသုပ်နေပြီဆိုတာ သူ သိသည်။ အနုက အဲဒါတွေ ချစ်ဖို့ကောင်းတာဖြစ်သည်။ သူ ကြိုက်တတ်သော ပေါ့ပေါ့ပါးပါး စားသောက်ဖွယ်ရာလေးများကို အနုဖြင့် စီမံလုပ်ကိုင်ပေးပြီဆိုလျှင် အင်မတန်စား၍ကောင်းလှသည်။

အခုလည်း သူ ထမင်းစားခန်းထဲသို့ လိုက်ပါသွားလျှင် လက်ဖက်ထမင်းကို လုပ်နေပြီဖြစ်သော အနုကို တွေ့မြင်လိုက်ရသည်။ စားပွဲပေါ်ရှိ ကြွေကရားလေးထဲတွင် စံပယ်ရေနွေးကြမ်းက နှပ်ပြီးသား အဆင်သင့် ရှိနေသည်။ ခဏကြာလျှင် သူ့ဆီသို့ လက်ဖက်ထမင်း၊ ကြက်ဥဟပ်ဖ်ရိုက်နှင့် ဆတ်သားခြောက်ဆီဆမ်း ပန်းကန်တို့က အစီအရီ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို စားချင်စဖွယ် အတိပင်။

"ဟား ... ငါက လက်ဖက်ထမင်းတင် တောင်းဆိုတာပါ။ ကြက်ဥကြော်နဲ့ ဆိတ်သားခြောက်ပါ အစစ်ရတာကိုး။ သိုင်းကျူး သူငယ်ချင်း ...

Foot Chain မျက်နှာ တယ်ကြီးပါလားနော်"

"အောင်မာ ... စေတနာကို မစော်ကားနဲ့။ ပြန်ချုတ်ပေးလိုက်မယ်"

"အမယ်လေးဗျာ ... သူကလည်း စိတ်ကြီးပဲ။ ပြီးရော ... ပြီးရော ...။ တို့ကတော့ တွယ်ပြီ။ ဟင် ... နင်ရော မစားဘူးလား"

အနုက မေးစေ့ကို လက်ထောက်ရင်းမှ သူ့ကို ပြုံးစစဖြင့် ပြန်ကြည့်ကာ ...

"နင်ပဲ အဝစားပါ။ ပြိတ္တာတွေ အရမ်းငတ်လာတဲ့အခါမှာ ဘယ်လိုအားပါးတရ စားသလဲဆိုတာ ကြည့်ချင်လို့"

"အောင်မာ ... နင်တောင် ဒါတွေ တတ်နေတယ်ပေါ့ ဟုတ်လား၊ ဘယ်သူတွေနဲ့ ပေါင်းလို့ပါလိမ့် ...

ငါနဲ့ပေါင်းလို့ပဲနေမှာ ဟား ဟား၊ အင်း ... ကောင်းတယ်ဟ၊ ရော့ ... နင်လည်း စားလေ"

"တော်ပါပြီ"

"စားစမ်းပါ။ ဘေးကနေ မျှော်နေတာ မကြည့်ရက်ပါဘူး။ ဟ ... ပါးစပ်ဟ"





သူက ဖွတ်ပြောလျှင် အနုက သူ့ကို ပါးစပ်ဟပေးသည်။ အနုရဲ့ပါးစပ်ထဲသို့ သူက လက်ဖက်ထမင်းတစ်ဇွန်းကို ခွန့်ထည့်ပေးလိုက်သည်။ ခဏနေတော့ ကြက်ဥကြော်တစ်ဖဲ့၊ ဆိတ်သားခြောက်တစ်ဖတ် စသည်ဖြင့် ဆက်တိုက်ခွံ့ကျွေးလိုက်သည်။

အဲဒီလို အနုကို ကြင်နာသော ပြယုဂ်တွေကို ပြုလုပ်လေတိုင်း သူ့ရင်မှာ အတိုင်းမသိ ကြည်နူးရလေ့ရှိသည်။ ဒါပေမဲ့ အဲဒါကို သူ့မျက်နှာမှာ လုံးဝမပေါ်စေရပါ။ အနားက ဖြတ်သွားသော ကြီးကြီးကသာ အဟွန်း အဟမ်းတွေ တမင်လုပ်ပြသည်။ ဒါကိုလည်း သူက ချက်ချင်းပဲ တုံ့ပြန်သည်။

"ကြီးကြီး ဘာဖြစ်တာလဲ။ ရင်ကျပ်နေတာလား၊ ဒီလိုသာ ချောင်းဆိုးချွဲကျပ်နေရင်တော့ လည်ချောင်းထဲမှာ ချွဲသလိပ်တွေရှိပြီး မချောမွေ့တော့ဘူးပေါ့ ...

Solmux ကို သောက်လိုက်ပါ"

သူက ရုပ်တည်ကြီးဖြင့် ကြော်ငြာထဲမှ အိုက်တင်အတိုင်း လုပ်ပြလိုက်လျှင် ကြီးကြီးက ဟင်းခနဲ မဲ့ရွဲ့သော်လည်း အနုကတော့ ရယ်မောနေသည်။ တကယ်တော့ ဒီအိမ်ကလူတွေအားလုံးက သူ့ကို ချစ်ပါသည်။ အထူးသဖြင့် အနုရဲ့အဖေ အန်ကယ်မင်းလွင်စိုးကဆိုလျှင် သူ့ကို လုံးဝနှစ်သက်သဘောကျလက်ခံသည်။ မုန့်ဖိုးဆိုလည်း ခေါ်ပေး၊ လိုချင်တာရှိရင်လည်း ဝယ်ပေးတတ်ကာ သူ့အဖေထက်တောင် သူ့ကို ချစ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အရာအားလုံး ချောမွေ့နေသောကြောင့်လည်း သူဟာ အနုကို လွယ်လွယ်ကူကူပဲ ရည်းစားမတော်ချင်တော့ ဖြစ်နိုင်ပါသည်။ True love never runs smooth ! ဆိုသောစကားလည်း ရှိသည် မဟုတ်ပါလား။

❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၃

အနုသည် ရေချိုးခန်းထဲမှ ထွက်လာပြီးသောအခါ ကိုယ်လုံးကို ရေသုတ်ပြီးနောက် Body Shop Lotion ဘူးကို ကာ ခန္ဓာကိုယ်အနှံ့ ညင်သာစွာ ပွတ်လူးလိုက်သည်။ မက်မွန်ရနံ့လိုးရှင်းသည် စိတ်နှင့်ခန္ဓာကိုယ်ကို လန်းဆန်းတက်ကြွစေသည်။ ခြေယောက်ဆီသို့ လှမ်းရာမှာတော့ Foot Chain လေးကို အောင် အသာလိမ်းမိသည်။ ပြောလို့ပြောတာမဟုတ်၊ ခေတ်ဆောင်ပေးသော ထို Foot Chain လေးဟာ အင်မတန်လှပသည်။

ရွှေနဲ့ပလက်တီနမ်ရောစပ်ပြုလုပ်ထားကာ အသည်းပုံလေးက ပါဝင်သေးသည်မို့ လမ်းလျှောက်လိုက်တိုင်း လှုပ်လီဖြင့် အတော်ချစ်စရာ ကောင်းသည်။ ဒီ Foot Chain ကို ည်းက အနုသည်လည်း ဘောင်းဘီရှည်၊ စကတ်အရှည်



www.burmeseclassic.com

www.burmeseclassic.com



တောင် သိပ်မဝတ်ဖြစ်တော့ချေ။ ဒီ Foot Chain လေးကို အမြဲမြင်ချင်စိတ်ဖြင့် အတိုတွေ ဝတ်ဖြစ်တာ များနေသည်။ အခုလည်း ချည်သားဂါဝန်အတိုလေးကို ဝတ်ဆင်ပြီးချိန်မှာပဲ အိမ်ကကောင်မလေးက အနုရဲ့သူငယ်ချင်း မျိုးမျိုးရောက်နေကြောင်း လာပြောသည်။

အနုက အိမ်အပေါ်ထပ်မှ ဆင်းလာလျှင် အောက်ထပ်ဧည့်ခန်းထဲမှာ ထိုင်စောင့်နေသော မျိုးမျိုးကို တွေ့လိုက်ရသည်။ မျိုးမျိုးနဲ့ အနုက ဆယ်တန်းရောက်မှ ခင်ခဲ့ကြတာဖြစ်ပြီး တက္ကသိုလ်တက်စဉ်တစ်လျှောက်လုံးလည်း အခင်မင်တိုးကာ တွဲခဲ့ကြသူတွေဖြစ်သည်။ လောလောဆယ်မှာ ကျောင်းပြီးထားကြတာမို့ ဘာလုပ်ရမယ်မသိဘဲ သူငယ်ချင်းနှစ်ဦး မကြာခဏ တွေ့ဖြစ်နေကာ တိုင်ပင်နေကြတုန်း ဖြစ်သည်။

မျိုးမျိုးက လှေကားပေါ်မှ ဆင်းလာသော အနုကို သေချာစိုက်ကြည့်ရင်းမှ ...

"တစ်ခုခု ထူးခြားနေပါတယ်လို့ မှတ်တာ။ လက်စသတ်တော့ ခြေခြေကျင်းတွေနဲ့ ဘာတွေနဲ့ကိုး။ လှသားပဲဟဲ့။ ဘယ်တုန်းက ဝယ်လိုက်တာလဲ"

အနုက မော့မော့လေး ပြုံးကာ ပြန်ဖြေပေးလိုက်သည်။

"ခေတ်က မွေးနေ့လက်ဆောင် ပေး ... ထား ... တာ"





"ဟယ် ... ဟုတ်တယ် ? ။ အောင်မာ ... သင်းက ဒါကျတော့ ရွေးတတ်တယ် မိုက်သားပဲဟဲ့"

"ဒီ့ထက် မိုက်သေးတာ ရှိသေးတယ်။ ဒါကို ငါ့ခြေထောက်မှာ သူကိုယ်တိုင် ဝတ်ပေးတာလေ"

မျိုးမျိုးက ပါးစပ်အဟောင်းသား ပွင့်သွားကာ အသံထပ်မထွက်လာချိန်ဝယ် အနုရဲ့စိတ်တို့ကလည်း လက်ဆောင်ရခဲ့သော တစ်ညနေဆီသို့ ပြန်ရောက်သွားခဲ့သည်။ ခေတ်ဟာ အနုအပေါ်မှာ ထင်မထားသော အချိန်တွေ၌ အကြင်နာပြယုတ်တွေကို ပြတတ်သည် ဆိုသော်ငြားလည်း ဒီတစ်ခါကတော့ အနုရဲ့ရင်ကို ဆွဲကိုင်လှုပ်အယမ်းနိုင်ဆုံးပဲ ဖြစ်ခဲ့သည်။ အနုရဲ့ခြေရင်းမှာ သူ ဒူးထောက်ထိုင်ချလိုက်တာ၊ ပြီးတော့ အနုရဲ့ခြေကျင်းဝတ်လေးကို ကြင်နာယုယစွာ ကိုင်တွယ်ပြီး ရွှေကြိုးလေးကို ဝတ်ဆင်ပေးလိုက်တာ၊ ပြီးတော့ ထိုင်ရာမှ မထသေးဘဲ အနုကို နူးညံ့နက်ရှိုင်းစွာ မော့ကြည့်တာ စသဖြင့်အားလုံးဟာ Romance ဖြစ်နေသည်။

သူ့အကြည့်၊ သူ့အမူအယာတွေက Romance ဖြစ်နေပေမယ့် သူနဲ့ အနုဟာ သူငယ်ချင်းဆိုမှ သူငယ်ချင်းအရင်းကြီး ဖြစ်နေသည်။ သူ့အကြောင်းကို စဉ်းစားရလျှင် ရင်မောရတာမို့ အနုလည်း မစဉ်းစားချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



“ငါလည်း ခေတ်လုလင်ကို လိုက်မမီတော့ဘူး”

အဲဒီစကားကို မျိုးမျိုးက ပြောတာဖြစ်သည်။ ထို စကားကို လွန်ခဲ့သော ငါးနှစ်လောက်တည်းက အနု ပြောခဲ့ဖူးသည်။

“ငါ့စိတ်ထင်တော့ ခေတ်လုလင်က နင့်ကို အကန့်တစ်ကန့် သပ်သပ်ထားတယ်နဲ့ တူတယ်နော်”

“ဘာအကန့်လဲ”

“ဘာအကန့်လဲဆိုတော့ သူ့ရည်းစားတွေနဲ့ လုံးဝမတူတဲ့ အကန့်ပေါ့ ...

နင့်ကို ရည်းစားတော်လိုက်ရင် သူ့ရည်းစားတွေနဲ့ ရောကော သောကော ဖြစ်သွားမှာစိုးလို့နဲ့ တူတယ်။ ဒါကြောင့် ဘာရည်းစားမှ မတော်ဘဲ သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ အေးအေးသက်သာ ရင်ခုန်နေတာ ...

သူ့အတွက် ရည်းစားတစ်ယောက် ထားတယ်ဆိုတာ သိပ်လွယ်နေတယ်လေ။ ဒါကြောင့် နင့်ကို အလွယ်စာရင်းထဲ မထည့်တာ ဖြစ်နိုင်တယ်”

“မပြောတတ်တော့ပါဘူးဟာ”

“နင် ဘယ်လိုမှ မခံစားရဘူးလား”

“ဘာကိုလဲ”

“ဩော် ... သူ့ရဲ့ဝေခွဲမရတဲ့ အပြုအမူကိုပေါ့”





“အောင်မယ်လေး ... ဝေခွဲမရတဲ့ အပြုအမူဆိုလို့ ပြောပြဦးမယ်။ သူက ပြီးခဲ့တဲ့ တစ်ပတ်တုန်းက ငါ့ကို L ဆိုင်းဇီရဲ့ ဝေခွဲမရပါလားဆိုတဲ့ အခွေအသစ် လက်ဆောင်ဝယ်လာပေးသေးတယ် ...

နင် ကြိုက်မှာ သေချာတယ်ဆိုပြီး ပြောသွားသေးတယ်”

“ဟွန်း ... ဒါဆို ဒီကောင် လူလည်ပေါ့။ အဲဒီသီချင်းက နင့်အကြိုက်နဲ့ နင့်အလိုက်ပဲလေ။ ကောင်မလေးက ကောင်လေး သူ့ကို ချစ်နေလား မချစ်ဘူးလား ဆိုတာ ဘယ်လိုမှ ဝေခွဲမရဘူးဆိုတဲ့ အကြောင်းကို ဆိုထားတာ။ တစ်ခါတစ်ရံမှာ ကောင်လေးရဲ့ အပြုအမူတွေက သူ့ကို ချစ်တယ်လို့ ထင်ရတယ်။ တစ်ခါတလေကျတော့လည်း မချစ်နိုင်ဘူးလို့ ထင်ရတယ် ...

ကောင်လေးရဲ့အချစ်ကို ဘယ်လိုမှ သီအိုရီမထုတ်နိုင်ဘူး ဖြစ်နေတယ်။ ဘယ်လိုမှ ဝေခွဲလို့မရဘူးပေါ့။ ပြောရရင်တော့ နင် သူ့ကို ဝေခွဲလို့ မရဘူးဆိုတာ သူသိနေတဲ့ပုံပဲ။ အလည်ကြီးနော်”

မျိုးမျိုးရဲ့စကားကို အနုက မချိပြုံးတစ်ခုနဲ့သာ ငြိမ်နေရလေသည်။ ဟုတ်ပေသည်။ ဒါကြောင့်မို့လည်း အနုဟာ အခုလောလောဆယ်မှာ L ဆိုင်းဇီရဲ့ ဝေခွဲမရပါလား သီချင်းစီးရီးနဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ နေ့ညမပြတ် နားထောင်လျက်ရှိသည်။ ဆိုင်းဗီဟာ အနု အတွက်များ ရေးပြီး ဆိုပေးထားသလား မှတ်ယူရအောင် တိုက်ဆိုင်တိကျလွန်းလှသည်။ ခေတ်ရဲ့စိတ်သဘောဟာ ဘယ်လိုမှ ဝေခွဲ၍ မရနိုင်ပါချေ။

"ငါ ပြောမယ်"

"ဘာပြောမှာလဲဟာ။ ခေတ် အကြောင်း ပြောမယ်ဆိုရင်တော့ ပြောမနေနဲ့တော့။ အလုပ်ကိစ္စနဲ့ ပတ်သက်တာပဲ ပြောမယ်"

"နေပါဦး။ အလုပ်ကိစ္စနဲ့ ပတ်သက်တာလည်း ပြောမှာပေါ့။ အခု ငါပြောမှာက ခေတ်ရဲ့အိပ်ပျော်နေတဲ့ နှလုံးသားကို လှုပ်နှိုးဖို့ ...

အဲဒီလို လှုပ်နှိုးဖို့ဆိုတာလည်း တခြားမဟုတ်ဘူး။ နင့်ကို ကြိုက်နေတဲ့ လူတွေထဲက တစ်ယောက်ယောက်ကို ဖမ်းအိလိုက်ဖို့ပဲ ...

နည်းနည်းတွဲမယ်။ အပြင်လေး ဘာလေး သွားမယ်။ အချစ်စစ်မှန်ရင် သဝန်တိုတတ်စမြဲလေ။ အဲဒီအခါမှာ ခေတ်ရဲ့သဘောထားအမှန်ကို နင် သိခွင့်ရလိမ့်မယ်လို့ထင်တယ်၊ ဘယ်လိုလဲ"

မျိုးမျိုးက အချစ်ဂုရုမကြီးသဖွယ် မျက်စမျက်နတွေ ပင့်ချီပြီးပြောလျှင် အနု ရင်ထဲ၌ နည်းနည်းလှုပ်ရှားသွားသည်။





ဟုတ်သားပဲ ... ခေတ် ဒီလိုနေ,နေတယ်ဆိုတာ အနုကလည်း ဘယ်ယောကျ်ားလေးနဲ့မှ အရှုပ်အရှင်း မရှိဘဲ အေးအေးဆေးဆေး နေ,နေတောကြောင့်လည်း ဖြစ်နိုင်သည်။

အနုသာ ယောကျ်ားလေးတစ်ယောက်နဲ့ တွဲလိုက်ရင် ခေတ် ဘယ်လိုခံစားရမလဲ။ ဘာစကားတွေ ပြောလာမလဲ။ အနု သိချင်စမ်းလှလေသည်။ အမြဲတစေ ခံစားမှုတစ်မျိုးမှာ ငြိမ်သက်နေသော အနုရဲ့နှလုံးသားတို့ဟာ ခုမှပဲ လှုပ်ရှားတက်ကြွလာသည်ဟု ထင်မိတော့သည်။

"ငါက ဘယ်သူနဲ့ တွဲရမှာလဲ"

"သိပ်ရှော့မရှိတဲ့လူမျိုး ဖြစ်ဖို့လိုတယ်"

"ဘယ်လို ရှော့မရှိတာလဲ"

"ရှော့မရှိဘူး ဆိုတာကဟယ် ဂျစ်တိဂျစ်ကန်ဟာမျိုး ကိုယ့်ကို ဒုက္ခပေးမယ့်ဟာမျိုး မဟုတ်ဘဲ အေးအေးဆေးဆေး သမားမျိုးပေါ့ ...

အဲဒါကို ဆိုလိုတာ။ ယဉ်ကျေးရမယ်လေ ကိုယ့်ကို တောက်တဲ့ကပ်သလို ကပ်နေမယ့်ဟာမျိုး မဖြစ်ရဘူး"

"အင်း ... အဲဒါ ဘယ်သူရှိမလဲ"

"ဩော် ... နင့်ကို ငါက မေးနေတာလေ၊ နင် စဉ်းစားပေါ့"

အနုက မျက်လုံးလေး ထောင့်ကပ်ကာ စဉ်းစားမိသည်။ စဉ်းစားသော်လည်း ခေါင်းထဲမှာ မယ်မယ်ရရတော့ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မလာချေ။ ကိုယ့်ကို ချစ်ခင်နှစ်သက်သူတွေက ပေါပေါများများ ရှိခဲ့သော်လည်း သူတို့ စတင်ပိုးပန်းပါပြီ ဆိုကတည်းက လုံးဝကို အသည်းအသန် ရှောင်တိမ်းခဲ့တာမို့ အများစုဟာ လက်လျှော့နောက်ဆုတ်သွားခဲ့တာလည်း ကြာခဲ့ပြီဖြစ်သည်။

ခုချိန်မှာ အနုရဲ့ အနားခြံ ဘယ်သူမှ ရှိမနေပါ။ အဲ ... ဒါပေမဲ့ အနုက မေမေ့မိတ်ဆွေရဲ့သား ဆရာဝန်တစ်ယောက်ကို သွားသတိရမိသည်။ ကြီးကြီးကို လာကုသပေးနေသော ဆရာဝန်ကြီးရဲ့သား၊ ဟောက်စ်စစ်ဆင်းနေသည့် ဆရာဝန် အစ်ကိုလေးကတော့ အနုကို စိတ်ဝင်တစား ရှိပုံရသည်။ ဒါပေမဲ့ အနုက ခပ်တည်တည် နေတာကြောင့် သူကလည်းမလှုပ်ဝံ့။ နေပါဦး သူ့နာမည်တောင် အနုက မေ့တော့တော့ ဖြစ်လို့နေသည်။

"ဟဲ့ ... မရှိဘူးလား။ အောင်မယ်လေး ... ငါ့သူငယ်ချင်းတစ်ယောက် အဖြစ်ဆိုးလှချည်လား။ ဒီအရွယ်တောင် ဒီလောက်ရှားပါးနေရင် အသက်သုံးဆယ်လောက်သာ ဆိုရင်တော့ မတွေးရဲစရာပဲ"

"ရှိတော့ ရှိတယ်ဟဲ့။ ကြီးကြီးကို ဆေးကုပေးနေတဲ့ ဆရာဝန်ကြီးရဲ့သားလေ၊ သူ့နာမည်တောင် မေ့တော့တော့ပဲ။ နေဦး ... တာရာမင်းသန့်ဆိုလား တာရာဝင်းသန့်ဆိုလား_

ဩော် ... တာရာဝင်းသန့် ဖြစ်မယ်။ သူ့အဖေက ဒေါက်တာဝင်းသန့်ပဲဟာ"





"အေး ... ဒါဆိုလည်း လုပ်လေ"

"ဟင် ... ဘာလုပ်ရမလဲ"

"ဩော် ... သူနဲ့ နည်းနည်းပါးပါး အီလိုက်လေ"

"ဘယ်လို အီရမှာလဲ"

"ဟာ ... ဒုက္ခပဲ။ သူက ငါ့ထက်တောင် ဆိုးနေပြန်ပြီ။ အီတာတောင် မသိဘူး ဆိုရင်တော့ နင့်အခြေအနေက တော်တော်ဆိုးနေပြီ ...

ကျွတ် ... ခက်တယ်ဟာ။ မသိတဲ့သူကို မတတ်တဲ့သူက ဆရာလုပ်သလို ဖြစ်နေတော့မှာပဲ။ နင်ကလည်း ဒါလေးတောင် မသိဘူးလားဟာ ...

ဝတ္ထုတွေထဲမှာ ကောင်လေးနဲ့ ကောင်မလေးတွေ ဘယ်လိုအီကြသလဲ။ အဲလိုပေါ့။ ကိုရီးယားကားတွေလည်း ကြည့်နေတဲ့ဥစ္စာ"

"အေးပါ ... ထားပါတော့။ ငါ သဘောပေါက်ပါပြီ"

"အေး ... အဓိက,ကတော့ ခေတ်လုလင် သိသွားဖို့ပေါ့ဟာ။ သူ သိသွားရင် နင့်ကို ဘာပြောလာမလဲ။ အဲဒါ စိတ်ဝင်စားဖို့ အကောင်းဆုံးပဲ ...

ကဲ ... အလုပ်ကိစ္စအကြောင်း ပြောကြတာပေါ့။ အလုပ်က ကော်ဖီဆိုင် ဖွင့်ရမလား၊ ဖက်ရှင်ဆိုင် ဖွင့်ရမလား စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုလုံး ဖွင့်လိုက်လေ"

"ဘယ်လို"

"ဟုတ်တယ်၊ ငါ ဖေဖေ့ကို ပြောပြီးသွားပြီ။ အခု အသစ်ဖွင့်မယ့် Shopping Mall ကြီးမှာ ဖွင့်ရမယ်ဟ။ ကော်ဖီဆိုင်နဲ့ အင်တာနက်ဆိုင်ကတွဲမယ်။ ဘေးမှာ ဖက်ရှင်ဆိုင်လေး ဖွင့်မယ် ...

အဲဒီမောလ်မှာ နေရာကောင်းရထားတယ်ဟ။ ဖေဖေ့ ဘော်ဒါတွေဆိုတော့ ပြောလို့ရတယ်။ ဘယ်လိုလဲ"

"သုံးမျိုးကြီးတောင်ဆိုတော့ နိုင်ပါ့မလားဟယ်။ တို့က အခုမှ ကျောင်းပြီးခါစ စမ်းလုပ်ကြမှာ"

"တွေ့လား ... အပျင်းကကြီးပြီ။ ဘာလို့ မနိုင်ရမှာလဲ။ နင်နဲ့ ငါနဲ့ နှစ်ယောက်ပေါင်းပြီး လုပ်မှာပဲဟာ။ ကော်ဖီဆိုင်က ပူစရာ မလိုပါဘူး ...

လူငှားလို့ ရတာပဲဟာ။ အင်တာနက်ဆိုင်ကလည်း သူ့ဝန်ထမ်းနဲ့သူပဲ တို့က ဖက်ရှင်ဆိုင်ကိုပဲ နည်းနည်းကြပ်မတ်ပေးရမှာ ...

အဲဒါတွေကို တစ်တန်းတည်းဖွင့်လို့ရတဲ့ နေရာကို ရထားတာနော်။ ဘယ်လိုလဲ"

"အေးပါ ... နင့်အစီစဉ်က ဘယ်တော့ အကောင်အထည်ဖော်ရမှာလဲ၊ ငါသိတာတော့ အဲဒီ Shopping Mall





ကြီးက ဖွင့်ဖို့ လေးငါးခြောက်လမက လိုသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ အဲဒါကိုက တို့အတွက် ပြင်ဆင်ချိန်ရတယ်လေ။ ဒီကြားထဲမှာ ငါက စာရင်းကိုင်သင်တန်းလေး တစ်ခုလောက် တက်ထားချင်တယ် ...

တို့အလုပ်အတွက် လိုအပ်လာနိုင်တယ်ဟ၊ ဒါကြောင့် တစ်ရက်လောက် နင်နဲ့ ငါနဲ့ မြို့ထဲထွက်ပြီး စုံစမ်းကြည့်ရအောင် ...

အဆင်ပြေတဲ့ နေရာမှာ တက်ကြတာပေါ့။ ပြီးမှပဲ ဆိုင်ဖွင့်ဖို့ ကိစ္စတွေ ဆက်ဆွေးနွေးပြီး စီစဉ်ကြမယ် အိုခေ ... ?"

"အိုခေပါတယ်။ အိုခေပါတယ်။ တို့ကိစ္စတွေက မအိုခေစရာ မရှိပါဘူး။ နင်သာ ခေတ်လုလင်ရဲ့ နှလုံးသားကို ရအောင်လှုပ်နှိုးပါ ...

သူ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး ဘယ်လိုရှိတယ် ဆိုတာ ရအောင် ဝေခွဲပေတော့"

မျိုးမျိုးရဲ့စကားအဆုံးတွင် အန တစ်ယောက်ငြိမ်သက်သွားလေသည်။ မျက်လုံးထဲတွင် ခေတ်ရဲ့ အကြင်နာ အကြည့်တွေကို ပြန်မြင်ယောင်ပြီးလာသည်။ ဒါပေမဲ့ အဲဒီလို အကြည့်တွေကို ခေတ်က သူ့ရည်းစားကိုလည်း ကြည့်မှာပဲဟု

တွေးမိသောအခါ ရင်မောသွားရပြန်သည်။ အဲဒါကြောင့် ပြောတာပေါ့ ...

ခေတ်ရဲ့စိတ်နှလုံးသားတို့ကို အနု ဘယ်လိုမှ ဖေ့ မရနိုင်ပါ။ ခေတ်သည် L ဆိုင်းဗီး၏ ဝေခွဲမရပါလား သီချင်းလေး ကိုသာ တစ်ပိုင်းတစ်စ ညည်းနေမိတော့သည်။

"ဝေခွဲမရပါလား ... တကယ်ပဲ ရက်စက်မလား ... စိတ်ထဲရှိလေသမျှ မင်းကို ဖွင့်ပြောလိုက်ချင်တယ် ...

နင် အရူးမလုပ်ပါနဲ့ ... နင် မလှည့်စားပါနဲ့ ... ရင်ထဲ အချစ်တွေကို ယုံစမ်းပါ ... မင်းအတွက် ... မင်း အတွက် ... ထာဝရအမြဲ"





"လာကွာ ... ဟေ့ကောင်။ မင်းတို့တွေကလည်း နောက်ကျလိုက်တာ။ ငါ ဗိုက်တောင်ဆာနေပြီ"

သူ လာတာကို မြင်လျှင် သူ့ဘော်ဒါဖြစ်သူ ချိုသာ ဆီးကြိုပြီး အပြစ်တင်သည်။ သူနဲ့အတူ ဝင်လာတာက ... ဖြစ်သည်။ သူက စားပွဲမှာ ဝင်ထိုင်လိုက်စဉ်မှာပဲ ...က ချိုသာ့ကို လှောက်လဲချက်တင်သည်။

"ငါ့ကို မပြောနဲ့နော်။ ငါ မပါဘူး။ ဒီကောင် လာကြိုတာကိုက နောက်ကျတာ။ ငါက သူလာခေါ်တဲ့အချိန် ဝေါက်ခနဲ ထလိုက်ပြီးသားပဲ"

ချိုသာက သူ့ကို ဘုရှိုး့ရှိုးလျှင် သူက ဘာမှမတတ် ... ဟူသော ပုံစံဖြင့် ပခုံးတွန့်ကာ လက်ဝါးနှစ်ဖက်ကို ဖြန့် ...သည်။ ပြီးတော့မှ ချိုသာ့ပခုံးကို နှစ်သိမ့်သလိုဖြင့် တစ် ... နှစ်ချက်ပုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကန့်တွေက သယ်ရင်းနဲ့ တို့အတွက် အေးဆေးပါကွာ။ ကဲ ... ကဲ ... မှာ! ဒီနေ့ဝိုင်းအတွက် ဒကာက ကိုယ်ပါ"

"ကိုယ်မဟုတ်လည်း ခေါင်းဖြတ်ရုံပဲ။ ဗိုက်ဆာနေရင် လူက သတ်ချင်နေပြီ။ ယော ... ပလိစ်"

ချိုသာက ဝိတ်တာကို လှမ်းခေါ်ကာ ဟင်းပွဲတွေ မှာကြားနေသည်။ အားလုံး မှာပြီးသွားသောအခါမှ သူ့ဘက်သို့ လှည့်လာကာ ...

"မင်း ဘာလို နောက်ကျနေတာလဲ"

"ဆော်နဲ့ ရန်ဖြစ်နေလို့ပါကွာ"

"ဘယ် ဆော်လဲ။ ဇီဇဝါလား"

"အေးပေါ့ ... ဘယ်နှယောက် ရှိတာမှတ်လို့၊ မင်းတို့က လည်း"

သူ့အပြောကို ချိုသာက ရှုံ့မဲ့ပြီး ပခုံးတွန့်ပြကာ...

"သိဘူးလေ၊ ဇီဇဝါ့အပြင် ဖုန်းပြောနေတဲ့ဟာတွေလည်း ရှိတဲ့ဟာပဲကို"

"အဲဒါတွေက အဓိနေတာတွေပါကွာ။ ရည်းစား မဟုတ်ပါ ဘူး"

မှာထားသော ဟင်းပွဲတွေ ရောက်မလာမီ အအေး ပုလင်းတွေ လာချပေးသဖြင့် သူတို့က အအေးကိုယ်စီသောက်ကာ စကားဆက်ပြောကြသည်။





"မင်းကို ငါမေးပါဦးမယ်။ မင်း ဇီဇဝါ့ကို တကယ်ရော ချစ်ရဲ့လား"

"မချစ်ဘူး"

"ဒါဆို ဘယ်သူ့ကို ချစ်တာလဲ"

"မင်းတို့ သိရက်သားနဲ့ ဘာဖြစ်လို့ မေးနေတာလဲ"

"မေးရမှာပေါ့။ မင်း လုပ်နေတာတွေက အဓိပ္ပာယ်မှမရှိ တာ။ တကယ်မချစ်တဲ့ feel မလာတဲ့ မိန်းကလေးတွေနဲ့ ကျတော့ မင်းက တွဲနေတယ် ...

ရင်ထဲက နက်နက်ရှိုင်းရှိုင်း ချစ်တဲ့သူကိုကျတော့ ဘေးဖယ်ထားတယ်။ မင်း သိပ်ဂေါက်ရာကျမနေဘူးလား"

ချိုသာရဲ့စကားကို သူက ခပ်မှုံ့မှုံ့လေးရယ်ကာ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်သည်။

"မင်းတို့က အကြောင်းအရာတစ်ခုကို အများသူငှာတွေး သလို ရိုးရိုးစင်းစင်းလေးပဲ တွေးတာကိုး"

"အေ လေ ... မင်းကတော့ ကောက်ကောက်ကွေ့ကွေ့ တွေးတယ် မဟုတ်လား"

"ငါက ကောက်ကောက်ကွေ့ကွေ့ တွေးတာ မဟုတ်ဘူး။ မင်းတို့ တွေးတာထက်ကို ရိုးစင်းပြီး သဘာဝကျကျတွေး တာ။ နောက်တစ်မျိုး ပြောရရင်တော့ သူများမတွေးတဲ့ ရှုထောင့်ကနေ တွေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ချိုသာက ပထမဦးဆုံး လာချသော ဘဲကင်တစ်ဖတ်ကို နှိုက်မြည်းရင်းမှ ကြီးကြီးကျယ်ကျယ်ဟု မဲ့ရွဲ့ပြောသည်။

"မင်းတို့ကို ငါ ပြောပြမယ်။ လူတစ်ယောက်ဟာ မွေးဖွားလာရာကနေ အရွယ်ရောက်တဲ့အချိန်မှာ သူနဲ့အနီးကပ်ဆုံးလူတစ်ယောက်အပေါ်မှာ သံယောဇဉ် ရှိသွားတာကို လက်ခံတယ်။ ချစ်သွားလည်း ရတယ်။ ပြဿနာ မရှိဘူး ...

ဒါပေမဲ့ကွာ အဲဒါကြီးကို တစ်သက်လုံးအတွက်လို့ သတ်မှတ်လိုက်တာကတော့ နှစ်ယောက်စလုံး အတွက် မတရားဘူးလို့ ထင်တယ်"

"ဘာဆိုင်လဲကွာ၊ မင်းကလည်း"

"ဆိုင်တယ် ဟ့ကောင်။ ငါ ပြောပြမယ်၊ လူ့စိတ်ဆိုတာ နီးစပ်ရာကို မှီတွယ်ခင်မင်တတ်တဲ့ သဘောရှိတယ်။ အနုရဲ့မျက်လုံးထဲမှာပဲ ငါက တဖြည်းဖြည်း အရွယ်ရောက်လာတယ်။ ဒီလိုပဲ ငါ့ရဲ့မျက်လုံးထဲမှာလည်း အနုက တဖြည်းဖြည်း လှလာတယ်။ ချစ်ဖို့ ကောင်းလာတယ် ...

စိတ်ဝင်စားဖို့ ကောင်းလာတယ်။ ရင်ခုန်လာတယ် ...

သူ့ဘက်ကလည်း ငါ့ကို သံယောဇဉ်ရှိတယ်ဆိုတာ ငါသိတယ်။ ရှင်းရှင်းပြောရရင်ကွာ ငါ့ဘက်က လှုပ်ရှားတာနဲ့ သူနဲ့ငါ ရည်းစားတွေ ဖြစ်သွားတော့မယ်ဆိုတာ





99.9% သေချာတယ်။ ဒါပေမဲ့ အဲဒီအခြေအနေ အဲဒီအဖြစ်အပျက်ကြီးက သိပ်သမားရိုးကျ ဆန်းလွန်းတယ်လို့ မြင်တယ်ကွာ ...

ဒီလောကကြီးက အကျယ်ကြီးပါ။ ငါက အဆုံးမရှိတဲ့ ဒီလောကကြီးထဲမှာ လွတ်လွတ်လပ်လပ် ပျံသန်းချင်တယ်။ အတွေ့အကြုံတွေ ရှာချင်တယ်။ အနုကိုလည်း ငါ့ရဲ့ရည်းစားဆိုတဲ့ ပတ်သက်မှုတစ်ခုနဲ့ ချုပ်နှောင်မထားချင်ဘူး။ သူလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ်နေ၊ ကြိုက်တဲ့ကောင်ကို ရင်ခုန်ကွာ၊ သူ့အခွင့်အရေးပဲ ...

ဒါမှ သူ လောကကြီးအကြောင်းကို သိမှာပေါ့။ မင်းတို့ စဉ်းစားကြည့်စမ်းကွာ၊ ဒီတစ်ယောက်ကိုပဲတွေ့လို့ ဒီတစ်ယောက်ကိုပဲ ရင်ခုန်တာထက် အများကြီးကိုတွေ့ပြီး အများကြီး ရင်ခုန်တဲ့အထဲမှာ ဒီတစ်ယောက်ကို ရင်အခုန်ဆုံးဆိုတာ ပိုစစ်မှန်တယ် ...

သံယောဇဉ်ကို အကြောင်းပြပြီး အချစ်ကို ချုပ်နှောင်လိုက်တာမျိုး မဖြစ်ချင်ဘူး။ သံယောဇဉ်ကနေ မွေးဖွားလာတဲ့ အချစ်ထက် အချစ်ကနေ မွေးဖွားလာတဲ့ သံယောဇဉ်ကိုပဲ လိုချင်တယ်၊ U know what I mean "

ချိုသာရော လပြည့်ရောကတော့ သူ့စကားကို သည်သလိုလိုဖြင့် ပခုံးတွန့်ကြသည်။ အဲဒီအချိန်မှာပဲ ဟင်းပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွေက ရောက်လာပြီမို့ စားရင်းသောက်ရင်းဖြင့် စကားဆက်ကြလေသည်။

"ဒါဖြင့်ရင် မင်းက တမင်လွှတ်ထားတဲ့ သဘောပေါ့"

"အဲလိုလည်း ပြောလို့ရပါတယ်။ လူဆိုတာ သူ့အရွယ်နဲ့ သူ လှုပ်ရှားတာ ကောင်းတယ်ကွ။ ဆိုလိုတာက မွေးသင့်တဲ့အရွယ်မှာမွေး၊ လုပ်ချင်တာလုပ်၊ မလုပ်ဘူးတာ အကုန်လုပ် ...

ဒါဟာ အသက်အရွယ် အပိုင်းအခြား တစ်ခုမှာပဲ ဖြစ်သင့်တယ်။ ကြီးမှ ထပြီး အရွယ်နဲ့ မလိုက်တာတွေ လုပ်နေရင် အလကားပဲ။ ခုချိန်မှာ ရည်းစားတွေ များလို့လည်း ဘာမှမဖြစ်ဘူး။ အသက်အစိတ် ကျော်လာရင်တော့ အဲဒါတွေကို သိပ်အချိန်ပေးဖို့ မဖြစ်နိုင်တော့ဘူးလေ ...

တဖြည်းဖြည်းနဲ့ တည်ငြိမ်သင့်ပြီ။ အသက်သုံးဆယ်လောက် ဆိုရင်တော့ လုံးဝ Stable ဖြစ်သင့်ပြီလို့ ထင်တယ် ...

မင်းတို့ လက်ခံ မလက်ခံတာတော့ မင်းတို့သဘောပဲ။ အဲဒါက ငါ့ သီအိုရီပဲ"

"မင်း သီအိုရီနဲ့ မင်းပြောတာတွေကို လွတ်လပ်မှုကိုခုံမင်တဲ့ ယောက်ျားလေး အချင်းချင်း နားလည်လက်ခံပေးလို့ ရပါတယ် ...



ဒါပေမဲ့ အနုသွေး ဘက်ကိုရော မင်း ထည့်မစဉ်းစားပေးတော့ဘူးလား"

"သူ့အတွက်ပါ ငါ ထည့်စဉ်းစားပေးထားတာလေ။ အနုကို ဘောင်မကျဉ်းစေချင်ဘူး။ ငါသိတဲ့ တချို့မိန်းမတွေရဲ့ ဘဝက သိပ်သနားဖို့ကောင်းတယ် ...

ဘဝတစ်လျှောက်လုံးမှာ ဒီယောက်ျားတစ်ယောက်ကိုပဲ စတင်ရင်ခုန်၊ ဒီယောက်ျားနဲ့ပဲ ရည်းစားဖြစ် ဒီယောက်ျားနဲ့ပဲရ ... ဟာ ... ပျင်းစရာကြီးကွာ ...

ငါသိပ်ကြိုက်တဲ့ စကားတစ်ခွန်းလိုပဲ အချစ်ဆိုတာ တစ်ယောက်တည်းအတွက် ဖြစ်သင့်သလား။ No ... မဖြစ်သင့်ဘူးနော်"

"ဟား ... မင်းအတွေးအခေါ်တွေက ငါတို့တောင် လိုက်မမီတော့ပါဘူးကွာ။ မင်းကိုယ်တိုင် လွတ်လပ်စွာ နေချင်တာတော့ ဟုတ်ပါပြီ ...

ဒါပေမဲ့ အနုရဲ့အချစ်ဦး ရည်းစားဦး တစ်ယောက်မဖြစ်ချင်တာတော့ သဘာဝလွန်နေတယ်၊ ယောက်ျားလေးတွေက ကိုယ်ချစ်တဲ့ မိန်းကလေးရဲ့အချစ်ဦး ရည်းစားဦးဖြစ်ချင်တာလေ ...

ဘာမဆို ဦးဦးဖျားဖျား ပိုင်ဆိုင်ချင်ကြတာ မဟုတ်လား။ မင်း အဲဒီလို လုပ်နေရင် အနု သူများလက်ထဲ ပါသွားမှာ မကြောက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူက ကင်းမွန်အစပ်သုပ်ထဲက ကင်းမွန်နှင့် ကြက်သွန်ဖတ်များများကို ပါးစပ်ထဲသို့ အရသာခံ ထည့်ဝါးနေပြီးတော့မှ ...

"No ကြောက်ဘူး"

"ဟား ... လုံးဝကို လိုက်မမီတော့ဘူး"

"မမီရင်လည်း နေခဲ့တော့။ မင်းတို့ စဉ်းစားကြည့်စမ်းပါ ...

ကောင်လေးနဲ့ ကောင်မလေးက ငယ်ငယ်တည်းက သူငယ်ချင်း။ အရမ်းသံယောဇဉ်ရှိကြတယ်။ နောက်တော့ ချစ်သူတွေ ဖြစ်သွားကြတယ် ...

ဒါ သိပ်ရိုးနေတဲ့ ဇာတ်ထုပ်အထာတွေ ဖြစ်နေပါပြီကွာ။ ငါ အဲဒီလို မဖြစ်ချင်ဘူး"

"မဖြစ်ချင်တာနဲ့ မင်းက မင်းနှလုံးသားတစ်ခုလုံးကို အဆုံးရှုံးခံတယ်ပေါ့"

"အဲလိုလည်း မဟုတ်ပါဘူး။ ထားပါတော့ကွာ ဒါတွေက ဆက်ပြောနေရင် ပိုရှုပ်ကုန်မယ်။ သေချာတာကတော့ ငါ့အချစ်က သူများတွေနဲ့ မတူဘူး ဆိုတာပဲ ..

အနဲ့ အတွက် ငါ့ထက်သာတဲ့ကောင်လည်း တွေ့ချင် တွေ့လာနိုင်တာပဲ၊ သူ့မှာ Choice လုပ်ပိုင်ခွင့်ရှိပါတယ်။ ငါတစ်ယောက်တည်းနဲ့ပဲ သူ့နှလုံးသားက ခုန်နေရရင် သိပ်အဓိပ္ပာယ်မရှိတော့ဘူး ထင်တယ်"

"တော်ပြီဟေ့။ မင်း ဒိုင်တွေ ဆက်မပြောနဲ့တော့။ ကြာရင် ငါတို့ပါ မသောက်ဘဲ မူးသွားလိမ့်မယ် ...



အေးပေါ့လေ မင်း အတွေးနဲ့ မင်းပဲ။ ကြိုက်သလို လုပ်ပေါ့။ ငါတို့က ဘာမှ ဝေဖန်ပိုင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ မင်း အနုကို အိပ်မက်တွေ မျှော်လင့်ချက်တွေ သိပ်တော့ မပေးမိဖို့လိုတယ်"

"ငါက ဘာမျှော်လင့်ချက်တွေ ပေးနေလို့လဲ"

"မင်း သူ့ကို ဂရုစိုက်တယ်။ ကြင်နာတယ်လေ။ ဒါတွေက သူ့အတွက် မျှော်လင့်ချက် ဖြစ်မနေဘူးလား"

"သူ မျှော်လင့်ထားရင်တော့ သူ့အတွက် ပင်ပန်းမှာပဲ။ ငါ့မှာ ရည်းစားရှိတယ် ဆိုတာလည်း သူ သိနေတာပဲလေ ...

ဒီတော့ သူ့အတွက် ခံသာမှာပါ။ အလွမ်းအဆွေး မဟုတ်တဲ့ သမုဒ္ဒယဆန်တဲ့ စိတ်နှလုံးသားနဲ့ပဲ လောကကြီးရဲ့ ခက်ခဲတဲ့ ဘာသာရပ်တွေကို သူ့ဟာသူ self learning ပုံစံနဲ့ သင်ကြားတတ်မြောက်သွားလိမ့်မယ် ...

ကလေးလေးတစ်ယောက် လမ်းလျှောက်တတ်ဖို့ စတင်ကြိုးစားသလိုပေါ့ကွာ။ ပထမတော့ ခဏ ခဏ လဲမှာပေါ့။ နောက်တော့ အေးဆေးဖြစ်သွားမှာပါ ...

ငါက အနုကို လောကကြီးအကြောင်း နောကျေနေတဲ့ အထာကျကျ မိန်းမတစ်ယောက် ဖြစ်စေချင်တာ။ နူးညံ့သိမ်မွေ့တဲ့ ခပ်ရိုးရိုး ပန်းလေးတစ်ပွင့် မဖြစ်စေချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တိုးတိတ်သော သူ့ရဲ့နောက်ဆုံးစကားသံ အဆုံးတွင် သူငယ်ချင်းတွေက ဘာမှ မပြောနိုင်တော့ချေ။ သူကတော့ သူ့ရဲ့ခံယူချက်ဖြင့် ကျေနပ်နေခဲ့သည်။ လောကကြီးဟာ ရှိးသားနေရင် ပျော်းဖို့ကောင်းလှတယ် မဟုတ်လား။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထောက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



၁

"ဩော် ... တွမ်ခရုစ်ရဲ့ နောက်ဆုံးဇာတ်ကားသစ် KINGHT AND DAY ရုပ်ရှင်ကားလား။ ဟင့်အင်း ... မကြည့်ရသေးဘူး ...

အနု လောလောဆယ် ကိုရီးယားကားတွေပဲ ဇာတ်ကျနေလို့။ အင်း ... ရပါတယ်၊ အနု ဘာသာပဲ ဝယ်လိုက်ပါ့မယ်၊ အဟင် ... မဟုတ်ပါဘူး၊ အားနာလို့ပါ"

အနုက ဖုန်းပြောရင်းနဲ့မှ ကိုယ့်နောက်သို့ တစ်စုံတစ်ယောက် ရောက်လာသည်ဟု ခံစားမိသဖြင့် လှည့်ကြည့်လိုက်လျှင် ရှုတည်တည်ဖြင့် လက်ပိုက်ကြည့်နေသော ခေတ်ကို တွေ့လိုက်ရသဖြင့် ထိတ်ခနဲတောင် ဖြစ်သွားရသည်။ အနုက ဆရာဝန်ကြီး တာရာနှင့် ဖုန်းပြောနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနန့်ဲ မျိုးမျိုးတို့ စကားပြောဆို ဆွေးနွေးပြီး သိပ်မကြာပါချေ။ အိပ်မက် မက်သလားတောင် ထင်ရသော တာရာဟာ သူ့အဖေနှင့်အတူ ကြီးကြီးကို လာကြည့်ပေးဖို့အတွက် အိမ်သို့ ပါလာသည်။ အဲဒီတည်းက အနန့်နှင့် စကားပြောရာမှ နောက်တော့ သူကပဲ ဖုန်းဆက်၊ ဟိုဟိုဒီဒီ ရောက်တတ်ရာရာလေးတွေ ဆယ့်ငါးမိနစ်လောက်တော့ ဖုန်းပြောဖြစ်တာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။

အခုလည်း ရုပ်ရှင်တွေ ကြည့်ဖြစ်လား၊ ဘာကားတွေ ကြည့်ဖြစ်သလဲ စတာလေးတွေ ဟိုပြော ဒီပြော ပြောနေကြခြင်းဖြစ်သည်။

ခေတ် ရောက်လာပြီဆိုတော့ အနန့်သည် စကားပြောရတာ ပိုပြီးအရှိန်တက်လာသည်။

"မနက်ဖြန် ညနေလား ... အင်း ... အနန့် ရှိဖို့တော့များပါတယ်။ ဟုတ် ... ဟုတ်ကဲ့ ... ကျေးဇူးပဲ။ နောက်မှတွေ့မယ်နော်"

အနန့်က ဖုန်းပိတ်ပြီးသောအခါ ခေတ်ဘက်သို့ ပြုံးပြုံးလေး လှည့်ကြည့်လိုက်သည်။ ခေတ်က အနန့်ကို အတန်ကြာစိုက်ကြည့်နေပြီးမှ ဘာအဓိပ္ပာယ်နဲ့မှန်း မသိဘဲ ခေါင်းတစ်ချက်ဆတ်လိုက်တာကို တွေ့မြင်လိုက်ရသည်။

"ဘယ်သူနဲ့ ပြောနေတာလဲ"





"တာရာနဲ့"

"တာရာ ဆိုတာက ..."

"ကြီးကြီးကို ကုပေးနေတဲ့ ဆရာဝန်ကြီးရဲ့သားလေ။ သူလည်း ဆရာဝန်ပဲ၊ ဒါပေမဲ့ ဟောက်စ်ဆင်းတုန်းပေါ့"

ခေတ်က ဘာမှမပြောတော့ဘဲ ခေါင်းသာ တစ်ချက်ဆတ်ပြသည်။ သူများ တစ်ခုခု ဆက်မေးမလားဟု ထင်နေသော်လည်း သူက ဘာမှမမေးတော့သဖြင့် အနန့်က တာရာနဲ့ပတ်သက်ပြီး ဘာဆက်ပြောရမှန်းမသိ ဖြစ်လို့နေသည်။ တကယ်ဆို သူဆက်မေးပါလားကွယ်။ တာရာဆိုတာ နင်နဲ့ ဘယ်လောက်ထိရင်းနှီးနေပြီလဲ။ ဖုန်းအမြဲတမ်း ဆက်သလား၊ ဘာတွေပြောကြသလဲ၊ နင့်ကို ကြိုက်နေသလား စသဖြင့် သူမေးလျှင် ရတာပဲ။

ဒါပေမဲ့ ခေတ်က ဘာမှမမေးချေ။ သူ့ကြည့်ရတာ အေးအေးဆေးဆေးပဲ ဖြစ်သည်။ အနန့်သည် သက်ပြင်းတစ်ချက်ကိုသာ ခိုးရှိုက်လိုက်မိလေသည်။

"ရော့ ... အခုန နင် ပြောနေတာ ငါ သွဲ့သွဲ့ကြားလိုက်ပါတယ်။ တွမ်ခရုစ်ပါတဲ့ Knight and day ဆိုတဲ့ ဇာတ်ကား ...

နင့်အတွက် ဝယ်လာတာ"

ခေတ်က အနန့်ကို DVD တစ်ချပ် လှမ်းပေးသည်။ အနန့်ဟာ သီချင်း၊ ရုပ်ရှင်နှင့် စာအုပ်တွေကို ဝါသနာပါသူမို့



www.burmeseclassic.com

www.burmeseclassic.com



အပြင်အထွက်များသော ခေတ်ဟာ အနုအတွက် အသစ်ထွက် တာမှန်သမျှ ဝယ်လာပေးနေကြဖြစ်သည်။

အနု ကြိုက်တတ်သော အစားအစာ၊ အသုံးအဆောင် အတို့အထွာ စသဖြင့် အားလုံးကို သူ သိထားပြီး အဲဒါတွေ လုပ်ပေးလေတိုင်း ဘာမှမခံစားရသော ရှုတည်တည်မျက်နှာပေးနှင့် နေတတ်တာလည်း သူပဲဖြစ်သည်။ အနုက ဆိုဖာတစ်ခုထံတွင် ထိုင်နေသော ခေတ်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ကျွန်းရောင်ဆံပင်ကာလာက ဝေ့ဗ်ပါသော ဆံပင်ထူထူ ပွယောင်းယောင်းပေါ်မှာ စတိုင်လ်မိုက်စွာ တင်နေလျက်၊ အဖြူခံပေါ်မှာ ဇေဒါရောင်အပွင့်ကျဲလေးများ ပါဝင်သော Alter ရှပ်အင်္ကျီကို ကြယ်သီးသုံးလုံးဖြုတ်လျက် လက်ခေါက်ဝတ်ထားသည်။ အောက်က ဘောင်းဘီက Nobody ဂျင်း(န်)မှီတက်ဖြစ်တာကြောင့် သူ ဝတ်ထားတာက ရိုးရိုးဖြစ်သော်လည်း ဖက်ရှင်ကျနေသည်။

ခေတ်ဟာ အဝတ်အစားဝတ်လျှင် ဘယ်တော့မှ ရှုပ်ရှုပ်ထွေးထွေး ဝတ်လေ့မရှိပေ။ Alter ရှပ်အင်္ကျီတွေကို ကြယ်သီးသုံးလုံးလောက်ဖြုတ်ပြီး လက်ကို တံတောင်ဆစ်နားအထိ ခေါက်ဝတ်တတ်တာ သူ့ Style လို ဖြစ်နေသည်။ အဲဒါနဲ့ ဂျင်း(န်)တွေနဲ့ တွဲဝတ်တတ်ပြီး သိပ်ပူအိုက်သော ရာသီဥတုမျိုး ဆိုလျှင်တော့ Vest (စွပ်ကျယ်)တွေကိုသာ ခပ်မိုက်မိုက် ဝတ်ဆင်တတ်သူဖြစ်သည်။





ခေတ်ရဲ့ပုံစံဟာ မိန်းကလေးတွေ ကြွေသော ကိုရီးယားမင်းသားတွေလို နုနုသစ်သစ် မဟုတ်ဘဲ အမေရိကန်မင်းသားတွေလို ယောကျ်ားပီပီသသ ခပ်မိုက်မိုက် ဒီဇိုင်းဖြစ်သည်။ ဒါကိုပဲ မိန်းကလေးတွေက ကြွေနေကြသလားတော့ မပြောတတ်တော့ပါ။ ခေတ်သည် အနုတို့အိမ်သို့ ရောက်လျှင် သူ့အိမ်သူ့ရာ သဖွယ် အေးအေးနေတတ်သည့် ပုံစံအတိုင်း အခုလည်း ဆိုဖာကို ပျင်းတိပျင်းရွဲမှီကာ ပစ်ထိုင်နေသည်။

"နင် အဲဒီရုပ်ရှင်ကားကို ကြည့်ပြီးပြီလား"

"အင်း ... ကြည့်ပြီးပြီ။ ကင်မရွန်ဒီယာ့စ်လည်း ပါတယ်လေ၊ ဟာသနည်းနည်းပါတယ်။ အက်ရှင်ဟာသပဲ"

"ဟုတ်လား၊ ငါက အဲဒါဆို ပိုကြိုက်တယ်။ အတော်ပဲ ဒီနေ့ည ကြည့်ရမယ်၊ အင်း ... တာရာက မနက်ဖြန် အခွေဝယ်လာပေးမယ် ဆိုတော့ သူ့အခွေကို ပြန်ပေးလိုက်ရတော့မှာပဲ"

အနုက ခေတ်ကို မသိမသာ သွေးတိုးစမ်းလိုက်သော်လည်း ခေတ်ကတော့ ဘယ်နဲ့မှ နေဟန်မတူပေ။ ပျင်းလျောလျော ထိုင်နေရင်းမှ မျက်လုံးတစ်ချက်ပဲ လှန်ကြည့်ကာ ...

"ပြန်ပေးမနေနဲ့လေ။ ယူထားလိုက်ပေါ့ ဘာဖြစ်လဲ။ ဒီအခွေကို နင် ကြည့်ပြီးရင် ငါ့ကို ပြန်ပေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အနု ရင်ထဲတွင် ဆစ်ခနဲ ဖြစ်သွားသော်လည်း ဘာ ပြန်ပြောရမှန်း မသိသဖြင့် ရုတ်တရက် စကားသံက ထွက်မလာ ချေ။ ခေတ်ကသာ ဗိုက်ကိုပွတ်ရင်းမှ ...

"အနု ... ငါ ဗိုက်ဆာတယ်ဟာ"

"ဗိုက်ဆာရင်လည်း ကိုယ့်အိမ် ကိုယ်ပြန်ပြီး ထမင်းစား ပေါ့"

အနုက အမြင်ကတ်ကတ်နှင့် တမင်ပြောပစ်လိုက် သည်။ ရင်ထဲတွင် ဘာကို အလိုမကျမှန်းမသိဖြစ်ကာ စိတ်တွေ က ငါးမုန့်ကြော်လို ကြွပ်ရွနေသည်။ ထိုလိုက်တာနှင့် ပုံကျမည့် စိတ်မျိုးပင်။ အနု ဘာကို ဒေါသထွက်နေတာပါလိမ့်။

"အနု ... နင် ဘာဖြစ်နေတာလဲ။ စိတ်ရော မှန်သေးရဲ့ လား"

အနုက ထောင်းခနဲ ဒေါသထွက်သောစိတ်ဖြင့် ခေတ်ကို စူးခနဲ မော့ကြည့်လိုက်သည်။ ခေတ်ရဲ့ပုံစံကတော့ အေးဆေးပဲဖြစ်သည်။ ဒူးထောင် ပေါင်ကားထိုင်ကာ လက်တစ် ဖက်ကိုတောင် ထောင်နေသည့် ဒူးခေါင်းပေါ်တင်လျက် တလှုပ် လှုပ်ရှိနေသေးသည်။ သူကတော့ အေးဆေး၊ အနုကတော့ ပေါက် ကွဲနေရသည့် အဖြစ်မျိုးကို မလိုလားသဖြင့် အနုက ကိုယ့်စိတ် ကိုယ်သိကာ ချက်ချင်းပဲ သတိဖြင့် ထိန်းလိုက်သည်။

"ငါက ဘာကိစ္စ စိတ်မမှန်ရမှာလဲ"





"ဟုတ်တယ်လေ။ အရင်ကဆို ငါ ဗိုက်ဆာတယ် ဆိုတာ နဲ့ နင်က ကျွေးပြီးသားပဲ"

"နင့်စကားထဲမှာကို အဖြေက ပါပြီးသားပဲ။ အရင်ကဆို တဲ့။ အဲဒါမျိုး အရင်ကပဲ ရမယ်။ ခုတော့ မရတော့ဘူး"

"ဟုတ်လား။ အပြောင်းအလဲကလည်း မြန်လိုက်တာ။ ဘာကြောင့် သဘောထားတွေက ဒီလောက် ခပ်မြန်မြန် ပြောင်းလဲသွားရတာပဲ"

မေးပုံကိုက ...။ သူ ပြောတဲ့ မျက်နှာပေးနှင့် Style တွေကိုက တစ်ဖက်သားကို Attrection ရှိစေသလားတော့ မပြောတတ်ပါ။ ခေတ်သည် ရုပ်ရှင်မင်းသား လုပ်လျှင်တော့ တော်တော်နာမည်ကြီးနိုင်သည်။ သူ့မျက်လုံးတွေက ကွယ်လွန် သွားသော ရုပ်ရှင်မင်းသား ဒွေးလိုပင် ရီဝေနက်ရှိုင်းနေသော ကြောင့်ဖြစ်သည်။

"လူ့စိတ်ဆိုတာ ဒီနေ့နဲ့ မနက်ဖြန်တောင် တူတာမှမဟုတ် တာ။ နင်တောင် တစ်သက်လုံးက ငါ့ကိုပေးတဲ့ ပစ္စည်းမှန် သမျှ ပြန်တောင်းရိုးထုံးစံ မရှိဘဲနဲ့ အခုကျမှ ကြည့်ပြီးရင် ပြန်ပေးလို့ တောင်းတာပဲလေ"

အနုရဲ့ ဘောက်ဆတ်ဆတ်အပြောကို သူက မျက် မှောင်ကြုတ်ကာ ကြည့်သည်။ ပြီးတော့မှ တစ်ခုခုကို သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားဟန်ဖြင့် သူ့နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးလာသည်။ အနုသည် အဲဒီပုံစံကို မှန်းမှန်းနှင့် စိုက်ကြည့်နေရသော်လည်း သူ့နှုတ်ခမ်းတွေ စွဲမက်ဖို့ကောင်းတာကိုလည်း ကိုယ့်ကိုယ်ကိုယ် ခုန်းလှစွာ ဝန်ခံရပေဦးမည်။

"ဪ ... လက်စသတ်တော့ နင်က ငါ့ကို တင်းနေတာကိုး။ ဟား ဟား ... အဲဒီအတွက်နဲ့တော့ မတင်းပါနဲ့ဟာ၊ ယူ ... ယူ ... အဲဒီအခွေကို အပိုင်သာယူလိုက်တော့ ...

လောလောဆယ် နင့်အိမ်မှာ ဘာစားကောင်းသောက်ဖွယ်တွေ ရှိလဲဟင်၊ ငါ တကယ် ဗိုက်ဆာနေတာဟ"

"ဘာစားကောင်းသောက်ဖွယ်မှ မရှိဘူး။ နင့်အခွေကိုလည်း မယူဘူး။ ပြန်ယူသွား။ အဲလိုပြောမှ သိတဲ့လူမျိုးကိုလည်း စာရင်းမရှိဘူး"

"ဟား ... စွပ်စွဲချက်တွေကတော့ ကျုတ်ကြိတယ်ကွာ။ အနုရယ် ... နင် ထင်သလို မဟုတ်ပါဘူးဟာ။ ငါက ဟိုတစ်ယောက်ကလည်း လာပေးဦးမယ်ဆိုတော့ ဘာရယ် မဟုတ် အမှူမဲ့ အမှတ်မဲ့ ပြောလိုက်မိတာပါဟာ ...

နင့်အပေါ်မှာ ငါ ဘယ်လောက်စေတနာရှိတယ်ဆိုတာလည်း နင် သိလျက်သားနဲ့၊ ငါ့ကို အဲဒီလို မဆိုးစမ်းပါနဲ့ အနုရာ"





မဆိုးစမ်းပါနဲ့တဲ့။ ငါ့မှာ အဲဒီလို ဆိုးလို့ရတဲ့ အခွင့်အရေးရော ရှိလို့လား ခေတ်ရယ်။ နင် ငါ့ကို ချော့တော့ရော ဘယ်လောက်နွေးထွေး ဂရုစိုက်မှာမို့လို့လဲ။ နင့်ရည်းစား စိတ်ကောက်ရင် ချော့သလိုမျိုး နင့်ရင်ခွင်ထဲ ထည့်ထားပြီး တယုတယနဲ့ ချော့မှာမို့လို့လား။

အနုသည် ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသော မေးခွန်းများနဲ့ ချောင်ပိတ်မိကာ ရင်ထဲတွင် နာကျင်လာသည်။ အနု ရင်ထဲမှာ ခံစားနေရသော အရာတွေကို စိတ်ရှိလက်ရှိ ဖွင့်ထုတ်ပစ်လိုက်ရရင် ခေတ် ဘယ်လိုများ နေသွားမှာပါလိမ့်။ နင် ငါ့ကို နည်းနည်းလေးမှ မချစ်ဘူးလား ခေတ်ရယ်။

"ဟဲ့ ... အနု"

ကိုယ့်ခံစားချက်နဲ့ကိုယ် နစ်မျောနေသော အနုမှာ မျက်လုံးရှေ့သို့ လက်တစ်ဖက်က ဝှေ့ဝဲလာတော့မှသာ လက်ရှိပစ္စုပ္ပန်သို့ ပြန်ကပ်တော့သည်။

"ဟာ ... နင် ငါ ပြောတာတွေကို ကြားရဲ့လား။ ဘာတွေ စဉ်းစားနေတာလဲ"

"ဘာမှ မစဉ်းစားဘူး"

အနုက ဝမ်းနည်းနာကျင်လာသော စိတ်ဖြင့် အေးစက်တိုးတိတ်စွာ ဖြေမိသည်။ ခေတ်က အဲဒီပုံစံကို အတန်ကြာ စိုက်ကြည့်နေမှန်း သိသော်လည်း အနုက မျက်နှာကို ဒေါသလွှဲထားကာ မသိမသာ အံကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါရစေတော့။ ဘယ်ဘဝ ဘယ်ဝဋ်ကြွေးမှန်း မသိသော တစ်ဖက်သတ်အချစ်သမားရဲ့ ဒုက္ခမျိုး နောက်ထပ် မခံစားရစေဖို့ ဘုရားရှိခိုးပြီးတိုင်း အနု ဆုတောင်းတော့မည်။

"ကဲ ... လာ ... ထ"

အဲဒီလေသံနှင့်အတူ ခေတ်က အနုရဲ့လက်နှစ်ဖက်ကို တစ်ဖက်စီ ဆွဲကိုင်ပြီး ခေါ်လိုက်တာဖြစ်သည်။ ထင်မထားသော သူ့အပြုအမူကြောင့် အနုက သူ့ကို မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်မိသည်။ သူက အနုရဲ့မျက်ဝန်းတွေထဲသို့ တည့်တည့်ပြုံးစိုက်ကြည့်ကာ အစွမ်းကုန် အလိုလိုက်တော့မည့် ပုံစံဖြင့် ခေါ်သည်။

"ဘယ်သွားမှာလဲ"

"မီးဖိုချောင်ထဲ သွားမယ်လေ။ နင့်ကို ငါကိုယ်တိုင် ဆီချက်ခေါက်ဆွဲ လုပ်ကျွေးမယ်၊ ထ ... ထ။ ငါ ဗိုက်ဆာနေပြီ"

"နင်က ဆီချက်ခေါက်ဆွဲ လုပ်ကျွေးမယ်"

"ဒါပေါ့။ နင် မယုံကြည်နိုင် ဖြစ်နေတယ် မဟုတ်လား။ ကဲပါ ... ငါ လက်တွေ့ပြပါ့မယ်။ နင်တို့အိမ်မှာ ရယ်ဒီမိတ်ဆီချက်အထုပ်တွေ ရှိတယ် မဟုတ်လား ...

အဲဒါနဲ့ပဲ လုပ်မှာ"





သူက အနုလက်ကို ဆွဲခေါ်လာသည်။ မီးဖိုချောင်ထဲမှ ကောင်မလေးတွေကို အပြင်သို့ ထွက်ခိုင်းကာ အနုကိုတော့ ခုံမှာဝင်ထိုင်နေစေပြီး သူက တကယ်ပဲ လက်စွမ်းပြတော့သည်။ ခေါက်ဆွဲပြုတ်ထားတုန်းမှာ ကြက်သွန်နီကိုလှီးကာ ငရုတ်ဆော့ထဲဖြင့် အချဉ်အဖြစ် တွဲဖက်သုံးဆောင်ရန် စီစဉ်သည်။

ပြီးလျှင်တော့ ငါးမိနစ်လောက်ပဲ စောင့်လိုက်ရတော့ကာ အနုရဲ့ရှေ့သို့ စားချင်စဖွယ် မွှေးပျံ့နေသော ဘဲသားဆီချက်ခေါက်ဆွဲတစ်ပွဲ အဟုတ်ကိုပင် ရောက်ရှိလို့ လာလေသည်။ ဟင်းချိုရည်အဖြစ် သူ ဖန်တီးထားတာကတော့ ရေနွေးပူပူထဲသို့ ကြက်သားမှုန့်၊ ဆား၊ အချိုမှုန့်ခတ်ကာ တရုတ်နံနံလေးတွေ ဖြူးပေးလိုက်တာဖြစ်သည်။ သူက တူအိတ်ကိုပါ ဖောက်ပေးကာ အနုရှေ့သို့ တူနှစ်ချောင်းကို ကမ်းပေးရင်းမှ ...

"ကဲ ... သုံးဆောင်တော်မူပါ မအနုသွေး ခင်ဗျာ"

သူ့ရဲ့ ပြောင်စပ်စပ် ပုံစံကြောင့် အနုက မျက်စောင်းထိုးမိတော့မလို ဖြစ်သွားသည်။ ဒါပေမဲ့လည်း သူ့ ဆီချက်ခေါက်ဆွဲတစ်ပွဲ ဖြစ်ဖြစ်မြောက်မြောက် စီမံတတ်တာကို အနုက အထူးအံ့သြနေမိသည်။

"နင် ဒါတွေ ဘယ်က တတ်လာတာလဲ"

"ပြောမပြဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ပန်းကန်သူ တူနဲ့မွှေရင်းမှ ပြုံးစိစိဖြေသည်။ အနီးကပ် မြင်နေရသော သူ့နှာခေါင်းချွန်ချွန်လေးကို စိုက်ကြည့်ကာ အနု ရင်ထဲ၌ ချစ်စနိုးစိတ်တွေ တဖွားဖွား ပြည့်လျှံလာသည်။

"ခေတ်"

အနုက ဆောင့်ဆောင့်အောင့်အောင့် ခေါ်လိုက်လျှင် သူက အနုကို ချော့မြူသော မျက်ဝန်းများဖြင့် ငေးကြည့်ကာ ...

"ခေါက်ဆွဲပြုတ်တာများ ဘာခက်တာ မှတ်လို့လဲ အနုရာ။ တကယ်တော့ ဒီပညာကို နင် Heavy စိတ်ဆိုး စိတ်ကောက် တဲ့အခါ ချော့ဖို့ သင်ထားတာဟ ...

ခုတော့ မဆိုစလောက်လေး စိတ်ဆိုးတာကို ဒီပညာ ထုတ်သုံးလိုက်ရတာ သိပ်တော့ မတန်ဘူး ... ဟဲ ဟဲ"

"အောင်မာ ... နင်က ဘယ်သူ့ဆီက သင်ထားရတာလဲ"

"ဘယ်သူရှိရမလဲ။ မမြင့်ကြည်ဆီကပေါ့ဟာ။ သင်ထားတာ တော့ မဟုတ်ဘူး။ သူ လုပ်တာကို ကြည့်ထားတာ ... ကဲပါ ... စား ... စား"

မမြင့်ကြည် ဆိုတာက သူတို့အိမ်မှာ ထမင်းချက် သည့် အစ်မကြီး ဖြစ်သည်။ အနုသည် ရင်ထဲမှာ စမ်းချောင်းလေး တစ်ခု ဖြတ်စီးဆင်းသွားသလို အေးမြခြင်းများစွာဖြင့် ဆိချက်ကို တစ်လုတ်စားမိသည်။ ဘဝမှာ စားဖူးသမျှ ဆီချက်များထဲတွင် ဒီ ဆီချက်လောက် ဘယ်ဆီချက်ကမှ ကောင်းမည် မထင်ပါ။





"ခေတ်"

"ဟမ်"

သူက ခေါက်ဆွဲတွေကို ပလုတ်ပလောင်း စားရင်းမှ ပြန်ထူးသည်။

"ဒီဆီချက်က နင့်ဘဝမှာ ပထမဆုံး လုပ်ကျွေးဖူးတဲ့ ဆီချက်လား"

"ဒါပေါ့"

"ဒါဆို ဒုတိယအကြိမ်မြောက်က ဘယ်သူ့ကို လုပ်ကျွေး မှာလဲ"

"နင် ဒုတိယတစ်ခါ စိတ်ကောက်ရင်ပေါ့"

သူက ဘာမှမဖြစ်သလို အေးအေးဆေးဆေး ပြန် ပြောသော်လည်း အနုက ဘာမှထပ်မပြောနိုင်တော့ချေ။ ဆီချက် ကိုလည်း ကုန်အောင်တောင် မစားနိုင်တော့။ ရင်ထဲမှာ ပီတိတွေ ဖြင့်သာ ပြည့်နေသောကြောင့်ဖြစ်မည်။ အနု မကုန်သော ဆီချက် တွေကိုပါ သူက ယူစားသည်။ သူ့ဟာသူလုပ်ပြီး သူ့ဟာသူ အားပါးတရ စားနေသော ပုံစံကို အနုက သဘောကျမြတ်နိုးစိတ် ဖြင့် လက်ထောက်ငေးမောကာ ပြုံးပဲပြုံးနေမိတော့သည်။

ခေတ်ရယ် ... နင့်ကို ငါ ဘယ်လိုနားလည်ရတော့ မလဲဟင်။

❦ ❤ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၆

ခေတ်လုလင်သည် အင်းလျားလမ်းထဲရှိ HAPP
စားသောက်ဆိုင်လေးထဲတွင် ဇီဇဝါနှင့်အတူ ထိုင်နေသည်။ ထို
နေသော်လည်း သူ စိတ်မချမ်းသာပေ။ ပြောရလျှင် ဒီ Happ
စားသောက်ဆိုင်လေးသို့ သူဟာ ရည်းစားတွေနှင့် ဘယ်တော့
တွဲမလာချင်ပေ။ လာလည်း မလာခဲ့ပါ။ သူက ဒီဆိုင်လေး
အေးချမ်းတိတ်ဆိတ်သော တည်နေရာနှင့် Decoration အပြ
အဆင်ကိုရော၊ ရနိုင်သည့် တောင်ပေါ်အစားအစာတချို့ကိုရေ
အင်မတန် သဘောကျသူဖြစ်သည်။

ဒါကြောင့် ဒီဆိုင်မှာ တစ်ပတ်အတွင်း သုံး,လေ
ရက်လောက်ကတော့ အနည်းဆုံး ထိုင်ဖြစ်လေသည်။ သူ အ
တမ်း ထိုင်ဖြစ်နေသော ဆိုင်ဖြစ်တာကြောင့် ဘယ်ရည်းစားနဲ့
လာမထိုင်ချင်ပေ။ သူငယ်ချင်းတွေနှင့် ထိုင်လျှင်ထိုင် ဒါမှမဟု





ည်း အနနဲ့ မုန့်လာလာစားတတ်သည်။ အနက ဒီဆိုင်ရဲ့အချို
ဖြစ်သော ငှက်ပျောသီးကြော် ပျားရည်ဆမ်းကို အင်မတန် နှစ်
သက်သူဖြစ်တာကြောင့် ဒီဆိုင်ရောက်လာလျှင် အနအတွက် သူ
ပါဆယ်ဆွဲသွားနေကြ။

အခုတော့ သူက မထိုင်ချင်ပေမယ့် ဇီဇဝါက ထို
ဆိုင်မှ ထမင်းစိမ်း(လက်ဖက်ထမင်း)ကိုမှ တမ်းတမ်းတတ စားချင်
သည် ဆိုသဖြင့် သူ့မှာ မလာချင် လာချင်ဖြင့် လာခဲ့ရခြင်းဖြစ်
သည်။ စိတ်မကြည်သောကြောင့် သူက ဘာမှမစားဘဲ ကော်ဖီ
ခါးခါးသာ သောက်နေမိသည်။ ဇီဇဝါက လာချပေးသော
လက်ဖက်ထမင်းကို မြိန်ရည်ရှက်ရည် စားရင်းမှ ...

"အရမ်းစားလို့ ကောင်းတာပဲ။ မြည်းကြည့်ပါလား ...
ရော့"

"မြည်းတော့ပါဘူး။ ကိုယ်က လက်ဖက်ထမင်းကို စားနေ
ကြပါ။ ကိုယ်စားဖူးတဲ့ လက်ဖက်ထမင်းက ဒီ့ထက်ငါးဆ
လောက် ပိုကောင်းသေးတယ်"

"ဟယ် ... ဟုတ်လား။ ဘယ်ဆိုင်မှာလဲ၊ မောင်က တော်
တော်နေနိုင်တယ်ကွာ။ ဇီဇဝါ သိပ်ကြိုက်တတ်မှန်း သိရက်
သားနဲ့ ပြောတောင် မပြောဘူး"

"ဘယ်ဆိုင်မှာမှ မဟုတ်ဘူး။ အိမ်မှာ"

"ဟင် ... ဟုတ်လား။ ဒါဆို မောင့်အမေ သုပ်ကျွေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"နီး ... ဒေါ်အနု သုပ်ကျွေးတာ။ သူ့လက်ရာက သောက်ရမ်းမိုက်တယ်"

"ဒေါ်အနု ဆိုတာ ထမင်းချက်တဲ့ မိန်းမကြီးလား"

"အင်း ... ဆိုပါတော့"

သူက မျက်လုံးထဲတွင် အနုရဲ့ပုံစံကို မြင်ယောင်လာကာ ကျိတ်ရယ်မိသွားသည်။

"အင်း ... မောင်တို့အိမ်က ထမင်းချက်က ဒါဆို တခြားစားကောင်းသောက်ဖွယ်လေးတွေပါ လုပ်တတ်တာပေါ့ ကောင်းလိုက်တာ ...

ဓီဇဝါတို့အိမ်က ကောင်မလေးတွေကတော့ အချက်အပြုတ်ညံ့တာ ပထမတန်းစားပဲ၊ စားရ သောက်ရတာ စိတ်ကုန်တယ်"

သူ့စိတ်ထဲတွင် အနုနဲ့များ ကွာလိုက်တာဟု တီးတိုးပြောဆိုမိသည်။ အနုကတော့ ကြီးကြီးရဲ့ပုံစံသွင်းမှုကြောင့် မိန်းကလေးတစ်ယောက် တတ်အပ်သော ပညာမှန်သမျှ အကုန်တတ်မြောက်ထားသည်။ လုပ်တာ မလုပ်တာ တစ်ကဏ္ဍဖြစ်လျှင် တတ်ထားတာကတော့ လုံးဝဆရာကြီးအဆင့်ဖြစ်သည်။

"ဒါဆိုလည်း ကိုယ့်ဟာကိုယ် ချက်တတ်အောင် သင်ထားပေါ့"

"အင် ... သင်ချင်ပါဘူး။ ပျင်းစရာ။ ဓီဇဝါတို့က ကောင်းကောင်းစားတာပဲ ဝါသနာပါတယ် ...





ဒါနဲ့ မောင့်ကို ပြောစရာရှိတယ်။ လာမယ့် ဆန်းဒေးမှာ မောင့်အားတယ် မဟုတ်လား"

"အားမှာပါ၊ ကိုယ်က ဘာအလုပ်ရှိတာမှတ်လို့"

"အင်း ... အဲဒါလည်း ပြောချင်တယ်။ မောင် အလုပ်တစ်ခုခုလုပ်ဖို့ စိတ်မဝင်စားဘူးလားဟင်၊ ဒါမှမဟုတ် စိတ်ကူးထားတာများ ရှိလား"

သူက အဲဒီမေးခွန်းကို မဖြေဘဲ ဓီဇဝါရဲ့မျက်နှာကို တစ်ချက် အကဲခတ်လိုက်သည်။ လျှာတွေက လက်ဖက်ထမင်းကို အရသာခံလျက် မျက်လုံးတွေကတော့ သူ့ဘဝရဲ့ရှေ့ရေးအစီအစဉ်တွေကို အရသာခံ စောင့်ကြည့်ဖို့ ပြင်ဆင်နေကြသည်။ အဲဒါကို ရိပ်မိသော သူက ဓီဇဝါ့ကို စိတ်ပျက်သွားရလေသည်။

"စိတ်ကူးထားတာတွေတော့ ရှိပါတယ်။ ဒါပေမဲ့ မင်းကိုတော့ ဘယ်ပြောပြမလဲ"

ဓီဇဝါက သူ့ကို နောက်နေတယ်ထင်ပြီး မျက်စောင်းတစ်ချက်ကို ပဲများများထည့်ပြီး သူ့ဆီ ပို့လွှတ်လိုက်သည်။ အဲဒီမျက်စောင်းကြောင့် နဂိုခုန်နေသော ပုံမှန်ရင်ခုန်သံတောင် ကျဆင်းချင်သလို ဖြစ်သွားကာ သွေးအားနည်းချင်သွားသည်။

"ထားပါတော့၊ လာမယ့် ဆန်းဒေးမှာ မောင့်ကို အိမ်မှာ ထမင်းဖိတ်ကျွေးမလို့၊ အဲဒါ လာခဲ့နော်"

"နေပါကွာ၊ မင်းတို့အိမ်က ခပ်ညံ့ညံ့ လက်ရာတွေကို လာမစားပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ခပ်ညှံ့ညှံ့ လက်ရာတွေ မကျွေးပါဘူး။ ဇီဇဝါ တို့ အိမ်နားမှာ ခိုင်ခိုင်ကျော် ထမင်းဆိုင် ရှိတယ်လေ"

"စံပါပဲ။ အဲဒါ အသာထားစမ်းပါဦး။ မင်းအိမ်ကို ဖိတ် ခေါ်တာ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်။ ဘာ များလဲ"

"ဟား ... မောင်က တွေးတော့ တွေးတတ်သာပဲ။ အင်း ... ဟုတ်တယ်၊ မောင့်ကို အိမ်ခေါ်တာ အလကားခေါ်တာ မဟုတ်ဘူးရှင့်"

"ဘာလဲ ... မင်းတို့အိမ်က ပိုက်ဆံပေးပြီး ဝင်ရမှာလား"

"ဟင်း ... ဟင်း ...။ မောင်ကတော့ လုပ်ပြီ။ အင်း ... မောင်က တကယ်ရယ်ရတယ်နော်။ အတည်ပေါက်နဲ့ နောက်တတ်တယ်"

ခက်တော့ ခက်ကုန်ပြီ။ လူတွေက အမှန်တွေပြော တော့လည်း အတည်ပေါက်နဲ့ နောက်တယ်ဟု ထင်ကြသည်။ သူက လက်ဖက်ထမင်းကို စိမ်ပြေနပြေ အရသာခံစားနေသော ဇီဇဝါ့ကိုကြည့်ကာ ရှော့ရှိလာသည်ဟု ထင်မိလာသည်။

ဇီဇဝါဟာ သူ့ကို အိမ်ခေါ်ပြီး ဘာလုပ်မလဲ။ ရှင်း နေသော အဖြေကတော့ သူမ မိဘတွေနဲ့ မိတ်ဆက်ပေးကာ သူ့ ကိုလည်း အတည်ပေါက်ကြီးနဲ့ နောက်တော့မည် ထင်ပါသည်။ မိဘတွေနဲ့ တွေ့ပေး၊ မိဘတွေက ဘယ်တော့လက်ထပ်မလဲမေး





အင်တာဗျူးတွေ ဖြေရကာ အပိုင်ချုပ်တုပ်တော့မည်ဟု တွက်ဆ နေသည်။

ပျော်ချင်လွန်းသဖြင့် ရည်းစားထားကာ အိမ်ထောင် ပြုဖို့ စိတ်ကူးဆိုတာလည်း ဝေးဝေးမှာ ရှိသောကြောင့် ဒီလိုစိတ် ကူးမျိုး တွေးရက်သော ဇီဇဝါ့ကိုလည်း သူက အမြင်ကတ်သွား သည်။ တကယ်ဆို သူနဲ့ ဇီဇဝါတို့ရဲ့ ရည်းစားသက်တမ်းမှာ သုံးလလောက်ပဲ ရှိပါသေးသည်။ ဒီလိုမျိုးကြီးတော့ မလုပ်သင့် သေးချေ။ ဒါပေမဲ့လည်း ...။ သူ့အတွက်ကတော့ အေးဆေးပါပင်။

သူမက သူ့ကို အပီကြွေလောက်သော မျက်လုံးရွဲ ကြီးတွေဖြင့် စိုက်ကြည့်ကာ မေးသည်။ သူကတော့ ကိုယ့်အတွေး နဲ့ကိုယ် ကျေနပ်ကာ ခေါင်းတဆတ်ဆတ်သာ ညိတ်ပြမိလေသည်။ သူ့ရင်ထဲတွင် တိတ်တဆိတ် ပြောမိနေသော စကားတွေကို ဇီဇဝါတစ်ယောက် ကြားလျှင်တော့ ဒီလိုမျိုး လှလှလေး ပြုံးနေနိုင် ဦးမလား မပြောတတ်တော့ပါ။

လာမယ့်ဆန်းဒေးတွေ့ဖို့ ချိန်းသူလေးရယ်။ အဲဒီနေ့ မှာ ထွက်ဖို့ဒေါသတွေကို အခုတည်းက အစားများများစားပြီး ဆီးပွားအောင် မွေးထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ဘယ်တော့ လာခေါ်မလဲကွယ် ... အလှတွေပြင်ထားတယ် ... ရင်ခုန်လွန်းအားကြီးလို့ ခေါင်းညိတ်မိပါတယ် ... တကယ်ချစ်တာ ယုံမလားကွယ်"

အနုသည် ရင်ထဲမှာ အမြူးဓာတ်ခံတွေက ကြီးစိုးနေသဖြင့် ခံစားချက်နှင့် တိုက်ဆိုင်သော သီချင်းတစ်ပိုင်းတစ်စကို တိုးတိုးလေး ညည်းဆိုကာ တကယ်ပဲ အလှတွေပြင်နေသည်။ အနု အတွက်တော့ ဒီနေ့ဟာ တကယ်ပဲ စူပါဆန်းဒေးဖြစ်သည်။ ခေတ်ဟာ မနေ့ကတည်းက အနုကို အပြင်မှာ တစ်ခုခု လိုက်ကျွေးမည်ဟု ချိန်းဆိုထားတာဖြစ်ပြီး တကူးတကကို ချိန်းဆိုထားတာကြောင့် အနုက ရင်တွေတကယ်ခုန်နေသည်။

မနက်ကပဲ ဖုန်းထပ်ဆက်ကာ သူ အကဲပိုပိုပြောခဲ့တာတွေကို ပြန်လည်ကြားယောင်လာမိပြန်သည်။



"အနု ... လုံးဝအလန်းစား ပြင်ထားနော်။ ငါနဲ့ တွဲသွားမှာဆိုတော့ နင်က လုံးဝရှုပါပွင့်နေဖို့ လိုတယ် ... သိရဲ့လား"

"အမယ်လေး ... နင်က ဘာကြီးမို့လို့လဲ။ အလန်းစားလည်း ပြင်မနေနိုင်ဘူး။ အလန်းစားဝတ်စရာအင်္ကျီလည်း မရှိဘူး"

"ဟား ... မရှိရင် အခုပဲ ရှော့ပင်သွားမယ်၊ လာခေါ်လိုက်မယ်"

"ခေါ်မနေနဲ့။ အိုဗာတင်း ဆယ့်ခြောက်ခွက်"

အနုက အဲဒီစကားကို ကြည်ကြည်နူးနူးပြောကာ သူ မမြင်နိုင်မှန်း သိသောကြောင့် ပါးစပ်က နှားရွက်တကာချိတ် မတတ်ဖြစ်လျက် ဖုန်းချပစ်လိုက်သည်။ အိုဗာတင်းဆယ့်ခြောက်ခွက် ဆိုသည့်စကားမှာ ခေတ်နဲ့ပတ်သက်ပြီး အနု ပြောနေကြစကားဖြစ်သည်။ သူက အနုကို ခပ်ပိုပိုသာသာလေး ဂရုစိုက်လေတိုင်း အိုဗာတွေ အပိုတွေ ဟူသော သဘောဖြင့် ပြန်ပြောနေကြဖြစ်သော်လည်း ရင်ထဲမှာ ကျေနပ်နေတာတော့ ကိုယ်တိုင်ပဲ သိလေသည်။

ဆယ့်တစ်နာရီခွဲမှာ အဆင်သင့် ဖြစ်ဖို့အရေးအတွက် အနုသည် ဆယ်နာရီခွဲလောက်တည်းက မှန်တင်ခုံရှေ့သို့ ရောက်နေသည်။ မှန်နေအောင် လင်းလက်နေသော မျက်နှာရဖို့အတွက် အနုမိတ် ပြင်ဆင်ကာ ရင်တွေလည်း တဒိတ်ဒိတ်ခုန်နေသည်။ ထူးထူးခြားခြား ချိန်းဆိုတာမို့ ဘာများပြောမလို့ပါလိမ့်ဟူသော အတွေးကို တိုးတိုးဖော် မျိုးမျိုးက ဤသို့မှတ်ချက်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ရဲ့ တက်ကနစ် အောင်မြင်ပြီဟဲ့။ သူ့ကြည့်ရတာ ခင်နဲ့ တာရာနဲ့ကို ဂျေဝင်သွားတာ ဖြစ်နိုင်တယ်။ ဒါကြောင့် နှင့်ကို ဒီနေ့ ဖွင့်ပြောရင်ပြော၊ မပြောရင်လည်း Intro တော့ ဝင်ထားမှာ သေချာတယ်"

မျိုးမျိုး မပြောလည်းဘဲ အနုကတော့ ဤသို့တွေးမိသားပင်။ ဒါကြောင့် ခေတ်နဲ့တွေ့ရဖို့အရေးကို ရင်တခုန်ခုန်ဖြင့် ရှိနေသည်။ သူ ပြောသလို လုလုပပလည်း ဖြစ်ချင်သည်။ ဒါပေမဲ့ သိပ်ပြင်လာတာလို့ ထင်မှာလည်း စိုးသဖြင့် အရမ်းလည်းလှချင် ထင်ထင်ပေါ်ပေါ်ကြီးလည်း မဖြစ်ချင်သဖြင့် ကြားချပြီးပြင်ရသော ပညာကလည်း ခက်သည်။ အဆုံးသတ်မှာတော့ မှုန်မှုန်လေးနှင့် လင်းလက်တောက်ပနေသော မျက်နှာလေးကို ရလိုက်ကာ အဝတ်အစားရွေးသည့် အခန်းကဏ္ဍသို့ ရောက်သွားသည်။

အဝတ်အစားကလည်း ဘာဝတ်ရမှန်း မသိချေ။ သူများတွေလို အင်္ကျီနှင့်လုံချည် အမြဲဝတ်တတ်သူဆိုလည်း အဆင်အသွေးနှင့် ဒီဇိုင်းကိုပဲ အဓိက ရွေးယူလျှင်ရသေးသည်။ အခုဟာက အင်္ကျီ၊ လုံချည်၊ ဂါဝန်၊ စကတ်၊ ဘောင်းဘီ စသဖြင့် အစုံဝတ်တတ်သူမို့ ဘာကိုရွေးချယ်ရမှန်း မသိတော့ချေ။ နောက်ဆုံးတော့ ခေတ်ဆီက ရယ်ဒီဖြစ်ပြီလားဟူသော ဖုန်းလှမ်းဆက်သံကြားရတော့မှပင် အပြီးသတ်ရွေးချယ်မှုကို ပြုလုပ်လိုက်တော့သည်။





အရိုးဆုံးဟာ အဆန်းဆုံးပါပဲ ဟူသော စကားလေးကိုသာ သွားသတိရမိလျက် ဖြူလွှနေသော ချည်ထည်အဖြူလက်ပြတ်လေးနှင့် စိုလွင်တောက်ပပြီး ပြာလွင်နေသော Nobody Skinney (အောက်ရှူးဘောင်းဘီအကျပ်)လေးကိုသာ တွဲဖက်ဝတ်ဆင်လိုက်တော့သည်။ ကျောလယ်လောက်ရှိသည့် ဆံနွယ်ဖြောင့်ဖြောင့်တွေကိုတော့ ခေါင်းစည်းကွင်းလေးတစ်ခုနဲ့ပဲ ပိုနီတေးလ်မြောက်မြောက်လေး စည်းလိုက်တော့သည်။

မှန်ထဲမှာ မြင်နေရသော အနုရဲ့ပုံစံဟာ တကယ့်ကိုပဲ ကြော့ရှင်းလှပနေသည်။ အဖြူရောင်ပန်းဆယ်ဟီးလ်ကို စီးလိုက်သောအခါ စမတ်ကျကျ ဖြစ်သွားသည်။ တကယ်လည်း ခေတ်ရောက်လာသော်အခါ အနုကို ခပ်ပြုံးပြုံးဖြင့် ရွှန်းရွှန်းစားစား စိုက်ကြည့်ကာ ...

"မယ်နု ... မင်း သိပ်လှနေပါလားကွယ့်"

သူဖြင့် အနုကို တစ်ခုခု ချီးကျူးပြောဆိုတော့မည်ဆိုလျှင် အမြင်ကတ်ဖွယ်ကောင်းအောင်ပင် မယ်နုဟု ခေါ်တွင်ကာ မင်းတွေ ကိုယ်တွေနှင့် ဟန်ပါပါ ပြောတတ်သူ ဖြစ်သည်။ အခုလည်း သူ့အပြောကြောင့် အနုက လွင့်တက်သွားအောင် ပျော်သွားပေမယ့်လည်း နှုတ်ခမ်းကိုတော့ မဲ့ရွဲ့ထားလိုက်သေးကာ ...

"ဟင်း ... ဒါတောင် ရှုပါကို တက်ကုန်ရွက်ကုန် ဖွင့်ဟတာ မဟုတ်သေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ငါ ထင်ထားတာက နင် ဟဲဗီးတွေ စွတ်ပြင်လာမယ် ထင်နေတာ။ ခုလိုကျ ဘာလည်း ရိုးရိုးလေးနဲ့ကို စတိုင်လ်မိုက်နေတာ ...

အိုခေ ... သွားစို့လေ"

"နင် ... ငါ့ကို ဘာကျွေးမလို့လဲ"

"နင် ဘာစားချင်သလဲ"

သူက ကားကိုမောင်းထွက်ရင်းမှ အနုဘက်သို့ လှည့်မေးသည်။ အဲဒီလို မေးပုံဟာ ဝတ္တရားကျေ မေးတာမျိုး မဟုတ်ဘဲ အနုဆန္ဒကို တလေးတနက်မေးကြောင်း သူ့မျက်ဝန်းတွေက သက်သေခံနေသဖြင့် အနု ရင်ထဲ၌ အတိုင်းမသိ ချမ်းမြေ့သွားရသည်။ သေချာပါတယ်၊ ခေတ်တစ်ယောက် တာရာနဲ့ပတ်သက်ပြီး အတွေးအမြင်တွေ ပြောင်းလဲသွားပြီထင်သည်။ ဒါကြောင့် ဒီနေ့အဖို့ အနု အပေါ်မှာ သူ ဆက်ဆံတာက ထူးခြားစွာပြောင်းလဲနေသည်။

"သိဘူးလေ။ နင်ပဲ ငါ့ကို အပြင်မှာ ကောင်းကောင်းကျွေးမယ်ဆို"

"အင်း ... ကျွေးမယ်လေ။ ကန်တော်ကြီးထဲက Signature မှာ ကျွေးမလို့၊ ဘယ်လိုလဲ"

ကန်တော်ကြီးထဲဆို၍ အနုက ပို၍ ရင်ခုန်သွားသည်။ ကန်တော်ကြီးထဲကို ဘယ်သူတွေ အများဆုံး သွားတတ်သလဲ။





သီချင်းထဲမှာတောင် ထည့်ဆိုထားဖူးသေးသည်။ ကန်တော်ကြီး အင်းလျားလည်း မသွားချင် ... ကိုယ်လေ မသွားဘူး ဆိုတာမျိုးတွေဟာ စုံတွဲလေးတွေပဲ ကန်တော်ကြီးထဲသို့ သွားတာကြောင့်ဖြစ်သည်။

အရင်ခေတ်တွေထဲက နာမည်ကြီးခဲ့သော ကန်တော်ကြီးသည် ခုချိန်မှာလည်း လှပစွာဖန်တီးထားသော Land Scaping အသစ်တွေကြောင့် လူငယ်အတွဲတွေ နှစ်မြိုက်စွာ ခံစားနေသောနေရာလည်း ဖြစ်သေးသည်။ ပြောရလျှင် အနုတောင် ကန်တော်ကြီးထဲသို့ သိပ်မရောက်ဖြစ်ချေ။ အပြင်ကပဲ ဖြတ်သွား ဖြတ်လာမြင်ဖူးတာဖြစ်ပြီး အထဲမှာ အေးအေးလူလူ တစ်ခါမှ သွားမထိုင်ဖူးသေး။ အခုတော့ ခေတ်က အနုကို ကန်တော်ကြီးထဲသို့ ခေါ်ဆောင်လာခဲ့သည်။ အနုသည် တိတ်တိတ်လေး ငြိမ်သက်နေပေမယ့် ရင်ထဲမှာတော့ ဝုန်းဒိုင်းကြဲလို့ နေလေသည်။ ခေတ်ကတော့ ဘာမှ သိပ်ပြီးပုံစံမပြောင်းလဲချေ။ ပီကေဝါးကာ ကားကိုပဲ အေးအေးဆေးဆေး မောင်းနေသည်။ သူ့ထုံးစံအတိုင်း နီညိုရောင်ဆံနွယ်တွေက ကိုရီးယားမင်းသားတွေလို ဖွာဆန်ကြဲကာ ကြည်ပြာရောင်အကွက်စိပ်စိပ် ရှပ်အင်္ကျီကို တံတောင်ဆစ်နားမှာ လက်ခေါက်ပြီး ဝတ်ဆင်ထားသည်။

သူ့လက်က မွေးညှင်းစိမ်းလေးတွေကအစ ချစ်ဖို့ကောင်းလှတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနု"

"ဟမ် ... ဘာလဲ"

ကိုယ့်အတွေးနဲ့ကိုယ် မျောနေသောကြောင့် သူ ခေါ်သောအခါ အနုက ထိတ်လန့်တကြား ပြန်ထူးမိတာကို သူက သဘောကျသလို ပြုံးကာ ...

"နင် ဘာဖြစ်လို့ ရေမွှေးဆွတ်မလာတာလဲ"

အယ် ... ဟုတ်သား။ သူ ပြောမှပင် အနုဟာ ကိုယ့်ကိုယ်ကိုယ် ရေမွှေးဆွတ်မလာမိမှန်း အခုမှပဲ သတိရမိတော့သည်။ အလှပြင်ဖို့၊ အဝတ်အစားရွေးဖို့ ဗျာများနေတာနဲ့ပဲ ရေမွှေးဆွတ်ဖို့ကို လုံးဝသတိမရခဲ့ချေ။

နေပါဦး ... အနု ရေမွှေးမဆွတ်တာ သူက ဘယ်လိုလုပ် သိသလဲ။ ကြည့်ရတာ အနံ့ပဲ လိုက်ခံနေသလားတော့ မပြောတတ်ပါ။ သူ့ကို အနုက တစ်ချက်လှမ်းကြည့်လိုက်လျှင် သူက အနု စိတ်ထဲက စကားကို ကြိုသိနေသည့်အလား ပြန်ပြောသည်။

"နင့်အနံ့ကို လိုက်ရှူနေတာ မဟုတ်ဘူးနော်။ နင်သုံး DKNY ပန်းသီးစိမ်းအနံ့က အရမ်းမိုက်တာ မရှူလည်း နှာခေါင်းထဲကို သူ့အလိုလို တိုးဝင်လာတော့ သတိထားမိတာပေါ့ဟ ...

ဒီလူဆိုရင် ဒီအနံ့ပဲလို့ အမှတ်တရ ရှိနေတာပေါ့





"ဟင် ... ဒါဆို ဘာရေမွှေးမှ မသုံးတဲ့လူကျတော့ရော"

"သူ့မှာလည်း ကိုယ်ပိုင်ရနံ့တော့ ရှိမှာပေါ့။ အဲဒါကျတော့ သူနဲ့ အရင်းနှီးဆုံး လူတွေမှပဲ သိနိုင်မယ်"

"ဘယ်လို အရင်းနှီးဆုံးလူလဲ"

"ဩော် ... သူ့ချစ်သူပေါ့။ ပူးပူးကပ်ကပ် ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးနေရင် သူ့ရဲ့တကယ့်ကိုယ်သင်းရနံ့စစ်စစ်ကို ရနိုင်ပြီပေါ့ဟ"

သူ့အပြောကြောင့် အနုက ရင်ဖိုသွားရသည်။ ခေတ်တော့ အေးအေးဆေးဆေးပင်။ သူ ပြောတဲ့စကားဟာ ဘာအဓိပ္ပာယ်မှ မပါသည့်အလား သက်သောင့်သက်သာပဲ ရှိနေသည်။ သူက သက်သောင့်သက်သာပဲ ရှိနေသဖြင့် အနုကလည်း ဘာမှမဖြစ်သလိုပုံစံနှင့် ဆက်မေးလိုက်သည်။

"နင်တို့ ယောကျာ်းလေးတွေက အဲဒီလို ရေမွှေးသုံးထားတဲ့ မိန်းကလေးနဲ့ ဘာမှသုံးမထားတဲ့ မိန်းကလေး ဘယ်ဟာကို ပိုကြိုက်ကြသလဲ"

အနုရဲ့စကားကို သူက ချက်ချင်းမဖြေဘဲ စဉ်းစားသလို မျက်မှောင်ကြုတ်သည်။

"နင်က ယောကျာ်းလေးတွေလို့ အားလုံးကို ချုံပြီးမေးတော့ ငါက ငါ့ဘော်ဒါတွေကိုတောင် အဲလိုမျိုး မမေးဖူးဘူးဟ...

www.burmeseclassic.com



နှင် စဉ်းစားကြည့်လေ၊ ယောကျ်ားလေး တော်တော်များများက မိန်းကလေးတွေနဲ့ ပတ်သက်တဲ့ အကြောင်းပြောရင် သွက်သွက်လက်လက်ကို ကြိုက်တယ်၊ ပွင့်ပွင့်လင်းလင်းကိုကြိုက်တယ်။ အေးအေးလေးကို ကြိုက်တယ် ...

စသဖြင့် အဲဒါမျိုးတွေကိုပဲ ဆွေးနွေးတာလေကွာ ...

ရေမွှေးဆွတ်ထားတဲ့ ဆော်ကိုမှ ကြိုက်တယ်၊ ရေမွှေးမဆွတ်ထားတာမှ ကြိုက်တယ်ဆိုပြီး တစ်ခါမှ မဆွေးနွေးဖြစ်ကြဘူး ထင်တာပဲ"

"ဟွန့်"

အနုက အဖြေကို တိတိကျကျ မသိရ၍ ဟွန့်ခနဲ ရှုံ့မဲ့သွားလျှင် သူက တဟားဟား အော်ရယ်သည်။ ပြီးတော့ အနုရဲ့ခေါင်းလေးကို ချစ်စနိုး လှမ်းပုတ်ကာ ...

"ကောင်မလေး ... နှင် သိချင်တဲ့အဖြေကို တိတိကျကျ မသိရလို့ ဟင့်ခနဲ ဖြစ်သွားတာလား၊ ယောကျ်ားတွေ အားလုံးကို ကိုယ်စားပြုပြီး မဖြေပေးချင်ပေမယ့် ငါတစ်ယောက်တည်းရဲ့ စိတ်ခံစားမှုကိုပဲ ဖြေပေးမယ် ...

ငါကတော့ ရေမွှေးမသုံးတာ ပိုကြိုက်တယ်"

အနုက သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် သူက ဆက်ပြောသည်။

"ဒါပေမဲ့ နှင်ကတော့ သုံးနော်"





"ဘာဖြစ်တယ်"

"ဩော် ... နှင်ကတော့ သုံးလို့ ပြောတာပါ။ ဒါမှ မိုက်မှာပေါ့။ ဒါမှ နှင်နဲ့တွေ့တဲ့အခါ နှင့်ရဲ့ပန်းသီးစိမ်းရနံ့လေးကို ငါ ရမှာပေါ့ ...

အဲဒီအနံ့လေး နှင် ဆွတ်ထားတာကို ငါသဘောကျတယ်"

"အောင်မယ် ... သူ သဘောကျဖို့ပဲ ဆွတ်ပေးရမယ့်ပုံ၊ ဟွန်း ... မဆွတ်ဘူး"

အနုက ထုံးစံအတိုင်း ဘုတောမိသော်လည်း သူက[တော့] ပြုံးလို့သာနေလေသည်။ နှစ်ယောက်သား စကားတပြောပြောဖြင့် ကန်တော်ကြီးထဲရှိ Signature သို့ ရောက်သွားသည်။ စားအသောက်တွေမှာပြီး စတင်စားနေတုန်းမှာပဲ အနုက သူ့ကို ကဲခတ်မိသည်။ သူ့ကြည့်ရတာတော့ ဘာမှထူးခြားမနေပါ။ ဘာရဲ့အကြောင်းလည်း မမေး။ အင်း ... ဝေခွဲမရပါလား တော်ရယ်။

"နှင် မျိုးမျိုးနဲ့ သင်တန်းတက်မလို့ဆို"

"အင်း ... ဟုတ်တယ်၊ စာရင်းကိုင် သင်တန်းပါ"

"ဘာ့အတွက် တက်မှာလဲ"

"ဘာအတွက်ရမှာလဲ။ ငါတို့ အလုပ်လုပ်မယ့်ဟာပဲ။ (......) Mall မှာ ငါတို့ ဆိုင်ဖွင့်ဖို့ စဉ်းစားထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်ဖွင့်မှာလဲ"

"အင်း ... အကျီဆိုင်၊ ကော်ဖီနဲ့ Snacks လေးတွေ ရတဲ့ဆိုင်၊ အင်တာနက်ဆိုင်ပေါ့"

"ဟား ... သုံးဆိုင်တောင် ! "

"ဟုတ်တယ်။ ဒါပေမဲ့ တစ်ဆက်တည်းတွေ ဖွင့်မှာလေ။ ဟိုမှာတစ်ဆိုင် ဒီမှာတစ်ဆိုင် ဖွင့်မှာမှ မဟုတ်တာ။ အဲဒီဆိုင်သုံးဆိုင်လုံးက ငါ ဝါသနာပါတဲ့ ဆိုင်တွေချည်းပဲဆိုတော့ အကုန်လုံးကို ဖွင့်ဖို့ စဉ်းစားထားတာ ...

ပြီးတော့ မျိုးမျိုးနဲ့အတူတူ နှစ်ယောက်ဦးစီးမှာဆိုတော့လည်း နိုင်မှာပါ"

သူက အနု ပြောတာကို ပြုံးပြီးနားထောင်ကာ ပခုံးတစ်ချက် တွန့်ပြလေသည်။ အနုက အချိုရည်ကို တစ်ငုံယူမော့ရင်းမှ ခေတ်ကိုလည်း စပ်စုလိုက်သည်။

"နင်ရော ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"ငါက ဘာလုပ်စရာလိုလဲ။ နင်က ဆိုင်သုံးဆိုင်တောင် ဖွင့်မှာဆိုတော့ နင့်လုပ်စာ ထိုင်စားရုံပေါ့"

"အောင်မာ ... ကောင်စုတ်။ နင် ဘာစကားပြောတာလဲ"

အနုက ချက်ချင်းပဲ ရင်တွေပြန်ခုန်လာသည်။ ဘုရားဘုရား ... သူ အနုကို ရည်းစားစကား ပြောတော့မှာလား။ ဖွန်းကို ကိုင်ထားသော အနုရဲ့ လက်တွေက ချက်ချင်းပဲ အေးစက်လာသည်။ ဒါပေမဲ့ သူ ပြန်ပြောသော စကားက ...





"ဟုတ်တယ်လေ၊ ဒီအတိုင်းလည်း ငါ သုံးဖို့စွဲဖို့ ငါ့အမေဆီက ရနေတာပဲဟာ။ ကြားထဲမှာ လိုတာရှိရင် နင့်ဆီက လာဆွဲရုံပေါ့ ...

ငါ့သူငယ်ချင်းက ဘိ ဇိ နက်စ် ဝူး မန်းကြီးပဲဟာ ... ဟဲ ဟဲ"

သူက Business woman ကို ရိုးရိုးမပြောဘဲ ငါးပိသံကြီးဖြစ်အောင် တမင်လုပ်ပြောတာဖြစ်သည်။ အနုသည် ရယ်မောရလွန်းသဖြင့် စိတ်တောင် ညစ်လာလေသည်။ တစ်ဖက်သတ်မျှော်လင့်ရသော ဘဝဟာ တကယ်ပဲ ဆိုးလှချည်လားကွယ်။

အနုက အောင့်သက်သက်နှင့် ပြုံးနေရတုန်းမှာပဲ သူ့ဖုန်းက မြည်လာသည်။ အတူတူ ထိုင်စားနေတာမို့ သူပြောနေသော စကားတွေကို တကူးတက နားမထောင်သော်လည်းပဲ ပီပီသသ ရှင်းရှင်းလင်းလင်း ကြားနေရသည်။

"ပြော ... ဇီဇဝါ"

ဇီဇဝါ ဆိုတာနှင့် အနုရဲ့နားရွက်တွေက ချက်ချင်းပဲ ထောင်သွားကာ ရင်ထဲမှာလည်း တဒိတ်ဒိတ် ဖြစ်လာသည်။ ဇီဇဝါဆိုတာ သူ့ရည်းစားပေပဲ။ သူမနဲ့ ပြတ်သလား မပြတ်ဘူးလား ဆိုတာတော့ အနု သေချာမသိချေ။ အနုက သူ့အသံကို အသာနားဆက်စွင့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ် မမေ့ပါဘူး။ ဒါပေမဲ့ ဇီဇဝါတို့အိမ်က လက်ရာကို မစားချင်လို့ အခု အပြင်မှာ လာစားနေတာ။ သြော် ... ကြားတဲ့အတိုင်းပဲလေ၊ ဘာလို့ အဲဒီလောက်တောင် စွတ်အော်နေတာလဲ၊ ဒီမှာ တိုးတိုးပြောစမ်းပါ ကိုယ့်နား တွေ ကောင်းပါတယ် ...

စာရင်းရှင်းမယ်၊ ဘာစာရင်းရှင်းမှာလဲ၊ သေချာတာ ကတော့ မင်းဆီက ကိုယ် တစ်ခါမှ ပိုက်ဆံမချေးဖူးဘူး နော်၊ အိုကေ ... အိုကေ ... တွေ့ချင်ရင်တော့ လာခဲ့လေ၊ ကိုယ်က အခု ကန်တော်ကြီးထဲက Signature မှာပါ —

ဟုတ်ပြီ ... ဆီးယူ"

ခေတ်က အေးအေးဆေးဆေးပင် ဖုန်းပိတ်လိုက်ကာ သူ့ကို စိုက်ကြည့်နေသော အနုကို မျက်ခုံးတစ်ချက်ဆတ်ပြီး ပြုံးပြလိုက်သေးသည်။

"နင် ဘာတွေ ဇယားရှုပ်ထားတာလဲ"

"ဘာမှ မရှုပ်ပါဘူး။ ဒီနေ့ ဇီဇဝါက သူတို့အိမ်မှာ ထမင်း လာစားဖို့ ငါ့ကို ဖိတ်ထားတယ်လေ။ ငါက မစားချင်လို့ မသွားဘူး။ နင်နဲ့ ဒီမှာလာစားတယ်၊ ဒါပဲလေ"

အနု ရင်ထဲတွင် ဆစ်ခနဲ ဖြစ်သွားသည်။ တစ်လ စတည်း တွေးမိသွားသည်မှာ ဒီကိစ္စဟာ သွေးရိုးသားရိုး ဟုတ်ရဲ့လား ဆိုတာပင်။ အနုဟာ သူ့ရဲ့အသုံးချခံရသူ ဖြစ်





ပြီလား၊ ဇီဇဝါနဲ့ အပြိုင် စာရင်းဖြတ်ချင်သည့်အတွက် အနု ကို သက်သက် အသုံးချတာလား။ တွေးရလွန်းသဖြင့် အနုခေါင်း ထဲတွင် ဆူပွက်ပြီး ပူထူလာသည်။ အနုကသာ ရင်ထဲမှာတစ်ဆို့ ပြီး မစားနိုင် မသောက်နိုင်တော့ပေမယ့် သူကတော့ အေးဆေးပင် အသောက်အစားမပျက်ပေ။ ခေတ်ဟာ သိပ်ကိုအေးဆေးသောသူပဲ။ ဟင့်အင်း ... အေးဆေးကာတော့ မဟုတ်ပါ။ သွေးအေးတာ ဖြစ်နိုင်သည်။

သူဟာ သွေးအေးအေးနဲ့ ရက်စက်တတ်သော ယောကျ်ားတစ်ယောက်များ ဖြစ်နေမလား မပြောတတ်တော့ပါ။

"အနု စားလေ။ ဘာဖြစ်နေတာလဲ"

"ခေတ်"

အနုက အံကြိတ်ထားသော လေသံနှင့် ခေါ်တာကို သူက ဘာမှမဖြစ်သလို ပုံစံဖြင့် မော့ကြည့်ကာ ဘာလဲဟူသော အသံဖြင့် မေးဆတ်ပြသည်။

"ဒီကိစ္စဟာ သွေးရိုးသားရိုးကိစ္စ မဟုတ်ဘူးမှလား"

"ဘာကို သွေးရိုးသားရိုး မဟုတ်ရမှာလဲ။ နင်က လာစား ပြန်ပြီဟာ"

"နင် ဘာမှ အပိုတွေ ပြောမနေနဲ့။ နင့်ရည်းစားနဲ့ ဖြတ် ချင်တာကို ရိုးရိုးမဖြတ်ဘဲ ငါ့ကို ကြားထဲက သက်သက် အသုံးချတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ဟား … ဖြစ်ရတယ် မယ်နုရာ၊ နင့်ကို သုံးချဖို့အတွက် ငါက ဒီဆိုင်မှာ နင့်ကို ခေါ်လာပြီး ပြုနေတယ်ပေါ့ ဟုတ် လား …

အဲဒီလောက် ကွေ့ကွေ့ကောက်ကောက်တွေ လျှော တွေးပြီး ကိုယ့်စိတ်ကိုယ် အပင်ပန်းမခံစမ်းပါနဲ့ဟာ”

“ငါက ဘာမှ ကွေ့ကွေ့ကောက်ကောက် လျှောက်မတွေး ဘူး။ နင် ဘယ်ခြေလှမ်း လှမ်းတာနဲ့ ဘယ်ကိုသွား တယ်ဆိုတာ သိလို့ပြောနေတာ …

နင်သာ တကယ် ရိုးသားတယ်ဆိုရင် ငါ့ကို တခြ ရက်တွေ ချိန်းပါလား။ အခုဟာက နင့်ကို သူ ဖိတ်ထား တဲ့ ဒီရက်မှာ ဒီအချိန် ကွက်တိကြီးကို ဖြစ်နေတာ …

ဒါ … နင် မရိုးသားတာပဲ။ နင် ငါ့ကို အသုံး တာပဲ”

အနုက တုန်ခိုက်နေသော အသံဖြင့် ပြောလိုက် ခေတ်က စိတ်ပျက်လက်ပျက်ဟန်ဖြင့် ကျစ်ခနဲ စုတ်သပ်သ ပြီးတော့ စားလက်စဇွန်းနဲ့ ခက်ရင်းကို ပစ်ချကာ ကုလား တွင် နောက်ကျောမှီချလိုက်ရင်းမှ အနုကို စိုက်ကြည့်သည်။ ယောက်နဲ့တစ်ယောက် အပြန်ပြန် အလှန်လှန် စိုက်ကြည့်နေ မျက်ဝန်းများထဲတွင် အမှန်တရားကို ရှာဖွေလျက် ရှိကြသ

“အနု … နင် feel တွေ သိပ်မထည့်စမ်းပါနဲ့”





“ဘာပြောတယ်”

အနုရဲ့အသံက ကျယ်လောင်သွားသဖြင့် ဘေးနားက ဖြတ်သွားသော စားပွဲထိုးကောင် အသာငဲ့ကြည့်သွားသည်။ ဒါပေမဲ့လည်း အနုက ဘာကိုမှ ဂရုစိုက်မနေနိုင်တော့ချေ။ တကယ်တမ်း ပြောရလျှင် သူက သွေးအေးသတ္တဝါဖြစ်ပြီး အနု က သွေးနွေးသတ္တဝါသာ ဖြစ်တော့သည်။

“ငါက feel တွေ ထည့်တယ်၊ ဟုတ်လား”

“ဟုတ်တယ်လေ၊ ဒီကိစ္စက ဒီလောက် နင်သွေးပူရမယ့် ကိစ္စမျိုး မဟုတ်ပါဘူး။ နောက်ဆုံး နင့်ကို ငါ တမင်ခေါ် လာတယ် ဆိုရင်တောင် ဘာဖြစ်လဲ …

နင်က ငါ့သူငယ်ချင်းလေ”

သူ့ရဲ့နောက်ဆုံးစကားသည် အနုရဲ့ရင်ခွင်ကို အသွား ထက်သော ဓားပါးပါးလေး တစ်စင်းဖြင့် လှစ်ခနဲ ရွှတ်ခနဲ ခွဲချ လိုက်သလို အေးစနဲ့ စူးခနဲ ခံစားသွားရလိုက်ရသည်။ နောက်ထပ် တင်စားရလျှင်တော့ မီးကို ရေနဲ့ငြိမ်းလိုက်သလိုပင်။ ဆူပွက်နေ သော အနုရဲ့စိတ်တို့သည် ချက်ချင်းပဲ ဟုဝ်ခနဲ ငြိမ်ကျသွားသည်။

“နင်က ငါ့ သူငယ်ချင်းလေ” ဟူသော စကားမှာ အနုရဲ့နားထဲတွင် မထွက်နိုင်ဘဲ ပဲ့တင်ထပ်ပြီး လှည့်လည်နေသည်။ သူက အဲဒီလောက်ပဲ ပြောပေမယ့် အဲဒီနောက်မှာ အနု ဆက်ကြား တာတွေက နင်နဲ့ ငါနဲ့က သူငယ်ချင်းပဲ၊ ဒီ့အတွက် နင် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေစရာ အကြောင်းမရှိဘူးလေ၊ နှင် feel ထည့်ထားရင် နှင်ပဲ ငုပ်မှာပေါ့၊ နှင်ပဲ ငပေါ ဖြစ်မှာပေါ့၊ အေးဆေးဖြစ်ရမယ့်ကိစ္စမှာ နင်က ဘာတွေ ထပေါက်ကွဲပြနေရတာလဲ စသဖြင့် စသဖြင့် အဓိပ္ပာယ်တွေ အများကြီး ပါဝင်နေမှာ သေချာသည်။

အနုသည် အသက်နှုတ်ခြင်း ခံလိုက်ရသော သူလို ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သက် နှုတ်ဆိတ်နေမိသည်။

"အနု"

သူက ခပ်တိုးတိုး ခေါ်လိုက်တော့မှပင် အနုက မာန်တစ်ချက်တင်းလိုက်ကာ ချထားသော ဇွန်းခက်ရင်းကို ကောက်ကိုင်လျက် အစားဆက်စားဖို့ ကြံရွယ်လိုက်သည်။ သူ့မျက်နှာကို တော့ဖြင့် မကြည့်တော့ပါ။ အနု ရင်ဘတ်ထဲတွင် တကယ်ပဲနာနေသည်။ ဘာမှ မဖြစ်တော့သလို ဟန်ဆောင်ဖို့ ဆိုတာလည်း တကယ်ပဲ ပင်ပန်းလှပါသည်။

"နင် ဘာဖြစ်သွားတာလဲ"

"ဘာမှ မဖြစ်ဘူး"

အနုက အေးစက်စက် ပြန်ပြောကာ ဖျော်ရည်ကို တစ်ချက် ကောက်မော့လိုက်သည်။ ခေတ်ထံမှ သက်ပြင်းချသံ သဲ့သဲ့ကို ကြားရကာ ...

"အနု ... နင့်စိတ်ထဲမှာ တစ်ခုခု ဖြစ်သွားတယ်ဆိုရင် ငါ တောင်းပန်ပါတယ် ...





ဒီနေ့ဟာ နင်နဲ့ငါ ပျော်ပျော်ရွှင်ရွှင် အတူဖြတ်သန်းသွားကြဖို့ ရည်ရွယ်ထားတဲ့ နေ့တစ်နေ့ပါ၊ နင် ဒီလိုဖြစ်သွားရတော့ ငါ တကယ်ပဲ စိတ်မကောင်းဘူး"

သူပြောမှပဲ သာယာတဲ့ အခြေအနေလေး ပျက်ပြားသွားရတဲ့ အဓိကတရားခံက အနုပဲဖြစ်တော့သည်။ အနုသည် သူ့စတိုင်လ်အတိုင်းပင် ဘာမှဂရုမစိုက်သောပုံစံနှင့် အစားအသောက်များကိုသာ ဟန်မပျက် ဆက်စားနေမိသည်။ ဘာမှမပြောတော့တာပဲ ကောင်းသည်။ ဘာမှကိုလဲ ပြောချင်စိတ် မရှိတော့ ရင်ထဲမှာ ဟုန်နေပြီး ဘာကို နာမှန်းမသိ နာနေမိလေသည်။

အဲဒီအချိန်မှာပဲ စားပွဲနားသို့ လူတစ်ယောက် ရောက်လာသော အငွေ့အသက်ကို စတင်ခံစားမိတော့တာပဲ ဖြစ်တော့သည်။

"ခေတ်လုလင်"

အင်မတန် ဒေါသသင့်နေသော အသံကြောင့် ခေတ်ရော၊ အနုရောကပါ ပြိုင်တူမော့ကြည့်ဖြစ်ကြသည်။ အနု တွေ့လိုက်ရတာက ဒေါသထွက်နေသော မျက်နှာတစ်ခုနှင့် လှတပတ မိန်းကလေးတစ်ယောက်ကိုပဲ ဖြစ်ပါသည်။

အနုက ချက်ချင်းပဲ ခေတ်ကို သတိထားကြည့်လိုက်မိသည်။ မပြောင်းလဲသော ခေတ်သည် ရိုက်ပေါက်ဒီဇိုင်းဖြင့် အေးဆေးပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ဦးလေ ဇီဇဝါ"

သူမက ဘာမပြော ညာမပြောဖြင့် အနုသောက်ေ သော အချိုရည်ခွက်ကို ဆတ်ခနဲ ဆွဲယူကာ ခေတ်ရဲ့မျက်နှာ သို့ ပက်ပစ်လိုက်လေသည်။

"မှတ်ထား ... အဲဒါ ငါ့ကို လူပါးဝဦး"

ထင်မှတ်မထားသော အပြုအမူကြောင့် အနုသည် ကိုယ့်ခံစားချက်တွေကိုတောင် မေ့လျော့သွားရကာ ဟာခနဲ ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ လိမ္မော်ရည်တွေက ခေတ်ရဲ့ မျက်နှာနှင့် ရင်ဘတ်တွေကိုပါ စိုရွှဲသွားစေသည်။ ခေတ်ကို အ က အထိတ်ထိတ် အလန့်လန့်ဖြင့် ကြည်မိလျှင် အမြဲတစေအေ အေးတတ်သော ခေတ်သည် ဘာမှဖြစ်မသွားဟန်ဖြင့် တစ်နေရာ သို့ စူးစူးစိုက်စိုက်ကြည့်ကာ မဆိုးမခန့် ပြုံးနေသည်။

ကြောက်စရာကြီး ... ခေတ်ရဲ့ အဲဒီအပြုံးကြီးဟာ ကြောက်စရာကောင်းသည်ဟု အနုကတော့ သတ်မှတ်သည်။ ဇီဇဝါဆိုသော မိန်းကလေးကတော့ ဖားဖိုကဲ့သို့ နိမ့်ချီမြင့်ချီဖြစ်နေ သော ရင်အစုံဖြင့် လက်ညှိုးတထိုးထိုးဖြစ်ကာ ...

"ခေတ်လုလင် ... နင် ငါ့ကို ဘယ်လိုမိန်းမမျိုး ထင်နေလဲ_ ဟင် ? ...။ နင် ဘာအချိုး ချိုးတာလဲ၊ ပြောစမ်း"

တစ်ဖက်က သွေးဆူနေကာ သွေးတိုးရောဂါသ ရှိလို့ကတော့ တစ်ခါတည်းပါ ဦးနှောက်သွေးကြော ပြတ်သွာ





င်သော ဒေါသနှင့် ဖြစ်သော်လည်း ခေတ်ကတော့ အသည်းယားး ည်ကောင်းအောင်ပင် လုံးဝဂရုမစိုက်သော ဒီဇိုင်းကို ချိုးထား သည်။ ဝက်နံရိုးကြော်တစ်ဖတ်ကို တူဖြင့် အေးအေးဆေးဆေး ယူကာ အချဉ်ရည်ဖြင့်တောင် သွားတို့လိုက်ရင်းမှ ...

"မင်း သွားလိုက်တော့"

"ဘာပြောတယ် ခေတ်လုလင်၊ တောက် ... နင် တော်တော် လူပါးဝပါလား အစုတ်အပြတ်ကောင်ရဲ့"

"အေး ... အစုတ်အပြတ်ကောင်ကနေ အမိုက်ရိုင်းဆုံးကောင် ဖြစ်ဖို့ကတော့ မင်းအပေါ်မှာပဲ မူတည်နေတယ် ...

မင်း ဒီနားမှာ ဆက်နေပြီး ငါ့ကို စိတ်အနှောင့် အယှက် ပေးနေမယ်ဆိုရင်တော့ မင်းကိုလည်း ဒီအချဉ်ရည် ခွက်နဲ့ ပက်ပစ်လိုက်ရလိမ့်မယ် ...

မပက်ရဲဘူး မထင်နဲ့နော်။ တကယ်ပက်မှာ၊ မင်း ငါ့အကြောင်း သိပါတယ်။ မင်း ငါ့ကို အအေးခွက်နဲ့ အရင်ပက်ထားတာလည်း တစ်ဆိုင်လုံး သိတယ်"

"တောက် ... လူပါးဝလိုက်တဲ့ အကောင်။ အလကားကောင်"

သူမက နောက်ဆုံးစကားကို ပါးစပ်ကြီးနဲ့အပြည့် ပျစ်နှစ်နှစ် ပြောပြီးနောက် ချာခနဲ လှည့်ထွက်သွားသည်။ မ ထွက်သွားတော့မှပင် ခေတ်က စားပွဲပေါ်မှ တစ်သျှူးစာရွက် ကို ဆွဲထုတ်ကာ မျက်နှာနှင့် လည်ပင်းမှာ ပေကျံနေသော အချို



www.burmeseclassic.com

www.burmeseclassic.com



ရည်စက်တွေကို သုတ်သင်နေသည်။ အနုသည် ခေတ်ကိုမမြင်ဖူးသောသူလို စိုက်ကြည့်ကာ ကြောက်လာသည်။ ဒီလိုယောကျ်ားမျိုးကို သွေးအေးရက်စက်တတ်သော ယောကျ်ားဟု သတ်မှတ်ရတော့ပေမည်။

"ငါ့ကို ကြောက်စရာကောင်းတဲ့သူလို့ သတ်မှတ်လိုက်ပြီလား"

သူက အံ့ဩစရာကောင်းစွာပင် အနုရဲ့စိတ်ကို သိနေသည်။ အနုက စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းကာ ...

"နင့်ကို ငါ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

"နင့်ကြည့်ရတာ အရင်ကတော့ နားလည်ဖို့ ကြိုးစားခဲ့သေးပုံပဲ"

အနုက သူ့ကို နာနာကြည်းကြည်း စိုက်ကြည့်ကာ ပြုံးလိုက်မိသည်။ ခေတ်ကပဲ ဆက်ပြောပြန်သည်။

"ငါ့ကို နားလည်ဖို့ မကြိုးစားပါနဲ့။ နင်ပဲ ပင်ပန်းလိမ့်မယ်"

"နင်က ထူးတော့ ထူးဆန်းသားပဲ။ လူတော်တော်များများက ကိုယ့်အပေါ် နားလည်ပေးနိုင်တဲ့ မိဘ၊ နားလည်ပေးနိုင်တဲ့ အိမ်ထောင်ဖက်၊ နားလည်ပေးနိုင်တဲ့ချစ်သူ၊ သူငယ်ချင်း စသဖြင့် အဲဒါမျိုးတွေကို လိုက်လိုက်လှဲလှဲ အလိုရှိနေကြတဲ့ အချိန်မှာ နင်က နားလည်ပေးဖို့ မကြိုးစားပါနဲ့ ဟုတ်လား ...





ဟား ... အံ့ဩစရာကြီးပဲ"

"ငါက နင် ပင်ပန်းမှာစိုးလို့ ပြောတာပါ"

သူက အနုရဲ့မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ပြောလျှင် အနုသည် အဲဒီအကြည့်ကြောင့် ဝမ်းနည်း...ကျင်သွားရသည်။ ခေတ်ရယ် ... နင် ငါ့ခံစားချက်တွေကို ရိပ်...သင့်သလောက် ရိပ်မိနေမှာပါ။ ဒါနဲ့များတောင် ငါ့ခံစားချက်...တွေကို ဥပေက္ခာပြု လျစ်လျူရှုထားတဲ့ နင့် နှလုံးသားကြီးကို ငါ...အကယ်ပဲ အံ့ဩမိပါရဲ့။

အနုသည် မျက်ရည်လည်မှာ စိုးသဖြင့် မျက်တောင်...တွေကို အမြန်ဆုံး ပုတ်ခတ်ပစ်လိုက်ရသည်။

"ကဲ ... သွားစို့လေ။ နင်လည်း အကျီရေစိုကြီးနဲ့ အအေးပတ်ဦးမယ်"

သူက အိုကေဟု တိုးတိုးရေရွတ်ကာ ဝိတ်တာကို ...၍ ငွေရှင်းသည်။ ပြီးနောက် အနုတို့တစ်တွေ စားသောက်ဆိုင်...မှ ပြန်ထွက်ခဲ့ကြလေသည်။ အပြန်လမ်းတွင် အနု တစ်ယောက်...ကားမှ မပြောဘဲ နှုတ်ဆိတ်နေခဲ့သည်။ အနု မျှော်လင့်ထား...သော တနင်္ဂနွေလေးသည် ဘာအဓိပ္ပာယ်ကြီးမှန်းမသိဘဲ ရုပ်ဆိုး...ဆိုး နိုင်သွားလေသည်။

အထူးသဖြင့် ခေတ်ကို သူ့ရည်းစားက အရှိုးရှည်ဖြင့်...ဆိုကို ပက်လိုက်သော မြင်ကွင်းကို မျက်လုံးထဲမှ မထွက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အနု ဘာတွေကို တွေးနေသလဲဆိုတာ ရိပ်မိသော ခေတ်ထံမှ စကားသံ ထွက်လာသည်။

"သူက ငါ့ကို ထမင်းစားဖိတ်တာ အလကားဖိတ်တာ မဟုတ်ဘူး။ သူ့မိဘတွေနဲ့ ပေးတွေ့ပြီး သက်သက်ကျွမ်းတာ၊ ချောင်ပိတ်တာ ...

အဲဒါကိုသိလို့ ငါက တမင်မသွားတာပဲ။ Lesson ပေးတဲ့ သဘောပေါ့၊ ဒါကို သူက ငါ့ကို အအေးခွက်နဲ့ ပက်တာ သူ လွန်တယ်၊ ဒီအတွက် အလျော်အစားဘာမှ မရှိအောင် သူနဲ့ ငါ ဇယားကြေတယ် ...

အနု ဒီနေ့ဟာ နင့်အတွက် ရူပါဆန်းဒေး မဖြစ်နိုင်တော့ဘူး ထင်တယ်။ ငါ အလျော်ထပ်ပေးပါ့မယ်"

အနုက ဘာစကားမှကို ပြောချင်စိတ် မရှိတော့သဖြင့် ကားတံခါးပေါက်ကသာ အပြင်ဘက်သို့ ငေးနေလိုက်တော့သည်။ သူနဲ့ပတ်သက်ပြီး ဘာကိုမှ မမျှော်လင့်ထားတာပဲ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ ဘာကိုမှ မမျှော်လင့်၊ ဘာကိုမှ နားလည်ဖို့ မကြိုးစားဘဲ အဆင်ပြေသလို နေလိုက်တာက အနုအတွက် သက်သောင့်သက်သာ ရှိပါမည်။





## ၈

သူ အိပ်ရာကနိုး၍ ခုတင်ဘေးက နာရီကို ကြည့်လိုက်လျှင် နံနက်ကိုးနာရီကို ညွှန်ပြနေသည်။ အင်း ... ဒီအချိန်ဟာ ညကို ဆယ့်နှစ်နာရီလောက် ပုံမှန်အိပ်တတ်သော သူ့အတွက်တော့ ပုံမှန်နိုးထတဲ့အချိန်ပါပဲ။ ညဘက် အဲဒီထက် နောက်ကျချင်တော့ ဆယ်နာရီ၊ ဆယ့်တစ်နာရီမှ နိုးတော့သည်။ သူက အိပ်ရာထဲမှထကာ စားပွဲဘေးက ရေဘူးထဲမှရေကို တစ်ဝက်ကျိုးအောင် မော့လိုက်ပြီးနောက် အခန်းဘေးက ဝရန်တာသို့ ထွက်သွားခဲ့သည်။

သူ့အခန်းဘေးမှာ ထုတ်ထားသော ဝရန်တာလေးမှ အနုတို့ခြံဘက်သို့ လှမ်း၍မြင်နေရလေသည်။ သူ့မျက်လုံးထဲတွင် အနုရဲ့ပုံစံလေးကို ချက်ချင်းပဲ မြင်ယောင်လာကာ အသာအယား ပြုံးမိသွားသည်။ ချစ်ဖို့ အင်မတန်ကောင်းလှတဲ့ သူ့ရဲ့သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မလေး။ အရပ်မြင့်တယ် ဆိုရုံလေးမြင့်ကာ လိုက်ဖက်သော သွယ်လျလျ ကိုယ်ခန္ဓာလေးနှင့် ရယ်လိုက်လျှင် ပိုချစ်ဖို့ကောင်းသော အနုကို သူက ဒီအတိုင်းလေးပဲ အလှကြည့်ထားချင်သည် ဆိုလျှင် သူ့ကို ရူးတယ်ဟုပဲ ဆိုချင် ဆိုကြပါတော့။

တစ်နေ့က ကိုစွပြီးသွားကတည်းက အနုနဲ့ မတွေ့ဖြစ်တာ သုံးရက်လောက် ရှိသွားပြီဖြစ်သည်။ ဖုန်းလည်း မဆက်ဖြစ်၊ တွေ့လည်း မတွေ့ဖြစ်ဘဲ အနုကတော့ စိတ်ကော နေဟန်ရှိသည်။ အဲဒီ စိတ်ကောက်တာလေးကို သူက ပြန်ချော သော အရသာသည် သူ့အတွက်တော့ ကမ္ဘာပေါ်တွင် အချို ဆုံး ဖြစ်လိမ့်မည်။ အနု စိတ်ကောက်လျှင် အင်မတန်ချစ်ဖို့ကော သည်။ ကလေးတွေ စိတ်ကောက်သလိုမျိုး နှုတ်ခမ်းက တစ်ထော လောက်ထော်ကာ မျက်နှာကလည်း စူပုပ်ပြီးနေသည်။ ငယ် တုန်းကလည်း စိတ်ကောက်လျှင် ဒီပုံပဲမို့ သူကတော့ အနု ကောက်လျှင် ငယ်ငယ်တုန်းကရုပ်ကိုပဲ ပြန်မြင်ယောင်ကာ ချင်နေတာပဲ သိသည်။

အခုလည်းပဲ သူက ရယ်ချလိုက်ကာ မျက်နှာ ကိုယ်လက်သန့်စင်ပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့သ အောက်ထပ် ထမင်းစားခန်းနှင့်ကပ်လျက် မီးဖိုခန်းထဲမှာ သူ့အ ရဲ့ အသံစာစာကို သူက ကြားနေရသည်၊ သူက ထမင်းစာ ထိုင်လျက် စားပွဲပေါ်တွင် အဆင်သင့် နှပ်ဖျော်ထားသော





ကို ယူသောက်နေတုန်းမှာပဲ သူ့အမေက သူ့အနားသို့ ရောက်လာသည်။

"သာ ... ဒီနေ့ အိမ်မှာ မုန့်လေးမုန့်တီ လုပ်တယ်။ အနုကို စားဖို့ သွားခေါ်ချည်"

"သူ ... စားပြီးရောပေါ့"

"မစားရသေးဘူး။ မနေ့ညကတင် ဟိုဘက်အိမ်ကို မေမေ ဖုန်းဆက်ထားတာ၊ မနက်စာကို ဒီဘက်က မုန့်တီလုပ်ပေးမယ် ဆိုပြီးတော့ ...

သွား ... သွား ... အနုကို သွားခေါ်ခဲ့၊ သူတို့အိမ်က လူတွေအတွက် ဝင်းဝင်းအေးကို နောက်ကနေ ချိုင့်နဲ့ပို့ ခိုင်းလိုက်မယ်"

"ပို့ရင်လည်း ပို့ခိုင်းလိုက်ပေါ့ မေမေရာ၊ အနုကို ခေါ်မနေ စမ်းပါနဲ့"

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ မင်းတို့နှစ်ယောက် ရန်ဖြစ်ထားကြ ပြန်ပြီ မဟုတ်လား"

"ရန်ကတော့ မဖြစ်ပါဘူး။ သူကသာ သားကို စိတ်ကောက် နေတာပါ"

"ဩော် ... သူ စိတ်ကောက်အောင် မင်းက လုပ်လို့နေမှာ ပေါ့၊ သားနော် ... အနုလေးကို စိတ်ညစ်အောင် မလုပ် စမ်းပါနဲ့ကွယ်။ သူ့ခမျာ သနားစရာပါ ...

www.burmeseclassic.com



ငယ်ငယ်လေးတည်းက အမေ မရှိတော့လို့ ကြီးတော် လက်ပေါ်မှာ ကြီးလာရတာ။ ဒါပေမဲ့ နေတာ ထိုင်တာ ဘယ်လောက်လိမ္မာသလဲ၊ အိမ်မှုကိစ္စဆိုလည်း နိုင်နင်းပြီး ချက်တာ ပြုတ်တာလည်း တော်မှတော် ...

ရည်းစားဆိုတာလည်း ထားရှာတာ မဟုတ်ဘူး သူ့ဟာသူလေး ခပ်အေးအေး နေရှာတာပါ ...

မေမေကတော့ အနုလေးကို သိပ်ချစ်တယ်။ သူ့ ပဲ ချွေးမတော်မယ်၊ သားတို့လည်း ဘွဲ့ရပြီးကြပြီ မေမေက လက်တောင် လက်ထပ်ပေးချင်ပြီ"

သူက ကော်ဖီသောက်ရင်းမှ ဆေးခါးကြီးသော ရသူလို ရှုံ့မဲ့သွားရကာ ...

"အာ ... မေမေ ဘာတွေ လျှောက်ပြောနေတာလဲ သားနဲ့အနုက ဘာဆိုင်လို့ လက်ထပ်ရမှာလဲ"

"ဟဲ့ ... ဘာလို့ မဆိုင်ရမှာလဲ။ မင်းလည်း သူ့ သံယောဇဉ်ရှိတာပဲ၊ အနု ဆိုတာတော့ ပြောမနေနဲ့၊ မ တစ်မျက်နှာတည်းပဲ ရှိတာ ...

မင်းကသာ အနုကို ဘေးထားပြီး တစ်ယောက် တစ်ယောက် ပြောင်းနေတာ၊ ငါ မသိဘူးများ ထင်နေလာ ထားလိုက်တော့ မင်းမှာ အဲဒီလို ပြောင်းလဲဖို့ အခွင့်အ တွေ ပေးထားလို့ ငယ်တုန်း ရွယ်တုန်း ဖြစ်နေလို့ ဓာတ်လမ်းတွေ များနေတာ၊ ငါ နားလည်ပေးနိုင်တယ်





အနု ဆိုတာ မင်း စဉ်းစားကြည့်စမ်း။ မင်းတို့ ငါတို့ရှေ့တင် အပျိုဖြစ်လာတဲ့ မိန်းကလေး။ ဘယ်လောက် သန့်စင်သလဲ၊ ဒီခေတ်ထဲမှာ ဒီလိုမိန်းကလေးမျိုး ဘယ် လောက်ရှားသွားပြီဆိုတာ သိရဲ့လား ...

မေမေကတော့ ဒီလို အဖိုးတန်တဲ့ မိန်းကလေးမျိုး ကိုပဲ ချွေးမတော်ချင်တယ်၊ မေမေ့လိုပဲ ယောက်ျားတော် တော်များများမှာလည်း ဒီလိုစိတ် ရှိကြမှာပါပဲ။ ဘယ် ယောက်ျားမဆို အပျိုစင်စစ်စစ်ကိုပဲ လိုချင်ကြမှာပဲ ...

မင်းကျမှပဲ ဒါမျိုးမိန်းကလေးကို ဘေးမှာထားချင် နေတယ် ... ဟင်း"

သူ့အမေရဲ့ ဗျစ်တောက် ဗျစ်တောက် အပြောအဆို များအောက်တွင် သူ့မှာ နံနက်စာ စားချင်စိတ် ကုန်သွားအောင် င် စိတ်ညစ်သွားရသည်။ သူ့အမေပြောနေသော စကားများမှာ ဘာကြီးတွေမန်းလဲ မသိပါ။ ဒါပေမဲ့လည်း သူ့ရဲ့ရွယ်တူတန်းတူ ရင်ဘတ်တူသော သူငယ်ချင်းတွေတောင် သူ့ကို နားမလည်မှတော့ သူ့အမေလည်း နားလည်မပေးနိုင်တာ အဆန်းမဟုတ်တော့ပြီ။

"မေမေ ... တော်လောက်ပါပြီ။ စောစောစီးစီး သားကို အာရုံနှောက်အောင် ဘာမှလာမစားစမ်းပါနဲ့ဗျာ"

"ဟဲ့ ... ငါက စားနေတာ မဟုတ်ဘူး။ ဦးနှောက်ကိုစား စေတာက မင်းဟဲ့ ... မင်း ...



www.burmeseclassic.com

www.burmeseclassic.com



မင်းပဲ စဉ်းစားကြည့်စမ်း။ မင်း အနုကို သံယောဇဉ် ရှိတယ်ဆိုတာ မင်းကိုယ်မင်း သေချာသိနေတာပဲ မဟုတ်လား။ မင်းလည်း သံယောဇဉ်ရှိတယ်။ အနုကလည်း ဘာမှ အပြစ်ပြောစရာမရှိတဲ့ မိန်းကလေး၊ မိဘတွေချင်းလည်း သင့်မြတ်ရင်းနှီးပြီးသား၊ ဒါကို မင်းက ဘာတွေကို တွေဝေတွန့်ဆုတ် အချိန်ဆွဲနေချင်ရတာလဲ"

သူက နည်းနည်း အာရုံနောက်လာသည်။ သူ့အမေက အဲဒီလိုပင်။ တစ်ခုခုဆိုလျှင် မပြီးနိုင် မစီးနိုင်ဘဲ ပွစိ ပွစိ ပြောတတ်တာကို သူက အင်မတန် စိတ်ပျက်လှသည်။ တခြားအချိန်တွေမှာတောင် စိတ်ပျက်လှသည်ဖြစ်ရာ ခုလို နံနက်ခင်း စောစောစီးစီးမှာ လာရောက် မြည်တွန်တောက်တီးနေလျှင် သူက ပို၍ ပို၍ အာရုံတွေ နောက်လာတော့သည်။

"ဒီမှာ မေမေ။ ကျွန်တော့်ကို စောစောစီးစီး ဘာတွေလာ ပြောနေတာလဲဗျာ။ ပြီးတော့ ကျွန်တော့်ရဲ့အချစ်ရေး အိမ်ထောင်ရေးကိစ္စတွေကို သီအိုရီအတိုင်းကြီး မတွေးစမ်း ပါနဲ့"

"ဘာ ... ဘာသီအိုရီအတိုင်း မတွေးစမ်းပါနဲ့လဲ"

"ဟုတ်တယ်လေ။ အနုဟာ ဘက်ဘက်ကမှ ပြောစရာမရှိ တဲ့သူ ဖြစ်တာနဲ့ပဲ သားက အနုကို သံယောဇဉ်ရှိတယ် ဆိုတာနဲ့ပဲ မေမေကို လူကြီးချင်း အဆင်ပြေတယ်ဆိုတာ နဲ့ပဲ သားက အနုကို လက်ထပ်ရမှာတဲ့လား ...





ဒါ သီအိုရီကြီးပါ။ သား အဲဒီ သီအိုရီကြီးကို လုံးဝ လက်မခံနိုင်ဘူး"

"အောင်မာ"

သူ့အမေက ခါးကိုထောက်ကာ အောင်မာဟု မောင်းသင်နေဆဲမှာပဲ သူက မိုးလေဝသ အခြေအနေကို တွက်ဆကာ စားပွဲမှ ထထွက်လာခဲ့သည်။ ထမင်းစားခန်းထဲက အထွက်မှာပဲ နံရံနောက်မှာ ရပ်နေသူကို ရုတ်တရက် လှမ်းမြင်တွေ့လိုက်ရလျှင် သူ့ခြေလှမ်းတွေတောင် မှားချင်သလို ဖြစ်သွားလေသည်။

သူ့ကို သရဲကားထဲက လူသေကောင်တွေလို နံရံမှာ ကပ်ပြီး မျက်လုံးလှန်ကြည့်နေသော အနု။

"အနု"

သူမက ဘာမှမပြောဘဲ သူ့ကို သဲသဲမဲမဲ စိုက်ကြည့် နေသည်။ အခြေအနေတွေဟာ တစ်ဆိတ်တော့ ရှုပ်ထွေးကုန်ပြီ ဆိုတာ နားလည်သဘောပေါက်ရသည်။ နောက်မှာ သူ့အမေက ဟဲ့ဟဲ့နှင့် သူ့နောက်ကို လိုက်လာသည်။ ဒါကြောင့် သူက ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ အိမ်ရှေ့သို့သာ ထွက်လာခဲ့ တော့သည်။ သူ့အမေ ထမင်းစားခန်းထဲက ထွက်လာလျှင် အနု ကို မြင်တွေ့သွားမှာပဲမို့ သူ့ဆီသို့ အာရုံရောက်တော့မည် မဟုတ် ပါ။ သူက အိမ်မှာ နေချင်စိတ် မရှိတော့တာနှင့် ကားပေါ်တက် ကာ မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်းနဲ့မှ ထိုင်နေကြ လက်ဖက်ရည်ဆိုင်ကို လာခဲ့ဖို့ လပြည့်ဆီသို့ ဖုန်းဆက်လိုက်သည်။ လပြည့်ကတစ်ဆင့် ချိုသာဆီသို့ ဆက်ပေလိမ့်မည်။ သူတို့သုံးယောက်ရဲ့အိမ်တွေမှာ မနီးမဝေးတွင် ရှိကြပြီး သူ့အိမ်ကတော့ Center ကျသည်။ လက်ဖက်ရည်ဆိုင်ထဲမှာ ရှမ်းခေါက်ဆွဲတစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက်ကို သုံးဆောင်နေတုန်းမှာပဲ သူ့သူငယ်ချင်းတွေ ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ မင်းသား။ ရွှယ်ကျယ်အင်္ကျီ ဘောင်းဘီတို့နဲ့ ညအိပ်ရာဝင်ထားတဲ့ ဒီဇိုင်းပဲနဲ့ တူတယ်"

သူက ဗိုက်ဆာနေတာမို့ ရှမ်းခေါက်ဆွဲကို ပလုတ်ပလောင်းစားရင်းမှ ခေါင်းတစ်ချက်သာ ညိတ်ပြနိုင်သည်။ ချိုသာနှင့် လပြည့်က စားချင်တာတွေ မှာပြီးတော့မှပဲ သူ့ကို ဆက်မေးသည်၊

"မင်း ဘယ်လိုဖြစ်လာတာလဲ"

"ဒီလိုပဲကွာ ... ..."

သူက စားရင်းသောက်ရင်းနဲ့မှပဲ အဖြစ်သနစ်ကို ပြောပြလိုက်သည်။ ခုနစ်လွှာပေါက်စီကို အရသာခံပြီး ဝါးနေသော ချိုသာက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်း ဇီဇဝါနဲ့လည်း ပြတ်သွားပြီ မဟုတ်လား။ ဘာဖြစ်လို့ အနကို လက်မခံနိုင်ရတာလဲ"





"လာပြန်ပြီ၊ မင်းတို့က တစ်မျိုး"

သူ့ရဲ့ပေစောင်းစောင်း အပြောကို လပြည့်က တစ်ချက်ရယ်ကာ ...

"ဘာလဲ ... မင်းက ဟိုနေ့က အားကစားဂျာနယ်ထဲက ဆောင်းပါးကို သဘောကျပြီး အဲဒီအတိုင်း စိတ်ကူးယဉ်ထားတာလား"

"ဘာဆောင်းပါးလဲ"

"ညို့အားပြင်း၍ ဆွဲဆောင်မှုရှိစေရန်အတွက် မိန်းမတစ်ယောက်ဟာ အပျိုစင် ဖြစ်မနေရဘူး ဆိုတဲ့ဟာလေ"

လပြည့်ပြောတော့မှပင် သူက အဲဒီဆောင်းပါးကို သွားသတိရမိသည်။ အဲဒီဆောင်းပါးဟာ ယောကျာ်းတွေအဖတ်များသော အားကစားဂျာနယ်တစ်စောင်ထဲမှာ ပါခဲ့တာဖြစ်ပြီး မြန်မာပြည်က ဆောင်းပါးတော့ မဟုတ်။ နိုင်ငံခြားဆောင်းပါးတစ်ပုဒ်ကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ယောကျာ်းထုအတွက်ပဲ ရည်ရွယ်ကာ ယောကျာ်းတွေ တွေးဆနိုင်ဖို့ ထည့်ပေးထားတာ ဖြစ်နိုင်သည်။

အဲဒီထဲမှာ ရေးထားတာက မိန်းကလေးတစ်ယောက်ဟာ Sexy ကျပြီး ဆွဲဆောင်မှုရှိစေရန်အတွက် အပျိုစင်ဖြစ်မနေရပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာ့အတွက်ကြောင့်ဆိုပြီး ထောက်ပြထားတဲ့ အချက်တွေလည်း ပါဝင်သည်။ တချို့အချက်တွေကလည်း တကယ်ပဲ လက်ခံနိုင်စရာတွေ ရှိပါသည်။

"ဘယ်လိုလဲ ... ငါပြောတာ ဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ ဘာဆိုင်လို့လဲ၊ မင်းတို့ကလည်း"

"မသိဘူးလေ။ မင်းက Nearly Perfect ဖြစ်နေတဲ့ အနုသွေးကို မင်းကိုယ်တိုင်လည်း သံယောဇဉ်ရှိလျက်နဲ့ ဘာ့ကြောင့် ဖယ်ထားရတာလဲလို့"

"မင်းတို့ကို ပြောပြီးသားပဲ။ ငါတို့နှစ်ယောက်ကြားမှာ အချစ်ဖြစ်လာဖို့ လုံလောက်တဲ့ ဖန်တီးမှုတွေ ရှိနေတယ်။ ဒါတွေကြောင့် အချစ်ဖြစ်လာတာလားလို့ သံသယရှိနေသူဟာ ငါပဲ ...

ဒီကြားထဲကမှ အခု ငါ့အမေကပါ တစ်စခန်း ထလာပြန်ပြီ။ အနုဟာ ဒီလိုအရည်အချင်းတွေရှိလို့ ငါယူကို ယူရမယ်ဆိုတဲ့ အယူအဆကို လုံးဝလက်မခံနိုင်ဘူး။ ပြီးတော့ မင်းတို့သိတဲ့အတိုင်းပဲ ငါက လွတ်လပ်တာကို အင်မတန် ကြိုက်တဲ့ကောင်၊ ငါ့ကို စည်းတွေဘောင်တွေ သီအိုရီတွေနဲ့ ချုပ်နှောင်တာကို လုံးဝလက်မခံချင်ဘူး ...

အဲလိုတွေ ဖွတ်လုပ်နေတာဟာ ငါနဲ့ အနုကို ဝေးကွာအောင် ပိုတွန်းပို့နေသလိုပဲလေ"





"မပြောတတ်တော့ဘူးကွာ၊ မင်းရင်ဘတ်နဲ့ မင်းခံစားတဲ့ကိစ္စမှာ ငါတို့က အနေသာကြီးပဲဟာ ...

ဒါပေမဲ့ ဒီနေ့ကိစ္စမှာ အနုကတော့ မင်းကို တော်တော်တင်းသွားမယ်နဲ့တူတယ်။ သူ့အတွက် မင်း ဘယ်လို စဉ်းစားထားလဲ"

"သူကြားသွားတာ သူ့အတွက် တစ်မျိုးတော့ ကောင်းသွားတာပဲ၊ ငါ့ကို သူ့စိတ်ထဲက ထုတ်ထားနိုင်လေ သူ့အတွက် သက်သာလေပဲ ...

ကျန်တာတော့ ပြဿနာမရှိပါဘူး၊ သူနဲ့ ငါနဲ့က သူငယ်ချင်းပဲလေ၊ တစ်ရက် နှစ်ရက်နေမှ သူ့ရှေ့သွားကြည့် သူ့အေးဆေးပဲ ပြန်ဖြစ်နေမှာ"

"ကြည့်ရတာပေါ့ကွာ၊ မင်းတို့ ဇာတ်လမ်းက စိတ်ဝင်စားဖို့ ကောင်းပါတယ်"

လပြည့်ရဲ့စကားကို သူက မသက်သာစွာ ရယ်လိုက်မိပြီးမှ ...

"ငါတို့မှာ ဘာဇာတ်လမ်းမှ မရှိဘူး။ ခုချိန်မှာ နည်းနည်း အာရုံနှောက်နေတယ်ကွာ။ ဒါကြောင့် စိတ်ကိုလန်းစေမယ့် တစ်စုံတစ်ယောက်နဲ့ တွေ့ချင်တယ်။ ဒါပဲ"

"ဆိုလိုတာက ရည်းစား ထပ်ထားဦးမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အလောတကြီး မလိုချင်ပါဘူး။ ခုနက မင်းတို့ ပြောသလို ဆွဲဆောင်မှုရှိတဲ့ မိန်းမတစ်ယောက်လောက်နဲ့ ဆုံဖူးချင်တယ် ...

ဒီအရွယ်ဆိုတာ ရင်ခုန်သံတွေကို ခပ်ပြင်းပြင်း မောင်းနှင်ရမယ့် အရွယ်ကွ၊ အသက်သုံးဆယ်လောက်မှ ရင်ခုန်သံမြန်ချင်နေလို့ မရဘူး။ အိုကေ ? "

သူ့ရဲ့ မေးခွန်းသဘောဆောင်သော အိုကေကို သူငယ်ချင်းတွေက ပခုံးကိုယ်စီ တွန့်ပြကြသည်။ သူကတော့ ဘယ်သူတွေ ဘာပြောပြော သိပ်ဂရုမစိုက်ပါ။ လူအများစု လက်ခံထားတဲ့ သီအိုရီကိုလည်း သူက လက်မခံချေ။ သူ့ဘဝအတွက် သူ လိုက်နာမည့် သီအိုရီသည် သူ့ဘာသာ ထုတ်ထားသော သီအိုရီသာ ဖြစ်လေသည်။





## ၉

"ကြီးကြီး ... ကွေကာလေး သောက်လိုက်ရအောင်လေ"

အနုက ကြီးကြီးခုတင်ဘေးမှာ ဝင်ထိုင်ကာ ကွေကာအုတ်ခွက်ကလေးကို စားပွဲပုလေးပေါ်မှာတင်ရင်း ပြောလိုက်သော်လည်း ကြီးကြီးက မျက်လုံးဖွင့်မကြည့်ဘဲ အသာမှိန်းနေသည်။ အနုက သက်ပြင်းကို အသာချလိုက်ကာ ကြီးကြီးကို စိတ်မကောင်းခြင်းကြီးစွာဖြင့် အသာစိုက်ကြည့်မိသည်။ အရင်တုန်းတည်းက နှလုံးရောဂါရှိနေခဲ့သော ကြီးကြီးဟာ သိပ်အကျန်းမာကြီးတော့ မဟုတ်ခဲ့ချေ။ နေမကောင်းဖြစ်လိုက် ဆရာဝန်တွေနှင့် အမြဲပြသလိုက်ဖြစ်ကာ ပိုက်ဆံတတ်နိုင်လွန်းအားကြီးသောကြောင့် သက်ဆိုးရှည်နေခဲ့ခြင်း ဖြစ်သည်။

အခုတလောမှာတော့ ကြီးကြီးဟာ ပို၍နေမကောင်းဖြစ်လာသည်။ ဆေးရုံတက်ပါ ဆိုတော့လည်း ကြီးကြီးက ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



တက်ဖို့ကို အကြောက်အကန် ငြင်းဆန်သည်။ ဒါပေမဲ့လည်း ကြီးကြီးရောဂါရဲ့ အခြေအနေဟာ ခေ ရုံတက်တာနဲ့ အိမ်မှာနေတာဟာ ဘာမှမထူးပါ။ ဒါကြောင့် ဆရာဝန်ကြီးကလည်း ဇွတ်မတိုက်တွန်းတာဖြစ်သည်။ အိမ်မှာ နေရတာက လူနာအတွက် ပိုမိုသက်သောင့်သက်သာရှိကာ စိတ်ချမ်းသာနိုင်သည်။ ဒါကြောင့်လည်း ကြီးကြီးကို အိမ်မှာပဲ ဂရုစိုက် စောင့်ရှောက်နေကြခြင်းဖြစ်သည်။

"နုလေး"

အနုက ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိသောကြောင့် လူနာက ခေါ်တော့မှပင် သတိပြန်ကပ်တော့သည်။

"ကြီးကြီး နိုးပြီလား။ သက်သာရဲ့လား ကွေကာနွေးနွေးလေး ဖျော်လာတယ်။ သောက်လိုက်ဦးနော်"

"အင်း ... အင်း"

ကြီးကြီးက ခုတင်ပေါ်မှ ထထိုင်ကာ အနု တိုက်သော ကွေကာကို ယူသောက်သည်။ ပြီးတော့ အနုကို ကြင်နာစွာစိုက်ကြည့်ကာ ...

"အနုလေး ... ဆိုင်ဖွင့်ဖို့ ကိစ္စတွေနဲ့ အလုပ်ရှုပ်နေတယ်မဟုတ်လား၊ အပြင်တွေ ဘာတွေ သွားစရာရှိရင် သွားလေ။ ကြီးကြီးကိုပဲ စောင့်မနေပါနဲ့ ...

ကြီးကြီး နေကောင်းပါတယ်"





"ရပါတယ် ကြီးကြီးရဲ့။ အနု အပြင်သွားစရာ မရှိပါဘူး။ တချို့ကိစ္စတွေက မျိုးမျိုးနဲ့ လွှဲထားလည်း ရပါတယ် ...

မျိုးမျိုးကလည်း ကြီးကြီး နေမကောင်းမှန်းသိတော့ သူပဲ အားလုံး လုပ်ပေးသွားတာ"

"အင်း ... လုပ်စရာရှိတာ သွားလုပ်ပါကွယ်။ ကြီးကြီးကို နောက်ဆံတင်းမနေနဲ့ ကြီးကြီးက ဒီအတိုင်းလေးပဲ သက်သက်သာသာ နေ,နေရတာ"

"ရပါတယ်၊ သြော် ... ကြီးကြီး တရားနာတော့မလား။ တစ်နာရီထိုးတော့မယ်၊ MRTV-4 က တရားလာတော့မယ်"

"အင်း ... ဖွင့်လေ"

အနုက ကြီးကြီးအနားမှထကာ TV စင်ရှိရာသို့ လျှောက်သွားရင်းမှ TV ဖွင့်ကာ MRTV-4 လိုင်းကို ဖမ်းပေးလိုက်သည်။ နေ့လယ်နေ့ခင်း ဒီအချိန်ရောက်ပြီဆိုလျှင် ကြီးကြီးက TV ကလာသော တရားကို အမြဲနာလေ့ရှိသည်။

အနုက TV ဖွင့်နေတုန်းမှာပဲ TV စင်ဘေးက ခေါင်းချပ်က ဖူတ်ခနဲ ပွင့်လာကာ ခေတ်ကို မြင်တွေ့လိုက်ရသည်။ အနုသည် မမြင်ရတာ တစ်ပတ်ကျော်မျှ ကြာနေပြီဖြစ်သော ခေတ်ကို ကြောင်ပြီး စိုက်ကြည့်နေပြီးမှ အမြန်မျက်နှာလွှဲပစ်လိုက်သည်။ သူ့ကိုမြင်လျှင် အနု ရင်နာရသည်။

သူကတော့ ခပ်တည်တည်ပင် အခန်းထဲသို့ ဝင်လာကာ ကြီးကြီးအနားသို့ လျှောက်သွားလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး နေမကောင်းဘူးဆို သက်သာလား"

"အင်း ... သက်သာပါတယ်"

"ကြီးကြီး ဘာစားချင်လဲ။ ကျွန်တော် ဘာဝယ်ပေးရမလဲ"

"ဘာမှ မစားချင်ပါဘူး၊ အနုလေးကိုသာ စားချင်တာ ဝယ်ကျွေးလိုက်"

"သူ့ကိုတော့ ဝယ်မကျွေးဘူး ကြီးကြီး။ ကျွန်တော်စားချင်တာပဲ သူ့ကို လုပ်နိုင်းမှာ။ ဟဲ ဟဲ"

"အေး ... ဒါဆိုလည်း အောက်ထပ်မှာ သွားစားကြ။ ကြီးကြီး တရားနာမလို့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ကြီးကြီး စားချင်တာရှိရင် ပြောနော်၊ အနု ... ငါ့ကို လက်ဖက်ထမင်း လုပ်ကျွေးစမ်းဟာ။ ငါ နင့်လက်ရာ မစားရတာ ဆယ်ရက်လောက်ရှိနေပြီ"

အနုက သူ့ကို ဂရုလုံးဝမစိုက်ဘဲ ကြီးကြီးရဲ့ခြေထောက်တွေကိုသာ နှိပ်နယ်ပေးရင်းမှ ...

"ကြီးကြီး ဆေးသောက်ရဦးမယ်လေ"

"အင်း ... သောက်မယ် ... သောက်မယ်၊ ကဲ ... တိုက်"

ကြီးကြီးက ခုတင်ဘေးက လူခေါ်ဘဲလ်လေးကို နှိပ်ခေါ်လိုက်လျှင် ခဏနေ၍ အောက်ထပ်က ကောင်မလေးတစ်ယောက် ရောက်လာသည်။ အနုကို ထွက်သွားစေဖို့အတွက် ခေါ်လိုက်ခြင်းဖြစ်သည်ဟု နားလည်သဘောပေါက်ရသည်။ အနု ကြီးကြီးကို ဆေးတိုက်ပြီးလျှင် ...





"အနုလေး သွားတော့လေ။ ကြီးကြီးလည်း တရားနာတော့မယ်၊ အေးရွှေ နှိပ်ပေးလိမ့်မယ်၊ သွားတော့"

"ဟုတ် ... ကြီးကြီး"

အနုက ကြီးကြီး အနားကနေ အသာထွက်ခွာလာလျှင် နောက်ကနေ၍ ခေတ်ကပါ လိုက်ပါလာသည်။ အနုက ခေတ်ကို လှည့်ကိုမကြည့်ချေ။ တစ်နေ့က ခေတ်ပြောခဲ့သော စကားများသည် သေပြီးသားလူ အနုကို အကြိမ်ကြိမ် အခါခါ သတ်နေတာနဲ့ တူတော့သည်။

သူပြောတာတွေ၊ သူ့လုပ်ရပ်တွေကို ခံစားရလွန်းအားကြီးသောကြောင့် ရင်ထဲမှာ ဟုန်နေကာ ဘာမှကိုမရှိတော့သလို ခံစားနေရတာဖြစ်သည်။ သူနဲ့ပတ်သက်ပြီး ဘာမှကိုမစဉ်းစားတာက နားအအေးဆုံးပဲ ဖြစ်တော့မည်။

"အနု"

သူက ထင်မှတ်မထားသော အပြုအမူဖြင့် အနုရဲ့လက်ကို ဖျတ်ခနဲ ဆွဲလှည့်လိုက်လျှင် အနုနဲ့ သူနဲ့က မျက်နှာချင်းဆိုင် ဖြစ်လို့သွားသည်။ သူ့ကို တန်ပြန်စိုက်ကြည့်နေသည့် အနုမျက်လုံးတွေထဲတွင် ခံစားချက်များ ပါမသွားအောင် အတော်ပဲ ထိန်းချုပ်ထားရသည်။

"နင် ဘာဖြစ်နေတာလဲ၊ ငါ့ကို စိတ်ကောက်နေတာလား"

"အဲဒီလောက် စာရင်းမရှိပါဘူး၊ ဖယ်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အနုက သူ့လက်ကို ပုတ်ထုတ်လိုက်ကာ အောက်ထပ်သို့ ဆင်းဖို့ပြင်သည်။ သူက အနုရဲ့ရှေ့မှ ပိတ်ရပ်ကာ ...

"အနု ... နင် ငါ့ကို အဲဒီလို မဆက်ဆံစမ်းပါနဲ့၊ နင် ဘာဖြစ်ချင်တာလဲ ငါ့ကိုပြော"

"ငါ ဖြစ်ချင်တာ ပြောရရင်တော့ နင် ငါ့ရှေ့ကထွက်သွားရင် အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

"ကျွတ် ... ဘာတွေလဲကွာ။ အနု ... နင် ငါ့ကို ဘာတင်းနေတာလဲပြော။ ဘာလဲ တစ်နေ့က မေမေနဲ့ ငါနဲ့ပြောနေတာတွေကို ကြားပြီး ငါ့ကိုတင်းတာလား။ ငါပြောတာ ဘာအမှား ပါလို့လဲ ...

ငါတို့ကို လက်ထပ်ပေးမယ်တဲ့။ ငါတို့က ဒီအရွယ်နဲ့ လက်ထပ်စရာလား၊ ပြီးတော့ တို့နှစ်ယောက်က ကြိုက်နေကြတယ်ဆိုလည်း ထားဦးလေ ...

အခုဟာက ဘာမှမဆိုင်ဘဲ ဘလိုင်းကြီး ပြောတာကို ငါက ကန့်ကွက်တာ၊ နင့်အတွက်လည်း ပါ,ပါတယ်"

အနုက သူ့မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်လိုက်လျှင် သူကလည်း မခေသူတို့ရဲ့ထုံးစံအတိုင်း အနုကို ပြန်စိုက်ကြည့်ကာ ဘာမှားနေသလဲဟူသော ပုံစံဖြင့် မျက်ခုံးချီပင့်ပြသည်။ အနုက မဲ့ပြုံးတစ်ချက်ကို ပြုံးလိုက်ကာ ခေါင်းတစ်ချက်ဆတ်ရင်း ...





"ဟုတ်ပါတယ်။ ဒါပေမဲ့ ငါတွေးထားတာက လူကြီးတွေ အဲဒီလို စီစဉ်ချင်ရအောင် ငါတို့တွေ အထူးသဖြင့် ငါပေါ့၊ ငါ နေတာထိုင်တာ ဘာမှားနေသလဲ၊ ပြန်ဆန်းစစ်ကြည့်တော့ နင်နဲ့ သိပ်ရင်းနှီးနေလို့ဆိုတဲ့ အဖြေပဲ ထွက်တယ် ...

ဒါကြောင့် ပုံမှန်ပဲနေဖို့ ဆုံးဖြတ်စဉ်းစားလိုက်တာပဲ"

"ဟာ ... ဘာဆိုင်လဲ အနုရ။ ငါတို့ သိပ်ရင်းနှီးတယ်ဆိုတာ ဘာကို ပြောတာလဲ။ ဒီလောက် ရင်းနှီးတယ်ဆိုတာကလည်း နင်နဲ့ ငါနဲ့က ငယ်ငယ်တည်းက ဒီလိုသံယောဇဉ်ကြီးခဲ့ကြတာပဲလေ ...

ဘာလဲ ... နင်က ဒီသံယောဇဉ်တွေကို ဖြတ်တောက်ချင်နေတဲ့ သဘောလား။ ဘာကြောင့်လဲ၊ အဲဒီလိုလုပ်စရာ ဘာအကြောင်းရှိလို့လဲ"

သူက အနုကို ချောင်ပိတ်သော မေးခွန်းတွေဖြင့် မေးလာသည်။ အနု သူ့ကို မုန်းလိုက်တာ။ သိပ်မုန်းတာပဲ။ သူ ... အနု ဘာဖြစ်နေတယ်၊ ဘာတွေခံစားနေရတယ်၊ ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ သိသိကြီးနဲ့ အနုကိုထွက်ပေါက်မပေးသော ... ဖြစ်သည်။ အနု ဆိုသော မိန်းမဟာ Do or Die တစ်ခုခုကို ရွေးချယ်ချင်သောသူ။ သူ့ဘေးနားမှာနေပြီး မသေမရှင် မချိ ... ဝေဒနာကို ခံစားနေရတာထက် သူနဲ့အဝေးဆုံးမှာနေပြီး ... ည်းတွေ ကွဲသွားတာက ပိုကောင်းဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းပြချက်မှ ပေးစရာ မရှိဘူး။ နင့်လိုပဲ ငါလည်း ငါ့သီအိုရီနဲ့ ငါပဲပေါ့"

အနုရဲ့စကားကို သူက အံ့ဩတယ်ဟူသော ပုံစံဖြင့် ဟာခနဲ ရေရွတ်သည်။ ပြီးတော့ တောင်းပန်တိုးလျှိုးသလိုကြည့်ကာ ...

"နင် ငါ့ကို ဘယ်လိုဖြစ်စေချင်သလဲ အနု"

"ဘာဖြစ်တယ်"

"ဟုတ်တယ်။ နင် ငါ့ကို ဘယ်လိုပုံစံနဲ့ နေစေချင်တာလဲ။ ငါ့ကို နင် ကြိုက်တဲ့ပုံပြော။ နင် နေစေချင်သလိုနေမယ်။ ဒါပေမဲ့ ငါ့အပေါ်မှာထားတဲ့ သံယောဇဉ်တွေကိုတော့ ပြောင်းလဲမပစ်လိုက်ပါနဲ့ အနုရာ ...

တို့နှစ်ယောက်ကြားမှာရှိတဲ့ သံယောဇဉ်ဆိုတာ ခဏလေးနဲ့ ဖွဲ့တည်လာတဲ့ သံယောဇဉ်တွေ မဟုတ်ပါဘူး။ တစ်နှစ် မဟုတ်ဘူး နှစ်,နှစ်မဟုတ်ဘူး ...

ဆယ်စုနှစ် တစ်ခုကျော်အထိ ဖွဲ့တည်လာတဲ့ သံယောဇဉ်တွေပါ။ ဒီသံယောဇဉ်တွေက ဘာနဲ့မှမတူအောင် နက်ရှိုင်းပါတယ်။ ဒါကြောင့် နင်က ငါ့အတွက် ဘယ်သူနဲ့မှ မတူတဲ့ လူတစ်ယောက် ဖြစ်နေတာပေါ့ ...

နင် ငါ့ကို နားလည်နိုင်မှာတော့ မဟုတ်ဘူး ဒါပေမဲ့ အရင်လိုပဲနေပါ အနုရယ် ... နော်"





အနုက သူ့မျက်နှာကို တည့်တည့်ကြည့်နေရာမှ ကြိတ်ပြီး မျက်နှာလွှဲပစ်လိုက်သည်။ အနု ဘာပြန်ပြောရမည် ည်း။ ဒီနည်းနဲ့ပဲ အနု တစ်ယောက် အရည်ပျော်ကျခဲ့ပေါင်းများ ပြီ။ အမှတ်မရှိသော နှလုံးသားဟာ သူ ဒီလိုပြောတော့လည်း ငြင်းခံနိုင်စွမ်း မရှိခဲ့ပါ။

ငြိမ်သက်နေသော အနုရဲ့လက်မောင်းကို သူက အားပေးနှစ်သိမ့်သလို တစ်ချက်ဖျစ်ညှစ်ကာ ...

"ခုတလောမှာ ကြီးကြီးနေမကောင်းတာရော၊ နင့်ရဲ့အလုပ်ကိစ္စတွေနဲ့ရော၊ ပြီးတော့ ငါ့ကို စိတ်ဆိုးရတာတွေနဲ့ရော နင် ပင်ပန်းနေရောပေါ့ ...

Relax ဖြစ်အောင် Beauty Saloon သွား၊ ခေါင်းလျှော် အလှပြင်ပြီး Shopping ထွက်ပစ်လိုက်၊ အဲဒါတွေ အားလုံး ငါ စပွန်ဆာပေးမယ်၊ ဘယ်လိုလဲ"

"မသွားချင်ပါဘူး။ တော်ပြီ"

ဒီလောက် ပြောရင်ကို အနု စိတ်ပြေစ ပြုနေပြီဆို တာ သူ သိမှာပင်။ အင်း ... အမှတ်မရှိတဲ့ အနုဟာ အကြိမ်ကြိမ် ည်း ကျရှုံးဦးမှာပဲဖြစ်သည်။

"လာပါဟာ ... နင့်ကို ငါက ပျော်စေချင်လို့ပါ။ နင့် ခေါင်းထဲမှာ ဘာကိုမှ ထည့်မထားဘဲနဲ့ ငါ့ကိုလည်း နင့်ရဲ့ကိုယ်ရံတော်၊ မန်နေဂျာလို သဘောထားပြီး ရှေ့ ... နေ



www.burmeseclassic.com

www.burmeseclassic.com



နင်လုပ်ချင်ရာသာလုပ်။ ငါ နောက်ကနေ အကုန်လိုက်ရှင်းပေးမယ် ...

မမလေးရဲ့ သက်တော်စောင့်ပေါ့ ... အိုကေ ? ”

အနုက သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ခြေဆောင့်ပြီး လှေကားထက်မှ ဆင်းလာခဲ့သည်။ မိန်းမတွေဟာ နှာခေါင်းသာမပါရင် ဘာညာပြောသော စကားပုံတွေဟာလည်း အနုတို့ကိုကြည့်ပြီး ပြောတာဖြစ်နိုင်သည်။ ဒါပေမဲ့လည်း မတတ်နိုင်ပါ။ သူက ဒီလိုဆိုမှတော့လည်း အနုသည်လည်း နေတတ်အောင်နေဖို့ပဲ ကြိုးစားရတော့မည်။

မဟုတ်လျှင် အနုပဲ ခံစားရမည်။ ဘယ်သူကမှ ဝေဒနာ အထုပ်အပိုးကို ကြာကြာမွေ့ပိုက် မထားနိုင်ကြပါ။ ချစ်သူက ပေးလာသော သံယောဇဉ်အနက်ရှိုင်းဆုံး တစ်နေရာမှာပဲ အနုက ရပ်တန့်နေဖို့ ကြိုးစားရတော့မည်။





## ၁၀

သူက ကားကိုမောင်းထွက်ဖို့ရာအတွက် စက်နှိုးနေတုန်းမှာပင် နောက်ပါးဆီက ဒုန်းခနဲ အသံကြီးကြားကာ သူ့ကားတစ်ခုလုံးလည်း တုန်ခါသွားတာမို့ နောက်ကနေ၍ ဝင်အောင်းခြင်း ခံလိုက်ရပြီဆိုတာ သဘောပေါက်လိုက်ရသည်။ သွားပြီ ... အလုပ်ကတော့ ရှုပ်ကာ ပြဿနာတော့ တက်ပြီဆိုတာကို သိလိုက်၍ စိတ်ပျက်လက်ပျက်ဖြင့် ကျစ်ခနဲ စုတ်သပ်မိသွားသည်။ ရုတ်တရက်မို့ ကားပေါ်မှ မဆင်းသေးဘဲ မျက်မှောင်ကြုတ်ကာ ထိုင်နေတုန်းမှာပဲ သူ့ကားနံဘေးသို့ အရိပ်တစ်ခုက ကျရောက်လို့လာသည်။

“ဒီမှာရှင့် ... ရှင် ဒီလိုပဲ ထိုင်နေတော့မှာလား”

ချိုလွင်သော ဆည်းလည်းသံတစ်ပုဒ်ကြောင့် သူက အသာအယာ လှည့်ကြည့်လိုက်လျှင် နဖူးပေါ် လက်တင်ပြီး ည



www.burmeseclassic.com

www.burmeseclassic.com



တိုင်း စဉ်းစားနိုင်သော လူတစ်မျက်နှာကို တွေ့မြင်လိုက်ရသည်။ ဒါတောင် မျက်မှန်အကြီးကြီး ဟပ်ထားသဖြင့် သူမရဲ့မျက်နှာကို အသေအချာ မြင်တွေ့ခွင့် မရသေးချေ။ သို့သော် သူ မြင်ဖူး တွေ့ဖူးသမျှ မိန်းမအားလုံးတို့တွင် အချောဆုံး အလှဆုံးလို့ ပြောရမှာပင်။ သူ့စိတ်နဲ့ကို သူမက တည့်တည့်သွားတိုးသလား တော့ မပြောတတ်တော့ပါ။

သူက ရင်ခုန်စွာဖြင့် ကားပေါ်မှ တစ်ချက်ဆင်းလိုက်ကာ သူမရှေ့တွင် အေးအေးဆေးဆေး ရပ်လိုက်သည်။ သူမက လည်း သူ့ကို ခပ်အေးအေးပင် လက်ပိုက်ပြီး ကြည့်နေသည်။

"မင်းရဲ့မျက်မှန်က တော်တော်မိုက်ပါတယ်၊ ဘာတံဆိပ်လဲ"

(သူက ပြောရင်းနဲ့မှ သူမရဲ့မျက်နှာအနားသို့ တကယ် ပဲ တိုးကပ်ကြည့်ရှုလိုက်လျှင် သူမက အထိတ်တလန့်ဖြင့် ကိုယ် ကိုယို့ကာ နောက်ဆုတ်သည်။) သူကတော့ မျက်မှန်တံဆိပ်ကို တွေ့သွားပြီမို့ သူ့ဟာသူ ရေရွတ်သလိုဖြင့် ...

"ဪ ... Gucci ပဲ"

ဘယ်လိုမှ အဆက်အစပ်မရှိသော သူ့စကားတွေကို သူမက လိုက်မမီတော့ဟန်ဖြင့် မျက်မှောင်ကြုတ်လာကာ ...

"ဒီမှာ ... ရှင် ဘာတွေပြောနေတာလဲ။ ရှင့်ကားကို ကျွန်မ ကားနဲ့ နောက်ကနေ ဝင်ဆောင့်မိထားတာလေ၊ အဲဒီအတွက် ကြောင့် လာမေးတာ ...





ဘယ်လိုလူမှန်းလဲ မသိပါဘူး။ စိတ်ရော ကောင်း သေးရဲ့လား"

လက်ပိုက်ကာ အလိုမကျသလိုဖြင့် ပွစိ ပွစိ ရေရွတ် သံလေးကို သူက အင်မတန် သဘောကျစွာဖြင့် ငေးမိသွားရသည်။ ဒါပေမဲ့လည်း စကားပြောရမည့် ဝတ္တရားရှိတာမို့ သူမ နားလည် အောင်တော့ ပြန်ပြောရလိမ့်ဦးမည်။

"ကိုယ်စိတ်ကောင်းပါတယ်၊ ကိုယ့်စိတ်က ပြောရရင်တော့ တွေးခေါ်တဲ့ IQ က သူများထက် ပိုနေလို့ပါ ...

ကိုယ့်ကားကို မင်း နောက်က ဝင်ဆောင့်တယ်ဆိုတာ မျက်စိမှုံနေလို့ ဖြစ်မှာပေါ့၊ ဒါမှမဟုတ်လည်း မင်းမျက်မှန် က မြင်ကွင်းကို မရှင်းစေတာဖြစ်မယ်။ မင်း အဲဒီမျက်မှန် ကို တပ်ထားတာကတော့ အင်မတန် ဖက်ရှင်နေးဘဲလ် ဖြစ်ပါတယ်၊ Gucci ကုမ္ပဏီကသာ မြင်ရင်တော့ မင်းကို မော်ဒယ်အဖြစ်ငှားမှာ သေချာတယ် ...

ဒါပေမဲ့လည်း မင်းရဲ့အသက်အန္တရာယ်အတွက်တော့ စိတ်မချရတဲ့ မျက်မှန်ပဲ၊ ကိုယ်က အဲဒါကို ဆိုလိုတာ"

သူ့စကားကို သူမက ဩချတယ်ဟူသော ပုံစံမျိုးဖြင့် ခစ်ချက်တွန့်ကာ ...

"ရှင့်အတွေးအခေါ်က မဆိုးပါဘူး၊ ဒါပေမဲ့ ရှင့်ကားကို ဝင်တိုက်မိတဲ့ အဓိကတရားခံက မျက်မှန်မဟုတ်ဘူးရှင့် ဟောဒီမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်လုံးဖြင့် သူ့ကိုလှမ်းပြသည်။ ခြေထောက်တစ်ဖက်ကလည်း ရှေ့သို့ ထွက်လာသေးလေသည်။ သူမပြသော အရာမှာ အင်မတန်လှသော်လည်း အင်မတန်မြင့်လှသည့် ဒေါက်ဖိနပ်တစ်ရန်ဖြစ်သည်။ ဖိနပ်က ဒေါက်သည် သေးသွယ်ချွန်မြင့် မြင့်လွန်းသောကြောင့် ဘရိတ်နင်းဖို့အတွက် အခက်အခဲဖြစ်သွားတာ ဖြစ်နိုင်ပါသည်။

သူက သူမဖိနပ်ကို ငုံ့ကြည့်ပြီး ခေါင်းတစ်ချက် ဆတ်လိုက်ကာ ...

"အင်း ... နိုင်ငံတကာ သုတေသနစစ်တမ်းတစ်ခုအ အမျိုးသမီးတွေ ကားမောင်းရင် ဖြစ်တတ်တဲ့ အက်ဆီး တွေကို စစ်တမ်းကောက်ယူလိုက်ရင် သိပ်မြင့်တဲ့ ဒေါက်ဖိ တွေကြောင့်ဖြစ်ရတဲ့ အက်ဆီးဒင့် ရာခိုင်နှုန်းက သုံးဆ ရာခိုင်နှုန်းလောက်ရှိသတဲ့ ...

အန္တရာယ်များလိုက်တာကွာ၊ ဘာဖြစ်လို့ ဒါ လောက်မြင့်တဲ့ ဒေါက်သေးသေးလေးကို စီးလာရတာလဲ"

"အလာတုန်းကတော့ ကျွန်မအစ်ကို မောင်းလာတာ သူက ကိစ္စတစ်ခုကြောင့် စောပြန်သွားရတော့ ဒီကား ကျွန်မပဲ ဆက်မောင်းဖို့ဖြစ်လာတာ ...

ကဲပါ ရှင့်ကားနောက်က ညာမီးခွက်ကွဲသွားတာ ကျွန်မ ဘယ်လောက် လျော်ပေးရမလဲ"





"နေပါစေ၊ မင်းအပြစ်ကြောင့်မှ မဟုတ်တာ၊ ဒေါက်ဖိနပ်ကြောင့်ဖြစ်ရတာလေ၊ ကိုယ် ခွင့်လွှတ်ပါတယ်"

သူ့အပြောကို သူမက သဘောကျသလိုဖြင့် ပြုံးကာ...

"ရှင် ခွင့်လွှတ်ပေမယ့် ကျွန်မကတော့ ကျွန်မမှာ တာဝန်ရှိတယ်လို့ ခံစားရတယ်၊ အဲဒီအတွက် ရှင့်မီးခွက်ကို လဲပေးပါရစေ"

"အင်း ... လဲပေးတာထက် မင်း ဒီဖိနပ်နဲ့ ကားဆက်မောင်းပြီး ပြန်မယ်ဆိုရင်တော့ ကိုယ် ရတက်မအေးဘဲ ကျန်ခဲ့ရလိမ့်မယ်နော်"

သူ့စကားကို သူမက ဟာသတစ်ပုဒ်ကြားသည့်အလား ဟက်ဟက်ပက်ပက် ရယ်မောကာ ...

"ကောင်းပြီလေ ရှင် ရတက်အေးသွားအောင် ကျွန်မ ကူညီပါ့မယ်"

"မင်းကို ကိုယ်က ကူညီရမှာမဟုတ်ဘူးလား၊ မင်းကားကို ကိုယ်လိုက်မောင်းပေးနိုင်ပါတယ်"

"အဲဒီလောက်ထိ မလိုအပ်ပါဘူး၊ ကျွန်မ ရှာကီရာလုပ်လိုက်ရင် အားလုံး အဆင်ပြေသွားမှာပါ"

(2010) ကမ္ဘာ့ဖလားအထိမ်းအမှတ် သီချင်းဖြစ်သော ဝါကာ ဝါကာ သီချင်းကို သီဆိုခဲ့သူ ကိုလံဘီယာအဆိုကျော် ရှကီရာသည် စတိတ်ရှိုးဖျော်ဖြေလေသည့်အခါတိုင်း ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်မစီးတာကို သူမက ညွှန်းဆိုခြင်းဖြစ်သည်။ သူက သူမရဲ့ အပြောကို သဘောကျစွာဖြင့် ...

"အိုကေ ... အဲဒီ Idea ကောင်းပါတယ်၊ အဲဒီလိုပဲလုပ်ပါ"

သူက သွားတော့ ... ဟူသော သဘောဖြင့် သူမကို လက်ဆန့်တန်းညွှန်ပြလိုက်သည်။ သူမက ချက်ချင်းထွက်ခွာမသွားသေးဘဲ သူ့ကို တစ်ချက်ကြည့်ကာ ...

"ရှင့်ဖုန်းနံပါတ်လေး ပြောပါ"

"Why ?"

"ရှင့်ကား မီးခွက်လဲဖို့ကိစ္စအတွက်နဲ့ပါ၊ အခုတော့ ကျွန်မ အချိန်မရလို့ နောက်နေ့မှ ဖုန်းဆက်ပြီး စီစဉ်ပေးပါ့မယ်"

"အဲဒီအတွက် ဖုန်းဆက်မယ်ဆိုရင်တော့ ဆက်မနေပါနဲ့တော့"

"ဘာဖြစ်တယ်"

"ဟုတ်တယ်လေ၊ ကားမီးခွက်တစ်လုံးနဲ့လည်း ကိုယ် ဒွဲသွားမှာမှ မဟုတ်တာ၊ ဒီကိစ္စကို မေ့ထားလိုက်တော့"

သူမက အသာအယာပြုံးကာ ဘာအဓိပ္ပာယ်မှန်းမသိဘဲ ခေါင်းတစ်ချက်ယမ်းသည်။

"ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် ရှင့်ဖုန်းနံပါတ်လေးတော့ ရချင်တယ်"





အဲဒီအပြောလေးကိုတော့ သူက တကယ်ပဲ သဘောကျသွားရသည်။ တချို့မိန်းကလေးတွေ တကယ်ပဲ အပြောကောင်းတယ်ဆိုတာ သူ လက်ခံသွားရပြီဖြစ်သည်။ မာယာမပါသော ဖွဲ့ဆောင်မှုရှိသည့် စကားပြောနည်းကို ပြောတတ်ဖို့ဆိုတာ လူတိုင်းအတွက် မလွယ်ပါ။

"ကိုယ့်ဖုန်းနံပါတ်က (xxx)ပါ၊ မှတ်မိရဲ့လား"

သူမက သူရွတ်ပြသောနံပါတ်ကို ခပ်တိုးတိုး ရေရွတ်ကာ ခေါင်းညိတ်ပြသည်။ သဘောကတော့ အလွတ်ကျက်လိုက်သည့်သဘော။

"အိုကေလေ၊ ကျွန်မကို ခွင့်ပြုပါဦး"

"ဟေး ... ဝါဟာ ဝါကာ"

လှည့်ထွက်တော့မည့်လုပ်နေသော သူမက သူ့ခေါ်သံကြောင့် လည်ပြန်လှည့်ကြည့်ကာ ...

"ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဪ ... မင်းက ရှာကီရာလုပ်မယ်ဆိုလို့ပါ၊ ဒါကြောင့် သူ့ရဲ့နာမည်ကြီးသီချင်း ဝါကာ ဝါကာလို့ ခေါ်လိုက်တာ၊ မင်းနာမည်မှ ကိုယ်မသိဘဲ ...

မင်း ဖိနပ်ချွတ်ဖို့ မေ့သွားဦးမယ်လို့ သတိပေးတာ"

"မမေ့ပါဘူး၊ ကျွန်မအတွက် ဒုတိယအကြိမ် ကံမကောင်းနိုင်တော့ဘူးဆိုတာ သိပြီးသားပါ၊ ဪ ... ရှင် ကျွန်မကို ဝါကာဝါကာလို့ မခေါ်ပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနာမည် အလင်းပွင့်ပါ”

ပြောပြီးတာနှင့် သူမက ချာခနဲ လှည့်ထွက်သွားသည်။ မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်သည့် ခန္ဓာကိုယ်အချိုးအစားနှင့် အင်မတန်လှပသည့် ရုပ်ရည်ပိုင်ရှင် သူမသည် စကားပြောလည်း ကောင်းသွားသောအခါ ဘာလိုသေးလဲအချစ်ရယ်ဟု မေးချင်စရာ ဖြစ်သွားသည်။

မထင်မှတ်ဘဲ ဆုံတွေ့ခွင့်ရသော အလင်းပွင့်သည် သူ့အနားမှ ကားကို ဖြတ်မောင်းသွားကာ ကားထဲမှ လက်တစ်ဖက်ပြပြီး နှုတ်ဆက်သွားသည်။ သူကတော့ ကားနောက်မြီးကို ခပ်ပျပျမြင်ရသည်အထိ ငေးမောပြီးကျန်ရစ်ခဲ့သည်။ သူ့ဖုန်းနံပါတ်ကိုတော့ သူမက ရယူသွားပြီ။ ဘယ်အချိန်မှာ ဖုန်းဆက်မလဲဆိုတာတော့ သူမကိုယ်တိုင်မှပဲ သိလိမ့်မည်။

✌ ❤ ✌





## ၁၁

“ဖေဖေ ထမင်းစားတာနည်းလှချည်လား၊ စားမကောင်းဘူးလား”

အနုက ဖခင်ဖြစ်သူရဲ့ ထမင်းပန်းကန်ထဲသို့ ဂရုစိုက်ကြည့်ကာ မေးဖြစ်သည်။ ခုတလောမှာ ကြီးကြီးက နေကောင်းဖြစ်နေတာမို့ ထမင်းဝိုင်းတိုင်း၌ ဖေဖေနှင့် အနုသာ တူတူစားဖြစ်ကြသည်။ နေ့ခင်းစာကတော့ ဖေဖေက ရုံးမှာစား မို့ မဆုံဖြစ်သော်ငြား မနက်ခင်း Breakfast နှင့် ညစာကိုတော့ သားအဖနှစ်ယောက် အတူတူ ဆုံဖြစ်ကြသည်။

ကိုယ်သံယောဇဉ် ရှိရသော အိမ်သားတစ်ယောက် နေကောင်းဖြစ်လျှင် ကျန်တဲ့အိမ်သားတွေလည်း တိတ်ဆိတ် ကက်ကပ်ရတာက ဖြစ်မြဲထုံးစံလားတော့ မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"စားကောင်းပါတယ်၊ ညစာကို တမင်လျှော့စားနေတာ၊ လေးဆယ်ကျော်လာပြီဆိုတော့ လူက နည်းနည်းလေးချင်လာပြီ ...

ဒါကြောင့် မနက်တောင် လမ်းထလျှောက်မလားလို့ စဉ်းစားနေတာ၊ မိုးမပြတ်သေးတာနဲ့ မလျှောက်ဖြစ်သေးတာ"

"Gym ဆော့ပေါ့ ဖေဖေရဲ့၊ တကယ်တော့ လူတိုင်းဟာ ကျန်းမာရေးအလေ့အထ တစ်ခုခုကို နေ့တိုင်း လိုက်စားသင့်တယ်နော်"

"ဒါပေါ့၊ ဖေဖေတောင် ကြက်တောင်ပြန်ရိုက်မလားလို့၊ ကြက်တောင်ရိုက်တာ တော်တော်ကောင်းတယ်လို့ ပြောတယ်၊ သူက တင်းနစ်ရိုက်တာထက် ပိုဝိတ်ကျတယ်"

"ရိုက်ပေါ့ ဖေဖေရဲ့၊ အားကစားလုပ်တာ ချွေးလည်းထွက်ပြီး အသားအရေလည်းလှတယ်၊ လူလည်း ပေါ့ပါးတယ်"

"အင်း ... လုပ်တာပေါ့၊ လုပ်ရတော့မယ်၊ ကဲ ... သမီး ပြီးရင် ဖေဖေ့စာကြည့်ခန်းထဲ လာခဲ့ဦး၊ ပြောစရာရှိလို့"

"ဟုတ် ...ဖေဖေ"

ဖေဖေက အရင်စားပြီးတာမို့ ထထွက်သွားလျှင် အနုက ကျန်ရှိသောထမင်းကို ဆက်စားမိသည်။ စားပြီးတာနှင့် ပလုတ်ကျင်း၊ ပါးစပ်ဆေးကာ အိမ်ရှေ့မှာ လမ်းခဏလျှောက်ပြီး





နောက် ဖေဖေရှိနေမည့် စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ အဖေသည်လည်း ထမင်းစားပြီးခါစမို့ မထိုင်ဘဲ စာကြည့်ခန်းထဲမှာ သမ်းလျှောက်နေသည်။

အနု ဝင်လာတာမြင်တော့မှ ခုံတစ်ခုတွင် ဝင်ထိုင်နင်း ...

"သမီးတို့ဖွင့်မယ့် ဆိုင်အခြေအနေကရော ..."

"ကောင်းပါတယ် ဖေဖေ၊ အားလုံး ရယ်ဒီဖြစ်နေပါပြီ၊ ဖက်ရှင်ဆိုင်မှာဖွင့်မယ့် အဝတ်အစားတွေကတော့ ဆိုင်ဖွင့်ဖို့ နှစ်ပတ်လောက်လိုမှပဲ သမီးနဲ့ မျိုးမျိုးတို့ ဗန်ကောက်သွားဝယ်ကြမယ် ...

အစောကြီးကြိုဝယ်ထားရင် ဒီတ်အောက်သွားမှာစိုးလို့"

"သမီးတို့က ဗန်ကောက်ကပဲ ဝယ်ပြီးတင်ကြမှာလား"

"မဟုတ်ဘူး/ဖေဖေ၊ မျိုးမျိုးအဒေါ်က မန္တလေးမှာလည်း အထည်တွေ လက်ကားဖြန့်တဲ့ဒိုင်ဆိုတော့ သူ့ဆီကလည်း တရုတ်ကလာတဲ့ ချိုကောင်းချောင်လေးတွေ ယူပြီးတင်မယ် ...

လူတန်းစားမရွေး ဝတ်နိုင်အောင်လို့ပါ"

"ကောင်းတယ် ... ကောင်းတယ်၊ အဲဒါမှ အလှာမရွေး ပျံ့နှံ့မှာ၊ အင်း ... သမီးလည်း အခုရွယ်တည်းက စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ရေးကို စိတ်ဝင်စားပြီး ကြိုးစားချင်စိတ်ရှိတာ ကောင်းပါတယ် ...

အသက် သုံးဆယ်လောက် ကျရင် တကယ့်ကို Business Womanကြီးဖြစ်နေလောက်ပြီ၊ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုအပြည့်ရှိနေလောက်ပြီ၊ ဖေဖေက သမီးကို တစ်သက်လုံး ရှာကျွေးထားနိုင်ပါတယ်၊ ဒါပေမဲ့ သမီးကိုယ်တိုင် အလုပ်လုပ်ခြင်းအားဖြင့် ဖေဖေ မပေးနိုင်တဲ့အရာတွေကို သမီးရမယ် ...

အဲဒါတွေကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာမှု၊ သူများက ကိုယ့်ကို ယုံကြည်လာမှု၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တယ်ဆိုတဲ့ ရဲဝံ့မှုတို့ပဲ သမီး၊ အလုပ်လုပ်တယ်ဆိုတော့ တော်တန်ရုံ စိတ်လေတာမျိုးလည်း မရှိတော့ဘူးပေါ့"

အနုက ဖေဖေ့ရဲ့စကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရသော်လည်း စိတ်ထဲမှာတော့ ဖေဖေ ဘာကို အဓိကထားပြောချင်နေတာလဲဟု တွေးနေမိသည်။ ကြီးကြီးရဲ့ရောဂါအခြေအနေကြောင့် အနု စိတ်ဓာတ်ကျ အားငယ်နေမှာကို မလိုလား၍လား။ ခေတ်ကြောင့် အနုဟာ အသည်းကွဲနေသည်ထင်ပြီး နှစ်သိမ့်စကားတွေ ပြောနေတာလား။ ဘာကို ဆိုလိုချင်မှန်းမသိသဖြင့် အနုက ပွင့်ပွင့်လင်းလင်း ဖွင့်မေးလိုက်သည်။





"ဖေဖေ့ကြည့်ရတာ သမီးကို တစ်ခုခုပြောချင်နေတဲ့ပုံပဲ"

"အင်း ... ဖေဖေ့သမီးက တကယ် Sharpဖြစ်ပါတယ်၊ ပြီးတော့ ထိုက်သင့်သလောက် နားလည်ရင့်ကျက်နေပြီလို့လည်း ထင်တယ်"

အနုက ဖေဖေ့စကားကို ဟုတ်ကဲ့ခံမနေဘဲ မျက်မှောင်လေးတစ်ချက်သာ ခတ်ပြလိုက်သည်။

"သမီးကြီးကြီးကိုတော့ ဖေဖေ ပြောပြထားပြီးပါပြီ၊ သမီးကိုလည်း ဖေဖေကိုယ်တိုင်ပဲ အသိပေးချင်တာနဲ့ ခေါ်ပြောတာ၊ ဖေဖေ အိမ်ထောင်ပြုတော့မလို့ သမီး"

တစ်ခါမှ မမျှော်လင့်ထားသောစကား ဖြစ်နေသဖြင့် အနုသည် ဖေဖေ့ကို အံ့သြတကြီးနှင့် ကြောင်ပြီး ကြည့်နေမိသည်။

"သမီး အံ့သြသွားလား"

အနုသည် စကားပြန်မပြောနိုင်ဘဲ ယောင်ပြီး ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။ ဖေဖေ ဘယ်သူနဲ့ တွဲနေတယ်၊ [illegible]ါနဲ့ တွဲနေတယ်ဟု အသံလုံးဝမကြားလိုက်ရဘဲ ရုတ်တရက် ဒီလိုပြောလာသောအခါ အနု ဘာပြန်ပြောရမှန်းတောင်မသိဘဲ [illegible]နေသည်။ ဖေဖေကတော့ ဆုံးဖြတ်ချက်ခိုင်မာထားပုံရသည်။ ကြီးကြီးကိုလည်း ပြောပြပြီးပြီ။ အနုကိုလည်း အသိပေးချင်တာနဲ့ ပြောတာ စကားလုံးများမှာ ခွင့်ပြုချက်တွေ၊ အကြံဉာဏ်တွေ၊ သဘောထားတွေ တောင်းခံတာမပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆုံးဖြတ်ထားသောကိစ္စကို အသိပေးရုံသက်သ
ဟု နားလည်သဘောပေါက်ရလျှင် အနု ရင်ထဲ၌ ဝမ်းနည်းစိ
က လှိုက်တက်ပြီးလာသည်။ ဩော် ... ဒါကြောင့် အားကစားလု
မယ်၊ ကျန်းမာနုပျိုချင်တယ်တွေ ဖြစ်နေတာကိုး။ ဇနီးသစ်လေး
အသက်ရှည်ရှည် နေချင်သေးတယ်ပေါ့နော် ဖေဖေ။ အနုသ
ဖေဖေ မသိအောင် အံကလေးကို မသိမသာကြိတ်မိသည်။

အနုက ဘာမှ ဆက်မပြောသောအခါ ဖေဖေက
သိစရာရှိတာတွေကို ဆက်ပြောပြသည်။

"သူ့နာမည်က ဒေါ်အေးသန္တာလို့ခေါ်တယ်၊ အသက်
သုံးဆယ့်ငါးနှစ်ပဲရှိသေးတယ်၊ အပျိုကြီးပါပဲ၊ ဖေဖေ့မိ
ဆွေတစ်ယောက်ရဲ့ရုံးက စာရင်းကိုင်ပေါ့၊ သူ့အဖေ
အမေရော ရှိသေးတယ်၊ ပင်စင်စားတွေပေါ့၊ တခြားညီအ
ကိုမောင်နှမတွေကတော့ အိမ်ထောင်တွေ ကျကုန်ပြီ

သူ့ပုံစံက အေးအေးချမ်းချမ်းပါပဲ၊ ဖေဖေနဲ့ယူပြီး
တော့ သူ အလုပ်ထွက်မှာပေါ့၊ အဲဒါ ဖေဖေတို့ ရှေ့လဆ
တစ်ရက်နေ့မှာ လက်မှတ်ထိုးလက်ထပ်ဖို့ စီစဉ်ထားတ
မင်္ဂလာဧည့်ခံပွဲတော့ လုပ်ဖို့ အစီအစဉ်မရှိပါဘူး၊ ည
ဘက်မှာပဲ ရင်းနှီးတဲ့ မိတ်ဆွေတွေကို ဒင်နာလုပ်ပေးမ

အနုသည် ဘာမှ ပြန်မပြောဘဲ ပါကေးကြမ်းပြင်
သာ သဲသဲမဲမဲ စိုက်ကြည့်နေမိသည်။ တစ်ချိန်လုံး ဘာမှ မ





ဘာဘဲ အနီးကပ်ကျမှ ဂိုးသွင်းခံလိုက်ရသဖြင့် ဘာကို နင်မှန်း
သိ နင်နေကာ လူက ထုံတုံတုံဖြစ်နေသည်။

"သမီး ဘာဖြစ်သွားတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

"သမီး ဖေဖေ့ကို စိတ်ဆိုးသွားလား၊ စိတ်ဆိုးတယ်ဆိုရင်
တော့ ခဏပဲဆိုးပါကွာ၊ ဖေဖေ့ကို နားလည်ပေးဖို့ ကြိုးစား
ပါ ...

ဖေဖေ့မှာ အဖော်မွန်လိုတယ် သမီး"

အဖော်လိုတာများ ဖေဖေရယ် လမ်းဘေးကွမ်းယာ
ဆိုင်မှာ အလွယ်တကူဝယ်လို့ရပါတယ်ဟူသော စကားက လွတ်
နဲ့ ထွက်သွားတော့မလိုဖြစ်တာကြောင့် အနုက အမြန်ဘရိတ်အုပ်
စ်လိုက်ရသည်။ အေးလေ ... ဖေဖေ ပြောတာက အဖော်မွန်လို့
ပြောတာပဲ။ အဖော်ထက်တော့ အဆင့်အများကြီး မြင့်မှာပင်။
အနုသည် ငုငုငိုင်ငိုင်ဖြင့် ဘာတွေ လျှောက်တွေးနေမှန်းမသိ
တွေးနေမိသည်။

"သမီးရဲ့တစ်သက် ဖေဖေ အိမ်ထောင်မပြုခဲ့တာလည်း
သမီး ထည့်စဉ်းစားပေးပါကွာ၊ ဒါဟာလည်း သမီးလေး
အတွက် အများကြီး ထည့်စဉ်းစားပေးခဲ့တာပါ၊ ခုချိန်မှာ
တော့ သမီးလည်း အရွယ်ရောက်ပြီး ကိုယ့်ကိုယ်ကိုယ်
Control လုပ်နိုင်နေပြီပဲလေ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖေဖေ အိမ်ထောင်ပြုလိုက်တာဟာ ကြီး
ဝက်သက်ပေါက်ချင်တာ တစ်ခုတည်းကြောင့် မဟုတ်ပါဘူး
လူတစ်ယောက်မှာ အဖော်ဆိုတာ လိုအပ်တယ် သမီး
အသက်ကြီးလာတဲ့အခါ လူက အဖော်ကို ပိုတောင့်တလာ
တယ်၊ ဒါတွေ သမီး ကြီးလာတဲ့အခါ ပိုနားလည်မှာပါ

အခုလည်း ငါ့သမီးလေးက နားလည်သင့်သလောက်
နားလည်ပါတယ်၊ ခုလောလောဆယ်မှာတော့ စိတ်မကောင်း
ဖြစ်ချင်ဖြစ်နေမှာပေါ့၊ မဖြစ်ပါနဲ့ သမီးရယ်၊ ဖေဖေ ဒီ
လုပ်လိုက်တာဟာ သမီးကို မချစ်လို့လည်း မဟုတ်ဘူး
သမီးထက် သူ့ကို ပိုချစ်လို့လည်း မဟုတ်ဘူး ...

ဖေဖေ့သမီးလေးဟာ ဖေဖေ့အတွက် အချစ်ဆုံး
No two ပါ၊ နော် သမီး"

ဖေဖေကချည်း စကားတွေ အရှည်ကြီးပြော
သည်။ အနကတော့ ဘာပြန်ပြောရမှန်းမသိ။ အေးလေ ... အန
ဘာပြောစရာလိုလို့လဲ။ ပြောရမယ့်လူက ဖေဖေပဲဟာ။ ဟို
တော်နဲ့ တွေ့ခါစတည်းက နှုတ်ပိတ်ခဲ့တဲ့စကားတွေ ဖေဖေ
ရည်းစားဖြစ်တာ ဘယ်နနှစ်ရှိမလဲ။ ထားပါ။ တစ်နှစ်ပေါ့။

တစ်နှစ်စာပိတ်ခဲ့တဲ့ စကားတွေအတွက် ဒီ
တောင် ပြောရဦးမည်။

"သမီး ဖေဖေ့ကို ဘာမှ မပြောတော့ဘူးလား"





"ဘာပြောရဦးမှာလဲ ဖေဖေ"

"တစ်ခုခုပေါ့၊ သမီးဟာက အရမ်းနှုတ်ဆိတ်လွန်းနေတယ်၊ ဘာလဲ စိတ်မကောင်းဖြစ်သွားတာလား၊ စိတ်ညစ်သွားတာလား"

"ဒါတွေ မေးမနေပါနဲ့တော့ ဖေဖေ၊ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး၊ ဖေဖေ ပြောချင်တာ ဒါပဲမဟုတ်လား၊ သမီး ကြီးကြီးဆီ သွားတော့မလို့"

အနက ပြောလည်းပြော၊ ထိုင်ရာမှလည်း မတ်တတ်ထရပ်လိုက်သည်။ ဖေဖေက အနကို မေတ္တာရပ်ခံသလို မျက်လုံးများဖြင့် လိုက်ကြည့်ကာ ...

"လာမယ့်ဆန်းဒေး သမီး အားတယ်မဟုတ်လား၊ သမီးတို့ ကြီးကြီးတို့နဲ့ ပေးတွေ့ရအောင် သူ့ကို အိမ်မှာ ထမင်းစား ဖိတ်ထားတယ်"

အနက ဖေဖေ့ကို မသက်သာစွာဖြင့် တစ်ချက်ကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြပြီးနောက် စာကြည့်ခန်းထဲမှ ထွက်ခွာလာခဲ့သည်။ ရင်ထဲမှာ ဆို့နင့်နေသော အနမှာ ကြီးကြီးရှေ့မှာ မျက်ရည်မကျမိအောင် အတန်တန်ထိန်းထားရသည်။ ဒါပေမဲ့လည်း အန ဘာဖြစ်လာတယ်ဆိုတာကို သိသော ကြီးကြီးက အလိုက်သင့် ဆီးကြိုနှစ်သိမ့်ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနုလေး ဘာမှ အားမငယ်နဲ့၊ စိတ်လည်းမညစ်နဲ့ ကြီးကြီးကတော့ နေ့ရှိသရွေ့ တရားပဲမှတ်နေတော့တဲ့လူ ဆိုတော့ တရားစကားပဲ ပြောရမှာပဲ ...

လူဆိုတာ မွေးလာတော့လည်း တစ်ယောက်တည်း သေတော့လည်း တစ်ယောက်တည်းပဲ၊ ဘယ်သူ့ကိုမှ အားကိုးတကြီး ဖက်တွယ်ထားလို့မရဘူး၊ နေတတ်အောင် နေ သမီး၊ အဖေကိုလည်း မပြစ်မှားနဲ့၊ သူလည်း ပုထုဇဉ် လေ၊ ပြီးတော့ အရွယ်ရှိသေးတဲ့ ယောကျ်ားတစ်ယောက်_

ဘာဖြစ်ဖြစ် ယူမှာချင်းအတူတူ ကိုယ့်ထက်ငယ်တဲ့ မိန်းကလေးကို ရှာမယူလာတာ ကျေးဇူးတင်ရမယ်၊ လူ ကြားကောင်းသေးတဲ့ အရွယ်ရှိအပျိုကြီးကို တင့်တင့်တယ် တယ်ယူတာ ဝမ်းသာလိုက်ပါ ...

သူ့အခြေအနေနဲ့ မိန်းမတစ်ယောက်ကို ဒီလို ယူ ရနိုင်တာမဟုတ်ပါဘူး သမီးရယ်၊ အိမ်တစ်ဆောင် မီးတင် ပြောင်နဲ့ ခိုးဖွက်ထားတော့ရော ဘာတတ်နိုင်မှာလဲ၊ ကိုယ့် တောင် သိက္ခာကျသေးတယ် ...

အကောင်းဘက်ကပဲ မြင်ပါ သမီးလေးရယ်၊ တစ်ထီး လဲလို့ တစ်ပင်ထူတာပါ၊ တို့တူဝရီးအတွက်လည်း အ အများကြီး တာဝန်ကျေခဲ့ပါတယ် ...





လူတစ်ယောက်ကို အပြစ်မြင်ပြီး ငြိုငြင်တော့မယ်ဆို ရင် ကိုယ့်အပေါ်မှာ သူ ဘာတွေကောင်းခဲ့တယ် ဆိုတာ ပြန်တွေးကြည့်ပါ၊ ကိုယ့်ကိုယ်ကိုယ် စိတ်ညစ်မခံနဲ့ သမီး၊ အားလုံးကို အလိုက်သင့်လက်ခံပေးလိုက်တာ အကောင်းဆုံး နဲ့ စိတ်သက်သာရာအရဆုံးပဲ"

"ဒါပေမဲ့လည်း ကြီးကြီးရယ် ..."

အနုက မချိမဆန့်ပြောရင်း မျက်ရည်တစ်စက်က လွင့်ခနဲကျသည်။ ကြီးကြီးက အနုရဲ့လက်ကလေးတွေကို အားပေး သလို ဖျစ်ညှစ်ကာ ...

"ခုလောလောဆယ်တော့ သမီး ခံစားနေရမှာ ကြီးကြီး နားလည်ပါတယ်၊ ဒါပေမဲ့လည်း ကြိုးစားပြီး နေတတ်အောင် နေရမှာပဲ သမီး ...

တတ်နိုင်သမျှ မေ့ထားပြီး တခြားအကျိုးရှိတဲ့အရာ တွေနဲ့ အစားထိုး ဖြေဖျောက်ရမယ်၊ သမီး အခု ဆိုင်ဖွင့်ဖို့ ကိစ္စတွေ ရှိတယ်မဟုတ်လား၊ ကိုယ့်အလုပ်ထဲကို အာရုံနှစ် ပြီး အောင်မြင်အောင် ကြိုးစားပါကွယ်"

"ဟုတ်ကဲ့ပါ ကြီးကြီးရယ်"

ပြန်ဖြေသော အနုရဲ့အသံက အားမရှိချေ။ ကြီးကြီး ဆေးတိုက်ဖို့ပြင်ဆင်နေသော လက်တွေက တုန်ယင်နေသည်။ ကြီးကြီးက အနုကို ကရုဏာသက်သလိုကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း … သမီးလေးလည်း တစ်ဒုက္ခ၊ ကြီးကြီးကလည်း ကိုယ့်ရောဂါနဲ့ဆိုတော့ သမီးကို ကိုယ်ဖိရင်ဖိ ဂရုမစိုက် နိုင်ဘူး …

ဒါပေမဲ့လည်း သမီးကို နှစ်သိမ့်နေတာထက် ရဲရ မယ့်စကားမျိုးတွေနဲ့ပဲ အားပေးချင်တာ၊ သမီးလေး မငေ ညှိုးရဘူး၊ အားမငယ်ရဘူး၊ စိတ်ဓာတ်မကျရဘူး၊ ကြီးကြီး ကို ကတိပေးစမ်း"

"ပေးပါတယ် ကြီးကြီး"

"အေး … ပုထုဇဉ်မို့ ခံစားလည်း ခဏပဲခံစားလိုက်၊ ရ ထဲမှာ ဘာကိုမှ ကြာကြာသိမ်းမထားနဲ့ …

ကဲ ကဲ … သမီးလည်း သွားနားတော့၊ လျှော စဉ်းစားမနေနဲ့၊ သူငယ်ချင်းတွေဆီ ဖုန်းဆက်ချင်ဆ တခြားတစ်ခုခုကို အာရုံပြောင်းလိုက်၊ သွား … သွား"

အနုက ကြီးကြီးရဲ့အနားကနေ အသာထွက်ခွာ ခဲ့သည်။ ကိုယ့်အခန်းထဲသို့ရောက်သောအခါ မျက်လုံးတွေ တစ်ဖက်ခြံသို့ ရောက်သွားသည်။ ခေတ်ရဲ့အခန်းက မီးမဖွင့် သေး။ ညရှစ်နာရီဆိုတော့ ခေတ် အိမ်ပြန်ရောက်ဦးမည် မဟု သေးပါ။

ခေတ်ရေ … ငါ့အဖေ နောက်မိန်းမယူတော့မယ် လေ။ ငါ့ကို အချစ်မလျော့ပါဘူးလို့ ဘယ်လိုပဲပြောပြော သူ့





အသစ်စက်စက်က သူ့ရင်ထဲမှာ နေရာအပြည့်ရှိနေမှာ အသေအချာ ပဲလေ။ သူ့မျက်နှာတစ်ရွာထင်ပြီး သူ့နောက်လိုက်လာရတဲ့ သူလို သမီးပျိုတစ်ယောက်ရဲ့အဖေ မုဆိုးဖိုကို ယူတဲ့ အပျိုကြီးစစ် စစ်လေးဆိုပြီး အကြင်နာတွေပို၊ အယုအယတွေပိုပြီး တစ်မဟုတ်ဘူး နှစ်ဗျူဆိုပြီး နှစ်ဆတိုး ကြင်နာနေမှာ ငါ မြင်ယောင်ပါသေးတယ် လေ။

နင်ကတော့ ဒါတွေ ဘာမှ မသိဘဲ ခုချိန်မှာ ပျော် နေရောပေါ့။ ဘယ်သူနဲ့ရှိနေမှန်းမသိပေမယ့် နင် ပျော်နေမှာတော့ အသေအချာပဲ။ ဘာကြောင့်များ ငါ ချစ်တဲ့လူတွေက ငါ့အနားမှာ ရှိမနေပေးချင်ကြတာလဲ မသိဘူးနော်။ ငါ့ကိုကျတော့ *No two* (နှစ်ယောက်မရှိပါ)လို့ ပြောပြီး ငါ့အနားမှာတော့ တစ်ယောက်မှ ရှိမနေပေးကြဘူး။

ငါ မကြေကွဲသင့်ဘူးလား။ ဒါပေမဲ့ မကြေကွဲချင် ဘာ့လောက်အောင် စိတ်နာစပြုနေခဲ့ပြီလေ။

✌ ❤ ✌



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

မနက်ခင်း သူ အိပ်ရာက နိုးလာသောအခါ နေ့ခင်း ဆယ့်တစ်နာရီတောင် ခွဲတော့မည်ဖြစ်သည်။ ညက သူ အိပ်ရာဝင်တာ နောက်ကျသည်။ သုံးနာရီမှ အိပ်ဖြစ်သည်ဟု ထင်သည်။ အပြင်က ပြန်လာတာ နောက်ကျလို့တော့ မဟုတ်ချေ။ အိမ်ကိုတော့ ဆယ်နာရီလောက်ရောက်ပြီး ဆယ့်တစ်နာရီလောက်က စပြီး အလင်းပွင့်နှင့် ဖုန်းပြောနေခဲ့ခြင်းဖြစ်သည်။

အလင်းပွင့် ဆိုသော ဒေါက်ဖိနပ်မြင့်မြင့်ချွန်ချွန်တွေကိုမှ စီးတတ်သော မိန်းကလေးသည် သူ တွေ့ဖူးသော တခြား မိန်းကလေးများနှင့် သိပ်မတူပါ။ ဆွဲဆောင်မှု တော်တော်ရှိသလို စကားပြောလည်း တော်တော်ကောင်းသည်။ သူများ နားဝင်ချို အောင် တမင်ပြောတာမျိုး မဟုတ်ဘဲ သူ့ရဲ့ ပင်ကိုဗီဇကိုက စကားပြောကောင်းတာဖြစ်သည်။ ပြီးတော့ အရွယ်ထက် ပိုပြီး





ရင့်ကျက်သည်။ ယောကျ်ားတစ်ယောက်ကိုကြည့်သော အကြည့်တွေက ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ ပြောရလျှင်တော့ အလင်းပွင့်ဟာ သူနှစ်သက်သဘောကျသည့် တစ်နည်းဆိုသော် သူရှာဖွေနေသည့် မိန်းမမျိုးဖြစ်လေသည်။

ကားမီးခွက် ပြန်လဲပေးရေးကိစ္စနှင့် ပတ်သက်ပြီး သူနဲ့တွေ့ပြီး တစ်ပတ်အကြာမှာ အလင်းပွင့်က သူ့ထံ ဖုန်းဆက်လာသည်။

အဲဒီနောက် သူတို့ဖုန်းတွေ ပြောဖြစ်ကာ စနေ တနင်္ဂနွေတိုင်း သူက အလင်းပွင့်ရဲ့အဖော် ဖြစ်လာသည်။ အလင်းပွင့်က နိုင်ငံခြားကုမ္ပဏီတစ်ခုရဲ့ဝန်ထမ်း ဖြစ်တာကြောင့် သူမ အားလပ်သည့် စနေ တနင်္ဂနွေတိုင်းသည် သူတို့အတွက် အဓိပ္ပာယ်ရှိလာခဲ့လေသည်။

ကျန်တဲ့ကြားရက်တွေမှာတော့ ညဘက် ဖုန်းအမြဲပြောဖြစ်ရင်းနဲ့ ရင်းနှီးမှုက တစ်နေ့ထက်တစ်နေ့ မြင့်တက်လာတာတော့ အမှန်ပဲဖြစ်သည်။ သိပ်မကြာခင်မှာ သူနဲ့သူမ ချစ်သူတွေ ဖြစ်သွားတော့မည် ဆိုတာကလည်း သေချာသလောက်ပဲ ဖြစ်တော့သည်။ သူက အလင်းပွင့် အကြောင်း စဉ်းစားရင်းမှ အနုကို ဖျတ်ခနဲ သတိရသွားသည်။ အနုနဲ့ သူနဲ့လည်း တစ်ပတ် တစ်ခါလောက်ပဲ တွေ့ဖြစ်ကာ အနုက အလုပ်ကိစ္စတွေဖြင့် အလုပ်ရှုပ်နေသဖြင့် သိပ်တောင်မတွေ့ဖြစ်ကြတော့။

www.burmeseclassic.com



ဒီနေ့တော့ ဘာကြောင့်မှန်းမသိဘဲ အနုနဲ့ တွေ့ဆုံစကားပြောချင်စိတ်တို့က ထူးခြားစွာ ပြင်းပြနေသည်။ သူက အိပ်ရာထဲမှ ခပ်သွက်သွက်ထကာ လန်းသွားအောင် ရေချိုးပစ်လိုက်သည်။ အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာလျှင် သူ့အမေ့ ညှော်ခန်းထဲမှာ တန်းပြီးတိုးသည်။ သူ့အမေက သူ့ပုံစံကို တစ်ချက်အကဲခတ်ကာ ...

"အခုမှ နိုးလာတာလား"

"ဟုတ် ... မေမေ"

"ဘာစားမှာလဲ။ ထမင်းလည်း ကျက်ပြီ"

"ထမင်းမစားချင်သေးဘူး။ ကော်ဖီပဲ သောက်မယ်"

သူ့အမေက ကောင်မလေးတစ်ယောက်ကို ကော်ဖီဖျော်လာခဲ့ဖို့ လှမ်းအော်ကာ သူ့ကို ထိုင်စမ်းပါဦးဟု ဆိုသည်။ သူက ဆိုဖာမှာ မှီလျော့ထိုင်လိုက်ရင်းမှ သူ့အမေရဲ့ရာသီဥတုကို အကဲခတ်ကြည့်မိသည်။ သူ့အမေရဲ့ Weather ကလည်း သိပ်ဖမ်းလို့ မရချေ။

"သား ... အနုနဲ့ တွေ့ဖြစ်သေးလား"

"တစ်ရက်ကတော့ တွေ့တယ်။ ခြံမှာ ကားချင်းဆုံတာပါ။ သူကအဝင် သားကအထွက် ဆိုတော့ ခဏတဖြုတ်ပဲ နှုတ်ဆက်ပြီးတော့ ဆက်သွားလိုက်တာ ...

ခုတောင် သူ့ဆီသွားမလားလို့"





"အင်း ... သွားလိုက်ပါဦး။ သွားပြီးတော့ နည်းနည်းပါးပါး အားပေးစကားလေး ဘာလေး ပြောလိုက်ဦး"

"ဘာဖြစ်လို့လဲ မေမေရဲ့"

"ကိုကျော်သွေး နောက်အိမ်ထောင်ပြုတော့မယ်လေ"

အဲဒီစကားကြောင့် သူက အဲ့ခနဲ ဖြစ်သွားကာ သူ့အမေကို အံ့အားတကြီး ကြည့်မိလိုက်သည်။ သူ့အမေကလည်း သူ့ကို ခပ်တည်တည်ပဲ ပြန်ကြည့်နေသည်။ အန်ကယ်သွေးဟု သူ ချစ်စနိုးခေါ်ဝေါ်ရသော အနုရဲ့အဖေဟာ သူ့ကိုဆိုလည်း သားအရင်းတစ်ယောက်လို ချစ်ခင်တွယ်တာသူဖြစ်သည်။ အရပ်မြင့်မြင့်၊ အသားဝင်းဝင်းနှင့် မျက်ခုံးကောင်းကောင်းရှိသော အန်ကယ်သွေးဟာလည်း အသက်လေးဆယ့်လေးဟု မထင်ရအောင် နုပျိုသူဖြစ်သည်။ ဒီလို လတ်ဆတ်ဆဲ ဘိုးတော်ဟာ မိန်းမတစ်ယောက် ထပ်ယူမည်ဆိုတာ ဆန်းတဲ့ကိစ္စတော့ မဟုတ်တော့ပြီ။ သူကတော့ ယောက်ျားအချင်းချင်း နားလည်စွာဖြင့် Bravo ဆောင် ပေးသေးသည်။

ဒါပေမဲ့ ဂျစ်တစ်တစ် စူကောက်ကောက် အနုကတော့ ဘယ်လောက်များ ပွားတုပ်နေမလဲ မသိချေ။ သူက ကော်ဖီကို အစ်ငုံ မော့လိုက်ရင်းမှ ...

"အန်ကယ်သွေးက ဘယ်သူနဲ့ ယူမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပျိုပါပဲ။ ကုမ္ပဏီတစ်ခုက စာရင်းကိုင်လို့ ပြောတယ်။ အေးအေးဆေးဆေးပါ။ မိန်းမယူတာချင်းအတူတူ အနုထက် ငယ်တာ၊ ရွယ်တူ ဒါမှမဟုတ် သုံးလေးနှစ်လောက် ကြီး နေတာမျိုးတို့၊ မုဆိုးမ ကလေးအမေတို့၊ တစ်ခုလပ် ကလေးအမေတို့ ယူမလာတာ တော်သေးရဲ့ ...

ရှေ့လဆန်းမှာ လက်မှတ်ထိုး လက်ထပ်မယ်တဲ့။ အနုကတော့ ဘာပဲဖြစ်ဖြစ် စိတ်ထိခိုက် ခံစားရမှာပဲ"

"ကျွန်တော်က သူ့ကို အဲဒါမျိုးတွေ ရှိကိုမရှိစေချင်တာ၊ ဘာပဲဖြစ်ဖြစ် Don't Care ဆိုတာမျိုးပဲ ဖြစ်စေချင်တာ"

"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ။ ဖအေတစ်ယောက်လုံး နောက်မိန်းမယူမယ့်ကိစ္စကို မခံစားရဘဲ နေမလားဟဲ့ နင်ဟာလေ"

"သူ ခံစားနေတော့ရော ဒီကိစ္စကြီးက မဖြစ်ဘဲနေမှာ မဟုတ်တာ။ မေမေ မသိဘူးနော်။ အနုက ဘာမဆို သိပ် ပြီး feel ဖြစ်လွယ်တယ် ...

သေးသေးမွှားမွှားလေးကအစ သူ့အတွက် feel ဖြစ်ပြီ။ အဲဒါ မမိုက်ဘူး"

သူ့အမေက သူ့ကို မျက်စောင်းတစ်ချက် ထိုးကြည့် ကာ ...





"မိုက်တာတွေ မမိုက်တာတွေ ပြောမနေနဲ့၊ သူများကိုလည်း နားဝင်မချိုတဲ့စကားတွေ သွားပြောမနေနဲ့။ မသွားချင်ရင် အစတည်းက သွားနဲ့ ...

သွားပြီးမှတော့ ရင်ဝကို ဖနောင့်နဲ့ပေါက်တဲ့ စကား မျိုးတွေလည်း မပြောနဲ့။ နှင့်ကိုတော့ တကယ်လက်လန် တယ်၊ ဝွတိုက်ပြောရမယ်ဆိုရင် ရှေ့ဆုံးကပဲ ... ဟင်း"

သူ့အမေက သူ့ကို ဗလိုင်းကြီး ကြိမ်းမောင်းကာ ထွက်သွားသည်။ သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်း ပြီးနောက် TV ဖွင့်ကြည့်ရင်း ကော်ဖီတစ်ခွက်ကို ကုန်အောင် သောက်ပြီးလျှင် အနုတို့အိမ်ဘက်သို့ ထွက်လာခဲ့လေသည်။ ဒီ အချိန်ဆို အန်ကယ်သွေးက ရုံးသွားနေမည်ဖြစ်ပြီး အနုကတော့ ကောင်း ရှိနေနိုင်မည်။ အနုတို့အိမ်ထဲသို့ ဝင်လျှင်ဝင်ချင်းပဲ အိမ်အကူ အစ်မကြီးက ...

"အနု မီးဖိုချောင်ထဲမှာ ရှိတယ်"ဟု တန်းပြောသည်။ သူက ခေါင်းတစ်ချက် ဆတ်ပြပြီးနောက် မီးဖိုချောင်ထဲသို့ ဝင် လာခဲ့လျှင် တစ်ခုခုကို ချက်ပြုတ်လုပ်ကိုင်နေဟန်ရှိသော အနုရဲ့ နောက်ကျောလေးကို မြင်တွေ့လိုက်ရသည်။ တီရှပ်အပြာနုနှင့် ညိုသားဘောင်းဘီ အပြာနုရောင် ပွင့်ခက်လေးတွေ ကျဲပက်ပါ သော အဝတ်အစားတို့ကို ဝတ်ဆင်ထားပြီး ကျစ်ဆံမြီးကျစ် ထားသော အနုရဲ့ အိမ်နေရင်း စတိုင်လ်လေးမှာ ချစ်ဖို့ကောင်း လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... လေဒီနဲ၊ ဘာတွေ ချက်နေတာလဲ"

သူက ဟိုးယခင်ကာလများဆီကအတိုင်း လေသံ မြူးမြူးနှင့် စတင်နှုတ်ဆက်လိုက်လျှင် အနုက သူ့ကိုလှည့်ကြည့် လာသည်။ သူ့ကို တွေ့လိုက်သည့်အနုရဲ့မျက်လုံးလေးတွေဟာ ခဏတော့ တောက်ပရွှန်းလဲ့သွားသည်ဟု ထင်ရသည်။ သူက အနုရဲ့ဘေးမှာ ဝင်အရပ် အနုကလည်း ပြန်ဖြေတာနှင့် အဆင်သင့် ကြုံသည်။

"ကြီးကြီးအတွက် ပူတင်းဖုတ်နေတာ"

"ဟား ... အတော်ပဲ။ ငါကလည်း နင့်လက်ရာ ပူတင်း ဆိုရင် သိပ်ကြိုက်တာ၊ ငါ့အတွက်လည်း နည်းနည်းပိုဖုတ် လိုက်"

အနုက သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ဘာ ပြန်မပြောပေ။ သူမဘာသာ လုပ်စရာရှိတာတွေကို ဆက်လုပ်နေ သည်။ အနု ကြည့်ရတာ ဖခင်ဖြစ်သူရဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ သိပ်ထိုင်းထိုင်းမှိုင်းမှိုင်းကြီးလည်း ဖြစ်မနေပါ။ ဒါပေမဲ့ စကား တော့ နည်းသွားသည်ဟု ထင်သည်။ အရင်က သူ တစ်ခွန်းပြော လိုက်လျှင် သူမထံက နှစ်ခွန်း သုံးခွန်း ပြန်ထွက်လာပေမယ့် အခုတော့ စကားနည်းနေသည်။ ပြီးတော့ သူနဲ့ အနုက သိပ်မျက် ခင်ကမှလည်း စကားများထားကြသေးသည်။

"နင်တို့ဆိုင်ကိစ္စကရော ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"





"အင်း ... ပြေပါတယ်"

တွေ့လား။ ဒီကောင်မလေးဟာ မေးတစ်ခွန်း ဖြေ တစ်ခွန်းသာ။ အရင်ကဆို ဒီလိုမဟုတ်ချေ။ သူက တစ်ခွန်းမေး လိုက်တာနှင့် အဆင်ပြေတာတွေရော၊ မပြေတာတွေရော ရွှန်းရွှန်း ဝေအောင် ပြောတော့တာဖြစ်သည်။

"အနု ... နင် ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

အနုက သူမရဲ့ပူတင်းအိုးကိစ္စ ပြီးသွားဟန်ဖြင့် သူ ထိုင်နေသော ထမင်းစားစားပွဲမှာ လာထိုင်သည်။

"ကောင်းပါတယ်သာ ပြောတာ၊ နင့်ပုံစံက Fresh မဖြစ် လိုက်တာ။ နင် ဘာဖြစ်နေတာလဲ။ ငါ့ကို နင် ဖြစ်နေတာ တွေ အားလုံးပြောပြ"

အနုက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ပြီး နောက် သက်ပြင်းတစ်ချက်ချကာ ခေါင်းယမ်းပြသည်။ အဲဒီလို ... မောတတ်ချကာ စိတ်ကုန်နေသော အနုရဲ့ပုံစံကို သူက လုံးဝ ... ကြိုက်ချေ။ အရင်လို ပေါ့ပါးလန်းဆန်းသော လိပ်ပြာလေးတစ် ... ကောင်အဖြစ်နဲ့သာ မြင်လိုပါသည်။

"အနု ... နင် အဲဒီလိုပုံစံတွေ ဖြစ်မနေပါနဲ့။ နင် ဘာဖြစ် နေတယ်ဆိုတာ ငါ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြမှ ငါက နင့်ကို အားပေးလို့ရမှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငါ ဒီလိုပုံစံမျိုးနဲ့ မမြင်ချင်ဘူး အနု”

“မမြင်ချင်လည်း ငါ့အနားကို နင် မလာခဲ့နဲ့ ခေတ်၊ ငါ ကတော့ လောလောဆယ် ဒီပုံစံပဲ ရှိနေမှာပဲ၊ ငါ အားလုံး ကို စိတ်ကုန်နေတယ်”

“ငါ အပါအဝင်လား”

သူက ပြုံးစိစိဖြင့် မေးလိုက်လျှင် အနုက သူ့ကို မျက်စောင်းတစ်ချက် ရွယ်ကြည့်သည်။ ဒီလောက်ဆို အခြေအနေ က သိပ်မဆိုးဟု ပြောရှုရသည်။ သူက စားပွဲပေါ်တွင် ယှက်ထင် ထားသော အနုရဲ့လက်နှစ်ဖက်ကို သူ့ရဲ့လက်တစ်ဖက်ဖြင့် အုပ် မိုးဆုပ်ကိုင်လိုက်လျှင် အနုက ဖျတ်ခနဲ မော့ကြည့်သည်။ သူက အနုရဲ့မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ...

“အနု ... ဘယ်လိုအကြောင်းမျိုးနဲ့မှ နင့်စိတ်တွေ အညှိုး မခံပါနဲ့ဟာ၊ စိတ်ညစ်တယ်ဆိုတာ ငါလည်း ဖြစ်ဖူး တယ်။ ဒါပေမဲ့ အလွန်ဆုံး စိတ်ညစ်လှ တစ်နာရီပေါ့ _

သူများတွေကတော့ တစ်ယောက်မဟုတ် တစ် ယောက် ကိုယ့်ကို စိတ်ညစ်စရာကိစ္စတွေ လာပေးနေ မှာပဲ။ သူတို့ ပေးသမျှကို ကိုယ်က လက်ခံယူနေ ကိုယ့်ဆီမှာ Stress တွေ ပိလာမှာပေါ့။ Stress တွေ၊ စိတ် ညစ်စရာတွေကို လက်ခံတဲ့နေရာမှာ နှစ်ပိုင်းရှိတယ် _





တစ်ခုက လုံးဝလက်မခံတာ။ လုံးဝကို Accept မလုပ်တာ၊ အဲဒါကတော့ ရှင်းတယ်။ နားအေးတယ်။ ကိုယ့်အတွက် ဘာပြဿနာမှ မရှိဘူး။ နောက်တစ်ခုကတော့ ကိုယ့်ကို လာပေးတဲ့ စိတ်ညစ်စရာတွေကို Accept လုပ် တယ်။ လက်ခံတယ်၊ ဒါပေမဲ့ မကောင်းဘူးဆိုတာ သိတဲ့ အတွက် အဲဒါကို Delete လုပ်ပစ်လိုက်တယ် ...

ကိုယ့်ဆီမှာ ခဏပဲ လက်ခံထားပြီး Delete လုပ် ပစ်နိုင်ရမယ်၊ ငါ ပြောတာ နင် သဘောပေါက်လား”

သူ့စကားကို အနုက ပခုံးတစ်ချက်တွန့်ပြကာ ...

“နင်ပြောနေတဲ့ Function တွေက ကွန်ပျူတာတို့၊ ဟန်းဒ် ဖုန်းတို့ စတဲ့ စက်ပစ္စည်းတွေမှာသုံးတဲ့ Function တွေ ပါ ...

ခံစားတတ်တဲ့ နှလုံးသားရှိတဲ့လူနဲ့ အဲဒီ တီထွင် ထားတဲ့ software အကြောင်းတွေနဲ့ လာမပြောနဲ့လေ”

အနုရဲ့ပြန်လည်ချေပတဲ့ စကားက မိုက်သည်။ ပြီးတော့ သူ့လက်ထဲကနေ၍ သူမရဲ့လက်တွေကို ရုန်းထွက်သွား လေသည်။

သူက မသိမသာပြုံးမိကာ ...

“ဟုတ်ပါတယ်။ လူဟာ ခံစားချက်နဲ့ အလုပ်လုပ်နေတယ် ဆိုတာ လက်ခံတယ်၊ ဒါပေမဲ့ ပျော်ရွှင်စရာ ကြည်နူးစရာ



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေ ဆိုရင်တော့ ကိုယ့်ကို အားအင်တွေရှိလာအောင် တွန်းအားပေးတဲ့ အရာတွေမို့ ကိုယ့်အတွက် အပေါင်းလက္ခဏာဆောင်တယ် ...

စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေက ကိုယ့်ရဲ့တက်ကြွ ရွှင်လန်းတာတွေကို ဟန့်တားနှောင့်ယှက်ထားတဲ့ အရာတွေ လေ။ ကိုယ့်အတွက် အကျိုးမရှိတဲ့ အရာတွေကို Dele လုပ်သင့်ရင် လုပ်ရမှာပဲ"

"ဒီမှာ ခေတ်။ လူတွေက သူများကို ဒီလိုလုပ်ပါလား ဟိုလိုလုပ်ပါလားလို့ ပါးစပ်က ပြောရတာ သိပ်လွယ်ပါ တယ် ...

တကယ်လက်တွေ့မှာ လုပ်နိုင်ဖို့က သိပ်ခက်တယ် ဆိုတာ နင်ကိုယ်တိုင် ကြုံလာတော့မှ သိမယ်။ ဘယ်သူက မှတော့ စိတ်ဆင်းရဲစရာတွေ၊ စိတ်ညစ်စရာတွေကို လက်မ ထားချင်ပါ့မလဲ။ ဒါပေမဲ့လည်း တို့ ဉာဏ်မမီတဲ့ပုဗ္ဗာတွေ ဒီလောကကြီးမှာ အများကြီးပဲ"

သူက အနုရဲ့စကားကို သဘောတကျ ပြုံးလိုက်ရင်း မှ ...

"အန်ကယ်သွေး လက်ထပ်တော့မှာကို နင် သိပ်စိတ် ကောင်းဖြစ်နေလား"

"သြော် ... ငါက ပျော်နေရမယ်ပေါ့"





"မပျော်တောင် ဝမ်းမနည်းသင့်ဘူးလေ၊ အန်ကယ်သွေး ယူမယ့်မိန်းမက နင့်ထက် မငယ်တာပဲ ကျေးဇူးတင်ဦး"

"ဘာပြောတယ်"

"ဟုတ်တယ်လေ။ နင်က နင့်အဖေကို အဘိုးကြီးထင်နေ တာလား။ နင် သိပ်ကြိုက်တဲ့ ရုပ်ရှင်မင်းသား ဒွေးသာ အသက်ရှင်နေတုန်းဆိုရင် နင့်အဖေအရွယ်ပဲဆိုတာ သတိ ရဦး ...

အသက်လေးဆယ့်လေးဆိုတာ ယောကျ်ားတစ် ယောက်အတွက် ကောင်းကောင်းကြီး ကဲလို့ရသေးတဲ့ အရွယ်ပဲ။ အမိုက်စား ဖြစ်တုန်းပဲ။ ပြီးတော့ နင့်အဖေက ရှိရင်းစွဲ အသက်ထက်ကို နုပျိုတယ်။ ဒါကြောင့် ယူမယ် ဆိုရင် ဆယ့်ရှစ်နှစ်သမီးကိုလည်း ယူလို့ရတယ် ...

နင့်ထက် သုံး,လေးနှစ်ပဲ ကြီးတာကိုလည်း ယူလို့ ရတယ်။ ခုလို သာတီဖိုက်အရွယ် အပျိုကြီးကိုယူတာ နင် ကျေးဇူးတောင် တင်သင့်သေးတယ်"

အနုက သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ကာ ဘာ ပြောချင်စိတ် မရှိတော့ဟန်ဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ပြီး နောက် မျက်နှာလွှဲပစ်လိုက်သည်။ သူက အဲဒီပုံစံကို ငေးကြည့် ကာ သဘောတွေ ကျနေသည်။ ကောင်းတယ် အနုရေ။ လူတွေ ဟာ ဆင်းရဲမှ ဘဝအကြောင်းကို ပိုနားလည်ကြတာ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ပြည့်စုံလျက်သားနဲ့လည်း ဘဝရဲ့အလှည့်အပြောင်းတွေကြောင့် ရင့်ကျက်နားလည်ရတဲ့လူတွေ အများကြီးဆိုတာ နင့်ကို သိစေချင်တယ်။ ကြီးကြီးနဲ့ ဖခင်ရဲ့မေတ္တာရိပ်အောက် လိုတာရခဲ့တဲ့ နင့်ဘဝလေးရဲ့ အလှည့်အပြောင်းအဖြစ် ကြီးကြီး ကျန်းမာရေးဆိုးရွားလာတာ၊ နင့်အဖေ နောက်အိမ်ထောင်ပြုတော့မှာတွေဟာ နင့်ကို ရင့်ကျက်တဲ့ အခြေအနေတစ်ခုကို ကူးပြောင်းစေတော့မှာပါ။

သူ ဖြစ်စေချင့်ခဲ့တာလည်း ရင့်ကျက်နားလည်နေတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်လေသည်။

"နင် ဘာလိုသေးလဲ"

သူ့မေးခွန်းကို အနုက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။ ခုတလောမှာ ဒီကလေးမဟာ မျက်မှောင်တွေ သိပ်ကြုတ်တာပဲ။ အရင်ကတော့ ချစ်ဖို့ကောင်းတဲ့မျက်ခုံးထူထူတန်းတန်းလေးဟာ အမြဲပြန့်ပြူးလျက် ရှိခဲ့သည်။ တစ်ခုခုကို သဘောကျလေတိုင်း မျက်ခုံးပင့်ပင့်ပြီး ပြုံးတတ်တာလည်း အနုရဲ့စတိုင်လ်။ အခုတော့ ...

အေးပေါ့လေ ... မျက်ခုံးတွေလည်း အမြဲမပင့်နိုင်တော့ဘူးပေါ့။

"ငါ ဆိုလိုတာက နင် ဘာစားချင်လဲ၊ ဘာလုပ်ချင်လဲ၊ ဘာပြောချင်လဲ၊ တစ်ခုခု ခိုင်းစရာရှိသလား၊ ငါ ဘာလုပ်ပေးရမလဲ၊ အဲဒါကို မေးတာ"





သူ့စကားကို အနုက နာနာကြည်းကြည်း ပုံစံဖြင့် ဟက်ခနဲ ရယ်မောကာ ...

"ဘာလဲ ... ငါ့ကို နင့်ရည်းစားတွေနဲ့ မှားနေတာလား"

"မှားစရာအကြောင်း မရှိပါဘူး။ ငါ့ရည်းစားတွေဆိုရင် ငါက အဲဒီလို လုပ်ပေးတာမှ မဟုတ်တာ ...

ပြီးတော့ နင် သိအောင် တစ်ခုပြောပြရဦးမယ်။ ငါ့ ရည်းစားတွေ ရည်းစားတွေဆိုပြီး အများဆိုင်နာမ်တွေ မသုံးစမ်းပါနဲ့။ မသိရင် ငါကပဲ ရည်းစားတွေ အများကြီး ထားနေတဲ့ အတိုင်းပဲ ...

အခု ငါ့မှာ ရည်းစားမရှိသေးဘူး"

"ရည်းစားထားရမှာ ပျင်းနေလို့ နေမှာပါ"

သူက အနုရဲ့မိန်းမဆန်သော ခနဲ့တဲ့တဲ့ စကားတွေကို ဆက်လက်နားထောင်လိုစိတ် မရှိတော့သဖြင့် ထိုင်ရာမှထလိုက်သည်။ ဘောင်းဘီအိတ်ကပ်ထဲသို့ လက်နှစ်ဖက်လုံး လျှိုသည့်လိုက်ကာ ကိုယ်ကို ဆန့်မတ်လိုက်ရင်းမှ ...

"အနု ... ငါ လစ်တော့မယ်။ အိုကေနော်၊ နင့်စိတ်တွေ သိပ်ညစ်မခံနဲ့၊ ခုချိန်မှာ သိပ်မသိသာပေမယ့် နောက် အနှစ်နှစ်ဆယ်ဆိုရင် နင်က ငါ့ထက် အသက်ပိုကြီးတယ်လို့ ထင်ရလိမ့်မယ်"

အနုက သူ့စကားကို အရေးမစိုက်ဟန်ဖြင့် နှုတ်ခမ်းစူသည်။ နှုတ်ခမ်းမဲ့ပြပေမယ့် အနုမှာ ဖိစီးမှုဒဏ်တွေခံနေရ



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိသာသောကြောင့် သူက သနားကရုဏာတော့ သက်ရပါသည်။ ဒါကြောင့် ရင်ထဲက အစစ်မှန်ဆုံး စကားတစ်ခွန်းကိုတော့ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"နှင် ဘာတွေပဲဖြစ်နေ ဖြစ်နေ ငါ့ကိုတော့ အမြဲသတိရပါဟာ။ ငါ့ကို မေ့မထားပါနဲ့။ နင့်ကို ဂရုမစိုက်ဘူး ထင်မထားပါနဲ့ ...

နင်က ငါ့ရင်ထဲမှာ တကယ်ရှိပါတယ်"

သူ့ရဲ့နောက်ဆုံးစကားကို အနက ငြိမ်သက်သွားသည်။ သူက အနရဲ့မျက်ဝန်းတွေထဲသို့ အားပေးနှစ်သိမ့်သလိုငေးမောစိုက်ကြည့်ပြီးတဲ့နောက်မှာတော့ အပြုံးတစ်ခုနှင့် တာ့တာပြကာ အနတို့အိမ်ထဲမှ ထွက်ခွာလာခဲ့သည်။ အနတို့ခြံဝမှာပဲရှိသေးသည်။ ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းမြည်သံတီးလုံးက ထွက်ပေါ်လာသည်။

"လေပြည်ညင်းတွေ တိုက်ခတ်မှ ... သာယာပါတယ် ချစ်သူ့အပြုံး ..."

မင်းတစ်ယောက်တည်းသာ ဟူသော သီချင်းသံဖြင့် အလင်းပွင့်က ဖုန်းခေါ်ဆိုပြီး ဖုန်းထဲမှာ အပြုံးတွေရောက်သွားအောင် သူက အရင်ပြုံးပြီးမှ ဖုန်းကိုဖွင့်ထူးလိုက်သည်။





၁၃

ကားမောင်းရင်းမှ ဖုန်းမြည်လာသံကြောင့် မျိုးမျိုးဆီက ဖုန်းဆိုတာ Ring tone အသံ နားထောင်လိုက်တာနှင့် သိသော အနသည် ဖုန်းကိုဖွင့်လိုက်ပြီးတာနှင့် ...

"အေး ... မယ်မျိုး၊ ငါ အခုပဲ ထွက်လာပြီ"

"ငါလည်း ထွက်တော့မလို့။ ဘယ်လိုလဲ Step mother ကြီးနဲ့ တွေ့ဆုံပွဲက အဆင်ပြေရဲ့လား"

"ပြေပါတယ်။ မပြေစရာ ဘာရှိလဲ၊ အိုကေ ... နောက်မှ ပြောပြမယ်၊ ဒါပဲနော်"

အနက လမ်းသွယ်ထဲမှ လမ်းမကြီးပေါ်သို့ တက်တော့မည်မို့ ဖုန်းစကားဖြတ်ပစ်လိုက်သည်။ မနက်ပိုင်းတုန်းက အနတို့အိမ်သို့ မိထွေးတော်စပ်ရတော့မည့် ဒေါ်အေးသန္တာ ရောက်ရှိလို့ လာခဲ့ပါသည်။ ဖေဖေ လွှတ်လိုက်သော ကားကြီးနှင့်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ခြင်းဖြစ်ပြီး အနုကို ဖော်ရွေစွာ နှုတ်ဆက်သည်။ သမီးလေးက လှလိုက်တာ ချောလိုက်တာ အသားလေးက နုဖပ်နေတာပဲ ဘယ်လို ဘယ်ညာဟူသည့် မဟုတ်တမ်းရားစကားတွေ မပါဝင်ပါ။

လူတိုင်းက လက်ခံထားကြသည့် အဖေနှင့် ရုပ်တူလွန်းသော သမီးဟူသော စကားအတိုင်း "အဖေနဲ့ လုံးဝတစ်ရုပ်တည်းပဲနော်" ဟူသော တစ်ခွန်းတည်းသော စကားကိုသာ ဆိုခဲ့သူ အပျိုကြီးသည် စာတတ်သည်ဟုပဲ ပြောရမလား၊ နေတတ်သည်ဟုပဲ ပြောရမလား၊ အနုကို ခင်မင်ဖော်ရွေကြောင်း၊ နှစ်သက်ကြည်ဖြူပါကြောင်း (အေးလေ ... မနှစ်သက်လို့မှလည်း မရတာ) မျက်လုံးတွေထဲကပဲ လှိုက်လှိုက်လှဲလှဲပြကာ စကားအပိုတွေတော့ သိပ်မပြော။ စကားများများပြောလျှင် အမှားပါသွားမှာစိုး၍ ထင်သည်။

အနုလည်း အသိအမှတ်ပြုသော အပြုံးတစ်ခုနှင့်သာ တုံ့ပြန်ပြီး စကားသိပ်မပြောဖြစ်ပါ။ ဖေဖေရဲ့စီးပွားဖက် မိတ်ဆွေတစ်ယောက် အိမ်လာလည်သလို သဘောထားကာ စိတ်ကိုရှင်နေအောင် ထားသောကြောင့် ပေါ့ပေါ့ပါးပါး ပြောဆိုနိုင်သွားသည်။ ဖေဖေတို့စုံတွဲက အပေါ်ထပ်တက်ပြီး ကြီးကြီးကို နှုတ်ဆက်ဂါရဝပြုကာ အောက်ထပ်မှာ ထမင်းစားကြသည်။ လှပစွာ ခမ်းနားဆင်ယင် ပြင်ထားသော ထမင်းဝိုင်းကို ဖေဖေ... သလိုကြည့်လျက် ...





"ဒါ သမီး စီစဉ်ထားတာတွေပေါ့၊ သူ့လက်ရာတွေချည်းပဲ၊ သန္တာ့ပါးစပ်နဲ့ တွေ့မယ်လို့ ထင်တယ်"

သန္တာက ခြေလေးချောင်းသား မစားဘူးလို့ ဆိုလို့ အာ ကိုယ်က ဓွတ်မကျွေးချင်တာ။ သမီးက အမဲသားနှပ်တို့ ဆိတ်သားနှပ်တို့၊ ဝက်သားနှပ်တို့ သိပ်ပိုင်တာ။

ဖေဖေ့ရဲ့အပြောကို ဘွားတော်က အပြုံးလွှင့်လွှင့်ဆးဖြင့် ...

"အဲဒီဟင်းတွေက စားလို့တော့ ကောင်းပါရဲ့။ ဆီပြန်ဟင်းတွေဖြစ်တော့ ကျန်းမာရေးနဲ့ သိပ်မညီညွတ်ဘူးလေ။ သန္တာကတော့ အသက်သုံးဆယ်လောက်တည်းက ခြေလေးချောင်းသား ရှောင်လိုက်တာ"

"အန်တီက ကျန်းမာရေးနဲ့ ညီညွတ်အောင် စားတာလား"

အနုရဲ့မေးခွန်းကို ဖေဖေရော ဒေါ်အေးသန္တာကရော ပြိုင်တူလှမ်းကြည့်သည်။ အနုကတော့ အေးအေးဆေးဆေးပဲ နေသည်။ ဒေါ်အေးသန္တာက ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်နေပြီးမှ "ဟုတ်တယ်" ဟု ဖြေသည်။ အနုက ခပ်အေးအေးပင် အမဲသားနှပ်ကို ခက်ရင်းနဲ့ဖဲ့ပြီး ပါးစပ်ထဲသို့ ထည့်သွင်းဝါးရင်း

"အန်တီ ကြက်သားကြော်၊ ငါးကြော် စားမှာပေါ့"

"စားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေက ကျန်းမာရေးအတွက် ပိုတောင် အန္တရာယ်ရှိတာပေါ့၊ ဆီထဲကိုနှစ်ပြီး ကြော်ထားတဲ့ဟာမှန်သမျှကိုလက်စတရော အပြည့်အဝ ပါတယ်လေ။ အသားဟင်းတစ်ခွက်နဲ့ ဟမ်ဘာဂါတစ်လုံးနဲ့ဆိုရင် အန်တီက ဟမ်ဘာဂါပဲ ရွေးမှာပေါ့ ...

ဒါပေမဲ့ ဟမ်ဘာဂါမှာ ကယ်လိုရီ 1200 လေ"

"သြော် ... အင်း ... ဟုတ်တာပေါ့"

"တကယ်တော့ ခြေလေးချောင်းသား ရှောင်တာနဲ့ပဲ ကျန်းမာရေးနဲ့ ညီညွတ်တာ မဟုတ်ပါဘူး။ ကိုလက်စထရောနည်းတာတွေကို ရွေးချယ်စားသုံးတတ်မှ ကျန်းမာရေးနဲ့ ညီညွတ်တာပါ ...

ဒီအိမ်မှာ အသားအစုံစားပေမယ့် ကယ်လိုရီနဲ့တွက်ပြီး စားတတ်တယ်၊ ဒါကြောင့် ဖေဖေ့ကို ကြည့်လိုက်ပါလား။ ဗိုက်ပူးလို့ မထင်ရအောင် နပျိုပြီး ခုချိန်ထိ ဗိုက်ရွှဲကြီး မဖြစ်သေးတာပေါ့"

အနုရဲ့စကားကို ဒေါ်အေးသန္တာက ဘာမှပြန်မပြော တော့ပေ။ ပြန်ပြောစရာ မလိုတော့လောက်အောင်လည်း သဘောပေါက်ပြီးဖြစ်ရမည်၊ အနုသည် ပြောစရာရှိလျှင်တော့ ငြိမ်မနေပြောတတ်သူဟု ဆိုတာတော့ သူမကြီး ကောင်းကောင်းနားလည်သွားပါလိမ့်မည်။ ဒီအိမ်မှာ လိုတရ မွေးဖွားလာသော သူဌေးသမီး





ဖြစ်ပေမယ့် ဘာမှနားမလည်တဲ့ သူဌေးသမီး မဟုတ်ဘဲ စီးပွားရေးကိစ္စမှသည် မီးဖိုချောင်ကိစ္စအထိ နားလည်တတ်ကျွမ်းသော၊ အသိဉာဏ်ဗဟုသုတနှင့် ပြည့်စုံသော၊ ပြောရလျှင်တော့ ဘာတိထား၍ မရသော သူတစ်ယောက်ဆိုတာ သိသွားလျှင် အနု ကျေနပ်ပြီဖြစ်သည်။

ဘာတွေပဲဖြစ်လာ ဖြစ်လာ အနုကတော့ သိပ်ဂရုစိုက်တော့ချေ။ ဘဝမှာ မျှော်လင့်ထားတာတွေ ဘာတစ်ခုမှဖြစ်မလာတော့တဲ့ နောက်မှာတော့ ဘာကိုမှ ဂရုမစိုက်ချင်တော့။ ဒီအတွေးနှင့်အတူ အနုက လီဗာကို ပို၍မြှင့်တင်လိုက်သည်။ အချိန်ဟာ ကျောင်းဆင်းချိန် ဖြစ်တာကြောင့် ကားကျပ်မှာစိုး၍ အနုက ဖြတ်လမ်းက မောင်းဖို့ရာအတွက် လမ်းသွယ်ထဲသို့ ကားကို ချိုးကွေ့ချလိုက်သည်။ အဲဒီမှာပဲ ကားလမ်းတစ်ဖက်တွင်နေ၍ လမ်းကူးဖို့ ပြင်နေသော လမ်းလည်း တစ်ဝက်တစ်ပျက်ရောက်နေပြီဖြစ်သော လူတစ်ယောက်ကို တိုးမိမလို ဖြစ်တာကြောင့် ရုတ်တရက်ဆိုသလို ကွေ့ရှောင်လိုက်ရကာ လမ်းဘေးသို့ ထိုးရပ်ပစ်လိုက်ရသည်။

"ကျွတ် ... အရေးထဲ အရာပေါ်ပြန်ပြီကွာ"

အနုက စိတ်ရှုပ်စွာ ရေရွတ်ပြီးနောက် ကားပေါ်မှ ဆင်းလာလျှင် လမ်းပေါ်မှာ လဲကျသွားသောလူက ဖုတ်ဖတ်ခါ၍ ထတ်ထရပ်ပြီး အနုကို ပေစောင်းစောင်းစိုက်ကြည့်သည်။ ပြီးတော့ သူကပဲ မကျေမချမ်းနှင့် စတင်ပြောဆိုလေသည်။

www.burmeseclassic.com



"ဟေး ... မင်းကိုယ်မင်း ဖော်မြူလာဝမ်းပြိုင်ပွဲ ဝင်မောင်းတယ်များ မှတ်နေသလား။ မင ၁င်ရင် လွတ်တယ်ဆိုတာ တွတ်ပီကာတွန်းတွေထဲမှာပဲ ရှိတယ် ...

ဟင်း ... အရှောင်မြန်ပေလို့ပဲ"

အနုက ဘာမှမဖြစ်သော အရှင်လတ်လတ်ကြီးပဲရှိသေးသည့် ပုဂ္ဂိုလ်ကိုကြည့်ကာ သက်ပြင်းတစ်ချက် ချမိသည်။

"ရှင် ဘာမှ မဖြစ်ပါဘူးနော်"

"ဘာမှမဖြစ်ဘူး။ နည်းနည်းတော့ နာနေတယ်၊ ဒါပေမဲ့ မူယာမာယာပိုပြီး တမင်လဲပြနေတယ် ထင်မှာစိုးလို့ ကမန်းကတန်း ထလိုက်ရတာ"

အနုက အဲဒီအပြောကို သဘောတကျဖြင့် ဟက်ခနဲရယ်မိသည်။ ပြီးတော့ ခပ်လန်းလန်းရှိသည့် အဲဒီတစ်ယောက်ကိုသေချာစိုက်ကြည့်မိသွားသည်။ အီမိုလိုလို ဘာလိုလိုဖြင့် ဟိုနားကထောင် ဒီနားကထောင်သော ဆံပင်ကေကတော့ မဟော်ဂနီရောင်ပြေးကာ အမိုက်စား။ ဝတ်ပုံစားပုံကလည်း တီရှပ်အမျိုးအနွယ်ဝင်ဟုသာ နာမည်ခံတော့လျက် မိန်းကလေးက ကောက်စွပ်လျှင်တောင် ရနိုင်သည့် အရောင်ဆန်း ဒီဇိုင်းဆန်း ဖစ်တင်စပို့ရှပ်ဖြစ်ကာ ဂျင်း(န်)ဖြင့် အထာကျလှသည်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ကျွန်မ မှားသွားပါတယ် ဆောရီးပါ"





"အိုကေ ... မှားသွားတာကို မှန်းမှန်းသိလို့ တောင်းပန်တာ ခွင့်လွှတ်ရမှာပေါ့။ ကဲ ... မင်းလည်း ကိစ္စရှိမယ်သွားလိုရာ ဆက်သွားနိုင်ပါပြီ"

"ဘာလဲ ... ကားသာ မရပ်ဘဲ မောင်းပြေးသွားရင်တော့လိုက်ပြီး ပြဿနာရှာမယ့်ပုံပဲ"

"ဒါပေါ့။ အဲဒါဆိုရင်တော့ သေးသေးလေးကနေ အဲကြီးကြီးဖြစ်သွားမှာ အသေအချာပဲ"

အနုက ဘာမှမပြောတော့ဘဲ မျက်ခုံးမသိမသာပင့်မိတော့သည်။ အဲဒီနောက် သူ့ကို နှုတ်ဆက်ကာ ထွက်ခွာလာခဲ့သည်။ သိပ်မကြာခင်မှာပဲ အနုတို့ ဆိုင်ဖွင့်ရတော့မှာမို့ Decoration ပြင်ဆင်ဖို့အတွက် အနုနဲ့ မျိုးမျိုးတို့ စတင်လုံးပမ်းနေရပြီဖြစ်သည်။ အဲဒီကိစ္စအတွက် မျိုးမျိုးနဲ့ ချိန်းထားသော နေရာသို့သွားကာ အလုပ်ကိစ္စတွေ စီစဉ်ရသည်။ အားလုံးပြီးပြီဆိုတော့မှ မျိုးမျိုးက အရေးဆိုသည်။

"အနု Coffee Circel သွားရအောင်။ ငါ ဗိုက်နည်းနည်းဆာတယ်၊ နင်ရော"

"အင်း ... ငါလည်း ဆာတော့ ဆာတယ်။ မနက်က မိထွေးတော်မျက်နှာကို မြင်ရတာနဲ့ပဲ သိပ်စားမဝင်ဘူးလေ"

"ဖြစ်ရမယ်၊ ဟဲ့ ... ဘွားတော်က ဘယ်လိုပုံစံလဲ"



www.burmeseclassic.com

www.burmeseclassic.com



“လုံးကြီးပေါက်လှ ဒီဇိုင်းပဲ၊ အပျိုကြီးဆိုတဲ့ မာန်လေးလည်း ရှိပုံရတယ်။ အဲဒီဟာကိုတော့ ငါ့ရှေ့မှာ သိပ်ထုတ်မသုံးဘူး။ သူများနဲ့ဆိုရင်တော့ ထုတ်သုံးမယ့်ပုံပဲ”

“နင်နဲ့ ဖြစ်ပါ့မလား”

“ဖြစ်မှာပါ။ ဖြစ်မှာပါဆိုတာ အဆင်ပြေ ချစ်ခင်တာမျိုးတော့ မဟုတ်ဘဲ သူရော ငါရောဟာ ဖေဖေ စိတ်ချမ်းသာဖို့အရေး အဆင်ပြေအောင် ကြည့်ကျက်နေထိုင်ရမယ်ဆိုတဲ့ အသိမျိုး ရှိကြတယ် ...

ပြီးတော့ ... သူလည်း ပညာတတ်တစ်ယောက်၊ မိကောင်းဖခင်သားသမီးတစ်ယောက်ပဲလေ။ အောက်တန်းကျတဲ့ စိတ်ပုပ်မျိုးတော့ ရှိမှာမဟုတ်ဘူး။ အဲဒါဆိုရင်ကို အဆင်ပြေမှာပါ။ ငါကလည်း ငါနေရမယ့် life style ကို ရွေးချယ်ပြီးသားပဲလေ”

မျိုးမျိုးက အနုကို စိတ်ဝင်တစားဖြင့် ငဲ့ကြည့်သည်။

“ဘယ်လိုပုံစံ ရွေးချယ်ထားလို့လဲ”

“ငါ သက်သာရာ နေရတော့မယ့် life style ပေါ့။ ဘယ်သူ့အတွက်မှ ဘာကိုမှထည့်မစဉ်းစားတော့တဲ့ life style ပဲ”

ပြောရလျှင်တော့ အဲဒီ life style ဟာ ခေတ်ရဲ့ပုံစံပဲဖြစ်သည်။ ခေတ်ကိုလည်း အနု ဖုန်းလည်းမဆက်ဖြစ်တော့။ သူ့အိမ်သို့လည်း မသွားဖြစ်တော့ပါ။ သူဟာ အနု အပေါ်မှာ





ငယ်ချင်းသံယောဇဉ် နည်းနည်းပါးပါးကလွဲရင် ဘာမှမရှိတော့ ဆိုတာ သိရသဖြင့် သူ့ကိုလည်း အနု တတ်နိုင်သမျှ မေ့ လိုက်တော့တာပင်။

ဆရာမကြီး ဒေါက်တာမတင်ဝင်း ရေးသားသည့် “အလုပ်နှင့်ဘဝကို တည်ဆောက်ခြင်း”ဆိုသည့် စာအုပ်ကို ဖတ် ရာ တကယ်ကို အကျိုးရှိလှသည်။ မိသားစုအရေး၊ နှလုံးသား ရေးရာတို့ကြောင့် ရှုပ်ထွေးနောက်ကျိနေသည့် စိတ်တို့ကို အလုပ် မှာ အာရုံအပြည့် နှစ်ထားလိုက်သောကြောင့်သာ အနု ခံသာ ခြင်းဖြစ်သည်။ ဒီအလုပ်သာလုပ်ဖို့ မစီစဉ်ထားပါက အခုချိန် မှာ အနု ဘယ်လောက်တောင်များ လေနေမလဲ မသိတော့ပါ။

“ဟဲ့ ... အနု မီးဝါနေပြီ”

“အင်း ... သိပါတယ်။ ဩော် ... ငါ ဒီကိုလာတုန်းက တောင် လူတစ်ယောက်ကို ပွတ်ဆွဲမိတော့မလို ဖြစ်သွား သေးတယ် ...

တော်သေးတာပေါ့၊ သူက အမြန်ရှောင်လို့”

“ဟင်း ... နင်ကတော့ ဖြစ်ရမယ်”

အနုတို့နှစ်ယောက် Coffee Circel သို့ ရောက်ကာ အောင်းနိုးရာရာတွေကို စိတ်ကြိုက်မှာစားနေတုန်းမှာပဲ အနုရဲ့ ကော်ဝန်းထဲသို့ ကားတစ်စီးက တန်းခနဲ ဝင်ရောက်လာသည်။ အနုနဲ့ မျိုးမျိုး ထိုင်သောနေရာဟာ လမ်းမကို လှမ်းမြင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်ကြီးများအနားမှာမို့ အဲဒီရှေ့က ဖြတ်သွားသော ကားတစ်စီး ပေါ်တွင် ခေတ်ကို တွေ့လိုက်ရတာဖြစ်သည်။ ခေတ်ရဲ့ဘေးမှာ မိန်းကလေးတစ်ယောက် ပါသွားသည်။ အဲဒီကားသည် Coffee Circel ထဲသို့ ဝင်လာတာဖြစ်ပြီး သူတို့နှစ်ယောက် ခဏနေပြီး လျှင် ဆိုင်ထဲသို့ ဝင်လာတော့မည်ဖြစ်သည်။ အနုသည် ရင်ထဲ တဒိတ်ဒိတ်တုန်လာကာ စားလက်စ စပါကက်တီကိုတောင် ဆက် မစားနိုင်တော့။ အယောင်ယောင်အမှားမှားဖြင့် ပျားသံပရာရည် တစ်ရှိန်ထိုးပင် ပိုက်နဲ့စုပ်သောက်မိသည်။

ခဏနေတော့ အနု ထင်တဲ့အတိုင်းပဲ ဖြစ်သည်။ ခေတ်နဲ့ မိန်းကလေးတစ်ယောက်မှာ အဟုတ်ကိုပဲ ဆိုင်ထဲ ဝင်လာလေသည်။ အနုသည် ခေတ်ကိုကျော်ကာ မိန်းကလေး မမှိတ်မသုန် အကဲခတ်ကြည့်မိသည်။ သူမဟာ အင်မတန်ပဲချော လှပသည်။ ဖက်ရှင်လည်းကျကာ ယောက်ျားလေးကျိုက်ဆော ကိုယ်လုံးကို ပိုင်ဆိုင်သည်။ အနုလို သွယ်သွယ်လျလျမဟုတ်ချေ။

သူတို့နှစ်ယောက်ရဲ့ပုံစံဟာ တစ်ယောက်နဲ့တစ် ယောက် တကယ်ကို နှစ်ဝင်နေကြသော ပုံစံမျိုး၊ အထူးသဖြင့် ခေတ်ရဲ့ပုံစံဟာ အနု တွေ့ဖူးခဲ့တဲ့ ပုံစံတွေနဲ့ ခြားနားစွာ ကောင် မလေးအပေါ်တွင် ဂရုတစိုက် ရှိလှသည်။ တစ်နေ့ကတင်ပဲ ပြော ခဲ့တယ်။ ရည်းစားမရှိသေးဘူးတဲ့၊ ဒါကတော့ တကယ်ချစ်သွားလို့ ချစ်သူလား ခေတ်ရယ်။





"မျိုးမျိုး ... ဟိုမှာ ခေတ်"

အနု ပြလိုက်သဖြင့် မျိုးမျိုးက မြင်သွားသည်။ တစ်ခဏအတွင်းမှာပင် တစ်ဖက်သားကို အကဲဖြတ်တတ်သော မျိုးမျိုးက အနုလိုပဲ မှတ်ချက်ချသည်။

"ခေတ် ကြည့်ရတာ တကယ်ကြွေနေပုံကြီးဟ"

အဲဒီစကားက အနုရဲ့ရင်ကို ဓားနဲ့မွှန်းသလိုပင်။ အပေါ့လေ ဒါကြောင့်လည်း ခေတ်က အနုနဲ့လက်ထပ်ဖို့ ခေါ်သီးသီး ဖြစ်နေတာကိုး ...

"ဆော်က ရေလည်လန်းတယ်နော်၊ ခေတ်တို့များ တွဲလိုက် ရင်တော့ တကယ့် ခေါင်တွေချည်းပဲ"

"နင် မြန်မြန်စားဟာ။ သွားရအောင်"

"ဟဲ့ ... ဘာဖြစ်လို့လဲ။ သူက တို့ကို မမြင်သေးပါဘူး။ မြင်သွားတော့ရော ဘာဖြစ်လဲ၊ တိုက်တိုက်ဆိုင်ဆိုင်ဟယ်၊ ဒီနေ့ကျမှ ဆုံရတတ်တယ် ...

အနု ... နင် ဘာမှမဖြစ်ဘူး မဟုတ်လား"

"ငါက ဘာဖြစ်ရမှာလဲ"

"ဩော် ... something ပေါ့၊ အေးဆေးပဲ မဟုတ်လား။ အေးဆေးပါဟာ၊ ဒါမျိုးက ခုမှ အထူးအဆန်းဖြစ်ပြီး တွေ့ ကြုံရတာ မဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒီဆော်ကိုတော့ ခေတ်က တကယ်ကြွေ
ပြီနဲ့တူတယ်။ မျက်နှာကို အရိပ်တကြည့်ကြည့်နဲ့ ဆော်
ဒီဇိုင်းကတော့ ဆရာကြီးအထာဟ။ ဟင်း ... ဒီကော
တော့ တွေ့တော့မှာပဲ ...

ကဲ ... ကဲ ... ငါလည်း မစားချင်တော့ပါဘူး၊ က
လည်း ကုန်နေပါပြီ၊ ဟီး ဟီး ... သွားကြတာပေါ့"

မျိုးမျိုးက ဟာသပြောသော်လည်း အနု ရယ်
နိုင်ချေ။ ပိုက်ဆံရှင်းပြီးနောက် အနုတို့ ထလာကြလျှင် အာရုံ
မျိုး ရဟန်တူသော ခေတ်ဟာ သူ့ကောင်မလေးကို စကားငဲ့
နေရာမှ ဘေးကို မော့ကြည့်လိုက်လျှင် အနုကို မြင်တွေ့လို့
လေသည်။ ခဏတော့ အံ့ဩသွားပုံရတဲ့ သူသည် အနုကို
ခေါ်ဖို့ သတိရသေးပါသည်။

"အနု ... ဩော် ... မျိုးမျိုးရောကိုး"

သူ့ကြည့်ရတာ ဘာမှ သိပ်ထူးထူးခြားခြား ပြော
သွားပုံ မရချေ။ သူငယ်ချင်းတွေနဲ့ အမှတ်တမဲ့တွေ့တဲ့ ပုံစံအ
ပဲ ရှိနေသည်။

"ထိုင်ဦးလေ ... နင်တို့က စားပြီးကြပြီလား"

"ပြီးပြီ ... မထိုင်တော့ဘူး သွားတော့မယ်"

"သွားတော့မလို့လား၊ အင်း ... အင်း ... ပြီးရော
ညကျမှ ငါ ဖုန်းဆက်လိုက်မယ်"





"အိုခေ"

အနုက ပြုံးတွေတွေနဲ့ပဲ ပြန်နှုတ်ဆက်ခဲ့ကာ ဆိုင်
ထဲမှ ထွက်လာခဲ့ကြသည်။ ကားပေါ်ရောက်တာနှင့် မျိုးမျိုးရဲ့လေ
သံက ပွစိ ပွစိ ထွက်လာသည်။

"ဟင် ... သူ့ဟာမနဲ့ တို့ကို မိတ်ဆက်မပေးတာ ဘာ
သဘောလဲ မသိဘူး။ ကြည့်ရတာ ရည်းစားတော့ မဟုတ်
သေးဘူးနဲ့ တူတယ်ဟ။ အီနေတုန်းပဲလား မသိဘူး"

"တော်ပါပြီဟာ၊ သူ့အကြောင်း ပြောမနေပါနဲ့တော့"

"အနု ... နင်လည်းပဲ အားကျမခံ တစ်ယောက်လောက်
ကောက်တွဲလိုက်စမ်းပါဟာ။ သူကချည်း တစ်ယောက်ပြီး
တစ်ယောက် တွဲနေပြီးတော့ နင်ကတော့ သူ့ကိုပဲ မျှော်
လင့်ရင်း ငုတ်တုတ်မေ့နေတယ်များ ထင်နေလားတော့
မသိဘူး"

အနုက ဘာမှပြန်မပြောမိ။ လောလောဆယ်မှာ
မြင်တွေ့ခဲ့ရသည့် လိုက်ဖက်ညီသော ပုံရိပ်နှစ်ခုကသာ အနုကို
ခြိမ်းထားသည်။ တစ်နေ့ကတင် သူ ပြောခဲ့သောစကားတွေကို
စားပျော်ရွှင်ခဲ့ရသေးသည်။ အခုတော့ အဲဒါတွေဟာလည်း ဘာမှ
မဟုတ်တော့။ ခေတ်ဟာ အနုကို တမင်ပဲ ရက်စက်နေသလားဟု
ဆောင် ထင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အနု မဟုတ်တဲ့ တခြားတစ်ယောက်ကိုတော့ သူ ချစ်နိုင်လိုက်တာ။ အနုသည် ရစ်ဝဲလာသော မျက်ရည်စများကို အံကြိတ်ပြီး တားဆီးထားလိုက်သည်။ သူ့အတွက်လည်း ဒီထက်ပိုပြီး မခံစားချင်တော့ပါ။





၁၄

"သူက ခေတ်ရဲ့ဘော်ဒါလား"

အဲဒီစကားသည် အနုတို့ ထွက်ခွာသွားပြီးလျှင် အလင်းပွင့် ထံမှ ပထမဆုံး ထွက်လာသည့်စကားဖြစ်သည်။ သူမ ဘယ်သူ့ကို ရည်ညွှန်းပြီး မေးသလဲဆိုတာ သိပေမယ့် သူက မသိနိုးနားဟန်ဖြင့်ပင် ချိစ်ကိတ်ကို တစ်ဖဲ့ ဖဲ့စားရင်းမှ ပြန်လည်မေးခွန်းထုတ်မိသည်။

"ဘယ်သူ့ကို ပြောတာလဲ"

"အနု ဆိုတာကိုပေါ့"

"နှစ်ယောက်စလုံးက ကိုယ့်ဘော်ဒါတွေပါ။ မျိုးမျိုးကတော့ ကိုးတန်းရောက်မှ သိတာ။ အနုကတော့ ငယ်ငယ်လေး တည်းက သူငယ်ချင်း။ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက အလင်းပွင့်ကို ခပ်အေးအေးပဲကြည့်ကာ ပြန်မေးလိုက်သည်။ အလင်းကည်း သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ...

"တို့နဲ့ မိတ်ဆက်မပေးလို့လေ။ ဒီလောက် သူဌေးချင်း အရင်းကြီးတွေကို ဘာဖြစ်လို့ မိတ်ဆက်မပေးတာလဲ"

"ဪ ... သူတို့ကလည်း ပြန်ထွက်တော့မှာမို့လို့လေ အလင်းက သူတို့နဲ့ ခင်ချင်လို့လား။ ခင်ချင်ရင် နောက်တော့ မိတ်ဆက်ပေးပါ့မယ်"

"ခင်ချင်တယ်လို့လည်း မဟုတ်ပါဘူး။ ကြုံနေတာ မိတ်ဆက်မပေးဘဲနဲ့ တကူးတကလည်း မိတ်ဆက်ပေးမနေ ပါနဲ့ ...

ဒါပေမဲ့ ခေတ်တို့နှစ်ယောက် ကြည့်ရတာ တော် တော် သံယောဇဉ်ရှိကြပုံပေါ်တယ်"

အဲဒီစကားကို သူက ဖျားသွားသော်လည်း ဟက်ခနဲ ရယ်ချလိုက်ရင်း ရှူးချင်ယောင် ဆောင်လိုက်ရသည်။

"ဘာလဲ ... အလင်းက ရေဘဝဲပေါလ်နဲ့ အမျိုးတော် လား"

သူ ရယ်သော်လည်း အလင်းပွင့်က လိုက်ရမယ်။ သူ့ကို ခပ်တည်တည်ဖြင့်ကြည့်လျက် ...





"လူတစ်ယောက်ကို မိနစ်ပိုင်းအတွင်းမှာပဲ မှတ်ချက်ချ ဆုံးဖြတ်တယ်ဆိုတာ စောလွန်းပါတယ်။ မှန်ကန်ဖို့လည်း ခဲယဉ်းတယ်၊ ဒါပေမဲ့ တစ်ဖက်လူရဲ့ပုံစံက သိပ်သိသာနေ ရင်တော့ မှန်ကန်ဖို့ များတယ် ...

အနုနဲ့ ရှင်နဲ့ ကြည့်တဲ့ မျက်လုံးတွေက သိပ်ပိုင်နိုင် ရင်းနှီးနေတယ်"

"May be ! သူနဲ့ ကိုယ်နဲ့က အရမ်းသံယောဇဉ်ရှိကြပါ တယ်"

သူက အဲဒီစကားကို ခပ်တည်တည်ပဲ ပြောလိုက်တာ ဖြစ်သည်။ သူ ငြင်းလိမ့်မည်ဟု ထင်ထားခဲ့သော အလင်းပွင့်သည် အဲဒီစကားကြောင့် သူ့ကို အံ့ဩသလို ခေတ္တတော့ ငေးစိုက်သွား သည်။ ပြီးတော့ နှုတ်ခမ်းတွေက တဖြည်းဖြည်းနှင့် ပြုံးလာလေ သည်။

"ရှင်က ဘယ်ဆိုးလို့လဲ။ ရှင့်ကို တို့ သဘောကျတာ အဲဒါမျိုးတွေပဲ။ ရှင် ဘာဖြစ်လို့ တို့ကို မညာတာလဲ။ တို့ ကြားဖူးတဲ့ စကားတစ်ခုရှိတယ် ...

ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ဘယ်တော့မှ မညာဘူးဆိုရင် အဲဒီယောကျ်ားဟာ မိန်းမရဲ့ ခံစားချက်ကို ဂရုမစိုက်လို့ဘဲ ဖြစ်ရမယ်တဲ့ ...

ဟုတ်လား ... အဲဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက နောက်ဆုံးစကားကို အပြုံးချိုချိုလေးဖြင့် မေးဆက်ပြီး မေးပုံက အင်မတန် အထာကျလှသည်။ ဒီအမျိုးသမီးလေးကို သူ့စိတ်ဝင်စားတာက အဲဒီလို စကားပြောကောင်းတာလေးတွေလည်း အဓိက ပါဝင်ပါသည်။

"တစ်ဖက်သားက ကိုယ်ညာနေတာတွေကို မသိဘူးဆိုရင်တော့ ဟုတ်တာပေါ့။ ညာနေမှန်း သိရင်တော့ အညာခံရတဲ့သူလည်း ဒေါသထွက်ရမယ် ...

ညာတဲ့သူကလည်း သိက္ခာကျမယ်။ ကိုယ်ကတော့ မင်းကိုမှ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ မညာခဲ့ဘူး"

"အင်း ... ညာတာဟာ မကောင်းဘူး ဆိုပေမယ့် အခုနကတို့ပြောသလိုပဲ လုံးဝကြီး မညာစတမ်း အမှန်အတိုင်းပြောပြောချနေတော့လည်း တစ်ဖက်လူကို ဂရုမစိုက်ရာ၊ အရေးမထားတာ ကျတယ်ရှင့် ...

စဉ်းစားကြည့်လေ၊ အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ကိုယ့်ရည်းစား စိတ်ဆိုးသွားမှာ စိတ်ကောက်မှာစိုးလို့ ညာပြောလိုက်တာ၊ ကိုယ့် ကောင်မလေးကို ဂရုစိုက်တာပေါ့။ မဟုတ်ရင် ရန်တွေဖြစ် စကားတွေများကြမှာလေ။ ကိုယ့်ကောင်မလေးလည်း စိတ်ဆင်းရဲရမယ်။ ဒါတွေကို ကြိုတွေးပြီး ညာတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ် ...





နောက်နေ့မှ ပြန်ရှင်းပြတော့ သိပ်ပြဿနာမကြီးတော့ဘူးပေါ့။ မညာဘူးကွာဆိုပြီး အမှန်အတိုင်း ဒဲ့တွေချည်း ကျွေးရင် ခဏ ခဏ ကွိုင်လောင်မှာပေါ့။ မဟုတ်ဘူးလား"

သူက ကော်ဖီတစ်ငုံကို အရသာခံသောက်ရင်းမှ အလင်းပွင့်ကို ပြုံးကြည့်ကာ ...

"မင်း ကြည့်ရတာ အညာခံချင်နေတယ်နဲ့ တူတယ်"

"အင်း ... ကိုယ့်ကို လုံးဝမညာဘူး ဆိုတာကလည်း ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံမျိုးနဲ့ မညာတာလားလို့လည်း ထင်ချင်စရာလေ"

"မင်းတို့မိန်းမတွေက အဲဒါတွေ ခက်တာပဲ"

သူ့အပြောကို သူမက လှပစွာပြုံးနေကာ ပြီးတော့မှ ကားဆိုသည်။

"အနု ... ! အင်း ... ဟုတ်တယ်နော်။ သူ့နာမည်က အနု ဟုတ်လား၊ အိမ်နာမည်လားဟင်"

"မဟုတ်ပါဘူး။ သူ့နာမည်အရင်းက အနုသွေးပါ။ ဘာဖြစ်လို့လဲ၊ မင်း အနုကို စိတ်ဝင်စားနေတာလား"

"အင်း ... စိတ်မဝင်စားဘူးလို့ ပြောရင်လည်း ညာရာကျမှာပဲ၊ နည်းနည်းတော့ စိတ်ဝင်စားတယ်၊ သူ့မှာရည်းစား ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မင်း ဒါတော့ နည်းနည်းလွန်သွားပြီကွာ။ သူ များရဲ့ Personal ကိစ္စကို ဘာဖြစ်လို့ အဲဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ"

"သူများကိစ္စကို စပ်စုတာ မဟုတ်ပါဘူး။ ဒီအကြောင်း အရာက ကျွန်မအတွက် အရေးပါလာမယ် ထင်လို့ပါ"

"ဘာလဲ ... မင်းက ကိုယ်နဲ့ အနုကို ဇာတ်လမ်းလို့ ထင် နေတာလား။ လုံးဝပဲနော်။ မင်းက သူများနဲ့ သိပ်မတူတဲ့ မိန်းကလေးတစ်ယောက်ပါ။ ဒါကြောင့် သူများတွေတွေး သလို ခပ်နိမ့်နိမ့်တွေ လျှောက်မတွေးစမ်းပါနဲ့"

"ရှင်က စကားပြောတော့ တော်တော်ကောင်းတယ်။ အိုး လေ ... သူများအကြောင်းကိုတော့ သိပ်မစပ်စုတော့ပါဘူး ပြီးတော့ ..."

သူမက ဆက်မပြောသေးဘဲ သူ့ကို ပြုံးစိုက်ပြီး ကြည့်သည်။ သူကလည်း အဲဒီလို ကြည့်နေသော မျက်နှာကို နူးညံ့ရိဝေစွာ တန်ပြန်စိုက်ကြည့်ပေးနေလိုက်သည်။ Coffee Circel ထဲမှာ တိုးတိုးညင်းညင်း ဖွင့်ထားသော သီချင်းသံက အလွမ်းအဆွေးတေးသွားသံ့သံ့ ဖြစ်တာကြောင့် အလင်းရဲ့ရင်ခွင် ထဲကိုတောင် တိုးဝှေ့ဖက်ထားချင်စိတ်တွေ ပေါက်လာသည်။

"ပြီးတော့ ... ဘာဖြစ်လဲ"

"ရှင့်ကို ယုံကြည်ထားလိုက်တာလည်း ပါတာပေါ့"





ဒါကလည်း သူ့ကို ပါးပါးလေး ချည်လိုက်သော ကြိုးဆိုတာ မသိရတဲ့အထိ သူ မအ,ခဲ့ပါ။ ရှင့်ကို အပြည့်အဝ ယုံကြည်ထား တယ်နော်ဟု ဆိုထားတာမျိုးက ယုံကြည်မှုကို အလွဲ သုံးစား မလုပ်စေရန်အတွက် ပညာတတ်သော မိန်းမတွေရဲ့ဗျူဟာ ကို သူက နားလည်ထားသည်။

သူနဲ့ အလင်းပွင့်သည် တစ်ယောက်က တစ်ယောက် ချစ်ရေးဆိုကာ၊ အဖြေပြန်ပေးခြင်း စသဖြင့် လမ်းရိုးအစဉ် အလာအတိုင်း သမီးရည်းစား ဖြစ်သွားကြတာမျိုး မဟုတ်ချေ။ သူတို့နှစ်ယောက်ကြားထဲတွင် ချစ်တယ်ဟူသော စကားလုံးမရှိပါ။ သူကလည်း ဘဝမှာ ချစ်တယ်ဟူသော စကားလုံးကို အကြိမ် ကြိမ်များစွာ ပြောခဲ့ဖူးသူမို့ မပြောချင်တော့သလို အလင်းပွင့်က လည်း သူ ခဏ ခဏ ပြောနေကျစကားမို့ မကြားချင်တော့။ ဒါတော့ ရောင်းသူနဲ့ ဝယ်သူ အသံတူကာ အဆင်ပြေသွားသည်။

စကားများများ ပြောစရာ မလိုဘဲ နားလည်မှုပေး သော မိန်းမမျိုးမှာ အလင်းပွင့် တစ်ယောက်တည်းသာ ရှိမည် ထင်သည်။ စိတ်သိပ်မကောက်တတ်။ အချိန်တိကျတတ်သည်။ အကြိုက်ချင်းတူသည်။ စိတ်ဓာတ်က ယောက်ျားဆန်သလောက် အမူ အပြောအဆိုက မိန်းမပီသလေသည်။ ဒါကြောင့်ပဲ သူ အလင်းပွင့်မှာ တော်တော်အဆင်ပြေသည်။ ပြောရလျှင်တော့ သူက ဆိုရှယ်ကျသူမို့ သူ့အတွက် အရာအားလုံး အဆင်ပြေပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြည့်ရတာ အနုကို Comment ပေးချင်နေပုံရတယ် သူ့ကို မင်း ဘာပြောချင်တာလဲ။ မင်း စိတ်ချမ်းသာအော ကိုယ် ပြောခွင့်ပေးလိုက်ပါ့မယ်"

သူမက သူ့ကို မျက်စောင်းလှဲ့လှဲ့ထိုးသည်။ ပြီးအော ခေါင်းတစ်ချက် ဆတ်ပြကာ ...

"သူက ချစ်စရာကောင်းတယ်၊ သွယ်သွယ်လျလျ ဆိုတော့ Smart ဖြစ်တာပေါ့။ ရှင့်ကို ခဏလေးအတွ မှာကြည့်တဲ့ အကြည့်တွေကကို ရင်းနှီးပတ်သက်မှု ပြည့်နှက်နေတယ်။ ရှင်တို့နှစ်ယောက်ကြားမှာ ဘာစကား အထွေအထူး မပြောဘဲနဲ့ကို ရှင်တို့ရဲ့ သံယောဇဉ်တွေ ပေါ်လွင်နေတာ ...

ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"ရှင်နဲ့ ကျွန်မကို တွဲတွေ့သွားတာ သူ စိတ်အနှောင့်အ ဖြစ်သွားပုံရတယ်"

"ဘာလဲ ... သူက မင်းကို မလိုလားဘူးလို့ ထင် လား"

"အဲဒီလိုတော့ မထင်ပါဘူး။ ဒါပေမဲ့ သူ တစ်မျိုး ဖြစ်သွားတယ်၊ ခံစားမှု တစ်ခုခုပေါ့။ ရှင်ရော အဲ ထင်တယ် မဟုတ်လား"





အနု ဘယ်လိုဖြစ်သွားတယ်ဆိုတာ သူ အသိဆုံးပဲ ဖြစ်ပါသည်။ ဒါပေမဲ့လည်း သူ ဆိုတာက အနုနဲ့အတူတူ လည် င်းဖက်ပြီး ပေါင်းလာတဲ့သူဖြစ်ကာ အလင်းကတော့ အနုကို ခုမှ တွေ့လိုက်ရသူဖြစ်သည်။ ဒါပေမဲ့ ရေဘဝဲမအလင်းရဲ့ ကာချက်တွေက ကြောက်စရာ ကောင်းလောက်အောင်ကို မှန်နေ သသည်။

သူက လက်ကျန်ကော်ဖီကို အပြီးသတ် မော့ချလိုက် ာရင်းမှ ...

"အလင်း ... လောကမှာ လူတစ်ယောက်ဟာ တခြားတစ် ယောက်ကို သူ့အကြောင်း သိပ်သိနေတယ်ဆိုတာ အရမ်း အရမ်း ပြောမပြရဘူးကွ ...

သိလား။ အဲလို ပြော၊ပြောပြနေရင် တစ်ဖက်လူက ကိုယ့်ကို နှစ်မျိုးနှစ်စားတည်းက တစ်မျိုးမျိုးနဲ့ ဆက်ဆံ သွားတတ်တယ်"

"ဘယ်လိုမျိုးလဲ"

"တစ်မျိုးက ကိုယ့်ကို ကြောက်သွားတာ။ ကိုယ့်ရှေ့မှာ အရိပ်အကဲ ဖမ်းမရအောင် ထိန်းချုပ်သွားတော့တာ။ နောက် တစ်မျိုးကတော့ ရှောင်သွားတာ။ မှတ်ထား"

"ရှင်က အဲဒီနည်းလမ်း နှစ်ခုထဲက ဘာကို ကျင့်သုံးမှာလဲ"

"ကိုယ်ကတော့ မင်းကို ကြောက်လည်း မကြောက်ဘူး။ ရှောင်လည်း မရှောင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထိန်းချုပ်ထားတဲ့ နည်းလမ်းကို သုံးမယ်ပေါ့"

"အင်း ... ထင်ရတာပဲလေ"

သူမက အဓိပ္ပာယ်ပါပါပြုံးကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။

အဲဒီနောက် သူတို့တစ်တွေသည် တခြားခေါင်းစဉ် ပြောင်းလိုက်ကြလေသည်။ သူက အလင်းပွင့်နှင့် စကားပြော သော်လည်း တစ်ချက် တစ်ချက်မှာ စိတ်တွေဟာ အနုကိုသွား သွားပြီး သတိရမိကြောင်း ဝန်ခံပါရစေ။

အလင်းပွင့်နှင့် ပတ်သက်ပြီး သူ့ကို အနု ဘာ မေးမလဲ၊ ဘာတွေ ပြောမလဲ၊ သူ နည်းနည်းတော့ စိတ်ဝင်စား သည်။

အဘယ်ကြောင့်ဆိုသော် သူတို့အတွဲကို အစောပိုင်း တည်းက ကြိုမြင်ထားခဲ့ဟန်ရှိသော အနုရဲ့မျက်ဝန်းတွေထဲမှာ ခံစားချက် အရိပ်အယောင်တွေ ပါနေသောကြောင့် ဖြစ်လေသည်။ သူ မမြင်ခင်တည်းက သူ့ကို စိုက်ကြည့်လာသော အနုရဲ့မျက်ဝန်း တွေမှာ ဝေ့သီကြေကွဲနေကြသည်။ အနုရယ် ... နင် ငါ့ကို ဆိတ်လောက် နားလည်ပေးပါဟာ့။

✌ ❤ ✌





# ( ၁၅ )

(၂၀၁၀)ခုနှစ်သည် အနုအတွက် အပြောင်းအလဲ ...ချိုးအကွေ့များစွာကို ဖြစ်ပေါ်စေခဲ့သော နှစ်တစ်ခုလို့ ပြောလျှင် ...ည်း မမှားခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် (၂၀၁၀)တွင် ဖေဖေ နောက် ...ထောင်ပြုကာ သိပ်မကြာမီမှာပဲ ကြီးကြီးလည်း ဆုံးပါးသွား ...ကြောင့်ဖြစ်သည်။ ကြီးကြီးဟာလည်း ဘယ်သူ့ကိုမှ ဒုက္ခ ...ဘဲ ညအိပ်ပျော်နေစဉ်မှာပဲ နှလုံးခုန် ရပ်တန့်သွားသည်ဟု ...ဝန်ကြီးက မှတ်ချက်ပေးခဲ့သည်။ ညဘက်မှာ အိပ်ချိန်အတိုင်း ...အိပ်ပျော်သွားခဲ့ပြီး မနက်မှာတော့ နိုးမလာတော့။ တော်တော် ... မနိုးသဖြင့် Nurse က မသင်္ကာဖြစ်ပြီး စမ်းသပ်တော့မှသာ ...ခုန် ရပ်တန့်သွားပြီဆိုတာ သိခဲ့ရတော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရှိသရွေ့ တရားရှုမှတ်ခဲ့သော ကြီးကြီးသည် ဝိပဿနာရဲ့စွမ်းအားကြောင့် သေဆုံးသွားတာတောင် ငြိမ်းငြိမ်းချမ်းချမ်းနှင့် အိပ်ပျော်နေသကဲ့သို့ ရှိလေသည်။ အနုသည် ကြီးကြီးရဲ့ရုပ်အလောင်းကို ဆို့နင့်ကြေကွဲစွာ စိုက်ကြည့်လျှက် အင်မတန်မှ ထိခိုက်စွာ နာကျင်ခံစားခဲ့ရသည်။ အဖေကလည်း နောက်အိမ်ထောင်ပြုထားသဖြင့် လောကတွင် တစ်ယောက်တည်း ကျန်ခဲ့သလို ခံစားရ၏။ တက်မတတ် ချက်မတတ်၊ အမယ်လေး အဘလေးတ,ကာ အော်ကြီးဟစ်ကျယ် မငိုသော်ငြား တတွေတွေ စီးကျလာသော မျက်ရည်များမှာ တစ်နေကုန် မရပ်ခဲ့ချေ။

လူတစ်ယောက်ဟာ ကိုယ့်အနားသို့ ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးဆိုသော အသိဟာ ကာယကံရှင်ကို ကြီး... သော ဖိစီးနှိပ်စက်မှု ဝေဒနာကို ပေးလေသည်။ အဲဒီလူ မရှိတော့ ဘူးဆိုမှ အသက်ရှိထင်ရှား ရှိခဲ့စဉ်တုန်းက ကိုယ်နဲ့အတူတူ ... ရွှင်စွာ နေထိုင်ခဲ့ဖူးသော အမှတ်တရများက မျက်လုံးထဲ... ရှေးဟောင်းရုပ်ရှင်ကား တစ်ကားကို ပြန်ကြည့်ရသလို တစ်... တစ်ခု ပေါ်လာတော့တာဖြစ်သည်။ အဲဒါတွေကို ပြန်မြင်ယောင်... ပိုခံစားရလေလေဖြစ်၏။ ငယ်ငယ်လေးတည်းက အမေ မရှိ... မို့ ကြီးကြီးကိုပဲ အမေတစ်ယောက်လို အားကိုးမှီတွယ်ခဲ့တာ... ကြီးကြီး မရှိတော့ခြင်းသည် အနု တစ်ယောက်အဖို့ ရွှေတော... ကြီး ပြိုတာပင်။





ကြီးကြီး ဆုံးသွားတာကို အလူးအလိမ့် ခံစားနေရသော အနုကို အားလုံးကဝိုင်းပြီး ကရုဏာသက်စွာ နှစ်သိမ့်ကြရသည်။ မိထွေးတော်ကအစ ဒီအိမ်ကို သူ ရောက်ပြီး နှစ်လအကြာမှာပဲ ကြီးကြီးက ဆုံးပါးသွားတာမို့ သူ့မှာလည်း မျက်နှာသေးတငယ်ငယ်ရှိသည်။ အနုကိုလည်း သမီးအရင်းလို မဟုတ်သော်ငြား တူမတစ်ယောက်လိုတော့ ဂရုစိုက်ရှာပါသည်။ ဒါပေမဲ့လည်း အနု ရင်ထဲမှာ ခံစားနေရတာတွေက ဘယ်လိုမှ မသက်သာပါ။

အနု သိတာသည် ကြီးကြီးက အနုရဲ့အနားသို့ ဘယ်တော့မှ ပြန်ရောက်မလာနိုင်တော့။ ထို့အတူစွာပဲ ဖေဖေကလည်း အိမ်ထောင်ပြုထားကာ ဘဝသစ်တစ်ခုကို ဆက်လက်ဆောက်တည်တော့မည်။ ပြီးတော့ ဒီကမ္ဘာပေါ်မှာ အနု သံယောဇဉ်အရှိရဆုံး၊ အတွယ်တာရဆုံး၊ လူသားတစ်ယောက်ကလည်း သူ့ရဲ့ချစ်သူနှင့် ပျော်ရွှင်စွာ အတူရှိနေသည်။ ကဲ ... အနုအနားမှာ ဘယ်သူရှိသလဲ။ တွေးလိုက်တိုင်းပဲ အနု ခံစားကြေကွဲရသည်။

ကိုယ်ဟာ ချစ်ခင်မြတ်နိုးသူတွေရဲ့ နံပါတ်တစ်မဖြစ်နိုင်တော့ဘူး ဆိုမှတော့ အနုဟာ သူတို့ကို အားကိုတကြီးနဲ့လည်း ရင်ထဲမှာ ထည့်မထားချင်တော့ပေ။ သူများအတွက် ပိုလျှံနေမှ ကိုယ့်အတွက် ပေးလာမယ့် အချိန်တွေကိုလည်း မက်မောမနေချင်တော့၊ တကယ့်တကယ် ယှဉ်လာစတမ်းဆိုရင် သူတို့ရဲ့အိမ်ထောင်

www.burmeseclassic.com



ဖက်၊ ချစ်သူရည်းစားတွေကိုသာ နံပါတ်တစ်နေရာမှာထားလျှ ဦးစားပေး ရှေ့တန်းတင်မှာပဲဖြစ်သည်။ ဒါကို ကောင်းကော ကြီး သဘောပေါက်ထားသော အနုဟာ အဖေဖြစ်သူကိုလည် အရင်ကလို နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး မနေဖြစ်တော့သ ခေတ်ကိုလည်း ဖုန်းတောင် မဆက်ဖြစ်တော့။ ခေတ်တို့အိမ် ဟိုးအရင့်ကလို သွားလည်ဖို့ဆိုတာ ဝေးလာဝေးပင်။

ခေတ်ကသာ မဆက်သွယ်တော့လျှင် အနုနဲ့ခေ သည် တစ်ပတ် တစ်ခါတောင် ဖုန်းပြောဖြစ်မှာ မဟုတ်တော အဲဒီလောက်ထိ အနုက စိမ်းကားပြတ်တောက်ခဲ့လေသည်။ ရလျှင်တော့ အနုသည် ဖေဖေ့ကိုရော၊ ခေတ်ကိုရော စိတ်နာသည် လောကကြီးတစ်ခုလုံးကို ရေရေလည်လည် စိတ်နာလေသည် ဒီလောကကြီးထဲမှာ အနုကို ဘယ်သူကမှ နားလည်ပေးဖို့ စိ ကူးမရှိကြချေ။ အဲဒီအတွက် အနုကလည်း ဘယ်သူ့ကိုမှ ခေါ ထဲ ထည့်မထားချင်တော့။ ပျော်သလိုနေဖို့ စိတ်ကူးသည် ကြိုး ဆုံးသွားပြီး တစ်လအကြာမှာ အနု ရင်ထဲသို့ ရောက်လာသည်

အရင်တုန်းက စည်းကမ်းရှိရှိ နေခဲ့သော အနုသ နောက်ပိုင်းမှာတော့ နေချင်သလိုနေသည့် Life Style ပြောင်းလဲလိုက်လေသည်။ နေချင်သလိုနေတယ် ဆိုတာက ညဘ နှစ်နာရီ သုံးနာရီမှ အိပ်တတ်သလို မနက်လည်း တစ်မနက် အိပ်ချင်အိပ်နေတတ်သည်။ အိမ်မှာနေလျှင်လည်း အခန်းထဲ





ပ်မထွက်ချေ။ အိပ်ချိန် စားချိန် မမှန်သောကြောင့် အချိန်မှန်မှန် မင်းစားလေ့ရှိသော အသစ်စက်စက် ဇနီးမောင်နှံနှင့်လည်း ကူးတုက ဆုံစရာမလိုတော့။ ကြီးကြီး ရှိစဉ်တုန်းကတော့ က်ဆိုလျှင် ခုနစ်နာရီလောက်အိပ်ရာနိုးကာ ဘုရားဆွမ်းတော်တွေ တွေကပ်၊ ကြီးကြီးကို ကူညီ၍ မိသားစုစုံစုံညီညီ Breakfast ကြသည်။ ပြီးလျှင် အနုက အပြင်သွားစရာရှိတာသွား။ မရှိ လျှင် အိမ်မှုကိစ္စလေးတွေ ဝင်လုပ်တတ်သည်။ ကြီးကြီးထံက က်နည်းပြုတ်နည်းတွေ သင်ယူသည်။

ညဆိုလျှင်လည်း TV ကြည့်ရင်ကြည့်၊ မဟုတ်လျှင် ည်း စာဖတ်ကာ ညဆယ်နာရီလောက်ဆို ပုံမှန်အိပ်ရာဝင်တတ် ည်။ အိပ်ချိန်၊ ထချိန်၊ စားချိန်၊ သောက်ချိန်ရှိကာ ပုံမှန်လည် တ်နေသော ဘဝဖြစ်သည်။ အခုတော့ အဲဒီလိုမဟုတ်တော့။ ပေမဲ့လည်း ဒီနေ့မနက်မှာတော့ ထူးဆန်းစွာပင် အိမ်ကကောင် လေးက အနုကို လာနှိုးသည်။ အန်ကယ်က နှိုးခိုင်းတာဆိုသဖြင့် အနုသည် ကိုယ်လက်သန့်စင်ပြီးနောက် အောက်ထပ်သို့ ဆင်းလာ သည်။

အောက်ထပ်က ထမင်းစားခန်းထဲတွင် ဖေဖေနှင့် နီးသစ်တို့ Breakfast စားဖို့ အဆင်သင့် ဖြစ်နေကြသည်။ ဖေက အနုကိုမြင်လျှင် အချိုသာဆုံး အပြုံးဖြင့် (အနုစိတ်ထင် ာ့ အဲဒီအပြုံးကြီးဟာ တမင်ပိုလုပ်ပြထားသည်ဟု မြင်သည်။)



www.burmeseclassic.com

www.burmeseclassic.com



"လာ ... သမီး။ ထိုင် ... ထိုင်။ ဘာစားမလဲ၊ ဖေဖေ သ
ကြိုက်တဲ့ဟာ သုံးမျိုးလောက် ဝယ်ခိုင်းထားတယ် ...

မုန့်ဟင်းခါး၊ ဘဲသားဆီချက်နဲ့ ခြီးရှည်။ တခြ
အိမ်ကမုန့်တွေလည်း ရှိတယ်၊ ဘာစားမလဲ"

"သင့်ခ်ယူ ဖေဖေ။ ခြီးရှည်ပဲ စားတော့မယ်။ သိပါ
သမီးက ဖေဖေ တကူးတက ပြောစရာများ ရှိလို့လား
လက်စသတ်တော့ မုန့်ခေါ်ကျွေးတာကိုး"

အနုက ဘာမှမဖြစ်သလို အေးအေးဆေးဆေး
ပြောကာ အဖုံးအုပ်ပေးထားသော ကော်ဖီခွက်ကို အဖုံးဖွင့်
ယူသောက်လိုက်သည်။ မိထွေးတော်ကိုတော့ အနှစ်နှစ် အလ
ရင်းနှီးခဲ့သူလို တကူးတက နှုတ်ဆက်စရာမလိုတဲ့ပုံစံမျိုး ရိ
လိုက်သည်။

"မုန့်ခေါ်ကျွေးတာလည်း ကျွေးတာပေါ့။ ခုတလော သ
နဲ့ ဖေဖေတို့နဲ့ Breakfast ဝိုင်းမှာ မဆုံလို့လေ။ ညဘက်
တော့လည်း သမီးက စောစားပြီးတာနဲ့ အပြင်က ပြန်
တဲ့ နောက်ကျတာနဲ့ဆိုတော့ ကိုယ့်သမီးနဲ့ကိုယ် တစ်
တည်းနေပြီး မဆုံဖြစ်တော့သလို ဖြစ်နေတာ"

အနုက ဘာမှမပြောတော့ဘဲ ကောင်မလေး
ပေးသော ခြီးရှည်ကိုသာ တူနဲ့နယ်နေလိုက်သည်။ မိထွေးတေ
မှ အသံထွက်လာသည်။





"အနု ဒီနေ့ အိမ်မှာ ထမင်းစားမှာ မဟုတ်လား။
ဘာဟင်း စားချင်လဲ၊ ခဏနေ အန်တီ ဈေးသွားမလို့လေ"

"အဆင်ပြေတာသာ ချက်ပါ။ အနုက အိမ်မှာစားဖို့လည်း
သိပ်မသေချာပါဘူး"

"သူ့ဖွားဒ္ဒက ဈေးသွားမလို့လား။ မနက် အိပ်ရာနိုးတုန်းက
ခေါင်းမူးလို့ဆို"

"အင်း ... ခုတော့ သက်သာသွားပါပြီ"

အနုက တစ်စုံတစ်ရာ ဘာမှထပ်မပြောဘဲ ခြီးရှည်
ကိုသာ ငုံ့စားနေသည်။ ဖေဖေကပဲ စကားဆက်ပြောတာဖြစ်သည်။

"သမီးတို့ဆိုင်ရော အခြေအနေက ဘယ်လိုရှိလဲ"

"ရှေ့လဆိုရင် ဖွင့်ပြီလေ။ အားလုံးရယ်ဒီပါပဲ။ ဝန်ထမ်းတွေ
လည်း အားလုံး ရယ်ဒီဖြစ်နေပါပြီ။ ဝန်ထမ်းကတော့နည်း
သေးတယ် ...

သမီးရော မျိုးမျိုးရော ရှိတာဆိုတော့ နှစ်ယောက်
ဖိပြီး လုပ်မှာလည်း ပါတာပေါ့၊ နောက် လိုအပ်မှဝန်ထမ်း
တွေ ထပ်ခေါ်မယ်"

"အင် ... ငါ့သမီးက အလုပ်လုပ်ဖို့ တော်တော်တက်ကြွ
နေတဲ့ပုံပဲ။ နောက်ဆို ဖေဖေ့အလုပ်တွေကို လွှဲဖို့ရပြီပေါ့"

အဲဒီစကားကိုတော့ အနုက ဘာမှပြန်မပြောဖြစ်ပါ။
ဖေဖေမိန်းမဟာ အရင်က ကုမ္ပဏီဝန်ထမ်းတစ်ယောက် ဖြစ်သေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ခုချိန်မှာတော့ ရွှေပင်မှာနားတော့ ရွှေကျေး၊ သူဌေးကတော် တစ်ယောက် ဖြစ်သွားပြီမို့ ဝန်ထမ်းအလုပ်ကလည်း ထွက်လိုက်ပြီဖြစ်သည်။ ဘာအလုပ်မှ မလုပ်တော့ဘဲ အိမ်ရှင်မရာထူးကိုသာ ယူလိုက်တော့သည်။ ဒါကြောင့် အနုဟာ အရင်တုန်းက အိမ်ကိစ္စတွေကို စီမံခန့်ခွဲပေးခဲ့သော်လည်း ခုချိန်မှာတော့ အိမ်ရှင်မလည်း ရှိသွားပြီမို့ အားလုံးကို ဒေါ်အေးသန္တာရဲ့လက်အောက်သို့သာ လွှဲပေးလိုက်တော့သည်။

ကြားဖူးနားဝ ဇာတ်လမ်းတွေထဲကလို သူက ဒီလိုလုပ်ထားတာ၊ ငါက ဒီလိုမှ ကြိုက်တာတွေ ဘာမှဇာတ်ရှုပ်စရာ မရှိတော့။ အနုသည် အားလုံးကို စိတ်ကုန် စိတ်ပျက်လှသည်ဖြစ်ရာ အိမ်ကိစ္စဆိုတာလည်း ခေါင်းထဲကို ထည့်မထားတော့တာပင်။ ဒေါ်အေးသန္တာ စိတ်ကြိုက် လုပ်ချင်ရာသာလုပ် ချိုသည် ခါးသည် ကောင်းသည် ဆိုးသည့် ဘာတစ်ခုမှ မဝေဖန်ချေ။ အိမ်ကထမင်းဟင်းလည်း စားချင်မှ စားသည်။ အားလုံးကို ဥပေက္ခာပြုထားသောကြောင့် နေရတာတော့ တကယ်ငြိမ်းချမ်းသည်။ တံရားပေါက်မှ နေတတ်တာတော့ မဟုတ်ချေ။ စိတ်ထားတတ်လျှင်ကို လောကကြီးက နေလို့ကောင်းသွားမှန်း တဖြည်းဖြည်းနှင့် အနု သဘောပေါက်လာရပြီဖြစ်သည်။

ဘာပြဿနာမှ မဖြစ်ချင်သဖြင့် အနု ဒီလိုနေတယ် ဆိုတာလည်း ဖေဖေရော ဒေါ်အေးသန္တာရောက သိသည်။





စောင်းတာ မြောင်းတာလည်းမရှိ၊ ဝေဖန်တာလည်း မရှိဘဲ ကိုယ့်ဟာကိုယ် သီးသန့်နေသွားတာမို့ အနုကို ပို၍လည်း ရှိန်ကြသည်။ နဂိုက ကလေးဆန်ဆန် အနုဟာ အဲဒီအမှုအရာတွေ ပျောက်ဆုံးလျက် အေးစက်သောပုံစံကို ပြောင်းလဲသွားတာ ဖြစ်ပါသည်။

"ခေတ်နဲ့ရော တွေ့ဖြစ်လား သမီး"

"သိပ်မတွေ့ပါဘူး။ သူလည်း သူ့ဟာသူ ရှုပ်နေတာပဲလေ"

"အင်း ... ဖေဖေလည်း ကိုရဲလင်းတို့၊ သဇင်တို့နဲ့ မတွေ့ရတာကြာပြီ၊ တစ်ရက်လောက် မိသားစုနှစ်စု ချိန်းပြီး အပြင်မှာ ဒင်နာကောင်းကောင်း သွားစားမလားလို့"

"ဖေဖေတို့ လူကြီးတွေချင်း သွားချင်သွားပေါ့၊ သမီးတော့ သိပ်မလိုက်ချင်ဘူး"

"မလိုက်လို့ ဘယ်ဖြစ်မလဲ သမီးရဲ့၊ ဟင် ... သန္တာ ... ဘာဖြစ်တာလဲ"

ဖေဖေ့စကားတောင် မဆုံးသေး။ ဒေါ်အေးသန္တာသည် ထမင်းစားပွဲမှ ရုတ်တရက် ထပြေးလေတော့သည်။ ပါးစပ်ကိုပိတ်ပြီး ပြေးသည်မို့ အန်ချင်တယ် ဆိုတာကို တွေးမိကာ ချက်ခုံးဘစ်ချက် ပင့်သွားရသည်။ ဖေဖေကတော့ မယားချောလေးနောက်ကို အပြေးလိုက်သွားသည်မှာ ရှမ်းခေါက်ဆွဲကိုတောင် ဆက်မစားနိုင်တော့။

www.burmeseclassic.com



ဘယ်သူမှ မရှိတော့မှပဲ အနုက မြီးရှည်ကို အေးအေးလူလူ စားခွင့်ရတော့သည်။ တစ်ယောက်တည်း အေးအေးဆေးဆေး စားနေသော်လည်း အိမ်ရှေ့က ပျာယာခတ်နေသော အသံတွေကိုတော့ ကြားနေရသည်။ အထူးသဖြင့် ဖေဖေ့အသံက အကျယ်ဆုံး။ ဪ ... ဖေဖေ ... ဖေဖေ ... ဇနီးချောကြီးအတွက် စိုးရိမ်နေလိုက်တာ။ ဖေဖေ့ဒရိုင်ဘာက တစ်လမ်းကျော်မှာရှိသော ဆရာဝန်မကို သွားပင့်ရသည်။ အနုသည် ထမင်းစားခန်းထဲမှ မခွာသေးဘဲ TV ဖွင့်ကြည့်ရင်းမှ ကော်ဖီသောက်နေမိသည်။ ဆရာဝန်ရောက်လာတာ၊ စမ်းသပ်ဖို့ အပေါ်ထပ်တက်သွားတာ အားလုံးကို သိနေသည်။ ခဏကြာတော့ ဆရာဝန်မကို အိမ်ရှေ့ထိ ဖေဖေ လိုက်ပို့နှုတ်ဆက်နေတာတွေကိုလည်း ကြားနေရပြန်သည်။

ကော်ဖီလည်းအကုန်၊ အနုလည်း အိမ်ရှေ့ဧည့်ခန်းဘက် ထွက်အလာ ဖေဖေနှင့် မျက်နှာချင်းဆိုင်ကို ဆုံလေသည်။

"အန်တီသန္တာ ဘာဖြစ်တာလဲ ဖေဖေ"

ဖေဖေ့မျက်နှာသည် အနု တွေ့ဖူးသမျှ မျက်နှာများထဲတွင် အီလည်လည်ကြီးနှင့် မထွေးနိုင် မအန်နိုင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော မျက်နှာမျိုးဖြစ်သည်။

"သူ ကိုယ်ဝန်ရှိနေပြီတဲ့"





ပြောတဲ့ပုံစံကိုက ထင်မထားဘဲနဲ့ ရှိသွားတယ်လို့ အံ့ဩစွာပြောတဲ့ ပုံစံမျိုးဖြစ်တာမို့ အနုက နှာခေါင်းထဲမှ လေထွက်ရုံ ဟက်ခနဲ ရယ်မိသွားသည်။ မိသားစုဘဝလေးရယ်လို့ ပိုမိုအဓိပ္ပာယ်ရှိလာစေဖို့ အချိန်တစ်ခုတောင် မစောင့်ဘဲ ကလေးကို ချက်ချင်းယူလိုက်တာ မဟုတ်ဘူးလား ဖေဖေရယ်။ အေးပေါ့လေ ဘာအချိန်ကို ထပ်စောင့်နေရဦးမှာလဲ။ ဖေဖေရော အပျိုကြီးရော ဟာ (ဒေါ်အေးသန္တာဟာ အခုချိန်မှာ အပျိုကြီး မဟုတ်တော့ပေမယ့် အနုကတော့ သူ့ကို အပျိုကြီးဟုသာ နှုတ်ကျိုးနေတော့သည်။) သိပ်မငယ်တော့တာမို့ သူတို့ရဲ့မျိုးဆက်သစ်လေးကို လူ့လောကထဲ မြန်မြန်ဆန်ဆန် ရောက်လာဖို့အရေး ကြိုးစားကြမှာပင်။ ဖေဖေ့ရဲ့ရင်သွေးလေး၊ ဖေဖေ့ရဲ့မျိုးဆက်သစ်လေး လူ့လောကကြီးထဲကို ရောက်လာတော့မည်။ အနုလိုပဲ ဖေဖေ့ရဲ့သွေးသားရင်းချာလေးတစ်ယောက် ဖေဖေ့အတွက် ရှိလာတော့မည်။

အရင်က ဒီကမ္ဘာကြီးပေါ်တွင် ဖေဖေ့ရဲ့သွေးသားဟာ အနု တစ်ဦးတည်းသာ ရှိခဲ့သည်။ ယခုတော့ ...။ အနုသည် အဖေတို့နှင့် တဖြည်းဖြည်း ပို၍ ပို၍ ဝေးကွာလာသလို ခံစားရသည်။

"သမီး ... ဘယ်လိုပဲဖြစ်ဖြစ် သမီးဟာ ဖေဖေရဲ့အချစ်ရဆုံး သမီးလေးပါ။ အဲဒါကိုတော့ သမီး အမြဲတမ်းယုံကြည်ထားပေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



အနုသည် ဖေဖေ့မျက်နှာကို တစ်ချက်ငေးကြည့်ကာ ဘာမှမပြောတော့ဘဲ အသာအယာ လှည့်ထွက်လာခဲ့လေသည်။ ဟန်ဆောင်ပန်ဆောင်လေးတောင် ခေါင်းညိတ်မပြနိုင်ခြင်းမှာ တကယ်ပဲ လုံးဝမယုံတော့သောကြောင့်ဖြစ်သည်။ အနုနဲ့ အဖိုးကြီးတို့ရဲ့ သံယောဇဉ်ကို ချိန်ထိုးကြည့်လိုက်လျှင် လင်မယားအချစ်ဆိုသော သံယောဇဉ်ကို ဘယ်လိုမှ မမီနိုင်ချေ။ ဒီအထဲမှာ ရင်သွေး ဟူသော သံယောဇဉ်ကပါ ထပ်ကူလိုက်သောအခါ အနုသည် အဝေးကြီးသို့ ဝေးလွင့်သွားပြီဟု သိလိုက်ရလေသည်။

❦ ❤ ❦





၁၆

"တစ်ခါတလေကျတော့လည်း ခရီးထွက်ရတာ စိတ်ကို အပြောင်းအလဲတွေနဲ့ လန်းဆန်းမှုတွေ ပေးတယ်နော်။ မြို့ပြင်ရောက်သွားပြီ ဆိုတာနဲ့ လေထုကလည်း မြို့ထဲနဲ့သိသိသာသာကို ကွာသွားတော့တာ ...

မြင်ကွင်းတွေ အားလုံးကလည်း စိမ်းစိုသာယာလို့ တကယ်တော့ ဖြစ်နိုင်မယ်ဆိုရင် အဝေးကြီးကို ခရီးမထွက်နိုင်တောင်မှ အနီးနားလေးတွေတော့ မကြာခဏ သွားပေးသင့်တယ်လို့ ထင်တယ်"

အနုသေးမှာ ထိုင်နေသော မျိုးမျိုးထံမှ စကားသံထွက်ပေါ်လာလျှင် အနုက မှတ်ချက်တစ်စုံတစ်ရာ မပေးဘဲ ထောက်ခံတယ်ဟူသော သဘောဖြင့် ပြုံးရုံသာ ပြုံးပြမိသည်။ အနုနဲ့ မျိုးမျိုးသည် လုပ်ငန်းကိစ္စတစ်ခုဖြင့် နေပြည်တော်သို့ ခရီးထွက်လာရတာဖြစ်သည်။ နေပြည်တော်မှာ နှစ်ညအိပ်ခဲ့ပြီးနောက်



www.burmeseclassic.com

နောက်တစ်နေ့မနက် ရှစ်နာရီလောက် Breakfast စားပြီး ရန်ကုန်သို့ အေးအေးလူလူ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ ရာသီဥတုက မိုးအုံ့နေတာမို့ မှိုင်းမှိုင်းပျပျရှိကာ ပတ်ဝန်းကျင်ရှုခင်းက လှပနေတာမို့ မျိုးမျိုးက ဤသို့စကားထွက်လာခြင်းဖြစ်သည်။

အခုဆိုလျှင် အနုဟာ အိမ်ကလူတွေအကြောင်း ခေါင်းထဲကို မထည့်တော့။ ဒေါ်အေးသန္တာ ကိုယ်ဝန်ရှိနေပြီဆိုတာကို သိရကတည်းက အနု စိတ်တွေဟာ ဖေဖေနှင့်ပို၍ဝေးသွားခဲ့သည်။ ဖေဖေ့မှာ အနုထက် ချစ်ရမယ့် မိန်းမရယ်၊ ရင်သွေးလေးရယ် ရှိနေတာကြောင့် အနုကို ဂရုမစိုက်နိုင်တော့ဘူးဆိုတာ သိပြီးတဲ့နောက်တွင် အနုရဲ့အာရုံတွေကို တခြားတစ်ဖက်သို့ ပြောင်းဖို့ ကြိုးစားလိုက်တာဖြစ်သည်။ အထူးသဖြင့် အလုပ်ကို ဖိဖိစီးစီးလုပ်ကာ စီးပွားရေးထဲတွင်သာ အာရုံကို အပြည့်နှစ်ထားတာ ဖြစ်သည်။ ဒီအချိန်မှာ အနုကို စိတ်ဝင်တစားရှိစေသောအ ရှိလာလျှင်လည်း အဲဒီထဲကို စိတ်နှစ်လိုက်ဖို့ ဝန်မလေးပေ။

ဒါကြောင့် ခုချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် အရင်ထက် ပိုဂရုစိုက်ကာ ဖက်ရှင်တွေ၊ အလှအပတွေဘက်ကို ပိုပေးထားသည်။ ရှင်းရှင်းပြောရလျှင်တော့ အနု ချစ်သလို နေတဲ့သူတွေကို ခေါင်းထဲကနေ လုံးဝထုတ်ထားလေသည်။

"နင်တို့အိမ်က အပျိုကြီး ဗိုက်ကြီးနေပြီဆိုတော့ နင်အိမ် တစ်အိမ်လုံး ပျာယာခတ်နေမှာပေါ့"





"ငါ့အဖေက အဆိုးဆုံးပေါ့ဟာ၊ ဗိုက်ကဖြင့် သုံးလပဲရှိသေးတယ်။ မီးဖိုချောင်ထဲတောင် မဝင်ရတော့ဘူး ဖြစ်နေပြီ ...

ကဲလိုက် သည်းလိုက်တာလည်း မျက်လုံးထဲရောနားထဲမှာပါ Cross ဖြစ်နေပြီ၊ ကြီးကြီးရှိရင်တောင် အဲဒီလောက် ပေါ်တင်ကဲရမှာ မဟုတ်ဘူး။ ခုတော့ ပြောမနေနဲ့။ တစ်နေ့က ငါက အိမ်ပေါ်ထပ်က ဆင်းလာတာ မမြင်ဘူးလေ၊ ဧည့်ခန်းထဲမှာ မိန်းမကို လက်ဖက်သုပ် ခွံ့ကျွေးနေတာ"

"ဟိ ... ဟိ"

"ကိုယ့်မိန်းမကို ယုယချင်တာ အပြစ်မပြောပါဘူး။ ဒါပေမဲ့ ကိုယ့်အခန်းထဲမှာကိုယ် ယုယကြပေါ့ဟာ။ အခုတော့ အိမ်ထဲ ခြံထဲ ဘယ်နေရာမဆို တွေ့မရှောင်၊ ယုယကြင်နာနေတော့ အမြင်ကတ်တယ် ...

ငါ့အမေတုန်းကတောင် အဲဒီလောက် ယုယကြင်နာခဲ့လားတောင် မသိဘူး။ မေးကြည့်စရာ ကြီးကြီးကလည်း ရှိတော့ဘူးလေ"

အဖျားခတ်ပြီး တုန်ယင်သွားသော အနုရဲ့အသံ မျိုးမျိုးက မရယ်ဖြစ်တော့ချေ။ ဟုတ်လည်း ဟုတ်ရှာ အနုရဲ့ဘဝက သနားစရာတော့ ကောင်းသည်။ အဖေက မိန်းမယူသွားသလို ခေတ် ဆိုသော ကောင်ကလည်းသုံး

www.burmeseclassic.com



စားမရစွာဖြင့် တခြားတစ်နေရာမှာ သွားပျော်နေသည်။ အနု အပေါ်မှာ မေတ္တာရှိသလိုလို စေတနာရှိသလိုလို ကြင်နာယုယ သလိုလိုတွေ လုပ်ခဲ့သော်လည်း တကယ်တမ်းကျတော့ အလကား သာပင်။

ဒါကြောင့် ညှိုးငယ်နွမ်းခွေမနေဘဲ အနု ပျော်သလိုနေ ခြင်းကို မျိုးမျိုးက လိုက်လျောထောက်ခံလေသည်။

"နင် … ခေတ်နဲ့ရော တွေ့ဖြစ်သေးလား"

"မတွေ့ဖြစ်ပါဘူး"

"ဒီမလာခင် တစ်ရက်က သူနဲ့ သူ့ဆော်ကို စိန်လီအသား ကင်ဆိုင်မှာ တွေ့လိုက်သေးတယ်။ ငါ့အစ်မ လင်မယားက လာခေါ်လို့ လိုက်သွားတာလေ …

ငါနဲ့လည်း စကားမပြောဖြစ်ပါဘူး။ တို့က အဝင် သူတို့ကအထွက်ဆိုတော့လေ။ ဟိုမိန်းမကတော့ လုံးဝ မော်ချီနေတဲ့ရုပ်နဲ့ ဟင်း …

ဟိုကောင်ကလည်း အလုပဂေးနဲ့ တွဲသွားရတာ မာန်တက်နေတဲ့ရုပ်နဲ့လေ"

"တက်ပါစေဟာ၊ ဟဲ့ … ဟိုရှေ့မှာ တို့ကားကို လူတ ယောက် တားနေတယ်၊ ကြည့်ရတာ ကားပျက်နေတယ် တူတယ်"

"ကားပျက်တော့ရော တို့က ပြင်တတ်တာကျလို့"





"ဘာပဲဖြစ်ဖြစ်လေ၊ ကူညီလို့ ရတာဆိုလည်း ကူညီရတာ ပေါ့။ ရပ်တော့ မေးကြည့်လိုက်ဦးမယ်"

အနုက ကားကို အရှိန်လျှော့ကာ မှန်တံခါးကို ဖြင့် လျှော့ချပြီး ဖွင့်လိုက်သည်။ ကားထဲသို့ ငုံ့ကိုင်းပြီး နေသော မျက်နှာတစ်ခုကို မြင်ရလျှင်တော့ အနုရဲ့မျက်မှောင် မဆိုစလောက် ကျုံ့သွားကာ ဘယ်သူပါလိမ့်ဟု စဉ်းစား ာက် သိသွားရလျှင် မျက်ခုံးတွေက ချက်ချင်းပဲ မြင့်တက် သည်။

အပြင်ကလူကလည်း အနုရဲ့အတိုင်းပဲဖြစ်သည်။

"ဩော် … မြင်ဖူးပါတယ်လို့ ကြည့်နေတာ မင်းကိုး"

"အင် … ကျွန်မလည်း ရှင့်လိုပါပဲ၊ ပြော … ဘာအကူ အညီ လိုသလဲ"

"ကိုယ့်ကား ဘက်ထရီဒေါင်းသွားပြီကွ။ ဘယ်လိုမှ စက် နှိုးမရတော့ဘူး၊ တိုင်ပတ်နေတာ"

"အဲဒီတော့ …"

"အင်း … ရန်ကုန်ကို ကားကြုံလိုက်ချင်တာပေါ့ကွာ။ ရှေ့ မှာလည်း ကားတွေ တားခဲ့သေးတယ်။ ရပ်မပေးဘူးလေ။ အဲဒါ ဘယ်လိုလဲ ? …

မင်းကားနဲ့ ကားကြုံလိုက်လို့ ရမလား"

"ရှင့်ကားက ဘယ်လိုလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားမှာဝဲ ထားခဲ့ရမှာပေါ့။ ဖုန်းမိတဲ့နေရာကျမှ ရန်ကုန်ကို ဖုန်းလှမ်းဆက်ပြီ ဒီကားကိုယူဖို့ စီစဉ်ရမှာပဲ"

"ဒါဆိုလည်း ရပါတယ်။ ကဲ ... ကျွန်မကားကို ရှေ့ခဏ ရွှေ့လိုက်ဦးမယ်။ ရှင့်ကားပေါ်က ယူစရာရှိတဲ့ပစ္စည်းတွေ ယူလေ"

"အိုခေ"

သူက ပြုံးပြုံးနှင့် လှည့်ထွက်သွားချိန်ဝယ် အနက ကားကို ရှေ့သို့နည်းနည်းမောင်းလျက် ဆားသို့ကပ်ရပ်လိုက်သည်။ မျိုးမျိုးက အနကိုလှည့်ကြည့်ကာ ...

"ဟဲ့ ... အနု၊ နင့် အသိလား၊ ဘယ်သူလဲ"

"သြော် ... နင့်ကို ငါ တစ်ခါကပြောတဲ့ ငါ ကားနဲ့တိုက်မိတော့မလိုဖြစ်တဲ့သူလေ။ တိုက်တိုက်ဆိုင်ဆိုင် အကြာကြီးနေမှပဲ ဟိုင်းဝေးလမ်းမကြီးပေါ်မှာ လာတွေ့နေရတယ်"

"အင်း ... ရေစက်ပေါ့။ ရေစက် ... ဟဲ့ ... ဒီဇိုင်းကတော့ ဖြောင့်တယ်နော်၊ ခေတ်ထက်တောင် ဖြောင့်သေးတယ်"

"တစ်မျိုးစီပေါ့ဟယ်"

"အမယ်လေး ... သူကလည်း ဒီသတ္တဝါကို အနုထိတော သံယောဇဉ်မကုန်သေးတဲ့ပုံနဲ့။ ခေတ်က အမေရိကန်စေ သား စတိုင်လ်၊ သူက ကိုရီးယားမင်းသားစတိုင်လ်"





အနက မျိုးမျိုးပြောတာကို သဘောတကျ ရယ်မော ကာ နောက်ကြည့် ဘက်မှန်မှတစ်ဆင့် သူ လျှောက်လာနေပုံကို အမှတ်တမဲ့ လှမ်းမြင်တွေ့သွားသည်။ ကြံ့ရည်ရောင်လို စိမ်းဝါဝါ ကာလာရှိသော ဖစ်တင်တီရှပ်နှင့် ဂျင်း(န်)အနက်ကို တွဲဖက်ဝတ် ဆင်ထားသော သူ့ပုံစံက အဝေးပြေးလမ်းမကြီးပေါ်တွင် အထာ ကျနေသည်။ လက်ဂေ့ချ်မပ်လတ်လတ်တစ်လုံးကို ဘီးနဲ့ဆွဲလာပုံ မှာ ဆောဓောင်ထဲတွင် ကြော်ငြာလာရိုက်နေသည့်အလားပင်။ အနက ကားပေါ်မှဆင်းကာ နောက်ခန်းတံခါးကို ဖွင့်ပေးလိုက် သျှင် သူက လက်ဂေ့ချ်ကိုတင်သည်။ တံခါးပိတ်ပြီးတာနှင့် အနု ကို လှည့်ကြည့်ကာ ...

"ကားကို ကိုယ်မောင်းချင်တယ်၊ ခွင့်ပြုပေးမလား"

"မောင်းလေ ... သိပ်အမြန်ကြီးတော့ မမောင်းနဲ့နော်"

"အေးပါ၊ မင်းက ကိုယ့်ကို ကူညီထားတဲ့သူဆိုတော့ မင်း စကားကို နားထောင်ရမှာပေါ့၊ ကီလို(၈၀)ဆိုရင် ရပြီလား"

"ရပြီ၊ အဲဒါဆိုလည်း သွားမယ်"

သူက အိုခေဟု တိုးတိုးရေရွတ်ကာ နဖူးပေါ်မှာတင် ထားသော မျက်မှန်ကို အောက်သို့ဆွဲချရင်း အနကို နှုတ်ခမ်းစွန်း ခင်မက် ကော့ပျံတက်အောင် ပြုံးပြသည်။ ကားပေါ်ရောက်တော့ မှ သူ့ဘေးမှာထိုင်သော အနုဟာ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ဖို့ သတိရတော့သည်။

www.burmeseclassic.com



"နေပါဦး၊ ရှင်က ကျွန်မကားကိုသာ တက်မောင်းနေ ကျွန်မအမည် ဘယ်သူဆိုတာရော သိရဲ့လား"

"မသိဘူးလေ"

အနုရဲ့ ဟွန့်ဟူသော မကျေမချမ်း ရေရွတ်သံ သူက အသာရယ်မောသည်။ ပြီးတော့မှ အနုဘက်သို့ တစ် လှည့်ကြည့်ကာ ...

"ကိုယ်တို့က နာမည်ထက်အရေးကြီးတဲ့ ကိစ္စတွေ ရလို့ပါ။ အိုခေ ... ကိုယ်ကပဲ ကိုယ့်ကိုယ်ကိုယ် အ စ,မိတ်ဆက်ပါ့မယ်။ ဩော် ... နောက်က တစ်ယော ရော မှတ်ထားပေးနော်။ နှစ်ယောက်စလုံးကို မိ အဖြစ် သတ်မှတ်ပါတယ် ...

ကိုယ့်နာမည်က နေဝင်းဒွေးတဲ့၊ သာကေ မြန္မာညိုအိမ်ရာမှာ နေတယ်၊ အလုပ်အကိုင်က ကား ဆိုင်နဲ့ ကားဝပ်ရှော့၊ ရေဆေးခုံ အဲဒါတွေကို သူ တွေနဲ့ စပ်တူဖွင့်ထားတယ်။ ကားဝယ်ရောင်းလည် တယ် ...

အခု ဒီကားကို မန္တလေးက သွားဝယ်လာ သ,ပြီး ပြန်ရောင်းမှာပေါ့ အဲလိုမျိုး။ ကိုယ့်အကြော ဒီလောက်ပါပဲ။ ဩော် ... အရေးကြီးတာက ကိုယ်က လူပျိုပါ ... ဟဲ ... ဟဲ"





"ဟင်း ... ဘာဆိုင်လို့လဲ"

"ဩော် ... ဆိုင်တာပေါ့၊ ကိုယ့်မိတ်ဆွေတစ်ယောက်က အိမ်ထောင်ရှိလား မရှိဘူးလား ဆိုတာတော့ သိထားသင့်ပါတယ်။ ကဲ ... ဒီက အစ်မလေးအကြောင်းလည်း ဆက်ပါဦး"

"ကျွန်မက အနုသွေး။ သူက မျိုးပပထွန်း။ မျိုးမျိုးလို့ပဲ မှတ်ထားပေါ့။ ကျွန်မတို့ နှစ်ယောက်ပေါင်းပြီး (.........) Shopping Mall အသစ်မှာ ဖက်ရှင်ဆိုင်၊ ကော်ဖီဆိုင်နဲ့ အင်တာနက်ဆိုင် တွဲဖွင့်မလို့လေ"

"ဩော် ... မဖွင့်ရသေးဘူးပေါ့။ ဆိုင်ဖွင့်ပွဲကျရင် ဖိတ်ဦးလေ။ အခုရော နေပြည်တော်က ပြန်လာတာလား"

"ဟုတ်တယ်။ အလုပ်ကိစ္စ တစ်ခုနဲ့ပါ"

"နေပြည်တော်ရော နှံ့ရဲ့လား။ လည်ဖြစ်သေးလား"

"လည်ဖြစ်ပါတယ်၊ ရေပန်းဥယျာဉ်တို့၊ တိုင်းရင်းသားကျေးရွာတို့ ရောက်တယ်"

"ကိုယ့်အမျိုးတွေနေတဲ့ နေရာရော မရောက်ဘူးလား"

"ရှင့်အမျိုးတွေက ဘယ်မှာနေတာလဲ"

"တိရစ္ဆာန်ရုံလေ"

မျိုးမျိုးက တဟားဟားနှင့် အော်ရယ်သော်လည်း အနုကတော့ မျက်စောင်းတစ်ချက်သာ ထိုးမိလေသည်။ အဲဒီနောက်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ တခြား အာလာပသလ္လာပစကားများကိုပြောရင်း ပါ
မပိတ်ရတော့ချေ။ ဒါ့ကြောင့် ကမ်းရိုးတန်းဖုန်းမိသော နေရာရော
လျှင် အနုကပဲ သတိတရနှင့် ဖုန်းကိုထုတ်ပေးကာ ကားပြ
ဖုန်းဆက်ခိုင်းရသည်။

ကားခဏရပ်ပေးပြီး ဖုန်းပြောနေသော သူ့ကို

"ရှင်မလဲ ပေါက်ကရတွေ လျှောက်ပြောရမယ်ဆိုရင်
ကားကိုယ်တောင် သတိမရတော့ဘူးနော်"

"ဟဲ ဟဲ ... ကိုယ်က တစ်ခုခုကို စွဲမိစွဲရာ စွဲတတ်
သဘောရှိတယ်ကွ။ ပြီးတော့ ကိုယ့်ဆီမှာ အဲပေါ်ဆုံးက
ငွေပဲလေ၊ ဒါ့ကြောင့် ဒီကားလောက်က ပျောက်
အရေးမကြီးတော့ပါဘူး"

"မနိုင်လိုက်တာ"

"အိုခေ ... အိုခေ။ အခုပဲ ဝပ်ရှော့က ဘော်ဒါတစ်
လိုက်လာမယ်တဲ့။ အဆင်ပြေသွားပြီ။ ခရီးဆက်
မမများ။ ဪ ... ဟိုဟာလျှော့ဦးမလား"

"ဘာလျှော့ရမှာလဲ"

"ဟိုဒင်းလေ ... ဝိတ်လျှော့ဦးမှာလားလို့ မေးတာ
သွားချင်ရင် သွားနော်၊ ရက်မနေနဲ့။ အဲဒါမျိုးက
ထားရင် ကျန်းမာရေး ထိခိုက်တတ်တယ်"

"တော်ပြီ မသွားဘူး။ ရှင့်ဟာရှင် သွားချင်သွား"





"ကိုယ်ကတော့ ပိုက်ဆံမပေးရတဲ့ အတူတူ သွားလိုက်ဦး
မယ်"

သူက ပြောင်စပ်စပ်ဖြင့် ထွက်သွားလျှင် အနုက ခေါင်းခါယမ်းမိသည်။ မျိုးမျိုးက အနုရဲ့လက်မောင်းကို လာရိုက်ကာ ...

"တကယ့် ဟာသနော်၊ အနုရေ ... နင်တော့ ပျော်တော်
ဆက်တစ်ယောက် ရတာပဲ၊ ခင်ဖို့ ကောင်းတယ်ဟယ် ...

အင်း ... အံ့သြဖို့ကောင်းတဲ့ ရေစက်ပဲ၊ ရန်ကုန်မှာ
တွေ့ရင်တောင် ဒီလောက် ခင်သွားမှာ မဟုတ်ဘူး"

"ဒါကတော့ ခရီးအတူသွားရတာကိုး။ လူတစ်ယောက်ရဲ့
စိတ်ကိုသိချင်ရင် ခရီးအတူသွားကြည့်ဆိုတဲ့ စကားလည်း
ရှိတာပဲ ...

ရန်ကုန်မှာ တွေ့ရင်တောင် ခဏပဲ စကားပြောရမှာ
လေ။ အခုဟာက ကားပေါ်မှာ အကြာကြီးလည်း စကား
ပြောသွားရတာကိုး။ သူက ခင်ဖို့ကောင်းပါတယ်"

အနုရဲ့မှတ်ချက်သံအပြီးတွင် သူက ပြန်ရောက်လာသည်။ အဲဒီနောက် ခရီးဆက်လက် ထွက်ခွာလာကြလေသည်။ နေ့လယ်စာ ထမင်းကိုတော့ သူ့အစီစဉ်အတိုင်း ပဲခူးမရောက်ခင် ပျဉ်ပုံကြီးမှာ စားဖြစ်ကြသည်။ ပဲခူးမှာစားဖို့ စီစဉ်ထားသော အနုကို သူက မစားစေဘဲ ပျဉ်ပုံကြီးမှာ စားကြည့်ဖို့ တိုက်တွန်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းဖြစ်သည်။ မြို့ကဆိုင်တွေက စားနေကြမို့ ရိုးနေပြီဖြစ်ကြောင်း၊ တောရွာလေးက ဆိုင်မှာစားကြည့်စေချင်ကြောင်း ကြက်သားကာလသားဟင်းဟာ လတ်ဆတ်ပူနွေးပြီး အင်မတန် စားမြိန်ကြောင်း တိုက်တွန်းသဖြင့် စားဖြစ်သွားကြသည်။

ကုန်တင်ကားကြီးတွေ ရပ်နားကြသော ထမင်းဆိုင်လေးဟာ ပကာသနမဲ့ပေမယ့် တကယ်ပဲ သန့်ရှင်းပြီး သူပြောတဲ့ ကြက်သားကာလသားဟင်းမှာလည်း အင်မတန် စားကောင်းခဲ့သည်။ သူက ခရီးမကြာခဏ ထွက်နေရသဖြင့် လမ်းက စားသောက်ဆိုင်ကောင်းတွေကို နီးစပ်ရာမှာ မေးမြန်းပြီး မှတ်ထားတတ်ကြောင်း၊ ပြီးရင် သွားစားတတ်ကြောင်း ပြောပြသေးသည်။ အဲဒီနောက် အနုတို့ကားသည် ရန်ကုန်သို့ မနားစတမ်း ဦးတည်တော့သည်။ သူက အိမ်သို့မပြန်ဘဲ တာမွေမှာရှိသော ဝပ်ရှော့မှာပဲ ဆင်းသည်။ ပြီးတော့ အနုရော မျိုးမျိုးရောကို သူ့ဝပ်ရှော့မှာ လက်ဖက်ရည်တိုက်ပါသေးသည်။

"ကဲ ... အနုသွေး။ ခုလို ကူညီခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ခုချိန်ကစပြီး ကိုယ်တို့မိတ်ဆွေသူငယ်ချင်းကောင်းတွေ ဖြစ်သွားကြပြီပေါ့နော်"

"ထင်ရတာပဲလေ"

"ဒေါ်နုက သိပ်လက်မခံချင်သေးဘူးပေါ့။ အိုခေလေ ... ကိုယ့်တာဝန်က လက်ခံအောင် ကြိုးစားရမှာပေါ့"





"ဟုတ်ပါပြီ၊ ကျွန်မတို့လည်း နားချင်ပြီ၊ ပြန်တော့မယ်"

သူက ခေါင်းညိတ်ပြီး ကားအနားထိ လိုက်ပို့သည်။ ပြီးတော့ တာ့တာပြကာ နားအနားသို့ လက်ညှိုးနှင့်လက်မကို ကွေးပြီး ဖုန်းဆက်မည့်သဏ္ဍာန် လုပ်ပြသည်။ အနုသည် ဘာမှ မပြောတော့ဘဲ အသာပြန်ပြုံးပြခဲ့သည်။ သေချာတာကတော့ အနု ရင်ထဲတွင် လွတ်လပ်ပေါ့ပါးနေတာတော့ အမှန်ပဲဖြစ်လေသည်။

✌ ❤ ✌



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ခေတ်လုလင်သည် မနက်မိုးလင်း၊ အိပ်ရာနိုးကတည်း
က အနုကို သတိရနေသည်။ ဒီနေ့ အနုတို့ရဲ့ဆိုင်ဖွင့်ပွဲနေ့ ဖြစ်
သည်။ သူ့ရယ်လို့တော့ ရည်ရွယ်ပြီး အနုက မဖိတ်ချေ။ သူ့
အဖေ၊ အမေ နာမည်တပ်လျက် သူတို့အိမ်သို့ ဖိတ်သည့်ပုံစံမျိုး
ဖြစ်သည်။ သူ့အမေကတော့ လူရှုပ်ရှုပ်နေရာဆိုလျှင် မသွားချင်
သည့် ထုံးစံအတိုင်း သူ့ကိုသာ သွားဖို့စေလွှတ်သည်။

"သားပဲ သွားလိုက်တော့။ မေမေက နောက်နေ့မှပဲ သ
သပ်သွားလည်တော့မယ်။ ဧည့်သည်တွေနဲ့ဆိုတော့ အေး
အေးဆေးဆေး စကားပြောရမှာလည်း မဟုတ်ဘူး"

အဲဒီအကြောင်းပြချက်နှင့် သူ့အမေက နေခဲ့သည်။
သူသည် အနုရဲ့ဆိုင်ဖွင့်ပွဲကို သွားရမှာ နည်းနည်းတော့ စိတ်လှု
ရှားနေမိသည်။ သူနဲ့ အနုသည် ခြံချင်းကပ်ရပ်နေကြပေမဲ့





ကောင်းကောင်း မတွေ့ဖြစ်တာ တစ်လလောက် ရှိတော့မည်ဖြစ်
သည်။ သူလည်း သူ့ဟာသူကို ဘာတွေရှုပ်နေမှန်းတော့ မသိပါ။
သူ ဖုန်းဆက်တော့မှ စကားပြန်ပြောဖော်ရသည့် အနုကတော့
သူ့ထံသို့ ဖုန်းဆက်ဖို့ဆိုတာ စိတ်ကူးတောင် မရှိတော့ဘူးဟု
ထင်သည်။ အနုဟာ သူ့ကို တဖြည်းဖြည်းနှင့် အေးစက်စိမ်းကား
လာသည်ဟု သူ ခံစားရသည်။ ဒီလောက် ပြတ်သားနိုင်မယ်
ထင်၍ သူ နည်းနည်းတော့ အံ့သြရပါသည်။

သူ့သူငယ်ချင်းတွေကတော့ သူ့ကို ဝေဖန်သည်။

"မင်း အနုကို လျှော့မတွက်နဲ့ကွ။ သူ့စိတ်ဓာတ်က Do
or Die စိတ်ဓာတ်။ မင်းအနားမှာနေပြီး မင်းမျက်နှာကို
မြင်နေရရင်ပဲ ကျေနပ်ပါပြီဆိုတဲ့ စိတ်ဓာတ်မျိုးမဟုတ်ဘဲ
သူ လိုချင်သလောက် အတိုင်းအတာ မရရင်တော့ Sorry
ပဲဆိုပြီး လှည့်ထွက်သွားတဲ့ စိတ်ဓာတ်မျိုး ...

အားလုံးကို ဥပေက္ခာပြုထားတဲ့ စိတ်ဓာတ်မျိုး ဆို
ပါတော့။ မိုက်တော့ မိုက်တယ်"

တကယ်ပဲ အနုရဲ့စိတ်ဓာတ်ဟာ မိုက်နေသလား
တော့ မပြောတတ်ပါ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့တာတော့
အမှန်။ အနုနဲ့ သူနဲ့တွင် အနုရဲ့သံယောဇဉ်က သူ့အပေါ်တွင်
နက်ရှိုင်းစွာ ကြီးမားခဲ့သည်ဟု သူ့စိတ်တွင် သွေးနားထင်
ကျခဲ့ဖူးသည်။ သူ့ကို နားလည်စွာဖြင့် သူ့အနားတွင် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ဖူးပါသည်။ အခုတော့ ...။ အနု ဘာတွေဖြစ်နေပြီလဲ၊ အနု ဘယ်လိုရင်ခုန်သံတွေနဲ့ ရှင်သန်နေပြီလဲ၊ အနုကို သူ အကြီးအကျယ် စိတ်ဝင်စားလာသည်။

ဒါကြောင့် အနုရဲ့ဆိုင်ဖွင့်ပွဲကို သူ တက်ကြွစွာ ထွက်ခွာလာခဲ့သည်။ သူ လာမယ်လို့ အနုကို ကြိုပြောမထား။ အံ့ဩသွားစေချင်၍ ဖြစ်လေသည်။ ရှော့ပင်းမောလ် အသစ်ကြီးသို့ ရောက်သောအခါ အနုရဲ့ဆိုင်ကို အလွယ်တကူပဲ ရှာဖွေတွေ့ပါသည်။ ဒက်ကရေးရှင်း ပြင်ဆင်ထားပုံက ဘယ်သူနဲ့မှ မတူဘဲ ထင်းထွက်နေကာ (၂၀၃၀)လောက် ရောက်နေသည့် ဒီဇိုင်းမျိုး ဖြစ်သည်။ ဖက်ရှင်ဆိုင်၊ ကော်ဖီဆိုင်နဲ့ အင်တာနက်ဆိုင် သုံးဆိုင်တောင် ဖွင့်တာမို့ ဘယ်နေရာမှာ အနု ရှိနေမယ်မှန်း မသိသေး။

သေချာတာတော့ ဧည့်ခံကျွေးမွေးရမှာမို့ ကော်ဖီဆိုင်ဘက်မှာ ရှိလောက်သည်။ သူက ကော်ဖီဆိုင်ရှိရာဘက်သို့ ဝင်လာခဲ့ရင်း အနုကို ဝေ့ဝဲရှာဖွေမိသည်။ လူကများတာမို့ မတွေ့ရသေး။ အဲဒီအချိန်မှာပဲ သူ့ကို တစ်စုံတစ်ယောက်က လှမ်းခေါ်သည်။

"ဟဲ့ ... ခေတ်လုလင်"

သူက လှည့်ကြည့်လိုက်လျှင် ရွှီးအပြည့်နှင့် လှပနေသော မျိုးမျိုးကို တွေ့မြင်လိုက်ရသည်။

"အေး ... မျိုးမျိုး၊ အနုရော"





"အံမယ် ... နင်က ရောက်လာတာနဲ့ အနုကို မေးတော့တာပဲ၊ ဒါ ကျုပ်လည်း ရှယ်ယာတစ်ဝက်ပါတဲ့ ဆိုင်တွေပါနော်"

"အရေးထဲ သူကလာပြီး ဥစ္စာရူး ရူးနေပြန်ပါပြီ။ နင့်တို့ဆိုင်တွေရဲ့ ဒက်ကရေးရှင်းတွေက မိုက်သားပဲဟ။ ဘယ်သူ့ Idea တွေလဲ"

"ရှေ့နုပေါ့။ သူပဲ ခေါင်းစားခံတာ။ ဒီဆိုင်တွေ စဖွင့်ပါမယ် ဆိုကတည်းက အင်တာနက်ကရော၊ အပြင်ကစာအုပ်တွေရော၊ ရှာဖွေစုဆောင်းပြီး အေးအေးဆေးဆေးကို မကြိုက်ချင်း ရွေးနေတာလေ ...

သူ့အာရုံတစ်ခုလုံးကို ဒီဆိုင်တွေထဲမှာပဲ မြှုပ်ထားတာဟ၊ ခု တို့ဆိုင်တွေက မဖွင့်ခင်တည်းကတောင် နာမည်ကြီးနေတာ၊ နင် မြင်တဲ့အတိုင်းပဲ"

သူက အမွှန်းတွေ စွတ်တင်နေသော မျိုးမျိုးကို ပြုံးဟုသော သဘောဖြင့် မဲ့ပြုံးပြုံးကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်ပါပြီ။ အဲဒီ နာမည်ကြီးနေတဲ့ ဦးဆောင်သူကြီးကို တွေ့ချင်လို့ ခဏလောက် ခေါ်ပြပါဦး"

"ဟိုထောင့်နားမှာဟ၊ သူ့မိတ်ဆွေတစ်ယောက်ကို ဧည့်ခံနေတယ်၊ ဝင်သွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူက မျိုးမျိုးညွန်ပြသောနေရာသို့ လျှောက်လာခဲ့သည်။ တွေ့ပါပြီ အနုကို။ အနုကို တွေ့ရတဲ့အခိုက်တွင် သူက ချက်မှောင်တစ်ချက် ကြွတ်သွားလေသည်။ ကြည့်စမ်း ... အနု ဒီဇိုင်းတွေ ပြောင်းထားပါလား။ အပြင်မှာ ရုတ်တရက်တွေ့လျှင် တောင် မှတ်မိမှာ မဟုတ်တဲ့ ဒီဇိုင်းအသစ်တွေဖြင့် အနုက ရေရေ သည်လည် လန်းနေသည်။

အရင်က ကျောလယ်ရှိ စင်းစင်းဖြောင့်ဖြောင့် ဆံနွယ်ရှည်တို့မှာ အခုတော့ မင်းကွတ်သီးရောင် ကာလာအဆန်းဖြင့် လှပစွာ ခွေနွဲ့ကောက်လိမ်နေကြသည်။ ပန်းဆီရောင်ရင့်ရင့် လက်တစ်ဖက်ပြတ် ဒူးဖုံးဂါဝန်တိုလေးဖြင့် ရှင်းသန့်စမတ်ဖြစ်နေ ဘာ ခါတိုင်းထက် အဆပေါင်းများစွာ ကြည့်ကောင်းလို့ နေလေသည်။

ကြည့်စမ်း ... သူနဲ့ မတွေ့ရတဲ့ တစ်လလောက် အတွင်းမှာ အနု တော်တော်ပြောင်းလဲသွားခဲ့သည်။ မိန်းကလေး ဘစ်ယောက်ဟာ တစ်လအတွင်းမှာကို အများကြီး ပိုချောလာနိုင်သလား။

"အနု"

သူက အနားမှာသွားရပ်ပြီး ခေါ်လိုက်လျှင် အနုက မော့ကြည့်သည်။ ပြီးတော့ အပြုံးတစ်ခုဖြင့် ဘာမှမထူးခြားသလို နှုတ်ဆက်သည်။





"နင် တစ်ယောက်တည်းလား။ အန်တီရော"

"မေမေက နောက်နေ့မှ သပ်သပ်လာမယ်တဲ့ဟ။ အနု ... နင့်ဆိုင်က ဘယ်ဆိုးလို့လဲ။ ဒက်ကရေးရှင်းက နင့်အိုက်ဒီယာဆို"

"အင်း ... ဒီလိုပါပဲ။ ခေါင်းစားထားတာပေါ့။ ထိုင်လေ"

သူက အနုရဲ့စားပွဲမှာ ဝင်ထိုင်လိုက်သည်။ အနုက ဒီစားပွဲဝိုင်းတွင် လူတစ်ယောက်နှင့် ထိုင်နေခဲ့တာဖြစ်သည်။ တစ်ယောက် ဆိုတာထက် သူတို့နဲ့ရွယ်တူ ယောကျ်ားလေး တစ်ယောက်ဆိုလျှင် ပိုမှန်မည်။ အထူးသဖြင့် ရုပ်ခပ်မိမိယောကျ်ား တစ်ယောက်ဖြစ်ကာ ယောကျ်ားအချင်းချင်း ချ[illegible]ျင်းသိလိုက်ရ တာကတော့ အဲဒီကောင် အနုကို အရည်ပျော်နေသော မျက်လုံး ဖြင့် ကြည့်နေတတ်သည် ဆိုတာပဲ ဖြစ်တော့သည်။ သူ ဝင် ထိုင်လိုက်တာနှင့် အနုက သူမမိတ်ဆွေဘက်သို့လှည့် ၊ ...

"ကိုနေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါ အနုရဲ့သူငယ်ချင်းလေ။ ခေတ်လုလင်တဲ့။ ခေတ်ရေ ဒါက ငါ့မိတ်ဆွေ ကိုနေဝင်းဒွေးတဲ့၊ တာမွေဘက်မှာ Young heart ကားဝပ်ရှော့ဆိုင် ဖွင့်ထားတာလေ"

"ဪ ... ဟုတ်ကဲ့။ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော် သိပါတယ်"

"ဟုတ်ကဲ့။ ကားနဲ့ပတ်သက်တဲ့ အကူအညီ လိုတာရှိရင် ပြောလေ။ ဒါ ကျွန်တော့်ကတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းဒွေးက သူ့ကို ကတ်တစ်ခု လှမ်းပေးသဖြင့် ယူထားလိုက်ရသည်။ သူ့ကို ကတ်ပေးပြီးတာနှင့် နေဝင်းဒွေးက မတ်တတ်ထရပ်ကာ ...

"ကဲ ... အနု ကိုယ် ရောက်နေတာလည်း ကြာပြီဆိုတော့ လစ်တော့မယ်လေ။ သူငယ်ချင်းနဲ့ စကားပြောကြဦး။ နောက်မှတွေ့မယ် ...

ကိုခေတ်လုလင် ... ကျွန်တော့်ကို ခွင့်ပြုဦးနော်"

"ကောင်းပါပြီ"

နေဝင်းဒွေး ဆိုသောကောင်က သွားတာတောင် အကဲပိုပိုဖြင့် အနုကို ပြုံးစိုက်ကြည့်ကာ လက်ပြနှုတ်ဆက်သွားသေးသည်။

အနုကလည်း လည်တံတမော့မော့ဖြင့် ပြုံးကြည့်ကာ ကျန်ရစ်ခဲ့ပုံကို သူက မျက်မှောင်ကုတ်၍ ကြည့်နေမိလေသည်။ ဟိုအကောင့်ရဲ့ပုံရိပ်လေး ပျောက်ကွယ်သွားပြီ ဆိုတော့မှ အနုက သူ့ဘက်သို့ ပြုံးပြုံးလေးလှည့်ကာ ...

"နင် ဘာစားမလဲ"

"ဘာမှ စားချင်စိတ် မရှိဘူး။ ဘာမှလဲ မစားဘူး။ အနု ... နင် တော်တော်လှနေပါလား။ ငါနဲ့ မတွေ့ရတဲ့ ခေ... အတွင်းမှာ တော်တော်ပြောင်းလဲသွားတယ်နော်"





အနုက အသာအယာပြုံးသည်။ ပြီးတော့ သူ့မျက်...န်းတွေထဲသို့ တည့်တည့်စိုက်ကြည့်လာကာ ...

"တော်တော်ပြောင်းလဲသွားတယ် ဆိုရင်လည်း ငါ ပြောင်းလဲသွားတာတွေက ကောင်းသော ပြောင်းလဲခြင်းတွေပါ။ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ နင် ဝမ်းသာသင့်ပါတယ်"

သူငယ်ချင်းကောင်းတဲ့။ သူက အဲဒီစကားကို သဘော...လွန်းအားကြီးသဖြင့် ခပ်တိုးတိုး ရယ်မိသည်။

အနုတောင် စကားတွေ တော်တော်ပြောတတ်နေပြီ ...

"အင်း ... ငါ ဝမ်းသာပါတယ်။ ဒါပေမဲ့ ငါ့စိတ်ထဲမှာလေ နင့်ရဲ့ဟိုးအရင်က ပုံစံလေးကို ပြန်သတိရနေသလိုပဲ"

"ငါကတော့ ဘာကိုမှ သတိမရတော့ဘူး"

"ဘာဖြစ်တယ်"

"ဟုတ်တယ်လေ။ အတိတ်ဆိုတာ ငါ့အတွက် ပျော်စရာတွေ ရှိကောင်းရှိခဲ့မယ်။ ဒါပေမဲ့ အတိတ်မှာ ငါ့အတွက် Identity မရှိဘူး။ လက်ရှိဘဝဟာ ငါ့အတွက် ကျေနပ်စရာ အကောင်းဆုံးအချိန်ပဲ"

"နင် တကယ် ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ ဘယ်တုန်းက ညာပြောဖူးသလဲ။ ပြီးတော့ ငါ့ရဲ့အခုလက်ရှိရုပ်ကိုကြည့်ရင် ငါ့ရဲ့လက်ရှိဘဝကို ကျေနပ်နေသလား၊ မကျေနပ်ဘူးလား ဆိုတာ နင် သေချာမြင်နိုင်ပါတယ်"

သူက အနု မျက်နှာကို သေချာစိုက်ကြည့်လိုက်လျှင် သူမက တောက်ပသော အပြုံးတစ်ခုနှင့် သူ့ကို ပြန်စိုက်ကြည့်နေသည်။ သလင်းရောင် တပြောင်ပြောင် တောက်ပနေသော မျက်နှာသည် သူ ခါတိုင်းတွေ့ဖူးနေကြ မျက်နှာတွေဖြင့် လုံးဝကွဲပြားခြားနားနေတာတော့ အမှန်ပဲဖြစ်လေသည်။ ဘာလဲ – အနု ဒီလိုတွေ ပြောင်းလဲသွားတာဟာ အခုနက နေဝင်းခွေးဆိုတဲ့ ကောင်ကြောင့်လား။ အဲဒီလို တွေးမိသွားလျှင် သူ နည်းနည်းတော့ တုန်လှုပ်သွားသည်ဟု ထင်သည်။

"ဘာလဲ ... အနု။ နင် ပြောင်းလဲသွားတာ အခုနကကောင်ကြောင့်လား။ အဲဒီကောင်နဲ့ နင်နဲ့က ဘာလဲ"

"ဟား ဟား... နင် မှတ်ထားလိုက်စမ်း ခေတ်။ ငါ့ဘဝကို ဘယ်ယောကျ်ားကမှ အပြောင်းအလဲ မလုပ်နိုင်ဘူး။ အထူးသဖြင့် နင်တောင် ငါ့ဘဝကို မပြောင်းလဲနိုင်ဘူး။ ယောကျ်ားတစ်ယောက်ကြောင့် ငါ့ဘဝ ပြောင်းလဲသွားရတယ်ဆိုရင် ငါ သိပ်ညံ့တဲ့ မိန်းမတစ်ယောက် ဖြစ်သွားမယ် ...

ငါ ပြောင်းလဲလာတာ ငါ့စိတ်နဲ့ ငါ့ကိုယ်ပဲ"





"အနု ... နင် ပြောင်းလဲတာတွေက ကောင်းတာတွေချည်းပဲ ဆိုပေမယ့် အဲဒီအကောင်းတွေမှာလည်း ဘေးထွက်ဆိုးကျိုးတွေ တွေ့နေရတယ် ...

အဲဒါဟာ ဘာလဲဆိုတော့ နင့်မျက်နှာပေါ်မှာ ငါ တစ်ခါမှ မတွေ့ဖူးခဲ့တဲ့ မာနတွေကို တွေ့နေရတာပဲ"

သူ့စကားကို အနုက ဟုတ်လား ဟူသော ပုံစံဖြင့် မျက်ခုံးကို ပင့်ချီပြကာ ...

"ကဲ ... ဒီကိုလာတာ နင် ငါ့ကို ဝေဖန်ဖို့လား၊ ဒါမှမဟုတ် ဆိုင်ဖွင့်ပွဲကို ဂုဏ်ပြုဖို့လား"

"နင့်ဆိုင်ဖွင့်ပွဲက ဂုဏ်ပြုမယ့်သူတွေ များနေပါပြီ။ ငါတစ်ယောက် ဂုဏ်မပြုလို့လည်း ဘာမှဖြစ်သွားမှာမှ မဟုတ်တာ...

နင့်ကို ငါ တစ်ခုလောက်တော့ သတိပေးချင်တယ် အနု။ လူတွေကို နင် လျှော့တော့မတွက်နဲ့နော်။ လောကကြီးက နင် ထင်သလောက် မလွယ်ကူဘူး"

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်"

အနုက သူ့ကို ပြုံးပြုံးလေးပဲ ပြန်ပြောသည်။ အဲဒီစကားထဲတွင် သူ့စိမ်းဆန်မှုနှင့် သရော်မှု ရာနှုန်းတော်တော်များများ ပါဝင်နေတာကိုလည်း သူ သိပါသည်။ ဆက်ပြောနေလျှင် သူ့အတွက်ရော၊ အနု အတွက်ရော စိတ်ရှုပ်စရာတွေ ပိုများလာတော့မည်။ ဒါကြောင့် သူက ထိုင်ရာမှ မတ်တတ်ထရပ်ကာ ...

www.burmeseclassic.com



"ငါ ပြန်တော့မယ် အနု"

"ကောင်းပြီလေ။ ဩော် ... ခဏလေး၊ ဒါလေး ယူသွားပါဦး"

အနုက စားပွဲပေါ်ရှိ ကတ်လေးတစ်ခုကို သူ့အား ကမ်းပေးသည်။

"အဲဒါ ဘာလဲ"

"ဆီဇာဖက်ရှင်ဆိုင်ရဲ့ 10% Discount ကတ်လေ။ နှင့်အတွက်တော့ အသုံးဝင်မှာ မဟုတ်ပါဘူး။ အလင်းပွင့်က ငါက လက်ဆောင်ပေးလိုက်တာပါ"

သူက ဘာမှမပြောတော့ဘဲ ကတ်ကို ဖျတ်ခနဲဆွဲ၍ ကာ ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။ သူ့ရင်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ မွန်းကျပ်နောက်ကျလို့နေသည်။ ပြီးတော့ တစ်ခုခု မှားနေသလိုလည်း ခံစားနေရသည်။

သူ့အတွက် လက်ရှိအခြေအနေသည် ဘယ်လိုမှ စိတ်ကျေနပ်မှု မပေးနိုင်ချေ။ အသည်းကွဲရောင်ရင့်ရင့် ကိုယ်ကို ဂါဝန်တိုတစ်ထည်ဖြင့် မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိနေ အနုရဲ့ပြောင်းလဲမှုတွေဟာ ဘယ်သူ့အတွက်လဲ။

နေဝင်းဒွေး ဆိုသောကောင်နဲ့ အနုရဲ့ပတ်သက်မှု အတိုင်းအတာဟာ ဘယ်လောက်ထိရှိသလဲ။ ဟိုကောင်ကရော အနုကို ကြွေဆင်းနေပုံမှာ ပြောစရာမလို။ အနုဘက်ကရော ? ...။ အနုဘက်ကတော့ လုံးဝစိတ်ဝင်စားမှာ မဟုတ်ဟု သူ ဘာကြောင့် ယတိပြတ် မပြောနိုင်သနည်း။ သေချာတာကတော့ နေဝင်းဒွေး ဆိုသောကောင် အကြောင်းကို သူ စုံစမ်းဖို့လိုလာပြီ ဆိုတာပဲ ဖြစ်တော့သည်။

✌ ❤ ✌







www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ဆိုင်တွေ မဖွင့်ခင်တုန်းကတော့ အိပ်ရာထချင်တဲ့ အချိန်မှထသော အနုဟာ ဆိုင်တွေလည်း ဖွင့်ပြီးရော နံနက်ခုနစ် နာရီခွဲ ရှစ်နာရီလောက်ဆို အိပ်ရာက ထရသည်။ ပြီးလျှင် Breakfast စား၊ ရေမိုးချိုး အလှပြင်ပြီးတာနှင့် ဆိုင်သို့သွားရသည်။ Shopping Mall မှာ ဖွင့်ထားတာမို့ ဆယ်နာရီလောက်မှရောက် လည်း ပြဿနာသိပ်မရှိပေ။ ဒါပေမဲ့ အနုက ကိုးနာရီခွဲလောက် ရောက်အောင်သွားကာ ကော်ဖီဆိုင်ဘက်ကို စစ်ဆေးသည်။ ဖွင့် ခါစတုန်းကတော့ ကော်ဖီနဲ့မုန့်အနည်းငယ်သာ ရောင်းခဲ့သော် လည်း နောက်ပိုင်းမှာတော့ ဈေးဝယ်သူတွေ အမေးများသော စားသောက်ဖွယ်ရာလေးတွေကို စမ်းပြီးတင်လာတာ ရောင်းကောင်း လာသည်။





ဆီချက်ခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲ၊ မြီးရှည်၊ မုန့်တီ၊ သင်္ဘောသီးထောင်း၊ မာလာဟင်း၊ မြေအိုးမြီးရှည်၊ ကြက်ဆီထမင်း စသဖြင့် တော်တော်များများ စားကြသော အစားအသောက်လေး တွေကို ချဲ့ထွင်ပြီး ရောင်းလာခဲ့ရသည်။ အဲဒီအတွက်ကြောင့် ဆီဇာကော်ဖီဆိုင်ဘက်ကို Kitchen ထဲဝင်၍ အနုက စစ်ဆေးသည်။ စားဖိုမှူးရှိပေမယ့် စိတ်လိုလက်ရရှိလျှင် အနု ကိုယ်တိုင်ဝင်၍ လက်ဖက်ထမင်းတွေ ဘာတွေ သုပ်တတ်လေသည်။

အနုရဲ့စိတ်အာရုံတစ်ခုလုံးကို ဆီဇာဆိုင်များမှာသာ မြှုပ်နှံထားတာ ဖြစ်တော့သည်။ အနုသည် ဖက်ရှင်ဆိုင်လည်း ဖွင့်ထားသူပီပီ ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်ရသည် ဖြစ်လေရာ ဒီဇိုင်နာနှင့်အပ်၍ ချုပ်ထားသော အစိမ်းရောင်ဝတ်စုံလေးကို ရွေးချယ်ဝတ်ဆင်လာခဲ့သည်။ ပါးပါးပျော့ပျော့နှင့် ခပ်လွင့်လွင့် လေးရှိသော အစိမ်းရောင်ဂါဝန်တိုလေးဖြင့် အိမ်အပေါ်ထပ်က ဆင်းလာခဲ့သော အနုသည် အောက်ထပ်မှာ ကိုယ်ဝန်ဆောင်ဗိုက် ပုံးဂါဝန်လှလှကြီးနှင့် ဒေါ်အေးသန္တာကို မြင်သည်။ သိပ်ခင်ခင် မင်မင်မနေခြင်း၊ လိုအပ်မှသာ စကားပြောခြင်းတို့ကြောင့် အနုနဲ့ ဒေါ်အေးသန္တာသည် ဆက်ဆံရေး တန်းလှသည်။

အနုကို တစ်စုံတစ်ခု လှမ်းပြောမည် အပြုမှာပဲ အနုရဲ့အိတ်ထဲမှ ဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် အနုက ဖွင့် နားထောင်လိုက်လျှင် နေ့ဝင်းဒွေးဆီက ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ ... ပြော"

"အနု Breakfast စားပြီးပြီလား"

"ဟင့်အင်း"

"အိမ်မှာပဲလား"

"အင်း ... ဟုတ်တယ်။ ဘာဖြစ်လို့လဲ"

"သြော် ... အနုနဲ့ Breakfast အတူတူစားချင်လို့ပေါ့ကွာ။ ဘာစားချင်သလဲ။ အိမ်မှာမစားနဲ့လေကွာ။ အပြင်မှာ စားမယ် ...

ပြော ... ဘာစားချင်သလဲ"

"မုဟာမ်းခါး"

"ဟင် ... အဲဒါ ဘာပြောတာလဲ"

"ဘာပြောတာလဲ သိချင်ရင် ဟယ်ပင်က Taste ကိုလာခဲ့လေ။ အိုခေ ... အဲဒီမှာ ဆုံမယ်။ ကျွန်မ အခုပဲ အိမ်က ထွက်မှာ"

"ကောင်းပြီ ... ကောင်းပြီ။ ဦးသူ စောင့်ကြိုနေမှာ"

အနုက ဖုန်းပိတ်လိုက်ပြီးနောက် လှေကားမှ ဆင်းလာခဲ့သည်။ ဒေါ်အေးသန္တာက အနုကို ကြည့်ကာ ...

"အနု Breakfast ကို အပြင်မှာ စားမလို့လား"

"ဟုတ်တယ်။ သူငယ်ချင်းတစ်ယောက် လှမ်းခေါ်လို့လေ"

"သြော် ... အိမ်မှာ အန်တီက ကော်ရည်ခေါက်ဆွဲလုပ်ထားတာ"





"ဆောရီး အန်တီ။ ညဘက်ရှိသေးရင် စားတာပေါ့"

"သြော် ... အနု စားမယ်ဆို ချန်ထားမယ်လေ"

"ဟုတ် ... အနုကို ခွင့်ပြုဦး"

"အနု"

လှည့်ထွက်တော့မည့် အနုသည် ခေါ်သံကြောင့် လှည့်ပြန်ကြည့်မိသွားသည်။ အန်တီသန္တာက အနုကို ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"ဒီအိမ်သားတစ်ယောက်အနေနဲ့ အနုလည်း သိသင့်တယ်လို့ ထင်လို့လေ။ တို့ မနေ့က အာလ်ထရာဆောင်းလ်သွားရိုက်တော့ ဘာလေးလဲဆိုတာ သိလာရတယ် ...

ယောကျ်ားလေးတဲ့"

အနု ရင်ထဲတွင် ဖျင်းခနဲ ဖြစ်သွားသည်။ ယောကျ်ားလေးတဲ့။ ယောကျ်ားလေး ဆိုပါလား။ တစ်လက်စတည်းမှာပဲ ဖေဖေရဲ့မျက်နှာကို ပြေးမြင်ယောင်မိသည်။ ဖေဖေ ဘယ်လောက်များ ဝမ်းသာလိမ့်မလဲ။ ဟိုးအရင်တည်းက သားယောကျ်ားလေးရူးရူးခဲ့သော ဖေဖေ့အတွက်တော့ ဒေါ်အေးသန္တာကို စားမဝင် အိပ်မပျော်ဖြစ်အောင် ဖူးဖူးမှုတ် ကြင်နာဦးတော့မည်။

"အနု ... မောင်လေး ရတော့မှာ"

နောက်ထပ် စကားသံ ထွက်လာတော့မှ အနုက သတိဝင်လာကာ အယောင်ယောင် အမှားမှားဖြင့် လက်တစ်ဖက်



www.burmeseclassic.com

ကို ရှေ့သို့ဆန့်တန်းထုတ်မိသွားသည်။ ဒေါ်အေးသန္တာက အံ့အားသင့်သလို မျက်ခုံးပင့်သွားပြီးမှ သူကလည်း အနုရဲ့လက်ကို လှမ်းဆွဲသည်။

"Congratulation ပါ အန်တီ။ ဝမ်းသာပါတယ်"

"ကျေးဇူးပဲ အနု"

"ဟုတ် ... သွားဦးမယ်နော်"

အနုက အတုန်တုန် အလှုပ်လှုပ်ဖြင့် ကားကိုမောင်းထွက်လာခဲ့ရသည်။ ဟယ်လ်ပင်က Taste သို့ရောက်လျှင် အနုထက် အရင်ကြိုရောက်နေသော ကိုနေ့ကို တွေ့ရသည်။ သူ့နာမည်ဟာ နေဝင်းဒွေးလို့ ခေါ်တော့လည်း ခေါ်ရတာ မကောင်းသလို အနုထက်လည်း သူက တစ်နှစ်လောက် ကြီးနေတာမို့ သူ့ဝပ်ရှော့ကလူတွေ ခေါ်သည့်အတိုင်း ကိုနေဟုသာ ခေါ်တော့သည်။

သူက အနု ရောက်လာတာ မြင်တာနှင့် ဆီးပြ
ကာ ...

"အနု စားချင်တာ မုဟမ်းခါးနော်။ ဒီမှာ မရှိဘူးတဲ့"

"ဘာလို့ မရှိရမှာလဲ။ အဲဒါ ထားဝယ်လို မုန့်ဟင်းခါး ပြောတာ။ မုန့်ဟင်းခါး အိုဘဲဥနဲ့ ဘူးသီးကြော်ပါ ထ
ပေး"

အနုက ဝိတ်တာကို မှာလိုက်လျှင် သူကပါ က
တကန်းဖြင့် ...





"ဟာ ... ဟော့ ... ဟော့ ... ကိုယ်လည်း စားမှာလေ။ ကိုယ့်အတွက်ကျတော့ ထည့်မမှာဘူး"

"ရှင် စားချင်တာ ရှင့်ဘာသာမှာပေါ့"

အနုက အိမ်မှာမကျေနပ်လာသော ဓာတ်ခံကြောင့် သူ့ကို ဘုတောမိသည်။

သူက မျက်ခုံးတပင့်ပင့်ဖြင့် ...

"ဟာ ... ဘလိုင်းကြီးဖွဲ့တယ် ဆရာ။ ကေန္တ အိမ်မှာ ဘယ်သူနဲ့ ရန်ဖြစ်လာလဲ မသိဘူး။ ကိုယ် ဖုန်းဆက်တုန်းကတော့ အကောင်းကြီးပါ ...

ညီလေး သူ မှာတဲ့အတိုင်းပဲ မုန့်ဟင်းခါးနှစ်ပွဲ၊ ပြီးတော့ ကော်ဖီနှစ်ခွက်ပါ ယူလာပေး၊ အေး ... ဒါပဲ"

ဝိတ်တာလေး ထွက်ခွာသွားလျှင် သူက အနုကို
စိစိဖြင့်ကြည့်ကာ ...

"ဒေါ်နု ဘယ်သူနဲ့ ရန်ဖြစ်လာသလဲ"

"လာပြန်ပြီ၊ လူကို ဒေါ်နု ဒေါ်နုလို့ မခေါ်နဲ့လို့ ပြောထားတယ် မဟုတ်လား"

"ဘာဖြစ်လဲ ဒေါ်တပ်ခေါ်တာ ဘာစိတ်ဆိုးစရာရှိလဲ။ ကိုယ်တို့ ငယ်ငယ်တုန်းက TV လွှင့်တဲ့ ဆေးကြော်ငြာတစ်ခုတောင် ရှိသေးတယ်။ ဒေါ်နု ... ဒေါ်နု ... အဖော်ပြုဖို့ ဒေါ်နု ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



အနုက စိတ်ကုန်သဖြင့် ဘာမှမပြောတော့ဘဲ ရှုပ်ပုပ်ဖြင့် ဆိုင်အပြင်ဘက်သို့သာ ငေးနေမိတော့သည်။ နားထဲတွင် ဒေါ်အေးသန္တာ ပြောလိုက်သော ယောက်ျားလေးတဲ့ ဟူသော စကားသံက မထွက်။ သွားပြီပေါ့၊ ဖေဖေ့အတွက် ဇနီးရယ်၊ သားလေးရယ်သာ တစ်ကမ္ဘာ ဖြစ်ပြီပေါ့။ နောက်ဆိုရင် အိမ်မှာ ကလေးငိုသံ၊ ကလေးမြူသံတွေ ကြားရပြီပေါ့။ အသက်ကြီးမှရတဲ့ သူ့သားလေးကို ဖေဖေ ဘယ်လောက်တောင် ချစ်လိုက်လေမလဲ။

“ဟဲ့ ... ဒေါ်နု”

“အမယ်လေး ... ကုလားနဲ့ ငုတ်တုတ်”

အနုက ကိုယ့်အတွေးနဲ့ကိုယ် မျောနေတာကို သူက ဆတ်ခနဲ ခေါ်လိုက်လျှင် လန့်ဖျပ်ပြီး ထယောင်မိသွားသည်။ ဒါကို သူက တဟားဟားနှင့် အော်ရယ်လေသည်။

“ဟား ဟား ... ဘာကုလားနဲ့ ငုတ်တုတ်လဲ။ ဒေါ်နုက ယောင်ရင် အဲဒီလိုပဲ ယောင်သလား။ နောက်တစ်ခါကျ ခါးတို့ပြီး နောက်ကြည့်ရဦးမယ် ...

ဒါပေမဲ့ ကုလားနဲ့ ငုတ်တုတ်လို့တော့ မယောင်နဲ့။ ကိုနေနဲ့ ငါနဲ့ ငုတ်တုတ်လို့ ပြောပြီးယောင်၊ ကြားလား”

“သွားသေလိုက်။ ဘာကိစ္စ ကိုနေနဲ့ ငါနဲ့က ငုတ်တုတ် ရမှာလဲ”





“ဩော် ... ကုလားနဲ့ကျတော့ရော ငုတ်တုတ်ကြီး ဘာလုပ်နေမှာလဲ”

“တော်စမ်းပါ။ စိတ်ရှုပ်နေတဲ့အထဲ ဘာတွေလာပြောနေတာလဲ”

“သိသားပဲ။ ဒေါ်နု စိတ်ရှုပ်နေတယ် ဆိုတာကို၊ ကဲ ... ပြောပြ၊ ကိုယ့်ကို ပြောပြ၊ ဘာတွေ စိတ်ရှုပ်နေတယ်၊ ဘာတွေ စိတ်တိုနေတယ် ဆိုတာကို အားလုံး ကိုယ့်ကိုပြောပြ ...

ကိုယ် အားလုံးကို ဖြေရှင်းပေးနိုင်တယ်”

အနုက ကိုနေ့ကို တစ်ချက်ကြည့်ကာ သက်ပြင်းချသည်။ အခုဆိုလျှင် ကိုနေနဲ့ အနုတို့ ခင်မင်လာတာ နှစ်လကျော်ောက် ရှိခဲ့ပေမယ့် ဟိုးအနှစ်နှစ်အလလက ခင်မင်လာခဲ့သူတွေို ရင်းနှီးနွေးထွေးသွားရခြင်းမှာ ကိုနေရဲ့ဟာသဉာဏ်နှင့် ပွင့်င်းဖော်ရွေတတ်သော စိတ်ဓာတ်များကြောင့်ပဲ ဖြစ်လိမ့်မည်။ ဟာသဉာဏ်ရှိသော လူတစ်ယောက်ကို ပိုမိုခင်မိသွားတတ်ကြယ်ဆိုတာ တကယ်လားတော့ မပြောတတ်။

အနုနဲ့ မျိုးမျိုးသည် ကိုနေ့ကို အတော်ခင်မင်မိကြသည်။ တွေ့စတုန်းကတော့ ရုပ်ဘည်ကြီးနှင့် ဟောက်စားတတ်သော ကိုနေသည် တကယ်တမ်းကျတော့မှ အညည်ကနဲ့ နောက်တတ်သူကြီးမှန်း သိရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့မိန်းမမှာ ကိုယ်ဝန်ရှိနေပြီ။ ယောကျ်ားလေးတဲ့"

အနု ပြောပြထားသဖြင့် မိသားစုအခြေအနေကို ကိုနေက သိပြီးသားဖြစ်သည်။ ပျော်ပျော်နေပြီး ဟာသတွေ ပေါက်ကရတွေ လျှောက်ပြောတတ်ပေမယ့် တကယ်အရေးကြုံလာပြီဆိုလျှင်လည်း တိုင်ပင်လို့ရသော မိတ်ဆွေကောင်းတစ်ဦးဖြစ်သေးသည်။

"ဒါ ဘာစိတ်ရှုပ်စရာရှိလဲ ဒေါ်နုရယ်။ ယောကျ်ားနဲ့မိန်းမ အိမ်ထောင်ပြုပြီဆိုရင် သဘာဝတရားအားဖြင့်တော့ ကလေးရမှာ ကလေးမွေးမှာပဲလေ ...

ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ ဖေဖေက သားယောကျ်ားလေးကို အနဲ့မေမေ ရှိကတည်းက အသေအလဲ လိုချင်နေတာ။ ခုဆိုခုန်ပေါက်ပြီး ပျော်နေတော့မှာ"

"ဪ ... အနုအဖေရဲ့ဆန္ဒ ပြည့်ဝသွားတာ ဝမ်းသာစရာပေါ့"

"ကိုနေနော် ... ရှင် ဘာသိလို့လဲ။ အိုကြီး အိုမကျမှ ဇ သားလေးရ၊ ဖေ့သားလေးရနဲ့ အကဲတွေ ပိုနေတာကို မခံစားနိုင်ပါဘူး။ မြင်လည်း မမြင်ချင် ကြားလည်းမကြားချင်ဘူး"

"ဟား ဟား ... ဒေါ်နုရယ်၊ ညည်းကတော့လေ"





နေဝင်းခွေးကတော့ အနုရဲ့ဖြစ်နေပုံကို သဘောတွေကျကာ မုန့်ဟင်းခါးတောင် မစားနိုင်ဘဲ ခေါင်းတယမ်းယမ်းဖြင့် ရယ်နေမိလေသည်။ သူမနဲ့ ပထမတစ်ခေါက် ဆုံစည်းဖူးသော်လည်း နောက်တစ်ခါဆုံဖို့ဆိုတာ ထပ်လည်းမမျှော်လင့်မိခဲ့။ ရန်ကုန်မြို့ကြီးပေါ်မှာ မိန်းကလေးတွေနဲ့က ဒီလိုပဲ ဆုံစည်းနေကြဖို့ အမှုမဲ့အမှတ်မဲ့သာပင်။ ဒါပေမဲ့ ရန်ကုန်–နေပြည်တော် ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ဆုံတွေ့ခဲ့ရတော့ သူတို့ရဲ့ရေစက်က ဒီထက်မကတော့ဘူး ဆိုတာ သဘောပေါက်သွားသည်။

တစ်ခုခုကို နာကျင်နေသော မျက်ဝန်းလေးများကြောင့် သူမရဲ့ပုံစံဟာ ပိုပြီး Attrection ရှိသွားတာကို သူမကိုယ်တိုင်တောင် သိပ်ါလေစ။ ခံစားချက်ဓာတ်ခံရှိကြသော အနုပညာရှင်များ၊ စာရေးဆရာများ၏ ဖန်တီးမှုစွမ်းအား ကောင်းသလို ခံစားချက်ဓာတ်ခံ တော်တော်များများရှိသော သူမလေးဟာလည်း မြင်လိုက်တာနဲ့ကို Mood ဝင်နေသော မျက်လုံးများကို ပိုင်ဆိုင်သည်။ ဒါကြောင့် ဒီကလေးမလေး ပျော်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် ဟာသတွေ လျှောက်ပြောကာ ရင်းနှီးခင်မင်မှုကို တည်ဆောက်ခဲ့သည်။ ဒါကြောင့် အနုရဲ့ဘဝဇာတ်ကြောင်းကိုလည်း သင့်သလောက် သိခွင့်ရခဲ့သည်။

တချို့အကြောင်းအရာတွေကို အနုက ပြောမပြပေမယ့်လည်း မျိုးမျိုးက ပြောပြထားလေရာ ငယ်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးအပေါ် ထားရှိသော အနုရဲ့သံယောဇဉ်၊ ချစ်သလို မချစ်သလိုလိုဖြင့် လှည့်စားခံထားရသော အနုရဲ့တောင့်တပင်ပန်း ဆင်းရဲမှုများ၊ ဒီကြားထဲ●မှ ကြီးကြီးဖြစ်သူ ဆုံးပါးသွားခဲ့ရသော ကြောင့် ခံစားရသည့် သောကဝေဒနာများ၊ အဖေဖြစ်သူက နောက်အိမ်ထောင်ပြု စသဖြင့် တစ်ချိန်တည်းလိုလို ဆက်တိုက် ရရှိခဲ့သော အနုရဲ့ဝေဒနာရွက်ကြွေတွေအကြောင်း ကြားသိရလျှင် သူက အနုကို များစွာကရုဏာသက်ကာ ချီးကျူးရသည်။ ချီးကျူး ရတယ် ဆိုတာက စိတ်လေစရာကောင်းသော ကိစ္စရပ်များနှင့် ကြုံတွေ့ရတာတောင် စိတ်မလေနိုင်ဘဲ အလုပ်နဲ့ဘဝကို တည် ဆောက်ထားနိုင်သောကြောင့်ဖြစ်သည်။

ဘယ်ဘက်ကပဲကြည့်ကြည့် တန်ဖိုးထား မြတ်နိုးစရာ ကောင်းသော ဒီကောင်မလေးကို သူကလည်း တိတ်တခိုးချစ်နေ ခဲ့ပြီ။ ပြောမယ်ဆိုလည်း ပြောလို့ရနေပြီ ဖြစ်နေပေမယ့် သူ မပြောချင်သေးပေ။ "ချစ်တယ်"လို့ ပါးစပ်က ဖွင့်ပြောလိုက်တာ လွယ်ပေမယ့် အဲဒီထက်ပိုသော အလိုက်သင့်ဖြည့်ဆည်းမှုတွေ စောင့်ရှောက်ကြင်နာမှုတွေနဲ့ သူ့အချစ်ကို ပြချင်သေးတာဖြစ်သော သည်။

"အေးပေါ့ ... ကိုနေကတော့ ဟားနိုင်တာပေါ့။ ဒီလိုဖိအား မျိုးဆိုတာ လူတိုင်း ခံစားကိုယ်ချင်းစာနိုင်တဲ့ ဖီလင်မျိုး မဟုတ်တာ"





"ဟား ... ပြောပုံကိုက။ အနုရယ် ... လောကကြီးမှာလေ ဒါမျိုးကိစ္စတွေက သိပ်မဆန်းကြယ်တဲ့ ကိစ္စတွေပါကွာ...

ဒါတွေကို လိုက်ခံစားပြီး●ရင် ဒေါ်နုပဲ ပင်ပန်းမှာ ပေါ့။ Stress တွေ ဝင်လာမှာပေါ့။ Stress တွေ အဝင်ခံ မလို့လား။ ရုပ်ကျသွားမယ်နော် ဒေါ်နု၊ ကိုယ်နဲ့ရွယ်တူ လို့ ထင်သွားမယ်"

"အောင်မာ ... ဘာကိစ္စ ထင်ရမှာလဲ။ ကျုပ်နဲ့ ရှင်နဲ့ ဆိုရင် ဆယ်နှစ်လောက်ကွာတယ် ထင်ရမှာ"

အနု ဆိုသော ကောင်မလေးမှာ နှစ်,နှစ်လောက် ကွာတာကိုလည်း ဆယ်နှစ်လောက် ကွာတယ်ဟု ထင်ကာ ငယ် ချင်ယောင် ဆောင်နေသူလည်း ဖြစ်သေးသည်။

"ဟား ဟား ဟုတ်ပါတယ်၊ အနုက ဆယ်နှစ်လောက် ကွာတယ်လို့ ထင်ရတယ်၊ စိတ်ညစ်စရာတွေ တွေးနေမယ် ဆိုရင် ငါးနှစ်လောက်ပဲ ကွာတယ်လို့ ထင်ရလိမ့်မယ်"

အနုက ဟွန့်ခနဲမြည်အောင် ရေရွတ်ရင်း ကိုနေ့ကို ချက်စောင်းထိုးကာ မုန့်ဟင်းခါးတစ်ခွန်း ငုံ့စားနေစဉ်မှာပဲ အနုရဲ့ ဆီသို့ လူရိပ်တစ်ခု ကျရောက်လာသဖြင့် မော့ကြည့်လိုက်လျှင် ဘယ်လိုမှ ထင်မှတ်မထားသောသူ ဖြစ်လို့နေလေသည်။ သူမက အနုကို အင်မတန် တောက်ပသော အပြုံးတစ်ခုဖြင့် လှိုက်လှိုက် လှဲလှဲ ပြုံးပြနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



“တို့ကို သိပါတယ်နော် အနုသွေး”

“ဪ ... သိပါတယ်၊ သိပါတယ်၊ ထိုင်လေ အလင်းပွင့်”

“မထိုင်တော့ဘူး။ တစ်နေ့က အနုသွေးရဲ့ဆိုင်ဖွင့်ပွဲမှာ တို့ကို လက်ဆောင်ပေးလိုက်တဲ့ Discount Card အတွက် ကျေးဇူးတင်ပါတယ်လို့ လာပြောတာပါ။ ခုတလော အလုပ် နည်းနည်းရှုပ်နေလို့ Shopping မထွက်ဖြစ်တာ။ အနုသွေး ဆိုင်ကို လာခဲ့ပါဦးမယ်”

“ဪ ... ဟုတ်၊ လာခဲ့ပါ ... လာခဲ့ပါ။ အနု အမြဲရှိ တယ်။ တစ်ခါတလေ ကော်ဖီဆိုင်ဘက် ရောက်နေရင် လည်း ဝန်ထမ်းတစ်ယောက်ယောက်ကို ခေါ်ခိုင်းလို့ ရ တယ် ...

တစ်ခုခု စားပါဦးလား။ ထိုင်ဦးလေ၊ ဘယ်သူနဲ့လာ တာလဲ”

သူမက ခေါင်းကလေးကို နောက်ဘက်သို့ လှည့် တယ်ဆိုရုံလေးလှည့်ကာ ...

“မထိုင်တော့ဘူး။ ခေတ်နဲ့ လာတာလေ။ ဟိုမှာ သူက”

အနုက ရုတ်တရက်မို့ အလင်းပွင့် ပြသောနေရာ လှမ်းကြည့်မိလျှင် ဒီဘက်ကို ရှုတည်တည်နှင့် စိုက်ကြည့်နေသော ခေတ်ကို တွေ့လိုက်ရသည်။ ဘာကြောင့်မှန်းမသိဘဲ အဲဒီအကြည့် တွေကို စိမ့်ခနဲ ဖြစ်သွားအောင် ခံစားရလေသည်။ အနုက ချ





ချင်းပဲ အကြည့်ကို လွှဲဖယ်ပစ်လိုက်သည်။ သူတို့ ဘယ်အချိန် ကတည်းက ရောက်နေတာပါလိမ့်။ အနုနဲ့ ကိုနေတို့ ရယ်မောရန် ဖြစ်နေပုံများကိုပါ တွေ့မြင်သွားသလား။

“တို့ကို ခွင့်ပြုဦးနော် အနုသွေး၊ နောက်မှ တွေ့ကြတာပေါ့”

“ဪ ... ဟုတ်ကဲ့”

အလင်းပွင့် ပြန်လည်ထွက်ခွာသွားလျှင် ကိုနေ့ထံမှ မေးသံ ထွက်လာသည်။

“သူက ခေတ်လုလင်ရဲ့ ရည်းစားလား”

“ဟုတ်တယ်”

“ခေတ်လုလင်နဲ့ လိုက်ဖက်ညီပါပေတယ်။ တစ်ယောက်က ယောကျ်ားပီပီသသ၊ တစ်ယောက်က မိန်းမပီပီသသ ချော တယ် ...

ခေတ်လုလင်က ဒေါ်နုကို ဘာဖြစ်လို့ လာမနှုတ် ဆက်သလဲ”

“သိချင်ရင် သွားမေးကြည့်ပေါ့”

“ဟား ... ကောပြန်ပြီ။ ဒီနေ့အဖို့တော့ မိုးလင်းတည်းက ဒေါ်နုရဲ့အကောတွေပဲ ခံနေရပါလား။ ဒေါ်နုတို့များ ကိုယ့် ဆို သိပ်နိုင်တာပဲနော်”

“တော်ပြီ၊ ပိုက်ဆံ ရှင်းတော့၊ ပြန်မယ်”

“ဪ ..., ဟုတ်ကဲ့ပါခင်ဗျ၊ ဟုတ်ကဲ့ပါ”



www.burmeseclassic.com

www.burmeseclassic.com



ကိုနေက ရွဲ့ပြောမှန်း သိသော်လည်း အနုက မျက်စောင်းမထိုးမိတော့ချေ။ တစ်ခဏလေးအတွင်းမှာ မြင်လိုက်ရသော ခေတ်ရဲ့အကြည့်များမှာ အနုရဲ့နောက်ကျောတွင် လာစိုက်နေသလို ခံစားနေရလေသည်။ ဆိုင်ထဲက ထွက်လာတော့လည်း အနုက အလင်းပွင့်ကိုသာ အဝေးကပဲ လှမ်းပြုံးပြခဲ့တော့သည်။





၁၉

“ငါတော့ တစ်ခုခုတော့ လွဲနေပြီလို့ ထင်နေတယ်ကွာ”

သူ့ရဲ့စိတ်ပျက်လက်ပျက် အပြောကို သူငယ်ချင်းနှစ်ယောက်က တညီတညွတ်တည်း ဝိုင်း၍ ပြန်ပြောကြသည်မှာ…

“မင်းလွဲတာ အခုမှ မဟုတ်ဘူး။ ဟိုးအရင်တည်းက”

အဲဒီစကားကို သူ ဘာမှပြန်မပြောနိုင်ချေ။ သူ ခြဉ်းစားကြည့်မိသည်။ ဒီကောင်တွေ ပြောသလို သူဟာ အရင်ထဲက လွဲနေခဲ့သလား၊ ဒါမှမဟုတ် အခုမှ လွဲနေတာလား၊ ဘာမှ မဝေခွဲနိုင်တော့ပါ။ သူ့မျက်လုံးထဲမှာတော့ နေဝင်းဒွေးဆိုသောကောင်ရဲ့ ကျောက်ကျောကို ဆီသုတ်ထားသော မျက်နှာရယ်၊ အနုရဲ့ ကလေးလိုလို ခွေးလိုလို စူကောက်ပဲများနေသော မျက်နှာရယ်ကိုသာ တစ်လှည့်စီ မြင်ယောင်နေမိတော့သည်။

www.burmeseclassic.com



"မင်းကို ငါ အစောကြီးတည်းက ပြောသားပဲ။ ကိုယ့်နှလုံးသားကိုယ် သွားပြီးမလှည့်စားနဲ့လို့။ ခုတော့ မင်း တိုင်ပတ်နေပြီမှလား"

"မပတ်ပါဘူးကွာ။ ငါ သူ့ကိုစိတ်ပူတာ။ ဒီကောင်နဲ့သူနဲ့ တွေ့တာ ဘာကြာသေးလို့လဲ။ ဒီကောင့်ကို သူက သိပ် အားကိုးလွန်းတယ် ...

လုံးဝကွာ၊ သူ့အစ်ကိုလိုလို အားကိုးဖော်လိုလိုနဲ့ ဘာမှန်းမသိဘူး၊ ကြည့်မရဘူး Cross ပဲ"

"အဲဒီကောင်က ဘယ်ကကောင်လဲ၊ သူ့အကြောင်းရော သိလား"

"Young Heart ကလေကွာ။ သူ့အကြောင်းက သိပ်ထူးထူး ခြားခြား မရှိပါဘူး။ အေးဆေးအထာပဲ"

"မင်းလိုတောင် ဆော်မကြည့်ဘူးပေါ့"

သူ့ကို ကပ်ဖြုတ်သွားသော ချိုသာ့ကို သူက အသံမထွက်ဘဲ ဆဲပစ်လိုက်သည်။ ခုတလောမှာ နေရင်းထိုင်ရင်း စိတ်တွေတိုနေတာ ဘာကြောင့်မှန်းလဲ မသိချေ။

"သူနဲ့ အနုနဲ့က ဘယ်မှာ စတွေ့ကြတာလဲ"

"မသိဘူး"

"မျိုးမျိုးကို မေးမကြည့်ဘူးလား"

"အဲဒီမိန်းမကတောင် အဲဒီကောင်နဲ့ အောင်သွယ်ပေးမလား မသိပါဘူးကွာ"





"ဟင် ... ဒါဆိုရင် အခြေအနေတွေက နေဝင်းခွေး ဘက်မှာပေါ့။ အနုက မင်းကိုရွဲ့ပြီး အဲဒီကောင်နဲ့ တွဲပြတာမဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကောင်နဲ့မတွေ့ခင်တည်းက အနုက ငါ့ကို ရှောင်နေတာကွ။ ရှောင်နေတယ်ဆိုတာထက် လုံးဝ Neglect ကွာ။ ငါ ဖုန်းဆက်ရင် ပြောတယ်၊ တွေ့ရင် နှုတ်ဆက်တယ် ...

သူကစပြီး ဆက်သွယ်လာတာဆိုလို့ သူတို့အိမ်နဲ့ ပတ်သက်တဲ့ကိစ္စပဲ ရှိတယ်။ ဒါကလည်း အင်မတန်ရှားတယ်။ ငါကလည်း သူ့ကို ခဏာလွှတ်ထားတဲ့ သဘောပါ။ သူ Stress တွေ ပိနေတာ သိတယ်။ သူ့အဖေ နောက်မိန်းမယူတာ၊ အဲဒီမိန်းမ ကိုယ်ဝန်ရှိတာ အဲဒါတွေနဲ့ သူ ဖိစီးနေတာ ငါ သိတယ်၊ အဲဒါကြောင့် ငါ အသာလွှတ်ပေးထားတာ ...

အဲဒီအချိန်မှာ ဒီကောင်နဲ့ သူ တွေ့သွားတာပဲ"

"ဩော် ... မင်းက ဒါကြောင့် ပျားတုပ်နေတာကိုး။ မင်း အရင်တုန်းက ပြောထားတော့ အနုကို လွှတ်လပ်စွာ ရှင်သန်စေချင်တယ်ဆို ...

မင်းတစ်ယောက်တည်းကိုပဲ ပုံထားတဲ့ အာရုံတွေကို မလိုချင်ဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီလို ပြောခဲ့တာ ဟုတ်တယ်။ အဲဒီလိုပြောခဲ့တာဟာ မပြောင်းလဲတဲ့ သူ့စိတ်ရင်းအတိုင်း ပေါ်လွင်စေချင်လို့ ပြောခဲ့တာပဲ ...

သူ ငါ့အပေါ်ကို မပြောင်းလဲတဲ့နဲ့ သူ ရည်းစားတွေထားချင်လည်း ထားလို့ရတယ်။ နေချင်သလိုနေ ဒါပေမဲ့ ငါနဲ့လည်း အရင်အတိုင်းပဲ ဖြစ်ရမှာပေါ့။ ဘာမှ ပြောင်းလဲပစ်စရာ မလိုဘူး။ သူက အဲဒါတွေကိုပါ ပြောင်းလဲပစ်တာကွ ...

ငါ့ကို လုံးဝလျှော့ထားတာ။ အနုဟာ ငါထင်ထားတာထက် အများကြီး မာကျောတဲ့ မိန်းကလေးပဲ။ လုံးဝ မထင်ရဘူး။ သူ ဒီအကွက်ကို သုံးသွားလိမ့်မယ်လို့ ငါ ထင်ကို မထင်ထားဘူး"

"အေး ... မင်း မထင်ထားပေမယ့် ငါတို့ကတော့ ထင်ထားတယ်ကွ။ လူတိုင်းမှာ ဝှက်ဖဲတစ်ခုဆီတော့ ရှိစမြဲဆိုတာ မင်း မသိလို့ ...

အနုသွေးရဲ့ စိတ်ဓာတ်ဟာ Do or Die စိတ်ဓာတ်လို့ မင်းကို ပြောသားပဲ။ သူ့ကိုယ်သူ Doပြီး မင်းကို Die ပစ်လိုက်တာပဲ ...

အခု မင်း ဘာဆက်လုပ်မလဲ၊ ဟိုကောင်နဲ့ အနုသွေးက အီစီကလီတွေလား"





"အီစီကလီတော့ မဟုတ်ဘူး။ အနုက အီစီကလီ လုပ်တတ်တဲ့ မိန်းကလေး မဟုတ်ဘူး။ အဲဒါတော့ ငါ သေချာပေါက်သိတယ် ...

သူက ဘာမဆို အပီအပြင် လုပ်ချင်တဲ့သူကွ။ သူက ပထမဖြစ်ရင်ဖြစ် မဖြစ်ရင် ဒုတိယတွေ တတိယတွေ နှစ်သိမ့်ဆုတွေ မယူဘူးဆိုတဲ့ အစားမျိုး ...

ဒီကောင့်ကိုလည်း အပီအပြင်ကြီးပဲလား၊ ဘာလားဆိုတာတော့ ပြောမရသေးဘူး ...

ဟူး ... အနုက တော်တော်ပြောင်းလဲသွားတာပဲ။ ငါ သိခဲ့ဖူးတဲ့ အနုသွေးနဲ့ တခြားဆီပဲ"

"မင်း ဖြစ်စေချင်တာလည်း အဲဒါမျိုးပဲ မဟုတ်လား။ အရင်တုန်းကတော့ အိမ်ထဲမှာပဲနေ၊ မင်းမျက်နှာတစ်ခုပဲ တစ်ကမ္ဘာထင်တဲ့ ကောင်မလေးကို ဒီလိုစာတတ်ပေတတ် ပုဂ္ဂိုလ်ဖြစ်အောင် မင်းပဲ Lessons တွေ ပေးလိုက်တယ်ဆိုတာတော့ ဝန်ခံ"

သူက လပြည့်ရဲ့စကားကို ပြန်လည်မချေပနိုင်တော့ချေ။ သူငယ်ချင်းတွေနဲ့ စောစောစီးစီး လမ်းခွဲလာပြီးနောက် အိမ်ပြန်ရောက်တာနှင့် အနုရဲ့အခန်းဘက်ကို လှမ်းကြည့်မိသည်။ အနုရဲ့အခန်းက မီးလင်းနေလျှင် သူက ဖုန်းခေါ်ဆိုလိုက်လေသည်။ တကယ်တော့ ဆယ်နာရီဆိုသော အချိန်ဟာ အနု အိပ်လေ့အိပ်ထရှိသောအချိန် မဟုတ်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖုန်းဝင်သွားပြီး မြည်သံသုံးချက် အကြာတွင် အနုက ဖုန်းဖွင့်ကိုင်လိုက်လေသည်။

"အင်း ... ပြော ခေတ်"

အနုရဲ့အသံကတော့ ခပ်အေးအေးပင်။ ဆရာ ဒီဇိုင်းဖြစ်သွားပြီလားတော့ မသိပါ။

"နင် အိပ်နေပြီလား"

"မအိပ်သေးပါဘူး။ ပြော ... နင် ဘာပြောစရာရှိလို့လဲ"

"အနု ... နင့်အချိုးတွေက ဘယ်လိုဖြစ်နေတာလဲ။ ငါက နင့်ကို ပြောစရာရှိမှ ဖုန်းဆက်ရမယ့် ကောင်စားမျိုးလား"

"ဒါပေမဲ့ နင်က အမြဲဆက်နေတဲ့ လူစားမျိုးလည်း မဟုတ်ဘူးလေ။ ပြီးတော့ နင့်စိတ်ထဲမှာ ငါ့ကို တစ်ခုခု ပြောချင်လို့ပဲ ဖုန်းဆက်တယ်လို့ ထင်တယ် ...

ငါထင်တာ မှန်လောက်မှာပါ။ ဟုတ်တယ်မှလား"

ဘုရားရေ ...။ မယ်နုဟာ ဒီလောက် ပါးနပ်သွားပြီတဲ့လား။ သူ သဘောကျစွာဖြင့် ပြုံးလိုက်သေးသည်။ ကောင်းပြီ အနုရေ။ ငါကလည်း ဒါမျိုးမှ ကြိုက်တာ။

"ဟုတ်ပါတယ်။ နင် တော်တော် လူကဲခတ်တတ်နေခဲ့လား အနု။ စီးပွားရေးလောကထဲ ရောက်တာတောင် မကြာသေးဘူး။ နောက်ဆိုရင်တောင် နင့်ကိုတွေ့ဖို့ အချိန် မန့် ကြိုယူရမယ်နဲ့ တူတယ်နော်"





"May be ။ ကဲ ... ပြောလေ၊ နင်က ဘာပြောချင်တာလဲ"

သူက ရန်စသော်လည်း သူ ဖောက်ပေးတဲ့လမ်းကို အနုက ပါမလာချေ။ တော်တော်ကို စာတတ်နေတဲ့ သဘောပေပဲ။

"နင်နဲ့ အခုတွဲနေတဲ့ နေဝင်းခွေးနဲ့ ဘယ်လိုစပြီး တွေ့တာလဲ"

"နင်နဲ့ အလင်းပွင့်နဲ့ ဘယ်လိုတွေ့သလဲဆိုတာ ငါ တစ်ခါမှ မမေးမိပါဘူးနော်"

"နင်မမေးလည်း ငါ မေးတယ်။ အနု ... နင့်ကိုကြည့်ရတာ အဲဒီကောင်ကို သိပ်ကိုးစားနေသလိုပဲ။ နင့်ဘဝမှာ ယောကျ်ားတွေနဲ့ အဲဒီလောက် ထိတွေ့ရင်းနှီး ပတ်သက်ဖူးတာ မဟုတ်ဘူးလေ ...

နင် ယောကျ်ားတွေကို အဲဒီလောက် မယုံနဲ့"

"နေစမ်းပါဦး။ ငါက ဘာတွေများ သူ့ကိုယုံစားနေလို့လဲ။ သူနဲ့ ငါနဲ့က ဒီအတိုင်းပဲ ရင်းနှီးတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် နားလည်တယ်။ ဒါပဲလေ ...

နင် ငါ့အတွက် စိတ်မပူပါနဲ့။ ငါက ငါ့ဘဝကို အကောင်းဆုံး ထိန်းကျောင်းဖန်တီးနိုင်ပါတယ်"

"ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးနဲ့ အနု၊ နင့်ကြည့်ရတာ Proud ဖြစ်နေသလိုပဲ။ အဲဒီလို ငါသိတယ်၊ ငါ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့ လူတွေဟာ ခံရပြီဆိုရင် သူများထက် ပိုဆိုး တယ်"

"ဟုတ်လား။ မှတ်ထားလိုက်ပါ့မယ်"

"အနု ... နင့်ကို ငါ အကောင်းပြောနေတာနော်။ ငါ့ကို လှောင်မနေနဲ့"

"ငါကလည်း အကောင်းပြောနေတာပဲ။ နင် သိထားဖို့က နင့်စကားက စေတနာစကားတွေ ဆိုရင်လည်း ဒီလော နဲ့ပဲ တော်သင့်ပြီလို့ ငါ သတိပေးလိုက်မယ်။ နောက်ဆုံး နင့်ကို ငါ စကားအကုန်ပြောလိုက်မယ်။ ငါတစ်စုံတစ်ခု ကို မိုက်မိုက်မဲမဲ လုပ်ပစ်တယ်ပဲ ထားဦး၊ အဲဒါသည် ငါ ကျေနပ်လို့ကို လုပ်တာ ...

အိုခေနော် ... အေး။ ကြီးကြီး ဆုံးတယ်။ ... နောက်မိန်းမယူတယ်။ ငါ့ဘဝမှာ သံယောဇဉ်အရှိရဆုံး ... ယူဆထားရတဲ့ နင်လည်း နင့်ရည်းစားနဲ့ နင်ပျော်တယ် အားလုံးဟာ သူ့သဘော သူအောင် ဖြစ်ပျက်နေကြတယ်

ဒါတွေကို ငါ ဘာတစ်ခုမှ တားဆီးလို့ ... အဲဒီအချိန် ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။ ငါ့ကို ... လေမသွားအောင် ငါ့စိတ်နဲ့ငါ အတတ်နိုင်ဆုံး ထိန်း ... ပြီး ဒီအခြေအနေထိ ရောက်လာအောင် ငါ ကြိုးစား ... တာ ...





ဒီတော့ ငါ့ကို ဒီအချိန်မှာ ဘာမှ ဆိုးသည် ကောင်းသည် လာမဝေဖန်နဲ့၊ နင့်ကိုမပြောနဲ့ ငါ့အဖေဆိုရင်တောင် ငါ လက်ခံမှာ မဟုတ်ဘူး ...

ဒီလောက်ဆို ငါ့သဘောထားကို နင် အရှင်းဆုံး သဘောပေါက်လိုက် ...

ဒါပဲ ... ငါ စကားဆက်ပြောချင်စိတ် မရှိတော့ဘူး"

အနုက အနိုင်နဲ့ပိုင်းကာ ပြောချင်ရာတွေကို တရစပ် ပြောပြီးနောက် ဖုန်းကို ချက်ချင်းချသွားလေသည်။ သူ့မှာ အငိုက်မိပြီး နားထောင်နေသောကြောင့် ဘာမှပြန်မပြောလိုက်နိုင်။ ... ချသွားတော့မှ ဒေါသဖြစ်ကာ တက်တစ်ချက်ကို ပြင်းပြင်း ... ထန်ခေါက်ရင်း အနုရဲ့ဖုန်းကို ချက်ချင်းပြန်ခေါ်မိသည်။

မိုက်ရိုင်းလေသော မယ်နုသည် ဖုန်းကိုမကိုင်ဘဲ ... ပစ်သည်။ နောက်ထပ် ထပ်ခေါ်သောအခါ ဖုန်းပိတ်ထားပါ ... သည်ဟု စက်ကဖြေကြားသည်။ သူက ဒေါသထွက်စွာဖြင့် ဖုန်း ... မွေ့ရာပေါ်သို့ လွှင့်ပစ်လိုက်လေသည်။ ပြီးတော့ တစ်ခုခုကို ... ခွဲပစ်ချင်သော ဒေါသစိတ်တွေကို အတတ်နိုင်ဆုံး ချုပ်ထိန်း ... သည်။

အနု သူ့ကို ဆက်ဆံသွားသောပုံစံမှာ ဘယ်သူကမှ ... ဆက်ဆံဖူးသော ပုံစံမျိုးဖြစ်သည်။ သူမကိုယ်တိုင်လည်း သူ့ကို ... ပုံစံမျိုး တစ်ခါမှ မဆက်ဆံဖူးခဲ့ချေ။ ဘာကြောင့်များ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြီးအထိ အနု ပြောင်းလဲသွားရတာတဲ့လဲ။ ရဲရဲတောက် ပြောသွားသော အနုရဲ့စကားတွေကသာ သူ့နားထဲမှာ လှည့်ပတ်ပြီး ကျန်ရစ်ခဲ့သည်။ သေချာတာကတော့ ဒီကိစ္စကို သူ ဒီအတိုင်း ကြည့်နေ၍ မဖြစ်တော့ပြီ။ သူ ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲ ဆိုတာကိုသော သေချာစဉ်းစား၍ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ဖို့ စဉ်းစားရတော့မည် ဖြစ်လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၂၀

အနုသည် နံနက်ခင်းပိုင်း ဆိုင်ရှိရာကို သွားဖို့အတွက် အိမ်ကနေ ကားနဲ့ထွက်လာတုန်းမှာပဲ အနုရဲ့ကားကို ရှေ့ကကား တစ်စီးက ပိတ်ရပ်ထားလိုက်တာနှင့် ကြုံရသည်။ ကားအနက် ရောင်ဟာ ဘယ်သူ့ကားမှန်း သိပြီးသားဖြစ်တာမို့ အနုက ကျစ် ခနဲ စုတ်သပ်ကာ ကားစက်ကို ရပ်လိုက်သည်။ တစ်ချိန်တည်း မှာပဲ အနုရဲ့ဖုန်းက မြည်သံထွက်ပေါ်လို့ လာလေသည်။ အနု ဖုန်းကိုင်လိုက်တာနှင့် ...

"အနု ... နင်နဲ့ ငါ စကားပြောချင်တယ်။ ဆိုင်သွားရမှာ အချိန်မရဘူးလို့ မပြောနဲ့။ ငါ အခုပဲ စကားပြောမယ်"

အနုသည် အဲဒီလေသံနဲ့ဟန်ကို သဘောကျလွန်းသဖြင့် ဟက်ခနဲတောင် ရယ်မိသွားသည်။

"နင် စကားပြောချင်တာနဲ့ပဲ ငါက စကားပြောရမှာလား၊ နင် နည်းနည်းတော့ over ဖြစ်နေပြီလို့ မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"over က ငါဖြစ်တာ မဟုတ်ဘူး၊ နင်ဖြစ်နေတာ။ အေး... ငါဖြစ်နေတယ် ဆိုရင်လည်း အဲဒီလိုဖြစ်အောင် လုပ်ထားတာ နင်ပဲ ...

နင့်ကိုယ် နင်လည်း သိမယ်၊ နင် ငါ့ကို အခု ဆက်ဆံနေတဲ့ပုံစံမျိုး ဘယ်တုန်းကမှ နင် မဆက်ဆံခဲ့ဖူးဘူး"

သူ ပြောတာကို အနု လက်ခံသည်။ ဒါပေမဲ့လည်း အနုဟာ အရင်တုန်းက အနု မဟုတ်တော့တာကို သူမှ သတိမပြုမိတော့ပဲ။ ဒီတစ်နှစ်အတွင်းမှာကို အနုရဲ့စိတ်ဟာ ဖျက်၍ပြင်လိုက်သော အရုပ်တစ်ရုပ်လို ပြောင်းလဲသွားပြီဆိုတာ သူမှ မသိတော့တာ။ အနု ကြေကွဲဝမ်းနည်း အားငယ်နေရချိန်တွေမှာ သူက ရည်းစားနဲ့ ပျော်နေသည်။ ဒါကို အနုက စိတ်အနာကြီး နာသွားတာ သူမှ မသိဘဲ။

"ဒီလိုဆက်ဆံတာကို မကြိုက်ရင် နင် ငါ့ကို လာမပတ်သက်နဲ့"

"ဘာပြောတယ် အနု"

"နင် နားမလေးပါဘူး။ ကဲ ... ငါ့ကားရှေ့က နင့်ကားကိုဖယ်"

"တောက်"

သူက တောက်တစ်ချက်ခေါက်ကာ ဖုန်းပိတ်သွားသည်။ ပြီးတော့ သူ့ကားပေါ်က ချက်ချင်းပဲ ဆင်းလာကာ အန





ရဲ့ကားတံခါးဘေးသို့ ရောက်လာလေသည်။ အနုတို့နှစ်ယောက် အပြန်အလှန် စိုက်ကြည့်နေကြသော အကြည့်များမှာ မီးတောက်တွေသာ ထွက်လာခဲ့လျှင် နေရာမှာတင် တောမီးလောင်သွားနိုင်သေသည်။

"အနု ... နင် အခုနက ငါ့ကို ဘာပြောလိုက်တာလဲ။ ပြော... ငါ့ကို လာမပတ်သက်နဲ့ ဆိုတာက ဘာအဓိပ္ပာယ်လဲ"

"ငါကတော့ ငါနေချင်သလို နေမှာပဲ။ ပြောချင်သလို ပြောမှာပဲ။ ဒါကိုမှ နင် လက်မခံနိုင်ရင် မပတ်သက်နဲ့လို့ ပြောတာ။ ခေတ် ... နင် ငါ့ကို ဘာမှလာရစ်မနေစမ်းပါနဲ့။ စောစောစီးစီး ငါ ကျက်သရေမယုတ်ချင်ဘူး"

"ဘာ ... ကျက်သရေ မယုတ်ချင်ဘူး၊ ဟုတ်လား။ ဟာ ကွာ"

သူက အင်မတန် ဒေါသတကြီး ပေါက်ကွဲသွားဟန် [illegible] အနုရဲ့ကားဘီးကို ခြေထောက်ဖြင့် ဆောင့်ကန်သည်။ အဲဒီ [illegible]ဟာ အနုကို လာကန်သလို ဆတ်ဆတ်ခါ နာကျင်သွားစေသည်။ နင် ငါ့ကို နာကျင်စေခဲ့တာတွေများပြီ ခေတ်လုလင်။

"အနု ... နင့်အတွက် ငါက ကျက်သရေယုတ်တဲ့ကောင် ဖြစ်နေပြီပေါ့ ... ဟုတ်လား။ နင့်အတွက် ကျက်သရေအရှိဆုံးကောင်က ဘယ်သူလဲ၊ နေဝင်းဒွေးလား။ ဟမ် ?"

"ဟုတ်တယ်။ နင် သိချင်တာ ဒါပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အနုက ဆက်ပြောနေလျှင် ပိုဆိုးမှာမို့ ဆက်မပြော တော့ဘဲ ကားကို ဘက်ခ်ဂီယာထိုးကာ နောက်ဆုတ်ပြီးမှ သူ့ကား ခေါင်းတည့်တည့်ကို ရှောင်ကွင်းပြီး မောင်းနှင်လာခဲ့သည်။ သူ ဘာတွေဖြစ်နေသလဲ ဆိုတာကို အနု သိသင့်သလောက် သိသည် ဒါပေမဲ့ အနု သူ့ကို စိတ်နာသည်။ နာကျင်သည်။ သူ့အပေါ် အချစ်တွေ သံယောဇဉ်တွေ အပြည့်ထားခဲ့ပေမယ့်လည်း ကို အပေါ်မှာ မစာနာ မကြင်နာသော သူ့ကို အနု နားလည်မပေး ချင်တော့။ ပြီးတော့ အနုကို ဆက်ဆံတဲ့ပုံစံကိုလည်း မကြိုက်ချေ သူ ဒီလိုပုံစံမျိုးနဲ့ အနုကို ဆက်ဆံစရာ မလိုပါ။ ပြေရာပြေကြောင်း မပြောဘဲ အနုဘက်ကိုချည်း အပြစ်တွေ ဖိတင်နေသော သူ့ လုပ်ရပ်နဲ့ စိတ်ဓာတ်ကို မပြင်သေးသရွေ့ အနုနဲ့ သူသည် ဘယ် တော့မှ အဆင်ပြေလာမည် မဟုတ်တော့ချေ။

အံကိုတင်းတင်းကြိတ်ကာ ကားမောင်းလာခဲ့သော အနုသည် ဆိုင်သို့ရောက်တာတောင် မျက်နှာအမူအရာကို ဘယ် လိုမှ မထိန်းချုပ်နိုင်သေးချေ။ မျိုးမျိုးကတောင် သတိထားမိ မေးယူရသည်။

"အနု ... နင် ဘာဖြစ်လာတာလဲ။ အိမ်မှာ တစ်ယော ယောက်နဲ့ ပြဿနာတက်ခဲ့လို့လား"

"မဟုတ်ပါဘူးဟာ"





အနုက စိတ်ပျက်လက်ပျက် ပြောဆိုရင်း ဆိုဖာပေါ် ဘွင် ကိုယ်ခန္ဓာတစ်ခုလုံးကို ပစ်ထိုင်ချပစ်လိုက်သည်။ နံနက်ပိုင်း ဘိုင်း ဆိုင်ကို တက်တက်ကြွကြွနှင့် ရောက်လာလေ့ရှိသော အနု သည် အခုတော့ စိတ်တွေနောက်ကျိရှုပ်ထွေးကာ ဒေါသလည်း သင့်လာသဖြင့် လူတစ်ကိုယ်လုံး အားအင်တွေ စုပ်ထုတ်ထားသလို ခံစားနေရလေသည်။

"မဟုတ်ဘူးသာဆိုတယ်၊ နင့်ပုံစံက တာတိုအပြေးပြိုင်ပွဲ ဝင်ပြိုင်လာရတဲ့ သူလိုပဲ။ မောဟိုက်နွမ်းလျနေတာပဲ၊ ဘယ် လိုဖြစ်လာတာလဲ"

အနုက မျိုးမျိုးကို မညာချင်တော့သဖြင့် အားလုံး ကို ပြောပြလိုက်လေသည်။ ညကကိစ္စမှစ၍ မနက်က ကိစ္စအထိ အားလုံးကို အစီအစဉ်တကျ ပြောပြလိုက်သည်။ မျိုးမျိုးက ထုံးစံ အတိုင်း နှုတ်ခမ်းကို မဲ့ရွဲ့ကာ ...

"ဟင် ... အခုမှ သွေးပျက်နေတာ နေမှာပေါ့။ သွေးပျက် ရအောင်လည်း သူ့ဘေးနားမှာ အလင်းပွင့်ကြီး ငုတ်တုတ် ရှိနေတာပဲ ...

နင်ကရော အနု။ ခုချိန်မှာ သူ့ကို ဘယ်လိုခံစားချက် ရှိလဲဟင်"

"ငါ့ရင်ထဲမှာ ဘယ်လိုခံစားချက်တွေ ရှိခဲ့တယ်ဆိုတာ သူ သိပါတယ်။ သိသိကြီးနဲ့ ငါ့ ခံစားချက်ကို သူ ဥပေက္ခာပြု ထားခဲ့တာကို တွေးလိုက်တိုင်း အသည်းနာကာယ် ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝမှာ ငိုခဲ့ရတဲ့အချိန်တွေ အများကြီးပဲ။ အဲ[cut] အချိန်မှာ ငါ့အားနား သူ မရှိဘူး။ တခြားတစ်ယောက်[cut] အနားမှာ ရောက်နေတယ် ...

ငါ့ကိုယ်ငါ မနည်းထူမတ်ခဲ့ရတယ်၊ ထူမတ်နေရ[cut] ပဲ။ ဒီအချိန်မှာလည်း သူက ငါ့ကို နားလည်ပေးတာမဟုတ်[cut] ဘူး။ ပြေပြေလည်လည် ဆက်ဆံတာ မဟုတ်ဘူး ...

သူ့ကို တစ်သက်လုံးက မော်ဖူးလာတဲ့မိန်းမဆို[cut] ခုလည်းပဲ ပြောချင်ရာပြောမယ်၊ နာခံစမ်းဆိုတဲ့ ပုံစံနဲ့[cut] နေတာ။ ဒေါသတကြီး အော်ဟစ်နေတာ။ ငါ အဲ့ဒါ[cut] ရင်အနာဆုံးပဲ။ သူ့ရည်းစားဆို သူ ဒီလိုပြောမလား ...

သူဟာ ငါ လိုချင်တဲ့ပုံစံနဲ့ တဖြည်းဖြည်းကို ပို[cut] သွားပြီ။ အဓိကအချက်ကတော့ သူ ငါ့ကို လုံးဝနားမလည်[cut] တာပဲ”

“ဟင်း ... ခက်တယ်ဟာ။ တကယ်ဆို ခေတ်လူ[cut] မပြတ်သားလို့ ဒီပြဿနာတွေ ဖြစ်လာရတာပဲ။ အစ[cut] က နင်တို့နှစ်ယောက် အဆင်ပြေအောင် ညှိလိုက်[cut] ဒီလို နောက်ဆက်တွဲ ဆိုးကျိုးတွေ ဖြစ်လာမှာ မဟုတ်[cut]

ခုလည်း အားလုံးဟာ သူ့ဟာနဲ့သူ အဆင်ပြေ[cut] သူ့မှာလည်း သူကြိုက်တဲ့ရည်းစား ရှိတာပဲ။ ခုမှ [cut] ဘာပွဲဆူနေတာလဲ”





အနုက ခေတ်ရဲ့ဒေါသသွေးဆူနေသော မျက်နှာကို ပြန်လည်မြင်ယောင်လာရင်းမှ အံကိုတင်းတင်းကြိတ်မိကာ ...

“သူက အတ္တသိပ်ကြီးတဲ့ ယောကျ်ားပဲလေ။ သူကျတော့ လုပ်ချင်သလိုလုပ် နေချင်သလိုနေပြီး ငါ့အတွက်ကျတော့ ဘယ်တော့မှ ထည့်စဉ်းစားပေးတတ်တဲ့ လူမျိုးမှ မဟုတ်တာ ...

သူ ဖြစ်စေချင်တဲ့ ပုံစံကို ငါ လိုက်လျောလက်ခံလာဖို့ဆိုတာ နူးညံ့သိမ်မွေ့တဲ့ နားလည်စာနာမှုရှိတဲ့ ဆက်ဆံရေးမျိုးနဲ့မှ ဖြစ်မှာ ...

ငါ့ကို ဒီလိုပုံစံမျိုးနဲ့ ဆက်ဆံနေသရွေ့ သူနဲ့ ငါနဲ့က ဝေးသထက် ဝေးသွားမှာပဲ”

“သူနဲ့ ဝေးသထက်ဝေးပြီး ကိုနေနဲ့ကျတော့ နီးသထက်နီးမသွားနိုင်ဘူးလား၊ ကိုနေ့ကိုရော နင့်ရင်ထဲမှာ ဘယ်လောက် နေရာပေးထားမိပြီလဲ”

အနုက ခေါင်းကို ဖြည်းဖြည်းခါယမ်းကာ ဟာသဆွေ၊ စိတ်ထွက်ပေါက်ရာ စကားတွေကို လျှောက်ပြောတတ်သော်လည်း လေးနက်သော မျက်ဝန်းပိုင်ရှင် ကိုနေ့ကို မြင်ယောင်လာမိသည်။

“ကိုနေ့ကို ရင်ထဲမှာ နေရာပေးထားတယ် ဆိုတာထက် ဘဝထဲမှာ နေရာပေးထားတာ။ ရင်ထဲမှာ ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နေရာပေးထား ပေးထား၊ ရင်ခွင်တစ်ခုလုံး မဆန့်အောင် ပွင့်အန်အောင် နေရာပေးထားလည်းပဲ တကယ့်လက်တွေ့မှာ အသုံးမဝင်ရင် အလကားပဲ ...

တကယ့်ဘဝအစစ်အတွက် ဘာမှအသုံးမဝင်ဘူးလေ။ ကိုနေနဲ့တွေ့တာ အချိန်အကြာကြီး မဟုတ်သေးပေမယ့် တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အထူးသဖြင့် သူက ငါ့အပေါ်မှာ နားလည်စာနာမှုရှိတော့ အချိန်အကြာကြီး တွေ့လာခဲ့ရတဲ့ သူလိုပဲ ...

ခေတ်လုလင်ကတော့ အချိန်တွေ အကြာကြီးတွေ့ခဲ့ပေမယ့် ငါ့အပေါ်မှာမှ နားမလည်တာ။ နားမလည်တာထက် သူက နားမလည်ချင်ယောင် ဆောင်ခဲ့တာပါ။ ငါ အဲဒါကို စိတ်အနာဆုံးပဲ"

အနုရဲ့စကားသံ အဆုံးတွင် မျိုးမျိုးလည်း ဘာမှ မပြောနိုင်တော့ဘဲ ငြိမ်သက်သွားတော့သည်။

✿ ❤ ✿





## ၂၁

"ဗိုက်နည်းနည်း ဆာသလို ရှိတယ်ကွယ်။ ကန်တော်ကြီးထဲ သွားလိုက်ပါလား"

သူ ကားမောင်းနေတုန်းမှာ ဆောကပြောလိုက်သောစကားကြောင့် သူက တစ်ချက်လှည့်ကြည့်ကာ မျက်မှောင်ကြုတ်ကြုတ်နှင့်ပင် ...

"ဗိုက်ဆာတာနဲ့ ကန်တော်ကြီး သွားတာနဲ့ ဘာဆိုင်လို့လဲ"

"ဩော် ... ခေတ်ကလည်း။ ကန်တော်ကြီးထဲမှာ စားသောက်ဆိုင်တွေ ရှိတာပဲ။ အဲဒီမှာ အစားအသောက် မှာစားမှာပေါ့။ ပြီးတော့ မိုးလေးကလည်း အုံ့ပျပျလေး ဖြစ်နေတာ၊ တံတားပေါ်မှာ လမ်းလေး ဘာလေးလျှောက်မယ်လေ ... မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှပြန်မပြောတော့ဘဲ ကားကိုသာ ဂရုစိုက် မောင်းနေတော့သည်။ အလင်းပွင့်၏ကားဝပ်ရှော့သို့ ပို့ထားရသည့် တစ်ပတ်လုံးလုံး သူက အလင်းပွင့်ရဲ့ အကြိုအပို့တာဝန်ကို ယူ ထားရခြင်းဖြစ်သည်။ အခုလည်း ရုံးဆင်းလာသော အလင်းပွင့် ကို သူက ကြိုလာပြီးနောက် မရွှေချောက ကန်တော်ကြီးသွား အဆိုတင်သွင်းလာခြင်းဖြစ်သည်။

"ခေတ် ... သွားမှာလား မသွားဘူးလား"

"သွားမယ်လေကွာ"

"အဲဒါဆိုလည်း ဘာဖြစ်လို့ ပြန်မဖြေတာလဲ။ ဘာလဲ စိတ်မပါဘူးလား၊ မသွားချင်ဘူးလား၊ မသွားချင်ရင်လည်း လိုက်ပို့ရုံသက်သက်နဲ့တော့ မသွားနဲ့နော် ...

ရတယ် ... အိမ်ပဲပြန်ပို့ပေး"

အလင်းပွင့် အသံက စူကောက်ကောက်နှင့် ထွက် ပေါ်လာလျှင် သူက ကျစ်ခနဲ စုတ်သပ်လိုက်ကာ ...

"ကျွတ် ... စိတ်မကောက်နဲ့နော် အလင်း။ ဒါ စိတ်ကောက် စရာကိစ္စ မဟုတ်ဘူး၊ မင်း သွားချင်ရင် ကိုယ် လိုက်ပို့မယ် ဆိုတဲ့စကား ပြောပြီးသားပဲ"

"အဲဒီစကားကိုက ရှင့်ဆန္ဒ မပါဘူးဆိုတာ ဖော်ပြနေတာ လေ။ ရှင့်ကို မပြောချင်လို့ ကြည့်နေတာ ကြာပြီ ခေတ်။ ရှင် ကျွန်မနဲ့စကားပြောရင် စိတ်ပါသလိုလို





သလိုလို စိတ်မရှည်သလိုလို ဖြစ်နေတာတွေ ရှင့်ကိုယ်ရှင် ရော သတိထားမိရဲ့လား ...

ရှင် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ။ ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်နေလဲ ဆိုတာတော့ ရှင့်ကိုယ်ရှင် အသိဆုံးပဲ နေ မှာပဲ"

အလင်းပွင့်ရဲ့စကားက သူ့ရဲ့ချက်ကောင်းကို ထိ သွားသဖြင့် သူဟာ ရုတ်တရက် ဘာမှပြန်မပြောနိုင်။ သူ ဘာ ဖြစ်နေသလဲ ဆိုတာတော့ သူ့ကိုယ်သူ သိသည်။ အနုနဲ့အရင် အခြေအနေကို ပြန်လိုချင်တာ၊ အနုရဲ့ဥပေက္ခာကို မခံစားနိုင်တာ၊ ပြီးတော့ သူ့နေရာကို ဝင်ရောက်လာသည့် နေဝင်းမြွေး ဆိုသော ကောင်ကို ကြည့်ရတာ စသဖြင့် ခံစားချက်တွေကို မျိုးစုံလှ သည်။

ပြီးတော့ လုံးဝကို ပြောင်းလဲသွားသော အနုရဲ့ သဘောထားများ၊ အရင်ကဆို သူ့အပေါ်မှာ ခွင့်လွှတ်နားလည် ပေးခဲ့သော အနုဟာ ခုကျမှ ဘာတွေမာန်တက်နေသလဲတော့ မသိ။ သူက အဲဒီပုံစံကို ကြည့်မရဆုံးဘဲ ဖြစ်တော့သည်။

တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြဘဲ ကိုယ်စီ တိတ်ဆိတ်လျက် ကန်တော်ကြီးထဲသို့ ရောက်လာကြသော သူတို့နှစ်ဦးသည် ကုန်းမြင့်ပေါ်က စားသောက်ဆိုင်တစ်ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



တက်လာခဲ့ကြသည်။ ထိုင်ဖို့ စားပွဲဝိုင်းရွေးနေတုန်းမှာပဲ အင်မတန် မျက်စိလျှင်သော အလင်းပွင့်က သူ့လက်မောင်းကို တို့လာကာ...

"ဟိုမှာ အနုသွေးတို့ အတွဲပဲ။ အဲဒီဝိုင်းမှာ သွားထိုင်ကြရအောင်"

သူက ကဲဇာတ်ဆရာကို တစ်ချက် ကျိန်ဆဲကာ သူမပြသောနေရာကို လှမ်းကြည့်လိုက်သည်။ နေဝင်းခွေးနှင့် အနုသွေး။ ဝတ်ထားတဲ့ အင်္ကျီတွေကတောင် တိုင်ပင်ပြီး ဝတ်ထားသလား မှတ်ရအောင် အရောင်ဆင်တူ ခရမ်းပုပ်ရောင်။ နှစ်ဦးသား စတော်ဘယ်ရီခွက်နှစ်ခွက်ကို ရှေ့မှာချကာ စတော်ဘယ်ရီ ချစ်သည်းရှင် လုပ်နေကြသည်။ ပထမတော့ သူဟာ အလင်းပွင့်ရဲ့ စကားကို ငြင်းဆန်ဦးမလို့ပင်။ ဒါပေမဲ့ သူမနဲ့အတူတူ နှစ်ယောက်တည်း ထိုင်နေလည်း ပျင်းစရာကောင်းနေမှာမို့ သူက ရှေ့ကသွားဟူသော သဘောဖြင့် မေးဆတ်ပြလိုက်သည်။

ပေးလာတဲ့ အခြေအနေပေါ်မှာ တစ်ခုခု အမြတ်ထွက်အောင်တော့ အားထုတ်ရမှာပေါ့ အနုသွေးရယ်။

"ဟေး ... အနုသွေး"

အလင်းပွင့်ရဲ့ ခပ်မြှုးမြှုး နှုတ်ဆက်သံကြောင့် အနုက ခေါင်းထောင်ကြည့်လာကာ သူ့ကိုပါ မြင်သွားသည်။ ဖျတ်ခနဲ ပြောင်းလဲသွားသော်လည်း ဘာမှမဖြစ်သလို ပြောင်း





ယူလိုက်သည့် မျက်ဝန်းများရဲ့ ပဋ္ဌလက်ကတော့ တကယ့်ပဲ ဆရာကျပါသည်။

"ဘယ်လိုလဲ၊ နှောင့်ယှက်သလိုများ ဖြစ်သွားလား"

"ဩော် ... မဖြစ်ပါဘူး၊ ထိုင်လေ တစ်ခုခု စားပါဦး"

"စားရမယ် ... စားရမယ်။ တို့က ဗိုက်ဆာလို့ ဒီထဲကို လိုက်ပို့ခိုင်းတာ ဗိုက်တင်းအောင် စားပြီးရင် အေးအေး လူလူ လမ်းလျှောက်မယ်ဆိုတဲ့ အတွေးနဲ့ပေါ့ ...

အဲဒါ ခေတ်က ဒီထဲကို မလာချင်ဘူးနဲ့ တူပါတယ် ...

မလှုပ်တလှုပ် ဖြစ်နေတာနဲ့ စကားများနေရသေးတယ်။ သူ့သူငယ်ချင်းကိုတွေ့လို့ ဟိုမှာ အနုတို့ရှိတယ်ဆိုပြီး ခေါ်လာတာ"

ဘာရည်ရွယ်ချက်နဲ့ စကားတွေ လျှောက်များနေမှန်းသိသော အလင်းပွင့်ကို သူက တစ်ချက်ကြည့်လိုက်ပြီးနောက် အနုရဲ့ထောင့်နေရာရှိခုံမှာ ဝင်ထိုင်လိုက်သည်။ အစတည်းက သူ့ကိုထိုင်နေတာက နေဝင်းခွေးနဲ့ အနုဟာ ထောင့်မှန်ကျသဏ္ဌာန်ထိုင်နေတာမို့ သူကလည်း အနုရဲ့ညာဘက်ဘေးမှာ ထောင့်မှန်ကျဝင်ထိုင်လိုက်တာဖြစ်သည်။ အနုနဲ့ မျက်နှာချင်းဆိုင်က အလင်းပွင့်ဖြစ်သည်။

"ကုတ် တစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ဝိတ်တာကို သူ့အတွက်ပဲ မှာပြီးနောက် အလင်းပွင့်ဆီသို့ မျက်စပစ်ပြလိုက်သည်။

"ဟမ်ဘာဂါတစ်ပွဲ၊ အော့ရိန့်ချ်ဂျူ့စ် တစ်ခွက်"

အသီးသီး မှာပြီးတော့မှ ဝိတ်တာ ထွက်ခွာသွားလျှင် အလင်းပွင့်က အနုကို ပြုံးစိုက်ကြည့်ကာ ...

"ပြောသာ ပြောရတယ်။ အနုနဲ့ တို့နဲ့က ခုမှပဲ သေချာဆုံဖူးကြတာနော်။ တွေ့တော့ဆိုင်ဆိုင် အေးအေးဆေးဆေး မဆုံဖြစ်ကြဘူး။ နှစ်ယောက်စလုံးက ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာဆိုတော့ ချိန်းပြီးလည်း မတွေ့နိုင်ကြဘူး ... အနုနဲ့ ခေတ်က ဟိုးငယ်ငယ်လေးတည်းက သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေ ဆိုတော့ ခေတ်ရဲ့ အကြောင်းတွေ ကောင်းကောင်း သိမှာပေါ့။ နောက်ကျ သူ့အကြောင်းတွေ အနုကို မေးရဦးမယ်"

"အခု မေးလိုက်ပါလား"

အဲဒီစကားက သူက ပြောလိုက်တာ ဖြစ်တာကြောင့် မျက်လုံးတွေက သူ့ထံသို့ ရောက်လာကုန်ကြသည်။ သူ ကုတ်ဘူးကို ဖောင်းခနဲ မြည်အောင်ဖောက်ရင်း ဖန်ခွက်ထဲသို့ အေးအေးဆေးဆေး လောင်းထည့်လိုက်ရင်းမှ ...

"အခုမေးလည်း ရပါတယ်။ အခု မေးတော့ ပိုကောင်းတာပေါ့။ သူ ဘာတွေဖြေမလဲ သိရတာပေါ့"





သူက အနုကို ကြည့်ပြီး ပြောလိုက်လျှင် အနုက သူ့ကို ခပ်တည်တည်ပဲ ပြန်ကြည့်ကာ အရေးမစိုက်သလိုဖြင့် ...

"အလင်းပွင့် သိချင်တာရှိရင်လည်း မေးပါ။ ဒါပေမဲ့ အနုကတော့ သူ့အကြောင်း သိပ်မသိပါဘူး။ အပေါ်ယံတွေတော့ သိတာပေါ့။ ကျန်တာတွေတော့ သိပ်မသိဘူး"

"သူက ရည်းစားများတယ် ဆိုတာရော ဟုတ်လား"

ကဲ ... ဖြေစမ်း မယ်နု။ မင်းအဖြေကို ငါ စိတ်ဝင်စားနဲ့ နားထောင်နေမယ်။ ဒီမေးခွန်းကို မေးပေးတဲ့ အလင်းပွင့်ကိုလည်း ကျေးဇူးပါ။

"ဟုတ်မယ် ထင်တာပါပဲ။ ဒါက ကာယကံရှင် အတည်ပြုပေးရင် ပိုကောင်းပါတယ်။ ရည်းစားများခဲ့တယ် ဆိုတာလည်း အလင်းပွင့်နဲ့ မတွေ့သေးလို့ ဖြစ်မှာပါ"

"ဟယ် ... ကြည့်စမ်း။ သူ့သူငယ်ချင်းဘက်က cover ပေးတယ်တော့။ သူကလေ ရည်းစားသာများတာ မိန်းကလေးတွေရဲ့အကြောင်းတော့ သိပ်မသိဘူးနဲ့ တူတယ်နော်"

အဲဒီအပြောကိုတော့ အနုက နှုတ်ခမ်းထောင့်စွန်း တွန့်သွားရုံပဲ ပြုံးလေသည်။ အဲဒီအချိန်မှာပဲ သူက စကားထဲသို့ ဝင်လိုက်သည်။

"အလင်း ... မင်း မေးလို့ပြီးရင် ကိုယ်ကလည်း မေးရဦးမယ်။ ကိုနေဝင်းဒွေး ... ခင်ဗျားနဲ့ ကျွန်တော့်သူငယ်ချင်းနဲ့ ခင်မင်တာ အတိုင်းအတာတစ်ခုတော့ ရှိရောပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ မိတ်ဆွေဖြစ်ရတာ အဆင်ပြေရဲ့လား။ သူ့အကြောင်းတွေ သိချင်ရင် ကျွန်တော့်ကိုမေးနော်”

“လူတစ်ယောက်အကြောင်းကို သူ့ကွယ်ရာမှာ မေးရတာဟာ အဲဒီလူကို မယုံကြည်ရာ ရောက်ပါတယ်ဗျာ။ ကျွန်တော်ကတော့ သိချင်ရင် သူ့ကိုပဲ မေးမှာပါ”

“ဟား ... ကြိုက်သွားပြီ။ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဓာတ်ဆိုတာ ဒီလိုမျိုး မိုက်နေမှပေါ့၊ နောက်ကွယ်မှာ လိုက်မေးတယ်ဆိုတာ မိန်းမတွေးတွေးတဲ့ မိန်းမတွေရဲ့ အလုပ်ပါ”

သူ့စကားကို ဟမ်ဘာဂါ ကိုက်ဝါးနေသော အလင်းပွင့်ထံမှ မျက်စောင်းတစ်ချက်က ဒိုင်းခနဲ ရောက်လာသည်။ ပြီးတော့ စားလက်စ ဟမ်ဘာဂါကို ပစ်ချကာ ...

“ဟက် ... မိန်းမဆိုမှတော့ မိန်းမအတွေးပဲ တွေးမှာပေါ့ရှင့်။ ယောကျ်ားတွေး ဆိုတာကရော ဘာလဲ။ ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်ပြီး နောက်ကျမှ ပဝါမနိုင် ဘာမနိုင် မရှုနိုင် မကယ်နိုင် ဖြစ်နေတာကို ပြောတာလား”

“မင်းစကားက ဘာအဓိပ္ပာယ်လဲ”

“ဒါတော့ ရှင့်ကိုယ်ရှင် အသိဆုံး နေမှာပါပဲ”

“အလင်းပွင့်တို့ ဆက်ထိုင်နေဦးမှာ မဟုတ်လား။ အနု ရှင်းသွားလိုက်တော့မယ်။ အနု ဝင်စရာလေး တစ်ခုရှိ...





“သြော် ... သွားတော့မလို့လား၊ ဆောရီးပဲ အနုရယ်။ စိတ်အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်။ တို့က ဒီလိုပဲ တွေ့တာနဲ့ ငြိနေကြလေ ...

အနုသူငယ်ချင်း အကြောင်းလည်း အနုသိမှာပေါ့။ လူကို သိပ်စိတ်တိုအောင် ဆွတတ်တာ”

စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော်မကြီး အနုသည် အလင်းပွင့်ရဲ့စကားကို ဘာမှမပြောတော့ဘဲ အသာပြုံးကာ ထိုင်...ထသည်။ ပြီးတော့ သူ့ကို တစ်ချက်ကြည့်ကာ ...

“ခေတ် ... ငါ သွားတော့မယ်။ နင့်ကို ငါ တစ်ခုသတိပေးခဲ့မယ်။ လူတွေကို ဘယ်သူ့ကိုမှ လျှော့မတွက်နဲ့နော်”

အဲဒီနောက် အနုနဲ့ နေဝင်းဒွေး ဆိုသော သကောင့်...တို့မှာ ထွက်ခွာသွားကြလေသည်။ ဟမ်ဘာဂါကို အားပါးတရ ...ပြနေသော အလင်းပွင့်ထံ သူ့အာရုံတွေကို အတိအကျ ပို့...သည်။ သူ ကြည့်နေတာကို သိသော မချွေချောက သူ့ကို ...ါတဲ့စကား စတင်ပြောသည်။

“ရှင် ကြားတယ်နော်။ လူတွေကို လျှော့မတွက်နဲ့တဲ့၊ အဲဒီစကားက အလကား ပြောသွားတာ မဟုတ်ဘူး”

“ဟုတ်လား ... မင်း သူ ဘာဆိုလိုတယ် ဆိုတာကို သိဘယ်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့။ သူ ဘာကိုဆိုလိုတယ် ဆိုတာကိုလည်း သိတယ်။ ရှင် ဘာတွေဖြစ်နေတယ် ဆိုတာကိုလည်း သိတယ်"

"ဟုတ်လား ... ကိုယ် ဘာတွေဖြစ်နေတယ် ဆိုတာကို ကိုယ်တိုင်တောင် မသိဘူး၊ မင်းက သိတယ်ဆိုတော့ သိပ်တော်လို့ပေါ့ ...

ကဲ ... ပြောစမ်းပါဦး။ ကိုယ် ဘာတွေဖြစ်နေလဲ"

"ရှင် သွေးပျက်နေတယ်လေ"

"ဘာဖြစ်တယ်"

သူမက လိမ္မော်ရည်ကို ခပ်အေးအေး မော့သောက်ရင်းမှ သူ့ကို အသာအယာ လှည့်ကြည့်လာကာ ...

"ဟုတ်တယ်၊ ရှင် အနု အတွက်နဲ့ သွေးပျက်နေတယ်။ အဲဒါ ရှင်ကိုယ်တိုင်တောင် မသိဘူးလား။ မသိဘဲနဲ့တော့ နေမှာ မဟုတ်ပါဘူး။ ရှင်က လူလည်ပဲဟာ။ လူလည်ဆိုပေမယ့် တစ်ခါ တစ်ခါတော့ မလည်ရှုပ်၊ ခုလည်းအစတည်းက ရှင် မလည်ရှုပ် လုပ်ထားခဲ့လို့ ဒီအချိန်မှာ တိုင်ပတ်နေတာပေါ့"

သူက အလင်းပွင့်ကို အံ့သြစွာ စိုက်ကြည့်နေမိသည်။ သူမကတော့ ခပ်အေးအေးပင်။ လောကကြီးဟာ ထင်တာတွေနဲ့ လွဲလွဲသွားတတ်ပါလား။ အနုတို့ ထွက်သွားတာနှင့် အလင်းပွင့်ရဲ့ အရစ်ဒဏ်ကြောင့် ရန်သတ်ပွဲ ဆင်နွှဲရတော့မည်ဟု မျှော်လင့်ထားခဲ့သော်လည်း သူမက လုံးဝကို အေးအေးဆေးဆေးပဲ ရှိနေသည်။





"မင်း ... မင်း ဘာတွေပြောနေတာလဲ"

"ကျွန်မ အမှန်တွေ ပြောနေတာလေ။ ရှင့်ကို ကျွန်မ စောင့်ကြည့်နေတာ ကြာခဲ့ပြီ။ ကျွန်မနဲ့ တွေ့လိုက်တိုင်း ရှင့်အာရုံတွေက ကျွန်မဆီမှာမှ မရှိတာ ...

အနုနဲ့ တွေ့လိုက်တိုင်းလည်း မခံချိ မခံသာ ဖြစ်နေတဲ့ ရှင့်မျက်လုံးတွေက သက်သေပဲ။ နေဝင်းဒွေးနဲ့ အနုကို ရှင် ဂျေဝင်နေတယ် မဟုတ်လား။ အနုနဲ့ပတ်သက်ပြီး ရှင့်စိတ်တွေ သိပ်ရှုပ်ထွေးနေတယ်။ အဲဒါကို ကျွန်မ Pressure မပေးချင်ဘူး ...

ဒီတော့ တစ်ခုခုကို ရှင့်သဲကွဲအောင် လုပ်လိုက်တော့။ အဲဒီလို လွတ်လွတ်လပ်လပ် လှုပ်ရှားဖို့အတွက် ကျွန်မတို့ မိတ်ဆွေလိုပဲ ပြန်နေကြတာပေါ့။ ဘယ်လိုလဲ ?"

"မင်း ဘာတွေပြောနေတာလဲ"

"ကျွန်မ ပြောတာကို ရှင် သဘောပေါက်ပါတယ်။ အမှန်တရားတွေကို ဆက်လက်ငြင်းဆန်ဖို့ ကြိုးစားနေရင် ရှင်နဲ့ ကျွန်မ ရန်သူတွေ ဖြစ်သွားလိမ့်မယ် ...

အဲဒီတော့ အကောင်းဆုံးအတွက် လမ်းခွဲကြတာပေါ့"

"မင်း ဒီစကားတွေ ပြောဖို့ ဘယ်တုန်းက စဉ်းစားထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့ ကြာပါပြီ။ ဒီနေ့မှာတော့ ပြောဖြစ်ဖို့အတွက် ပိုသေချာသွားတာ။ ရှင့်ရဲ့ ကျွန်မအပေါ် လုံးဝဖီးလ်မလာတော့တဲ့ ရုပ်ကြီးကို ဆက်လက်ခံစားနိုင်စွမ်း မရှိတော့လို့လေ"

သူက ပြုံးတမဲ့မဲ့ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်မိကာ ...

"ကိုယ့်ကို မင်းက စဖြတ်တယ်ပေါ့"

"ရှင် ဝမ်းသာတယ် မဟုတ်လား။ ဒါပေမဲ့နော် တစ်ခုတော့ ပြောလိုက်ချင်တယ်၊ ရှင်က မိန်းကလေးတွေကို လျှော့တွက်လွန်းတယ် ...

ပြီးတော့ ဘယ်အခြေအနေမဆို ရှင်က အသာစီးယူလိုက်ရမှ။ ခုလည်း ကျွန်မ ဒီလို အေးအေးဆေးဆေး ပြောတာကို ရှင်က သဘောတူ ကျေနပ်ရမှာ ...

နောက်ဆုံးအချိန်လေးမှာတောင် ရှင်က ကပ်ပြီး အသာစီးယူချင်သေးတယ် ...

စိတ်ပျက်ဖို့ ကောင်းလိုက်တာ။ ကျွန်မ ရှင့်ကို တစ်ခုပြောလိုက်ဦးမယ်။ အနုသွေးရဲ့ အာရုံတွေဟာ ရှင့်ဆီမှာ မရှိဘူးနော် ...

ပြီးတော့ သူ ရှင့်ကို အကြီးအကျယ် စိတ်နာသွားတယ်။ အဲဒီတော့ ရှင် ဘာဆက်လုပ်ရမယ် ဆိုတာ စဉ်းစားပေါ့ ... အိုခေ"





"အားလုံးအတွက် ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး။ ရှင့်ကိုတော့ ကျွန်မ စောင့်ကြည့်နေမှာပါ"

သူက ပခုံးကို အသာတွန့်မိကာ ဘာမှမပြောမိတော့ချေ။ အဲဒီနေ့က အလင်းပွင့်နဲ့ လမ်းခွဲခဲ့ရသော်လည်း ပျော်ရွှင်စရာကောင်းသော လမ်းခွဲခြင်း ဖြစ်ခဲ့သည်။ တကယ်တော့ အလင်းပွင့်ဟာ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားသော်လည်း ချစ်စရာကောင်းမှုအရာမှာတော့ အနုကို မမီ။

အနု ... အရာအားလုံးကို အသစ်က ပြန်စဖို့ မျှော်သင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

အနုသည် အဝေးက ဝင်လုဆဲဆဲ နေမင်းကြီး[illegible]
ေးကာ ကြည့်နေမိသည်။ အိပ်တန်းတက် ငှက်တချို့က ညီ[illegible]
ညာညာ ပျံသန်းလာကြပုံနှင့် ကောင်းကင်မှာ တိမ်မျှင်တွေ ဆိုး[illegible]
နေပုံလည်း တစ်မျိုး တစ်ဘာသာ အလှတရားများပဲ။ အ[illegible]
ကိုနေတို့ ရောက်နေသော နေရာသည် ရန်ကုန်မြို့ရဲ့အရှေ့[illegible]
အမြန်လမ်းမကြီး (နေပြည်တော်)သို့သွားသော လမ်းခွဲနားမှာ[illegible]
သည်။ အနုနဲ့ ကိုနေတို့ရဲ့ ဆုံစည်းမှု အထိမ်းအမှတ်လည်း[illegible]
သော၊ မြို့ပြရဲ့မွန်းကျပ်မှုများအောက်မှ ရုန်းထွက်ချင်တာ[illegible]
ကြောင့် ဆည်းဆာချိန်လေးမှာ ဒီနေရာသို့ ကိုနေက ခေါ်လာ[illegible]
ဖြစ်သည်။

"ကိုယ်က တစ်ခါတလေ စိတ်တွေသိပ်ရှုပ်လာရင် [illegible]
ဘက်ကို ထွက်လာတာပဲ။ ဒီမှာ နာရီဝက်လောက်[illegible]





စိတ်ရှုပ်တာတွေ၊ စိတ်ညစ်တာတွေ အားလုံးကို ထားခဲ့တယ်...

အနုကိုလည်း အဲဒီလိုပဲ လုပ်နိုင်းမလို့"

သူ့အပြောကို အနုက အသာအယာ ပြုံးမိသည်။ ဒီနေ့ ကိုနေ ထူးခြားနေသည်ဟု ယင်သည်။ သူ ထူးထူးခြားခြားကြီး မဖြစ်ခင် အနုက ပြောစရာရှိတာတွေကို ပြောပြဖို့ စိတ်ကူးထားလေသည်။

"ကိုနေ့ကို အနု ပြောပြစရာတွေ ရှိတယ်"

"ပြောစရာ ရှိတာတွေကတော့ ဟုတ်ပါပြီ။ ပြစရာရှိတယ် ဆိုတာက ဘာလဲ။ မဟုတ်က ဟုတ်ကတွေ ဆိုရင်တော့ သားက မကြည့်ရဲဘူးနော်"

အနုက ဒီလို အပြောတွေကို ရိုးနေပြီ ဖြစ်သောကြောင့် အထွေအထူး မပြောတော့ဘဲ မျက်စောင်းတစ်ချက်သာ ထိုးလိုက်မိသည်။

"အနုနဲ့ ခေတ်တို့ ဘယ်လိုမြင်လဲ"

"အနုဟာက ပြောဟာမှ မဟုတ်တာ။ မေးနေတာပဲ"

"ရှည်မနေနဲ့ မေးတာကိုသာဖြေ"

"အေးပါ ... အနုက ကိုယ့်ဆို သိပ်နိုင်တာပဲ။ အနုနဲ့ခေတ်ကို ဘယ်လိုမြင်လဲ ဆိုတော့ ... အင်း ... ဘယ်လိုမှမမြင်ဘူးလို့ ပြောရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒါ လျှောက်ပြောတာ။ မဖြစ်နိုင်ဘူး။ ကိုနေ့ နော် မေးနေတာကို ကောင်းကောင်းဖြေနော်။ စိတ်တိုအောင် မလုပ်နဲ့ ...

အနု မေးနေတာ အကြောင်းရှိလို့။ ကိုနေ့စိတ်ထဲ မှာ ရှိတဲ့အတိုင်းဖြေ၊ အနုကို ဘာမှအားနာနေစရာ မလို ဘူး။ အနု စိတ်မဆိုးဘူး"

အမြဲပေါ့ပါးမြူးတူးနေသော ကိုနေ့ရဲ့ မျက်လုံးတွေက ခေတ္တတော့ တည်ငြိမ်သွားသလိုဖြစ်ပြီးမှ ...

"ကိုယ် တကယ်ပြောနေတာပါ၊ အနုနဲ့ ခေတ်လုလင်ကြားမှာ ကိုယ် မသိနိုင်တဲ့ မသိသေးတဲ့ အကန့်တစ်ခု ရှိရင်ရှိမယ် ရှိလည်း ရှိလောက်တယ် ...

ဒါပေမဲ့ အဲဒါဟာ ဘာလဲဆိုတာကိုတော့ ကိုယ် လုံးဝ မစဉ်းစားဘူး၊ တွေးလည်းမတွေးဘူး၊ ကိုယ်တွေးတာ သည် အနုကို စိတ်ချမ်းသာအောင် ဘယ်လိုဖြည့်ဆည်းပေး ရမလဲဆိုတာပဲ တွေးတယ် ...

ကိုယ် သိခွင့်ရှိတဲ့ သိရတဲ့ အတိုင်းအတာပေါ်မှာပဲ အနုကို ဘယ်လို စိတ်ပျော်ရွှင်မှုပေးနိုင်မလဲဆိုတာပဲ စဉ်းစား တယ်၊ ကျန်တာ တွေးကိုမတွေးတာ၊ ဒါပဲလေ"

အနုက သက်ပြင်းတစ်ချက်ချကာ ကိုနေ့ကို ပြုံးကြည့် လိုက်သည်။ ကိုနေ့ရဲ့စိတ်ဓာတ်က မြင့်မြတ်ပါသည်။ ပြီးတော့





သက်သာရာသက်သာကြောင်း အေးချမ်းသည်။ မိန်းကလေးတစ် ယောက်အတွက် ကိုနေ့အပြုံးသည် ငြိမ်းချမ်း စိတ်ချမ်းသာစရာ ကောင်းလှလေသည်။

"အနု ပြောပြမယ့်အကြောင်းအရာတွေက ကိုနေ့အတွက် စိတ်ဝင်စားစရာကောင်းချင်မှကောင်းမယ်၊ ဒါပေမဲ့ အနု ပြောကိုပြောပြချင်တာ ...

အနုတို့မိသားစုအကြောင်းတွေတော့ ကိုနေ သိသင့် သလောက်သိပြီးဖြစ်မှာပါ၊ အနု ပြောပြမှာက ခေတ်နဲ့ပတ် သက်တဲ့ ခံစားချက်တွေ"

"ပြောပါ အနု၊ ကိုယ် စိတ်ဝင်စားပါတယ်"

"ခေတ်နဲ့ အနုဆိုတာ လေးတန်းတည်းက ခင်ခဲ့ရတဲ့ သူငယ်ချင်းပေါ့၊ ခေတ်ကို အနု သံယောဇဉ်အရမ်းရှိခဲ့တယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အရွယ်ရောက်ချိန်တည်းက ခေတ်ကို ရင်ခုန်ခဲ့တာပါ"

အနုက စကားထပ်မဆက်သေးဘဲ ကိုနေ့ကို တစ် ချက် အကဲခတ်လိုက်လျှင် ကိုနေ့ရဲ့မှုံစံက ပုံမှန်အတိုင်းပဲရှိနေသည်။ သူ့မျက်နှာပေါ်မှာ ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွားချေ။

"ခေတ်ဘက်ကလည်း အနုကို သံယောဇဉ်ရှိတဲ့ အရိပ် အယောင်မျိုးတွေ ပြခဲ့တယ်၊ ဂရုလည်းစိုက်ခဲ့တယ်၊ ဒါပေမဲ့ တကယ်တမ်းမှာ သူ့မှာလည်း ရည်းစားတွေရှိနေခဲ့တယ် —



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘယ်လိုနားလည်ရမှန်းတောင် မသိခဲ့ပါဘူ
ဒါကြောင့် အနု အမြဲတမ်း ညည်းနေတတ်တဲ့ ၆ ဆိုင်းစ
သီချင်းတစ်ပုဒ်ရှိတယ်၊ ဝေခွဲမရပါလားဆိုတဲ့ သီချင်းလေ
သူ အနုကို ချစ်သလား မချစ်ဘူးလားဆိုတာကို ဘယ်ယ
ဝေခွဲလို့ကို မရခဲ့ဘူး”

ကိုနေက ခေါင်းတဆတ်ဆတ်ညိတ်သည်။ အနု
လေအငွေ့မှာ မျက်နှာပေါ်သို့ ကျရောက်လာသော ဆံနွယ်များ
ဖယ်ရှားရင်းမှ ...

“အနုကသာ ဝေခွဲလို့မရပေမယ့် သူကတော့ ရည်းစား
တစ်ယောက်ပြီးတစ်ယောက် အထားမပျက်ခဲ့ဘူးလေ၊ အ
ဘယ်လောက်ခံစားရမလဲဆိုတာ တွေးကြည့်ရုံနဲ့သိမှာပ

အနုဘဝရဲ့ အချိုးအကွေ့ အလှည့်အပြောင်းအ
ကြီးကြီးဆုံးတယ် ...

ဖေဖေ နောက်အိမ်ထောင်ပြုတယ်၊ အဲဒီအချိန်လော
ဘဝမှာ ဆိုးရွားစုတ်ပြတ်သတ်ခဲ့ရတာ မရှိဘူး၊ စိတ်ကျ
တောင်ဖြစ်သွားတယ်၊ သူက အဲဒီအချိန်မှာ အလင်းပွ
ဇာတ်လမ်းတွေ စဖြစ်နေပြီလေ ...

အနု တော်တော်ကို စိတ်ဆင်းရဲခဲ့ရတယ်၊ အ
အတိုင်းပြောရရင် ကြီးကြီးလည်းဆုံး၊ ဖေဖေလည်း နော
အိမ်ထောင်ပြုလိုက်တော့ သူ အနု အနားမှာနေတော့





လို့တောင် တိတ်တခိုးမျှော်လင့်ခဲ့ဖူးတာပါ၊ ဒါပေမဲ့ အလ
ကားပါပဲ ...

အဲဒီအချိန်မှာ လေနေတဲ့စိတ်တွေကို အနုရဲ့ ဆိုင်
လေးတွေထဲမှာပဲ မြုပ်နှံထားခွင့်ရခဲ့တာ ကံကောင်းတာပေါ့၊
မဟုတ်ရင် အဲဒီအချိန်တွေမှာ ဘယ်လောက်များ လေခဲ့မလဲ
မသိဘူး၊ ဘဝဟာလေ ပြန်မတွေးချင်အောင်ကို စိတ်နာစရာ
ကောင်းခဲ့တယ် ...

အထူးသဖြင့် ခေတ်ကို သိပ်စိတ်နာတယ်”

“ခေတ်ကို စိတ်နာတယ်ဆိုတော့ သိပ်ချစ်ခဲ့လို့လား”

အဲဒီမေးခွန်းကိုတော့ အနုက အသာအယာပြုံးကာ
ဖြေလိုက်လေသည်။

“သိပ်ချစ်ခဲ့ပါတယ်၊ ဒါကြောင့် ဆယ်တန်းလောက်တည်းက
စပြီး အလင်းပွင့်မတိုင်ခင် ထားခဲ့တဲ့ ရည်းစားအရေအတွက်
ထိကို ခွင့်လွှတ်ခဲ့တာပေါ့ ...

အလင်းပွင့်နဲ့ သူ စတွေ့တဲ့အချိန်မှာ ကြီးကြီး
ကျန်းမာရေး ဖောက်နေပြီ၊ အနု ဖေဖေ အိမ်ထောင်ပြုပြီ၊
အနု သွေးပျက်နေပြီလေ ...

အရင်ရည်းစားတွေထားခဲ့တုန်းက ဘယ်နှယ်မှမနေ
ဘဲ အနု ကြည်ဖြူခွင့်လွှတ်ခဲ့ပေးနိုင်ခဲ့တယ်၊ သူ အချိန်တန်
ရင် အနုဆီကို ရောက်လာမှာပါပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒီဘက်မှာ အနု ကြေကွဲဝမ်းနည်းနေရတဲ့ အချိန် သူ အနုဘေးနားမှာ ရှိနေမပေးနိုင်ဘူးလေ၊ အဲဒီ အတွက် ကြေကွဲအနာကျင်ဆုံးပါပဲ၊ ခုချိန်မှာလည်း သူနဲ့ အနုရဲ့ ဆက်ဆံရေးက အဆင်မပြေပါဘူး ...

အဆင်မပြေဘူးဆိုတာက အနုက သူ အလင်းပွင့်နဲ့ စတွဲကတည်းက သူ့ကို လုံးဝ ဥပေက္ခာပြုထားလိုက်တာ သူက အဲဒါကို မကျေနပ်ဘူး၊ သူ့ကို အရင်လိုပဲ ဆက်ဆံ စေချင်တယ်၊ အနုရဲ့စိတ်ဓာတ်ကလည်း တစ်ခုခုဆို Do or Die ပဲ။ ဒါကြောင့် အနုကို ကြိုးရှည်ရှည်နဲ့ လှန်ထားချင် တဲ့ သူ့စိတ်ဓာတ်ကို မကြိုက်လို့ အနုက သူနဲ့ဝေးဝေးခွာ လိုက်တော့တာ ...

တစ်ခါတစ်ရံကျတော့လည်း အနု စဉ်းစားမိတယ် အချစ်ဆိုတာ တကယ်ရော ရှိရဲ့လားလို့လေ၊ အနု သူ့ အကြောင်းလည်း မစဉ်းစားချင်တော့ဘူး၊ တွေ့လည်းမတွေ့ ချင်တော့ဘူး"

"အနု ပြောချင်တာ ဒါပဲလား"

"အင်း ... ဒီလောက်ပါပဲ၊ ဘာကြောင့်မှန်းမသိဘူး၊ ကိုနေ ကို တစ်ချိန်က အနုခံစားခဲ့ရတဲ့ ခံစားချက်တွေအကြောင်း ပြောပြချင်ရုံသက်သက်ပါ ...

တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး"





"အနု ပြောပြီးရင် ကိုယ့်အလှည့်ပေါ့"

အနုက မော့်ကြည့်လိုက်လျှင် ကိုနေက အနုကို လင်းလက်ရီဝေစွာ ပြုံးရယ်စိုက်ကြည့်နေသည်။ မိန်းကလေးတစ် ယောက်၏ မွေးရာပါဗီဇအရ ယုနေ ဘာပြောမလဲ ဆိုတာကို အနုက အလိုလို အာရုံခံမိလာလေသည်။

"အနုကို ပထမဆုံးအကြိမ် စတွေ့တည်းက မှတ်မှတ် ထင်ထင်ရှိခဲ့တယ်၊ ဒါပေမဲ့ ပြန်ဆုံဖို့ဆိုတာ ခဲယဉ်းတော့ မေ့မေ့ပျောက်ပျောက်ပါပဲ ...

နောက် ဒီအမြန်လမ်းမကြီးပေါ်မှာ ထပ်တွေ့ရတော့ ဘာကြောင်းမှန်းမသိဘူး ကိုယ့်စိတ်ထဲမှာ ဟာ ... ဒီကောင် မလေးဟာ ငါ့ရဲ့ဖူးစာရှင်လားဆိုပြီး တွေးမိသွားသေးတယ်"

"အံမယ်"

အနုရဲ့ အံမယ်က ရှက်မျက်စောင်းကြီးထိုးပြီး ပြော မိပြောရာ ပြောလိုက်သော အံမယ် ဖြစ်သည်။ ကိုနေက အနုရဲ့ မျက်နှာကို တမေ့တမော စိုက်ကြည့်ကာ ...

"ဟုတ်တယ်၊ ရေစက်က ဆန်းလို့လေ၊ မိုးနတ်မင်းက ကိုယ်တို့ကို တကယ်ပဲ အလိုရှိနေလို့ ကိုယ့်ကားကို ဒီအမြန်လမ်းမကြီးပေါ်မှာ တမင် ဘက်ထရီဒေါင်းပေးလိုက် တာလားလို့၊ ရန်ကုန်မှာ ထပ်ဆုံရင်တောင် ဒီလောက်ရင်းနှီး သွားမိမှာ မဟုတ်ဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါကျရင် ကိုယ်က လျှောက်စဉ်းစားတာကွ၊ ဘာလို့ အဲဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဆုံရတာလဲပေါ့၊ တကယ်ဆို ကိုယ်က နောက်တစ်နေ့မှ ပြန်ရမှာ၊ ဒါပေမဲ့ ပိုက်ဆံရသွားတာနဲ့ စောပြန်ဖြစ်သွားတာ၊ ဒါကိုက အနုနဲ့တွေ့ဖို့ အကြောင်းဖန်လာတာလားပေါ့၊ ကားတားတော့လည်း ရှေ့မှာ ကားတွေတားခဲ့တာပဲ၊ ဒါပေမဲ့ မိန်းကလေးမောင်းတဲ့ကားကျမှ ကိုယ့်ကို လာရပ်ပေးနေတာလေ ...

အတူတူ ကားစီးလာရတော့ ပိုရင်းနှီးသွားတယ်၊ ကိုယ် အပိုပြောတာ မဟုတ်ဘူး၊ အဲဒီတုန်းက အနုရဲ့မျက်ဝန်းတွေထဲမှာ တစ်ခုခုကို နာကျင်နေတဲ့ အရိပ်လေးတွေ ကိုယ် တွေ့နေခဲ့ရတယ်၊ ဒါကြောင့် အနုကို ပျော်အောင် ပေါက်ကရတွေ လျှောက်ပြောဖြစ်တာ၊ အမှန်တော့ ကိုယ်က အဲဒီလောက်မပေါပါဘူး ... ဟဲ ဟဲ"

"ကြည့် ... ကိုနေဟာလေ"

"တကယ်ပြောတာ၊ မသိတော့ပါဘူး အနုရယ်၊ ကိုယ်ကတော့ ဖူးစာဆိုတာကို ယုံတယ်၊ လူတစ်ယောက်နဲ့တစ်ယောက်မှာ အတိတ်ဘဝက ရေးရေစက်ကုသိုလ်ကံဆိုတာ အနု ယုံကြည်လား"





"အင်း ... ယုံကြည်ပါတယ်"

"အင်း ... ယုံကြည်ပါတယ်ဆိုတဲ့ အသံက သိပ်မယုံကြည်သလိုပဲ၊ ကိုယ်ပြောပြမ ်၊ လူတစ်ယောက်နဲ့တစ်ယောက် ဆုံစည်းဖို့ဆိုတာ ရှေးအတိတ်ရေစက်က တကယ်ကိုရှိတယ် ...

ချစ်သူရည်းစားတွေ ဖြစ်ခဲ့ရသားနဲ့ ဘဝတစ်ခုလုံး ပေါင်းဖက်ဖို့ ဖြစ်မလာတဲ့ စုံတွဲတွေ အများကြီးပဲ၊ ကိုယ့်ရဲ့ အရင်ရည်းစားနဲ့ အခုလက်ရှိ လက်ထပ်တော့မယ်ချစ်သူနဲ့ပဲယှဉ်ကြည့်၊ အရင်ရည်းစားဆိုတာ အခုလက်ရှိသူထက် အချိန်တွေ အများကြီးစောပြီးတွေ့ခဲ့တာ၊ ယူမယ်ဆို ယူလို့ရတယ် ...

ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် လွဲချော်သွားခဲ့လို့ နောက်ထပ်ချစ်သူကို ထပ်တွေ့တာလေ၊ ဒါကမှ ကိုယ်နဲ့ ရေစက်ချင်း လုံး၀ ထပ်တူကျတဲ့ ဖူးစာရှင်အစစ်ပေါ့ ...

ခုကိုပဲကြည့်ကွာ၊ အနုနဲ့ ခေတ်ဟာ ငယ်သူငယ်ချင်း၊ အနုကိုယ်တိုင်လည်း သူ့ကို ရင်ခုန်တယ်၊ သူကလည်း ဂရုစိုက်တယ်၊ မိဘတွေကလည်း ကြည်ဖြူတယ်၊ သမီးရည်းစားဖြစ်ဖို့ ပေးထားတဲ့ အခွင့်အရေးတွေက ဒ မျာ းကြီးပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ချစ်သူတွေ ဖြစ်မလာကြဘူး၊ ဖြစ်မလာတဲ့ အပြင် တစ်ယောက်နဲ့တစ်ယောက်ကြားမှာ စိတ်နာစရာတွေ တောင်ရှိလာတယ်၊ အဆင်မပြေကြတော့ဘူး၊ အနုတို့ရဲ့ သံယောဇဉ်ရေစက်က တဖြည်းဖြည်း ပါးလာတဲ့သဘောပဲ၊ အချိန်တွေ အများကြီးရှိခဲ့လျက်သားနဲ့ ချစ်သူတွေဖြစ်မလာကြတဲ့ အနုတို့က အံ့သြဖို့တော့ ကောင်းသားပဲနော်"

ကိုနေက တကယ့်ကို တရားကျသံဖြင့်ပြောလျှင် အနုက မချိပြုံးလေးတစ်ခုဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ်၊ အားလုံးကတော့ အနုတို့ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ချစ်သူတွေ ဖြစ်သွားလိမ့်မယ်လို့ပဲ ထင်ထားကြတာ ...

ဒါပေမဲ့ တကယ်ကိုပဲ ရေစက်က နည်းပါးသွားပြီနဲ့ တူပါတယ်၊ ခုချိန်မှာ အနုက သူ့ကို သိပ်စိတ်နာနေခဲ့ပြီ"

"ကိုယ်ကတော့ အချိန်တွေ သိပ်မဆွဲချင်တော့ဘူး၊ အနု တစ်ယောက်တည်း ဖြစ်နေတဲ့ ဘဝကိုလည်း အမြဲစောင့်ရှောက်ချင်တယ် ...

ဒါကြောင့် အနုကို ရည်းစားစကား ပြောတာထက် လက်ထပ်ခွင့်ပဲ တောင်းချင်တယ်၊ အနုကို ကိုနေ ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ် မဟုတ်လား"





"အောင်မယ် ... ဘာကိစ္စ သိရမှာလဲ"

"သိပါတယ်ကွာ၊ ကိုယ် အနုကို ဒီလောက် အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်နေတာ အနုကို သိပ်ချစ်လို့ပေါ့၊ ဒီအကြောင်းတွေ မသိခင်တည်းက ဘာကြောင့်မှန်းမသိဘူး အနုကို သနားပြီး ကရုဏာသက်နေတာ ...

အခု သိရတော့လည်း ဘယ်လိုမှ ပြောင်းလဲမသွားဘူး၊ အနု ခေတ်ကို ချစ်ခဲ့တယ်ဆိုတာ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောတော့ အနုကို ပိုလို့တောင် ချီးကျူးမိသွားသေးတယ်၊ ပိုလည်းချစ်တယ် ...

သူများတွေကတော့ အချစ်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲမသိဘူး၊ ကိုယ့်အတွက်ကတော့ ပိုင်ဆိုင်ခြင်းပဲ၊ အနုကို ပိုင်ဆိုင်ချင်တယ်၊ အမြဲတမ်း စိတ်ချမ်းသာအောင် ထားချင်တယ်၊ အဲဒါ ကိုယ့်အချစ်ပဲ ...

အဲဒီတော့ ကိုယ့်ကို အနု စဉ်းစားပေးနိုင်မလား ဟင်"

အနုက ကိုနေရဲ့ မျက်ဝန်းတွေထဲသို့ တည့်တည့် [illegible]ကြည့်လိုက်သည်။ အဲဒီမျက်ဝန်းတွေထဲမှာ အနုအတွက် [illegible]ချမ်းခြင်းတွေကို ရှာဖွေတွေ့ရှိရပါသည်။ အခုချိန်မှာ အချစ် [illegible] အနု စိတ်ဝင်စားသောအရာမှာ မေတ္တာတရားနှင့် နားလည်



www.burmeseclassic.com

www.burmeseclassic.com



စာနာမှုဖြစ်သည်။ ပူလောင်တောင့်တရသော ရင်မောစရာကောင်းသည့် အချစ်ရိပ်အောက်မှ ရုန်းထွက်စပြုလာခဲ့သည့် အနုရဲ့စိတ်နှလုံးသားတို့ကို မေတ္တာရိပ်တစ်ခုက အဆင်သင့်စောင့်ကြိုနေခဲ့သည်မှာ အဆိုးတွေထဲက အနုရဲ့ အကောင်းတစ်ခုပေပဲလားတော့မသိတော့ပါ။

အနုက ကိုနေ့ကို မော့်ကြည့်လိုက်ကာ ...

"အနုကို ကလေးဆန်တယ်ပြောပြော အနုကတော့သေကိုနေ အနုကို ဘယ်လောက်ချစ်သလဲဆိုတာ သိချင်သေးတယ်"

"ရော် ... အဲဒီတော့ ကိုယ့်အချစ်ကို ကိုယ်က သက်သေပြရမယ်ပေါ့"

"အင်းပေါ့"

"ဘယ်လိုသက်သေပြရမလဲ၊ အချိန်ကာလနဲ့တော့ သက်သေမပြခိုင်းပါနဲ့ အနုရာ၊ အဲဒါကလွဲရင် ကျန်တဲ့ဟာတစ်ခုပေါ့ ...

အနုက ကိုယ့်ကို လက်ခံရင် ကိုယ်က ဝါမဝင်ခင်လက်ထပ်ပွဲကို ဆင်နွှဲချင်တာ၊ အနုလည်း အိမ်မှာ မနေချင်တော့တာနဲ့ အတော်ပဲ မဟုတ်လား"

"အံမာ ... ဘာဆိုင်လို့လဲ"





"ဆိုင်တာပေါ့၊ ရှေ့လဆိုရင် အနုရဲ့ မိထွေးက ကလေးမွေးတော့မှာဆို၊ အဲဒီကလေးလေးကို အနုအဖေ သည်းသည်းလှုပ်ချစ်နေမှာကို အနု မမြင်ချင် မကြားချင်ဘူး မဟုတ်လား ...

ဒီတော့ ကိုယ်တို့နှစ်ယောက် သပ်သပ်နေကြမှာပေါ့"

"အောင်မာ ... အောင်မာ ... လိပ်ကြီး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟား ဟား ... ဟုတ်တာ ပြောတာလေ၊ ကဲ ... ဘယ်လိုလဲ ... ပြော၊ ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ"

အနုက လွှင့်လွှင့်လေး ပြုံးလိုက်သေးကာ ကိုနေ့ပခုံးပေါ်မှာ လွင့်တင်နေသော အမှိုက်လေးတစ်စကို ဖယ်ပေးလိုက်ရင်းမှ ...

"ကိုနေ့အချစ်ကို အပြည့်အဝ ယုံကြည်တဲ့ တစ်နေ့ပေါ့ကိုနေရယ်၊ ဘယ်နေ့လဲတော့ မမေးတော့နဲ့နော်၊ တစ်နေ့နေ့တော့ ရောက်လာမှာပေါ့ ...

အနုဘဝမှာလေ တစ်စုံတစ်ယောက်က ကိုယ့်ကိုပြင်းပြင်းပြပြချစ်တဲ့ အချစ်မျိုးကို မခံစားဖူးသေးလို့ပါ၊ အနု စိတ်ထဲမှာ ကိုနေက အနုကို အဲဒီလောက်ချစ်ပါလားလို့ ခံစားရတဲ့အချိန်ရောက်ရင် အနု ကိုနေ့ကို ခေါ်ပြီးပြောမှာပါ"

www.burmeseclassic.com



"ကိုယ် ကြိုးစားပါ့မယ် အနုရယ်၊ အနုကိုချစ်တဲ့ အချစ်တွေက တစ်နေ့ထက်တစ်နေ့ များလာတာမို့ အဲဒီနေ့ဆိုတာ အနေးနဲ့အမြန် ရောက်လာမှာပါ"

အနုက ကြည်နူးစိတ်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။ အဲဒီနောက် နှစ်ဦးသားသည် အလင်းရောင်ဖျော့သွားသောဆည်းဆာ အလှကိုငေးကာ စကားထပ်မဆိုဖြစ်ကြတော့ချေ။ အနုရဲ့အတွေးထဲမှာတော့ အချိန်တွေ အကြာကြီးတွေ့ခဲ့တာတောင် ဖြစ်ပေါ်မလာသည့် အချစ်တစ်ခုအကြောင်း အံ့သြစွာပဲ တွေးနေမိခဲ့လေသည်။

❦ ❤ ❦





## ၂၃

အခန်းထဲက ခုတင်ပေါ်တွင် ပက်လက်လှန်ရင်း ဂစ်တာခေါက်နေမိသော သူ့နားထဲသို့ တံခါးခေါက်သံက ဝင်လာသဖြင့် သူက ဝင်လာခဲ့ဟု အော်လိုက်လျှင် အခန်းထဲသို့ ဝင်လာသူမှာ သူ့အမေဖြစ်နေသည်။ တစ်ခုခုပြောတော့မှာကို သိနေသော သူက ဂစ်တာခေါက်တာကို ရပ်လိုက်ကာ ဂစ်တာကို ဘေးသို့ချလိုက်ရင်းမှ ...

"မေမေ စကားပြောမလို့လား"

"ဟုတ်တယ်၊ ရှားရှားပါးပါး မင်း အိမ်မှာရှိတဲ့ရက်ကလေးကို အေးအေးဆေးဆေး စကားပြောချင်လို့လေ"

သူက စိတ်ထဲမှ ဟင်းခနဲ နှာခေါင်းရှုံ့ကာ စိတ်ပျက်စွာဖြင့် ခေါင်းယိမ်းမိသည်။ သူ့အမေအပါအဝင် မိန်းမတော်တော်များများဟာ စကားပြောလျှင် ဘာကြောင့် အတွေးပေါ်တွေနဲ့

www.burmeseclassic.com



ရွဲ့စောင်းပြောတတ်မှန်း မသိပါ။ ပြောပြန်ရင်လည်း အောင်မင်း လွန်ရာကျမည်မို့ သူက စိတ်လျှော့လိုက်ကာ ...

"ကဲ ... ပြော မွေးသမိခင်၊ ဘာပြောချင်တာ ရှိလို့လဲ"

"ပြောချင်တာတွေကတော့ အများကြီးပဲ၊ များလွန်းလို့ ဘယ်ကဘယ်လိုတောင် စပြောရမှန်းတောင် မသိဘူး"

"ကဲ ... ပြောချင်တဲ့နေရာကသာ စပြောပေတော့၊ စိတ်ချမ်းသာတဲ့နေရာကစပြော"

"စိတ်ချမ်းသာတဲ့နေရာက စပြောဆိုရင်တော့ ဘယ်နေရာကမှ စိတ်မချမ်းသာဘူး၊ မင်း တစ်နေ့ တစ်နေ့ ဒီလိုပဲ ဝေလေလေနဲ့ ပြီးနေတော့မှာလား ...

အလုပ်လုပ်ဖို့လည်း မစဉ်းစားတော့ဘူးလား၊ အလုပ်လုပ်စရာမလိုအောင် ပိုက်ဆံရှိနေတာပဲလို့တော့ မပြောနဲ့နော်၊ ပိုက်ဆံအတွက် အလုပ် လုပ်ခိုင်းနေတာ မဟုတ်ဘူး ...

တည်ငြိမ်မှုအတွက် ဂုဏ်သိက္ခာအတွက် အလုပ်လုပ်ခိုင်းနေတာ၊ ကျောင်းပြီးထားတာပဲ တစ်နှစ်ကျော်ပြီ၊ ခုချိန်ထိ ဘာလုပ်ရမယ်ဆိုတာကို မဝေခွဲ မဆုံးဖြတ်နိုင်သေးဘူးလား"

"ဆုံးဖြတ်ထားပါတယ်"

"ဘာဆုံးဖြတ်ထားတာလဲ ... ပြော"





"သား ... ကားနဲ့ပတ်သက်တာတွေ စိတ်ဝင်စားတာ မေမေ သိသားပဲ"

"အေး ... ဒါဖြင့်လည်း လုပ်လေ။ နင်က ဘာကိုစောင့်နေတာလဲ။ အချိန်တွေ နက္ခတ်တွေ ရွေးနေတာလား"

"မဟုတ်ပါဘူး"

သူက မဟုတ်ပါဘူး ဟူသော စကားကို မှန်ကုပ်ဆိုရင်း မျက်လုံးထဲတွင် နေဝင်းဒွေး ဆိုသောကောင်ကို ပြေးင်ယောင်မိသည်။ ဒီကောင်ဟာ ဘာ့ကြောင့် Young Heart ရဲ့ယ်ယာဝင်တစ်ယောက် ဖြစ်နေရတာတဲ့လဲ။ ရှယ်ယာဝင်ငါးဦး ဖွဲ့စည်းထားသော Young Heart ကားဝပ်ရှော့နှင့် ကားပစ္စည်းင်ကို သူ တက္ကသိုလ်ကျောင်းသားဘဝထဲက သဘောကျခဲ့ရတာင်သည်။

နောက်ကျလျှင် သူလည်း အဲဒီလိုဆိုင်မျိုး တည်ထောင်ဖို့ စိတ်ကူးယဉ်ခဲ့ဖူးသည်။ ဒါပေမဲ့ အခုချိန်မှာ နေဝင်းဒွေး ပ်သော အလုပ်တစ်ခုကို လိုက်လုပ်ဖို့တော့ ဆန္ဒရှိယ်လို့ သိပ်ရှိတော့ပြီ။

"ဟဲ့ ... ငါ မေးနေတာဖြေလေ"

"ကျွတ် ... အဲဒီလုပ်ငန်းကို သားနဲ့ ပြိုင်ဘက်ကောင်တစ်ကောင်က လုပ်နေလို့၊ လိုက်မလုပ်ချင်တော့တာဗျာ"

"ဘာရယ် ... နင်နဲ့ ပြိုင်ဘက်၊ ဟုတ်လား။ ဘယ်သူ ဘာတွေလဲဟယ်။ နင်နဲ့တော့ ငါ ရူးတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မှာပါ မမေရာ။ ခုခေတ်က စီးပွားရေးတွေ သိပ်မကောင်းတာ မမေတို့လည်း သိတာပဲ။ ဒါကြောင့် သေချာစဉ်းစားနေလို့ပါ"

"ဟင် ... နင်နဲ့တော့ ငါ တကယ်ရင်လေးတယ်။ သားတစ်ယောက် မွေးထားပါတယ်။ ဘာမှဖြစ်ဖြစ်မြောက်မြောက်ဖြစ်မလာဘူး ...

အနု ဆိုရင် ကြည့်စမ်း။ မိန်းကလေးသာ ဖြစ်တာ သူ လုပ်တဲ့ဆိုင်တွေက အောင်မြင်နေပြီ။ နေပါဦး ခုတလော မင်းနဲ့ အနုက ဘာဖြစ်ထားတာလဲ။ နင်ကလည်း သူတို့အိမ်ကို မသွားတော့ဘူး။ ဟိုကလည်း ဒီဘက်ကို လုံးဝပေါ်မလာတော့ဘူး။ ဘာဖြစ်ထားကြတာလဲ"

"ဘာမှမဖြစ်ပါဘူးဗျာ။ သူကလည်း သူ့အိမ်ကနေ မိုးလင်းတာနဲ့ ထွက်သွားတာပဲလေ။ ညနေမှ ရောက်လာတာ –

တစ်ခါတလေ ညဘက်မှတောင် ပြန်ရောက်လာသေးတယ်။ သူ့အလုပ်နဲ့သူ ရှုပ်နေတာ။ ပြီးတော့ သူတို့အိမ်မှာလည်း သူ့မိထွေး ရှိနေတာ၊ သူကလည်း အိမ်ရောက်ရင် သူ့အခန်းထဲက အပြင်ကို ထွက်တာမဟုတ်ဘူး –

အဲဒီတော့ သူနဲ့တွေ့ချင်ရင် သူ့အခန်းထဲအထိ လိုက်ဝင်တွေ့ရမလို ဖြစ်နေတယ်။ အားလုံးဟာ အရင်လို မဟုတ်တော့တာ။ ပြောင်းလဲကုန်ပြီလေ"





သူက သူ့အဓိပ္ပာယ်နှင့်သူ ပြောတာဖြစ်သော်လည်း သူ့အမေကတော့ သူ့ကို မျက်စောင်းထိုးကြည့်ကာ ...

"အေး ... နင်ပဲ မပြောင်းလဲတာ မဟုတ်လား။ နေပါဦး နင့်ကို ငါ မေးစရာရှိတယ်။ အနုက အခု ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

သူ့ရင်ထဲတွင် ဆစ်ခနဲ ဖြစ်သွားသည်။ ဒီအကြောင်းကို သူ့အမေ ဘယ်လိုလုပ် သိတာပါလိမ့်။

"ဟုတ်တယ်"

"ဟုတ်တယ် ! ...။ ဘယ်က ကောင်လေးလဲ"

"Young Heart ဝပ်ရှော့က မမေရာ"

"ဟဲ့ ... သူတို့က ဘာတွေလဲ။ ရည်းစားဖြစ်နေကြပြီလား"

"ရည်းစားတော့ မဖြစ်သေးပါဘူး။ ဒါပေမဲ့ အနုက အဲဒီကောင်ကို သာယာနေပုံရတယ်"

"အမယ်လေး ... ဘုရား ... ဘုရား။ နင်က ဒါကို လက်ပိုက်ကြည့်နေတယ်ပေါ့၊ အနုက ယောကျ်ားလေးတွေနဲ့ ပတ်သက်လာရင် ဘာအတွေ့အကြုံမှ ရှိတဲ့သူ မဟုတ်ဘူးလေ။ အဲဒီကောင်က ဘယ်လိုလူစားမျိုးလဲ ...

ဟင်း ... ဒါတွေ အကုန်လုံးက နင့်ကြောင့် ခေတ်လုလင်။ နင် အလကား အရည်မရ အဖတ်မရ ရည်းစားတွေ လျှောက်ထားနေလို့ ဒီလို ဖြစ်ရတာ။

www.burmeseclassic.com

www.burmeseclassic.com



တောက် ... နင်ဟာလေ ဘယ်နေရာမှ အသုံးမကျတဲ့ ကောင်"

"မေမေကလည်းဗျာ။ ကျွန်တော့်ကိုပဲ ဘာလို့ အပြစ်တင်တဲ့စကားတွေ ပြောနေရတာလဲ ...

ကျွန်တော်လည်း အနုကို ပြောတာပဲ။ ပြောလို့တောင် အခု ပြဿနာတွေ တက်နေသေးတယ်။ နေဝင်းခွေးက ပြောစရာတော့ ဘာမှမရှိဘူး ...

အဲဒါကြောင့်လည်း မယ်နုက မာန်တက်နေတာ၊ မိန်းမတွေများ အပြောင်းအလဲက အရမ်းမြန်တယ်"

အဲဒီစကားပြောပြီးတာနှင့် သူ့ခေါင်းက ဘေးဘက်သို့ ယိုင်ထွက်၍ သွားလေသည်။ အကြောင်းမှာ သူ့အမေက သူ့နားထင်ကို လက်ဖြင့်ဆောင့်တွန်းထုတ်လိုက်သောကြောင့် ဖြစ်သည်။ သူက စိတ်တိုပြီး လှည့်ကြည့်လိုက်သောအခါ သူ့အမေက သူ့ထက်ပိုသော ဒေါသမျက်နှာဖြင့် ခါးထောက်ပြီး ကြည့်နေသည်။

"အပြောင်းအလဲ မြန်တယ် ဟုတ်လား။ ဟင်း ... ဆယ်တန်းထဲကစပြီး ခုချိန်ထိ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက်ထားခဲ့တာ ဘယ်သူလဲ ...

ဟင် ... နင်ကရော ဘယ်လောက်များ ကောင်းနေခဲ့လို့လဲ"





"ဟာ ... ကျွန်တော်က ယောက်ျားပဲ မေမေရ"

"ဩော် ... ယောက်ျားဆိုတိုင်း ထားစရာလား။ ဟင် _ ထားရင်လည်း တော်တန်ရုံပေါ့။ နင့်ဟာက သူများကိုသာ ပြောနေတာ။ နင်လည်း ခုချိန်ထိ အသက်ထက်တောင် ကျော်ပြီး ထားတုန်းပဲလေ"

"ဟာ ... ဘာခု ဘာတစ်ခုမှ မရှိတော့ဘူး။ ရည်းစားနဲ့လည်း ပြတ်သွားပြီ။ မသိဘူး မေမေရာ။ ကျွန်တော့်စိတ်တွေ သိပ်ရှုပ်ထွေးနေတယ် ...

ကျေးဇူးပြုပြီး ကျွန်တော့်ကို ဖိအားမပေးပါနဲ့"

"အေး ... ဖိအားလည်း မပေးဘူး။ ပြောလည်း မပြောတော့ဘူး။ နင့်ကို စိတ်လည်းကုန်နေပြီ။ နင်ဟာလေ နေရာတကာမှာ နင်သိ နင်တတ် လုပ်ချင်နေတာကိုး။ ငါ ပြောနေတာတွေက နင့်အတွက်ချည်းပဲ ...

ငါက သားယောက်ျားလေး မွေးထားပေမယ့် မိန်းမ အချင်းချင်း ကိုယ်ချင်းစာ နားလည်တယ်ဟဲ့။ ဘယ်မိန်းမကမှ ကိုယ့်အပေါ်ကို မကြင်နာတဲ့ယောက်ျားကို ကြာရှည်စွဲမြဲပြီး တွယ်တာမနေဘူး ...

ကိုယ့်အပေါ်မှာ အရိပ်တကြည့်ကြည့်နဲ့ ကြင်နာတဲ့ ယောက်ျားကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်သွားကြမှာပဲ။ ဒါကိုလည်း ငါက မိန်းမချင်း ထောက်ခံတယ်ဟေ့။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း … လည်လွန်းတဲ့ဘီး ချေးသင့်တယ်ဆိုတာ ဒါမျိုး ပေါ့"

သူ့အမေက ဒေါသတကြီး ပြောဆိုကာ ထွက်သွားလေသည်။ သူက တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ သုံးတစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မည့်အချိန် ရောက်ပြီဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

အနု … နင်လည်း ငါ့လိုပဲ လမ်းတစ်ခုကို ပြတ်ပြတ်သားသား ရွေးချယ်ရတော့မယ်။





တဟင်းဟင်း ရယ်မောသံ၊ တီးတိုးစကားပြောသံ၊ နှုတ်ဆက်သံ၊ ကားကိုမောင်းထွက်သွားသော စက်သံ စသဖြင့် သူက အားလုံးကို မမှိတ်မသုန် နားစိုက်ထောင်နေမိကာ မြင်တွေ့နေရသော မြင်ကွင်းတွေကိုလည်း မျက်လုံးတွေက ရောင်ခြည်တွေ ထွက်လာမတတ် စူးစိုက်ကြည့်နေမိသည်။ ညနှင့် လိုက်ဖက်သော အနီရောင်နန္ဒဂါဝန်တိုဖြင့် အလှကြီးလှနေသော ဒေါ်ရွှေနုသည် လိုက်ပို့လာလေသော ကိုကိုငနဲ့သားကို ဖြည်းဖြည်းမောင်းနော်၊ အိမ်ရောက်ရင် ဖုန်းဆက်ဦး ဘာညာဖြင့် လောကွတ်တွေချော်နေတာကို သူက သဘောတကျဖြင့် ပြုံးကြည့်နေမိသည်။

အမှောင်ကွယ် သစ်ပင်ရိပ်ထဲမှာ သူ ရပ်စောင့်နေခဲ့တာကို သူမတို့က မသိ မမြင်ပါ။ ညနေစောင်းထဲက နေဝင်းဒွေးလာခေါ်သွားတာကို သူ လှမ်းတွေ့လိုက်ရပြီး အနုရဲ့မိတ္ထွေးဆီ ဖုန်းဆက်မေးသောအခါ ဒင်နာတစ်ခုသို့ သွားသည်ဟု သိလိုက်ရသည်။ ရှစ်နာရီလောက်တော့ ပြန်ရောက်မည်ဟု သူက ဖုန်းပြီး

www.burmeseclassic.com



ခြံထိပ်မှာ လာစောင့်နေခြင်းဖြစ်သည်။ ရှစ်နာရီခွဲလောက်မှာတော့ ရွှေစုံတွဲကာ တူစုံတွဲပြီး ပြန်ရောက်လာလေသည်။

သူက နေဝင်းအွေးရဲ့ကား ပြန်ထွက်သွားတော့ သစ်ပင်ကွယ်ကထွက်ကာ အနုရဲ့အနားသို့ လျှောက်လာခဲ့သည်။ နေဝင်းအွေးရဲ့ကား ထွက်ခွာသွားသော်လည်း ကားကို ရပ်ငေးနေ ဖြစ်သော အနုရဲ့ပုံစံကြောင့် သူ့ရင်မှာ နာကျင်သွားသည်။ အဲ လောက်ပဲ မခွဲနိုင် မခွာရက် ဖြစ်နေပြီလား မယ်နုရယ်။

ခပ်ဖြည်းဖြည်း လျှောက်လာသော သူ့ကို အိမ်ဘ သို့ ပြန်လှည့်လိုက်သော အနုက အာရုံခံမိပြီး မြင်သွားလျှ ရုတ်တရက်မို့ လန့်သွားဟန်တူသည်။ သူမှန်း သိသွားသောအ မှ တည်ငြိမ်စွာ ပြန်ကြည့်လာသည်။ နီယွန်မီးရောင်အောက် အနုရဲ့အကြည့်တွေဟာ ဓားသွားတစ်လက်လို လင်းလက်တောက် စူးရှနေပါသည်။

"အနု ... ငါ နင်နဲ့ စကားနည်းနည်း ပြောချင်တယ်"

"ပြော"

တစ်ခုခုကို အကြောင်းပြပြီး ရှောင်ထွက်မည် ထင်ထားသော်လည်း အနုက အဲဒီလို မလုပ်။ သူက ခေါင်းတ ချက် ဆတ်လိုက်ကာ ...

"နင် ငါ့အပေါ်မှာထားတဲ့ ခံစားချက်တွေ ငါ သိချင်တယ်"

"နင့်အပေါ်မှာ ငါ ဘာခံစားချက်မှ မရှိပါဘူး"





"နင် မလိမ်ပါနဲ့ အနု။ ငါ့အပေါ်မှာ အရင်ရှိခဲ့တဲ့ ဆက်ဆံရေးမျိုး ခုချိန်မှာ နင် မရှိတော့ဘူးလေ။ ဒါဟာ ပြောင်းလဲလာတဲ့ ခံစားချက်တွေကြောင့်ပဲပေါ့ ...

ဘာတွေကြောင့် နင် ပြောင်းလဲသွားရတာလဲ၊ ငါ သိပ်သိချင်တယ်။ ငါကတော့ ဘာမှမပြောင်းလဲဘူး။ နင့် အပေါ်မှာ ဘာမှ မပြောင်းလဲခဲ့ပါဘူး"

"အဲဒါတွေ ငါ့ကို ဘာမှ လာမပြောနဲ့တော့။ အားလုံး ပြီးသွားခဲ့ပြီ"

အဲဒီစကားသည် သူ့ရင်ခွင်ကို အသွားထက်သော ဓားသွားနှင့် လှစ်ခနဲ ခွဲချလိုက်သလို ရှိလေသည်။ သူ့ရင်ထဲက မီးတောက်မှန်သမျှသည် ဝုန်းခနဲပဲ ပွင့်ထွက်သွားကာ အနုရဲ့လက် မောင်းကို အလန့်တကြား ဆွဲကိုင်လှုပ်မိသည်။

"ဘာပြောတယ် အနု။ ဘာပြီးသွားတာလဲ၊ ဘာကိုပြော တာလဲ"

"ငါ ကိုနေနဲ့ လက်ထပ်တော့မှာ"

အနုရဲ့အသံက အေးစက်တိုးတိတ်စွာ ထွက်ပေါ်လာ သည်။ သူ့ရင်ထဲက ဖန်သားနှလုံးသားဟာ အသံမမြည်ဘဲ အက် သွားသလိုပင်။

"လက်ထပ်တော့မှာ ! ဟုတ်လား။ ဟား ... သူနဲ့ နင်နဲ့ တွေ့တာ ဘယ်လောက်ရှိသေးလို့လဲ။ တစ်နှစ်ပြည့်ပြီ အနု ... နင် ဘာတွေလျှောက်လုပ်နေတာလဲ ... ငင် ?_

www.burmeseclassic.com



နင့်ဘဝမှာ ရည်းစားတောင် မထားဖူးပဲနဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့အထိ ဘာကြောင့် မိုက်မိုက်မဲမဲ ဆုံးဖြတ်ချက်တွေ ချပစ်ရတာလဲ။ အနု ... နင် လျှောက်မလုပ်နဲ့နော်၊ မှားကုန်မယ်၊ ဟား ... အနုရာ"

သူ ရှုံးသွပ်နေပုံကို အနုက အောင်သေအောင်သား စားနေသည့်အလား လက်နှစ်ဖက်ပိုက်ပြီး ပြုံးပြုံးလေး ရှုစားနေသည်။

"စိတ်မကောင်းပါဘူး ခေတ်။ ငါ့ဘဝကို ငါပဲ ပိုင်ပါတယ်။ အဲဒီလိုပဲ ငါ တစ်သက်လုံး လက်တွဲသွားရမယ့် ငါ့လက်တွဲဖော်ကို ငါ့စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ငါ့ဘဝအတွက် အကောင်းဆုံးဖြစ်မယ့်လူကို ရွေးထားတာပါ"

"ဘယ်လို ! အကောင်းဆုံး ဟုတ်လား။ အနု ... နင် ရှုံးသွပ်သွားတဲ့ တဒင်္ဂ ငါ အပါအဝင် အားလုံးကို စိတ်နာနေတဲ့အချိန်မှာ ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်ကြီးနဲ့ နင့်ဘဝကို ဘောင်မခတ်လိုက်ပါနဲ့ ...

နင် သူ့ကို ရည်းစားပဲ ထားလိုက်ပါ။ ရည်းစားအဖြစ်နဲ့ တွဲကြည့်စမ်းပါဦး။ စိတ်ကြိုက်တွဲစမ်းပါ။ အမုန်းတွဲစမ်းပါ။ နင် နေချင်သလို နေပစ်စမ်းပါ။ ရတယ် ...

ဒါပေမဲ့ အချိန်တန်ရင်တော့ ငါ့ဆီကိုပဲ ပြန်လာခဲ့ပါ။ ငါ တောင်းပန်နေတာပါဟာ ... နော်"





အနု မျက်လုံးတွေက ဖျတ်ကနဲ လက်သွားကြသည်မှာ မျက်ဝန်းထောင့်က မျက်ရည်စများကြောင့်ပဲ ဖြစ်လိမ့်မည်။ အနုရယ် ... နင် အဲဒီလောက် လုပ်သွားစရာ လိုလို့လားဟား။

"မရတော့ဘူး ခေတ်။ အားလုံး ပြီးသွားခဲ့ပါပြီ။ ပြီးဆုံးသွားခဲ့ပြီ"

"အနု"

သူက ကြေကွဲဆို့နင့်စွာ ခေါ်မိသည်။ အနုက အံကို တင်းတင်းကြိတ်ထားလေသည်။ ဖြစ်ပျက်ပြောင်းလဲမှုတွေကို သူ ဘယ်လိုမှ လိုက်လို့မမီတော့ပါ။

"အနု ... နင် တကယ်ပြောနေတာလား။ ငါ့ဘက်ကိုရော နည်းနည်းလေးမှ ထည့်မစဉ်းစားပေးတော့ဘူးလား။ ဒီက ရှေ့လျှောက် ငါ နင့်အနားမှာပဲ အမြဲနေသွားတော့မှာပါ။ ငါ့ကို ... ငါ့ကို ... အဲဒီလောက် နင် လုပ်သွားစရာမလိုပါဘူး အနုရယ်"

"နင့်ကို ငါက လုပ်တယ် ! ဟုတ်လား။ ဟား ... နင်မှားနေပြီ ခေတ်။ နင့်ကို ငါက ဘာမှမလုပ်ခဲ့ပါဘူး။ နင်ကသာ ငါ့ကို ဒီလိုအခြေအနေတွေရောက်အောင် တွန်းပို့ခဲ့တာပါ ...

တော်ပြီ ခေတ်။ ဒီအချိန်မှာ ဒါတွေ ပြန်ပြောနေလို့လည်း ဘာမှ အကျိုးမထူးတော့ပါဘူး။ ငါ ပြောလို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးပြီ။ ငါတို့ ရှေ့လထဲမှာ စေ့စပ်တော့မှာ။ အားလုံး အားလုံး ပြီးသွားခဲ့ပြီ"

အနု မျက်နှာသည် သူ တစ်ခါမှ မတွေ့ခဲ့ဖူးသော သူစိမ်းတစ်ယောက်လို အစိမ်းဆန်နေသည်။ သူ သိလိုက်ပါပြီ၊ သူ့ကို အင်မတန် ချစ်ခင်တွယ်တာခဲ့သော အနုသည် လုံးဝကို ပျောက်ဆုံးသွားခဲ့ပြီဖြစ်သည်။ ဘဝရဲ့နေ့ရက်များကို အိပ်မက်လို မက်ခဲ့သော သူ့အတွက် အိပ်မက်က နိုးလာသောအခါ အနုက မရှိတော့ပြီ။

"အနု ... တစ်သက်လုံးက နင့်အပေါ်မှာ ငါထားခဲ့တဲ့ သံယောဇဉ်တွေကို အချိန်တစ်ခဏလေးမှာ တွေ့ခဲ့တဲ့ လူ တစ်ယောက်ရဲ့အချစ်နဲ့ နင် လဲနိုင်တယ်ပေါ့။ သူက နင့် ကို ဘယ်လောက်ချစ်နိုင်မှာမို့လို့လဲ ...

နင့်ဘဝတစ်ခုလုံးစာအတွက် သူ့ကို နင် ယုံကြည် သွားပြီလား ...

ယုံကြည်လို့ရော ရလို့လား"

"လက်စသတ်တော့ ငါ ယုံဖို့ထက် နင်ယုံဖို့က ပိုအရေး ပါနေတယ်ပေါ့၊ ကောင်းပြီလေ၊ သူ့အချစ်ကို နင် ယုံဖို့ အတွက် ငါ ဘယ်လိုသက်သေပြပေးရမလဲ"

"နင့်ကို ငါက တစ်ည ခိုးပြေးသွားတယ်လို့ သူ သိရင် သူ နင့်ကို လက်ထပ်နိုင်ပါတော့မလား"





သူ့စကားကြောင့် အနုရဲ့မျက်လုံးတွေ လက်လက် ထသွားသည်။ သူ့ကို စိုက်ကြည့်နေသော မျက်လုံးတွေမှာ အခိုး အလျှံတွေ ထွက်လာသလိုပဲ ဖြစ်သည်။

သူကတော့ အနုကို နေမထူး သေမထူးသော မျက် ဝန်းများဖြင့်ကြည့်ကာ ...

"နင်နဲ့ငါ အလောင်းအစားတစ်ခု လုပ်ကြမလား အနု။ နင် ငါ့ကို ဒီလောက်တော့ အခွင့်အရေး ပေးသင့်တယ်လို့ ထင်တယ် ...

သူ့ကို အဲဒီလို လုပ်လိုက်ရင် နင့်ကို လက်ထပ်ပါ့ မလား။ ငါကတော့ မထင်ဘူး။ နင်ကတော့ ထင်တယ် ဆိုရင် ငါတို့ လောင်းကြမယ် ...

သူ့ဘက်က နင့်ကို မပြောင်းလဲတဲ့ မေတ္တာနဲ့ကြိုဆို နေမယ် ဆိုရင်တော့ နင် နိုင်တယ်ပေါ့။ အဲလို မဟုတ်ဘူး ဆိုရင် နင် ရှုံးမယ် ...

သူ့ကို နင် လက်မထပ်ရတော့ဘူး၊ ဘယ်လိုလဲ"

အနုက ချက်ချင်းမဖြေနိုင်ချေ။ နှုတ်ခမ်းတွေ တဆတ် ဆတ် တုန်နေပုံထောက် သူ့စကားကို အနု ထိသွားပြီဟု သိရပါ သည်။

"ဒီအလောင်းအစားကို နင် လက်မခံနိုင်ရင် သူ့ကို လက် မထပ်ဘဲ ရည်းစားအဖြစ် စိတ်ကြိုက်တွဲပါ အနု။ သူ့အင်



www.burmeseclassic.com

www.burmeseclassic.com



မကဘူး နင် ပျော်ရာဘဲတွေနဲ့ တွဲပါဦး။ ပြီးရင်တော့ ငါ့ဆီ ပြန်လာတဲ့ အခွင့်အရေးပေးပါ ...

ဘယ်လိုလဲ"

အနုက ပြန်မဖြေဘဲ ခေါင်းငုံ့သွားသည်။ သူက နာကျင်စွာ ပြုံးလိုက်ကာ ...။

"နေဝင်းဒွေးက အိမ်ရောက်ရင် နင့်ဆီ ဖုန်းဆက်မယ် မဟုတ်လား။ နင် ဖုန်းမကိုင်နဲ့ ငါပဲ ကိုင်မယ်။ နင့်ကို စကားခဏပြောဖို့ ငါ ခေါ်သွားပြီး ခိုးပြေးသွားပြီလို့ ပြောလိုက်မယ် ...

တကယ်တော့ နင်က နင့်အိမ်မှာပဲ ရှိနေမှာပါ။ ဒါကို နင့်အဖေလည်း သိပါစေ။ ငါက နင့်ဖုန်းကိုပဲ ယူထားမှာ။ မနက်ကျတော့မှ နင် အိမ်ပြန်ရောက်လာတယ်လို့ ပြောပေါ့။ နင် ငါနဲ့အတူ တစ်ညရှိခဲ့တာကို သိသိရက်နဲ့ သူ လက်ထပ်တော့မယ်ဆိုတာ သေချာရင် အဖြစ်မှန်ကို ငါ ကိုယ်တိုင် ရှင်းပြပေးမယ်၊ ဘယ်လိုလဲ အနု"

အနုက အံကိုတင်းတင်းကြိတ်ကာ ခေါင်းမော့လိုက်သည်။ ပြီးတော့ အိတ်ထဲကဖုန်းကို သူ့အား ထုတ်ပေးလိုက်လျှင် သူက နာကျင်စွာ ပြုံးမိသွားသည်။ နင်လည်း စွန့်စားတော့မယ် လား အနု။ ကောင်းပါတယ်၊ ဘဝဆိုတာ အလျော်အစားတစ်ခု ရှိမှ စိတ်လှုပ်ရှားဖို့ ကောင်းတာပါ။





သူတို့ ငြိမ်သက်နေတုန်းမှာပဲ ဖုန်းမြည်လာသည်။ Display ပေါ်မှာ ပေါ်နေတာက နေဝင်းဒွေးရဲ့နာမည်ပင်။ သူက အသက်ကို တစ်ချက်အောင့်ကာ ဖုန်းဖွင့်လိုက်သည်။

"ကိုနေဝင်းဒွေး ကျွန်တော်ပါ။ဟုတ်တယ် ... ခေတ်လုလင်ပါ၊ ဆောရီးပါ၊ အနုကို ကျွန်တော် ခိုးပြေးသွားခဲ့ပြီ၊ ဝရန်းသုန်းကားတွေလုပ်ဖို့ စိတ်မကူးပါနဲ့။ အားလုံး ပိုဆိုးကုန်မယ် ...

မနက်ကျရင် အနုကို ကျွန်တော် ပြန်ပို့မှာပါ။ ဒါပဲနော်"

သူက ဖုန်းပိတ်လိုက်သည်။ ပြီးတော့ ပါဝါပါ တစ်ခါတည်းပိတ်ကာ အနုကို ပြန်ပေးလိုက်လေသည်။ သူ့ကို ကြည့်နေသော အနုရဲ့အကြည့်တွေထဲတွင် သံယောဇဉ်လက်ကျန်တွေကို မြင်နေရလျှင် သူ ရှုံးချင်သွားသည်။

"ဒီညတော့ နင်လည်း အိပ်ပျော်မှာ မဟုတ်ဘူးနော်။ ငါလည်း အိပ်ပျော်တော့မှာ မဟုတ်ဘူး ...

ငါ့ဘဝမှာ မနက်ဖြန်ပေါင်းများစွာ ကြုံဖူးတယ်။ ဒါပေမဲ့ သိပ်မကြာခင် ရောက်လာတော့မယ့် မနက်ဖြန်ကတော့ ငါ့အတွက် နောက်ဆုံးမျှော်လင့်ချက်ပါပဲ။ အိမ်ထဲဝင်တော့ အနု။ နင့်အဖေကို နှုတ်ဆက်ပြီးမှ အိပ်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက လှည့်ထွက်လာခဲ့သည်။ သူ့နောက်ကနေ ခေါ်သံလေးတစ်ခုများ ကြားမလားလို့ သူ့နှလုံးသားက နားစွင့်နေခဲ့သေးသည်။ ဒါပေမဲ့ ဘာသံမှ မကြားရ။ တိတ်ဆိတ်ခြင်းသည် အမှောင်ထုကို ကြီးစိုးသွားသည်။

သူ့အတွက် မနက်ဖြန်ဆိုတာ ရှိလာပါဦးမလား ဆိုတာ အသည်းအသန် သိချင်ခဲ့ပါသည်။

❤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





အားလုံးရဲ့မနက်ဖြန်...

(သို့)

ခေတ်လုလင်...

နေဝင်းဒွေး...

အနသွေး...

www.burmeseclassic.com

www.burmeseclassic.com



## ၂၄

တစ်ညလုံး မအိပ်စက်ခဲ့ရသော်လည်း ဓာတ်ခဲ ကြောင့် နွမ်းနွမ်းနယ်နယ်လေးတောင် မရှိသည့် အနုသည် မနက်ရှစ်နာရီ အရောက်မှာတော့ အိမ်ဖုန်းဖြင့် ကိုနေ့ရဲ့ဖုန်း ခေါ်လိုက်လေသည်။ ဘယ်အချိန်ကများ Stand By စောင့်နေသည် မသိသော တစ်ဖက်လူက ဖုန်းကိုချက်ချင်းပဲ ဖွင့်ကိုင်ကာ ...

"ဟယ်လို ... အမိန့်ရှိပါ ခင်ဗျာ"

"ကိုနေ ... အနုပါ"

"ဟင် ... အနု။ အနု အိမ်ပြန်ရောက်နေပြီလား။ ညက ဘယ်လိုဖြစ်သွားတာလဲ"

"ည ... ညက ... ကိုနေ ပြန်ပို့ပြီးတော့ ခေတ်က နားမှာ စောင့်နေတာ၊ သူက စကားခဏပြောရအောင် တာနဲ့ သူ့ကားပေါ်လိုက်ပြီး အဲ ... အဲဒီကနေ ..."





ဘာကြောင့်မှန်းမသိဘဲ ဆက်မပြောနိုင်သော အနုသည် မျက်ရည်တွေသာ ပိုးပိုးပေါက်ပေါက် ကျလာတော့သည်။

"သူ ... သူလေ ..."

"ကျွတ် ... တော်ပြီ အနု။ ဆက်မပြောနဲ့တော့ ကိုယ်သိတယ်။ ဒီကောင် မိုက်ရိုင်းလိုက်တာကွာ။ သူငယ်ချင်းအရင်းကြီးကို မစာမနာ ...

ကိုယ် တစ်ညလုံး အိပ်မပျော်ခဲ့ဘူး။ အနု အိမ်ကို ဖုန်းဆက်မေးချင်ပေမယ့် ဘာမှန်းမသိလို့ ငြိမ်နေရတာ။ ကိုယ်နဲ့ လိုက်သွားတာဆိုတော့ ကိုယ်က တစ်ခုခုဆို ကိုယ် ဖြေရှင်းပေးလို့ရအောင် တမင် ငြိမ်နေခဲ့တာ ...

ရက်စက်တယ်ကွာ"

"ကိုနေ ... အနုနဲ့ လက်ထပ်ဖို့ကိစ္စကို ပြန်စဉ်းစားပါနော်"

"ဘာမှ စဉ်းစားစရာ မလိုဘူး။ ဒီကိစ္စက အနု အလိုတူ အလိုပါဖြစ်တဲ့ ကိစ္စမှ မဟုတ်တာ။ ကိုယ် စိတ်သန့်တယ်။ ပြီးတော့ အနုကို ဒီနေ့ပဲ ရုံးမှာ ကိုယ် လက်ထပ်မယ်။ ဒါမှ စိတ်ချရမှာ ...

အနု ဘာမှ လျှောက်တွေးပြီး စိတ်ဓာတ်မကျနဲ့။ အနုအပေါ်မှာချစ်တဲ့ ကိုယ့်အချစ်တွေက နှမ်းတစ်စေ့ တောင် မပြောင်းလဲဘူး။ ဆယ့်ငါးမိနစ်အတွင်း ကိုယ် အရောက်လာခဲ့မယ်။ ခုပဲ ထွက်လာပြီ၊ ဒါပဲနော် အနု"

www.burmeseclassic.com



ကိုနေက ဖုန်းချသွားသည်။ အနုသည် ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ် ပစ်လဲကျသွားတော့သည်။ မျက်ဝန်းထောင့်မှာ စီးကျလာသော မျက်ရည်စများနှင့်အတူ ဝေဝေဝါးဝါး မြင်လိုက်ရသော မျက်နှာတစ်ခုကတော့ ခေတ်ရဲ့အပြုံးပါးပါးလေးနဲ့ မျက်နှာတစ်ခုပဲ ဖြစ်တော့သည်။

နင်နဲ့ငါဟာ ဘယ်လိုမှကို ဖူးစာမပါတာပါ ခေတ်ရယ်။

✌ ❤ ✌

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





ဝတ္ထုစာတတ်လမ်း တစ်ပုဒ်၏ နောက်ဆက်တွဲ အကြောင်းအရာများအဖြစ် တင်ပြရမည် ဆိုလျှင်တော့ နေဝင်းဒွေး နှင့် အနုသွေးတို့၏ ခမ်းနားကြီးကျယ်သော မင်္ဂလာဆောင်ပွဲကို (၂၀၁၀)ခုနှစ်၏ နောက်ဆုံးနေ့ရက်တွင် ကျင်းပနိုင်ခဲ့သည်။ အဖြစ်မှန်တွေကို သိသွားသောအခါ နေဝင်းဒွေးက သူ့ရဲ့စစ်မှန်သော စေတနာ၏အကျိုးကို ပီတိများစွာဖြင့် ခံစားသွားခဲ့ရသလို အချစ်စစ်ကို ဖော်ထုတ်ပြခွင့် ရခဲ့သောကြောင့် ခေတ်လုလင်ကို လည်း ကျေးဇူးတင်ခဲ့သည်။

အနုသည်လည်း တစ်သက်လုံး အားကိုးယုံကြည် သွားနိုင်သော ခင်ပွန်းကောင်းကို ပိုင်ဆိုင်ခွင့်ရသည့်အတွက် ခေတ်ကို ကျေးဇူးတင်ခဲ့ပါသည်။

ခေတ်လုလင်ကတော့ အချိန်နဲ့အမျှ ပြောင်းလဲတတ်သော ကံတရားတွေအကြောင်း နှလုံးသားနဲ့ရင်းပြီး သိခဲ့သည့်အတွက် လောကကြီးကို ကျေးဇူးတင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် သင့်ထံ၌လည်း အချစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စစ်မှန်သော မေတ္တာတရား ရှိမည်ဆိုပါက လက်တွဲဖော်ကောင်း တစ်ယောက်ကိုတော့ ပိုင်ဆိုင်ခွင့်ရပါလိမ့်မည်။

ရှိသေလေးစားလျက်

ဆုမြတ်မွန်မွန်
1:10 (A:M)
20-8-2010

BURMESE CLASSIC .com

စေတနာစာပေ

၏

# အမှတ်တရအဖိအစဉ်

သို့

ဆရာမ ဆုမြတ်မွန်မွန်

ဆရာမရဲ့စာအုပ်တွေကို အမြဲတမ်းဖတ်ပါတယ်... ဒီ ဆရာမရဲ့(၁၀)ကြိမ်မြောက် အထိမ်းအမှတ်ဖြစ်တဲ့ 'အချစ်ဦးနဲ့ ကွဲပြီးသည့်နောက်(ဖူးစာ)ကို အရမ်းကြိုက်ပါတယ်။ ဒီပြင်စာအုပ်တွေလည်း ဖတ်ပါတယ်။ သမီးက စစ်တွေတက္ကသိုလ်မှာ first year chemistry တက်နေပါတယ်။ ရခိုင်ကိုရောက်ရင် ဝင်ခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်။ ဆရာမဆီကိုရောက်ရင် ထမင်းကျွေးမှာလား။ အားတိုင်း ဆရာမရဲ့စာအုပ်တွေကို အားပေးနေတဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။

ဆရာမဆုမြတ်မွန်မွန် ပို၍ပို၍
အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မဝတ်ရည်သင်း
(Chemistry) first year
စစ်တွေတက္ကသိုလ်
C/O ဆရာမဒေါ်ခင်သန်းနွဲ့
(အထကကျောင်းဝန်း)၊ မအီမြို့နယ်၊
တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆု

ညီမက မဆုရဲ့ထာဝရပရိသတ်ပါ။ မဆုဆီကိုလည်း အရင်က စာရေးခဲ့ဘူးပါတယ်။

ကျွန်မ သိပ်ကိုလေးစားမြတ်နိုးရတဲ့ မဆုကို စာဖတ်ပရိသတ်တွေ အားပေးလာတာမြင်ရတော့ အရမ်းကိုဝမ်းသာမိပါတယ်။ မဆုရဲ့ထွက်သမျှ စာအုပ်တွေကို ကျွန်မတို့သူငယ်ချင်းတွေအားလုံး မလွတ်တမ်းဖတ်ဖြစ်ပါတယ်။ မဆုက အရမ်းလှတာပဲနော်။ စာအုပ်တွေရဲ့ မျက်နှာဖုံးတွေမှာ နောက်ထပ်များများလေး မဆုရဲ့ပုံတွေ ထည့်ပေးပါနော်... ။

မဆုမြတ်တစ်ယောက်
အောင်မြင်ပါစေလို့...

ထာဝရ...
တင်မာလင်း
အင်ကြင်းမြိုင်ရပ်ကွက်၊
ဟောင်ပြင်မြို့။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်မက မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မဆုမြတ်ရဲ့ထွက်သမျှစာအုပ် အကုန်ဖတ်ပါတယ်။ အရမ်းလည်းကြိုက်ပါတယ်။ မဆုမြတ်တစ်ယောက် စာပေလောကမှာ ဒီထက်မကအောင်မြင်ကျော်ကြားနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မဆုမြတ်ရဲ့
ထာဝရပရိသတ်တစ်ဦး

မတိုးတိုးထွန်း
စာတိုက်ရုံး ကာမိုင်မြို့၊
ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ 'ဆရာမဆုမြတ်မွန်မွန်'

ခင်မင်မှုနဲ့ 'မဆု'လို့ပဲ ခေါ်မယ်နော်။ ကျွန်တော်က 'မဆု'ရဲ့ထွက်သမျှ စာအုပ်တွေကို မလွတ်တမ်းအားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ အရိုးသားဆုံးဝန်ခံရရင် အရင်ကတော့ 'ဆရာကြီးတြိစက္ကူ'ရဲ့ ပရိသတ်ပါ။ ဒါပေမဲ့ 'မဆု'ရဲ့စာအုပ်ကို အမှတ်မထင်ဖတ်မိရာကနေ သူ့အလိုလို အသွင်ပြောင်းသွားတာ၊ မဆုက စာရေးတာအရမ်းတော်တယ်။ ဇာတ်ဆောင်ကောင်မလေးတွေက ထက်မြက်တယ်။ မဆုရဲ့ဝတ္ထုတွေက ဇာတ်လမ်းမထပ်တဲ့အပြင် ဝတ္ထုအားလုံးမှာ ဖွဲ့ဆောင်မှုတစ်ခုတော့ပါပြီးသားဖြစ်နေလို့ပါ။ အသက်ငယ်ငယ်နဲ့ အောင်မြင်တဲ့စာရေးဆရာမဖြစ်နေလို့ ချီးကျူးပါတယ်။ 'မဆု'တစ်ယောက် စာပေလောကမှာ ထာဝရလင်းလက်တောက်ပသော ကြယ်လေးတစ်ပွင့်ဖြစ်ပါစေလို့ ဆုတောင်းပေးလျက် ... ။

ဇင်မောင်လတ်(မြို့သာ)

အမှတ် (၆)၊ ၁၇–လမ်း၊

၈၀ × ၈၁ လမ်းကြား၊

မန္တလေးမြို့။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ကျွန်တော် ခင်မင်မှုများစွာဖြင့် စာရေးလိုက်ပါတယ်။ မမဆု ကျန်းမာပါစေ။ မမဆုရဲ့ဝတ္ထုတွေ အရမ်းကောင်းပါတယ်။ အရေးသားလည်းကောင်း၊ ကျွန်တော် မမဆုရဲ့စာအုပ်တွေကို လစဉ်ထွက်သမျှ ဖတ်ပါတယ်။ ကျွန်တော် အကြိုက်ဆုံးကတော့ "ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု"ပဲဖြစ်ပါတယ်။ ကျွန်တော်ကို မမဆုရဲ့ ထာဝရပရိသတ်အဖြစ် အသိအမှတ်ပြုပါလို့တောင်းဆိုပါရစေ။ မမဆုရဲ့ နောက်ထွက်မဲ့ဝတ္ထုစာအုပ်တွေကိုလည်း အမြဲအားပေးနေမယ်နော်။ မမဆုတစ်ယောက် အနုပညာဆိုတဲ့ ကောင်းကင်ကြီးထဲမှာ အမြဲလင်းလက်နေတဲ့ ကြယ်လေးတစ်ပွင့်ဖြစ်ပါစေလို့ ဆန္ဒပြုရင်း ဝေးတစ်မြေ မန်းမြေက မမဆုရဲ့ ထာဝရပရိသတ် ....

မိုးဝင်း(ခ)မိုးဦး

မန္တလေးမြို့၊

ကန်တော်ကြီးအနောက်ခြမ်း၊

ရွာထွန်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါမဆုမြတ်

ဒုတိယမြောက်မိတ်ဆက်စာအဖြစ် စာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့ပထမဆုံးထွက်တဲ့စာအုပ်ကနေ နောက်ဆုံးထွက်တဲ့စာအုပ်အထိ မလွတ်တမ်းဖတ်ခဲ့ပါတယ်။ ဖတ်သမျှ စာတ်လမ်းတိုင်းဟာ မကောင်းတာမရှိခဲ့ဘူး။ ရိုးသွားတာလည်း မရှိဘူး။ အင်္ဂလိပ်အသုံးအနှုန်းလည်း ထည့်သုံးသွားတော့ ဆန်းသွားတာပေါ့။ စာအုပ်ဆိုင်မှာ မဆုမြတ်ရဲ့စာအုပ်ထွက်တိုင်း လုနေရတယ် သိလား။ မဆုမြတ်ရဲ့ပရိသတ်တွေ အရမ်းများတာပဲနော်။ မဆုမြတ်ရဲ့ဝတ္ထုတွေကို ဗီဒီယိုအဖြစ်လည်း ရိုက်တာနော်။ မဆုမြတ် အောင်မြင်တဲ့ ကမ္ဘာကျော်စာပေအနုပညာရှင်ကြီး ဖြစ်ပါစေလို့ ဆုတောင်းရင်း...

ထာဝရပရိသတ်
မိုးငယ်

မြတ်နိုးချစ်ဖူး(ခ)မိုးငယ်
အမှတ်–၄၆၆၊ ပန်းခြံလမ်း၊
စာတိုက်နောက်၊ ကော့ကရိတ်မြို့၊
ကရင်ပြည်နယ်၊

## စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မမဆုလို့ တရင်းတနှီးခေါ်မယ်နော်။ ကျွန်တော် မမဆုရဲ့ ပရိသတ်တစ်ဦးပါ။ မမဆုရဲ့စာအုပ်တိုင်းကို ကျွန်တော်အကုန်ဖတ်တယ်။ ကျွန်တော့်ကို မမဆုရဲ့စာအုပ်တွေကိုပေးပြီး ဖတ်ကြည့်ပါလားပေးတော့ ကျွန်တော် ဖတ်ကြည့်တာအရမ်းကောင်းတယ်။ ကျွန်တော် မမဆုရဲ့လစဉ်ထွက်တဲ့ စာအုပ်တိုင်းကိုအကုန်ဖတ်ဖြစ်တယ်။

မမဆုရဲ့ပရိသတ်တစ်ဦး

မောင်အောင်ငြိမ်း

ပုသိမ်မြို့နယ်၊ ရွှေတောင်မြို့နယ်၊
ခွဲချောင်းသာ၊
ရွာသစ်ဘုန်းကြီးကျောင်းသင်း
အမှတ်–၄/၁၄၁၊

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ 'မမ'

လေးစားမှုများစွာဖြင့် စာရေးလိုက်ပါတယ်။ ပထမဆုံး စာမို့ အမှားပါသွားရင် သည်းခံပေးပါ။ 'မမ'ရဲ့လုံးချင်းဝတ္ထုတွေကို တကယ်ကြိုက်တယ်။ သားလည်း အဲဒီလို ပရိသတ်ကြိုက်အောင်ရေးနိုင်တဲ့ ကလောင်ရှင်တစ်ယောက် ဖြစ်ချင်တဲ့သူပါ။ celebrityတစ်ယောက်ဖြစ်ချင်လို့ မဟုတ်ပါဘူး။ အရမ်းကိုဝါသနာပါလို့ပါ။ သားစာက ဝေဖန်စာ အကြံပြုစာမဟုတ်ပါဘူး။ သားက 'စာရေးဆရာကောင်းတစ်ယောက်' အထူးသဖြင့် မမလို ကလောင်ရှင်ကောင်းတစ်ယောက် ဖြစ်ချင်တာပါ။ သားစာကို အပိုတွေရေးနေတယ်လို့ မယုံကြည်လိုက်ပါနဲ့။ သားက တကယ် စာရေးဆရာဖြစ်ချင်တာပါ 'မမ'ရယ်။ အခုလောလောဆယ်တော့ စာရေးဆရာဖြစ်ဖို့ စာလုံးရေစကို မစရသေးပါဘူး။ ပြီးတော့ ဒေသန္တရ ဗဟုသုတတွေလည်း လိုတယ်တဲ့။ သားကို တတ်နိုင်သလောက် အကြံပြုဝေဖန်ပေးပါ 'မမ' ... ။

ဟိန်းမင်းထက်

အကွက်–၃၀၉၊
ပြည်ကြီးပျော်ဘွယ်အနောက်၊
လမ်း–၉၀၊ နေမင်းစကြာဘုရားအနီး၊
ကောင်းသန့်ဟိန်း–သကြားစက်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

BURMESE CLASSIC .com

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်

မိုးက မဆုမြတ်ရဲ့ပရိသတ်တစ်ယောက်ပါ။ မိတ်ဆက်စာ တစ်ခါမှမရေးဘူးလို့ အမှားပါရင် ခွင့်လွှတ်ပါလို့ ကြို ပြောပါရစေ။ မဆုမြတ်ရဲ့စာအုပ်တွေကို မိုးအရမ်း crazy ဖြစ်တာပဲ။ မိုးက ဇာတ်သိမ်းခန်းမှာ မညားတဲ့ဇာတ်လမ်းမျိုးကို ပိုသဘောကျတယ်။ အဲဒီလိုဇာတ်လမ်းမျိုး များများရေးပေးပါလို့ မဆုမြတ်ကို အကြံပေးချင်ပါတယ်။ ဆရာလုပ်တာတော့မဟုတ်ပါဘူး။ အဲဒါမှ ပရိသတ်ရဲ့ရင်ထဲမှာ တစ်ခုခုကျန်ခဲ့မှာပေါ့နော်။ မဆုမြတ်ရဲ့စာအုပ်တွေက Attraction ရှိတယ်။ English လိုလေးတွေ ထည့်ရေးပေးထားတော့ ဗဟုသုတရတာပေါ့။ မဆုမြတ်ရဲ့ စာအုပ်တွေကို 'ကျွန်မတင်တဲ့ရွှေမင်းသား'ထိ မိုးဖတ်ပြီးပါပြီ။ မဆုမြတ်က မိန်းကလေးတွေဘက်ကနေရေးတဲ့ စာအုပ်တွေ တော်တော်များတယ်နော်။

မဆုမြတ် စာပေလောကမှာအောင် မြင်မှုသရဖူဆောင်းနိုင်ပါစေလို့ မိုး ဆုတောင်းပေးလိုက်ပါတယ်။

P . S . M
1st Math(သာသ–၃၆၉)
West Yangon University

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

"မင်္ဂလာပါ" မဆုမြတ်မွန်မွန်

ဂုဏ်ယူပါတယ်။ အထူးသဖြင့် 'ချစ်ခြင်းမေတ္တာ'နဲ့ ပတ်သက်တဲ့ ရေးသားဖွဲ့နွဲ့မှုတွေကို နှစ်သက်မိပါတယ်။ ယောကျ်ားလေးတွေရဲ့ စိတ်သဘောထားခံယူချက်ကို ပိုင်နိုင်အောင် ရေးဖွဲ့နိုင်တဲ့အတွက် အထူးပဲလေးစားမိပါတယ်။ အောင်မြင်မှုတွေကို ပိုလို့ရရှိနိုင်ပါစေ။ ပထမဆုံးအကြိမ် ဒီလိုရေးသားခြင်းပါ။ ကျွန်တော်က ကဗျာရေးတာ ဝါသနာပါသူမို့ပါ။

ထာဝရ ထွန်းလင်းတောက်ပတဲ့
အနုပညာကြယ်တစ်ပွင့်ဖြစ်ပါစေ။

စိုင်းစိုင်းကျန်း
ရကက(၁၁)၊ ရေငယ်(ရှေ့)ရွာ၊
ဘုရားကြီးလမ်း၊ ပြင်ဦးလွင်မြို့နယ်၊
မန္တလေးတိုင်း။

# စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

ခင်မင်လေးစားရပါသော မမွန်ရယ်...

မောင်လေးက မမွန်ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမွန်ရဲ့အတွေးစိတ်ကူး အရေးအသားလေးတွေက အရမ်းလှတာပဲ။ မမွန်ရေးတဲ့ဝတ္ထုအားလုံး မောင်လေး အရမ်းကြိုက်နှစ်သက်ပါတယ်။ 'လသုံးစင်းနှင့်ကခုန်ခြင်း'ကို ပိုပြီးတော့ကြိုက်နှစ်သက်ပါတယ်။ မမွန်ရဲ့အတွေးစာသားလေးတွေက အရမ်းလှသလို မမွန်ရဲ့မျက်ဝန်းလေးကလည်း အရမ်းလှတာပဲနော်။ ဖြစ်နိုင်ရင် မောင်လေးဆီ စာပြန်ရေးတဲ့အခါ မမွန်ရဲ့ဓာတ်ပုံလှလှလေးကိုလည်း ထည့်ပေးလိုက်စေချင်ပါတယ်။

မမွန်
ထာဝရ ကျန်းမာချမ်းသာပါစေ...
မောင်လေးချမ်းငြိမ်း

ဝဏ္ဏသုစီဆောင်
ရွှေတောင်၊ ရေနံချောင်းမြို့
မကွေးတိုင်း

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

# အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

ခင်မင်လေးစားစွာဖြင့် မဆုမြတ်လို့ ခေါ်ပါရစေ။ ကျွန်တော်က မဆုမြတ်ရဲ့ ပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့စာအုပ်တွေက အရမ်းကောင်းတယ်။ 'အကြင်နာများကောင်းကင်ယံသို့လွင့်တင်ထားသည်'၊ 'နတ်သမီးဖော်တဲ့အဆိပ်' ထိ ဖတ်ပြီးသွားပြီ။ မဆုမြတ်ရဲ့စာအုပ်တွေက အရမ်းကောင်းတယ်။ ဖတ်ပြီးတိုင်း ရင်ထဲမှာ တစ်ခုခုကျန်ခဲ့တယ်။ ကျွန်တော် မဆုမြတ်လို စာရေးဆရာတစ်ဦးဖြစ်ချင်တယ်။ ဒါပေမဲ့ ကျွန်တော်က မတောက်တခေါက်လောက်ပဲ ရေးတတ်တာပါ။ ကဗျာကတော့ ထာဝစဉ်ရေးဖြစ်တယ်။ ဒါပေမဲ့ အောင်မြင်ကျော်ကြားတဲ့ ကဗျာဆရာ မဟုတ်ပါဘူး။ မဆုမြတ်တစ်ယောက် အောင်မြင်မှုသရဖူကို ထာဝရ အမြဲတမ်းဆောင်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်။

မဆုမြတ်ရဲ့ပရိသတ်ထဲက
တစ်ယောက်

K.M.ဇော်
မကွေးတိုင်း၊ မကွေးမြို့၊
သိရိမင်္ဂလာလမ်း၊ သုခလမ်း၊
အိမ်နံပါတ်(၄၀)၊ သိဂီ။

စေတနာစာပေ

၏

# အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမဆုမြတ်

ညီမက မမဆုမြတ်ရဲ့ပင်တိုင်ပရိသတ်တစ်ယောက်ပါ။ မမဆုမြတ်ရဲ့စာအုပ်တွေကို 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'က နေ ၂၀၁၀ ဇူလိုင်လမှာထွက်တဲ့ 'ကျွန်မတင်တဲ့ရွှေမင်းသား'ထိ ဖတ်ပြီးပါပြီ။ မမဆုမြတ်ရဲ့စာအုပ်ကို 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' ကို ဦးဆုံးဖတ်ဖူးတာပါ။ မမဆုမြတ်ရဲ့ဝတ္ထုတွေက ဝေဖန်စရာမရှိလောက်အောင်ကောင်းပါတယ်။ အကြိုက်ဆုံးကတော့ 'သက်တံနိုင်ငံသူ'ပါ။ 'အကြည့်မှရင်ခုန်အတွေ့မှာလိုက်မော နောက်ဆုံးတော့ သူမကို ကျွန်တော် ဒူးထောက်လိုက်ရတယ်' ဆိုတဲ့ အန်ချန်းဘိုရဲ့ idea ကို သဘောကျတယ်။

မမဆုမြတ် ဒီထက်မက
အောင်မြင်ပါစေ

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊
ရေကြည်ရွာ
မနွဲ့နွဲ့အေး
မုံရွာတက္ကသိုလ်
ဒုတိယနှစ်(ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

သို့

ချစ်ခင်လေးစားရပါသော ဆရာမ မဆုမြတ်

မောင်လေးက အစ်မရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ အစ်မ နေကောင်းရဲ့လား။ မောင်လေးက အစ်မထွက်ပြီးသမျှ စာအုပ်တွေထဲက (၁၄)အုပ် ဖတ်ပြီးသွားပြီ။ အကုန်လုံးနီးပါး ကောင်းပါတယ်။ 'မန္တလေးသား'၊ 'အတူတူငိုဖူးတဲ့သူ'၊ 'ပန်းတစ်ပွင့်ရဲ့မှုပိုင်ရာသီဥတု'၊ 'နှလုံးသားတစ်ခု အရင်းပြု၍'၊ 'အသည်းကြီးဝတ်ရည်' တို့ကို အရမ်းကြိုက်တယ်။ အစ်မရေးထားတဲ့ 'ကလေးအထာ' ထဲမှာ မောင်လေးနာမည် အပြည့်အစုံပါတယ်။ 'မိုးမြင့်မောင်မောင်'လေ။ မောင်လေးနာမည်က 'မိုးမြင့်မောင်မောင်အောင်' တဲ့။ 'အသည်းကြီးဝတ်ရည်' ထဲက နှင်းဆီသူရဲ့ ဒိုင်တွေက မိုက်တယ်နော်။ 'အတူတူငိုဖူးတဲ့သူ' ထဲက စာသားတွေကလည်း ရေရေလည်လည်လန်းတယ်။

မောင်လေးချစ်ခင် လေးစားအားကျရပါသော
မဆုမြတ်မွန်မွန်တစ်ယောက် မြန်မာမှာသာမက
ကမ္ဘာ့စာပေလောကမှာပါ အစဉ်အမြဲ .....
ထွန်းတောက်နေတဲ့ ကြယ်လေးတစ်ပွင့်
ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်း
လိုက်ပါတယ်။

အစ်မရဲ့ထာဝရပရိသတ်
မိုးမြင့်မောင်မောင်အောင်
ဈေးလမ်း၊ အမှတ်(၁၂)၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

BURMESE CLASSIC .com

## စေတနာစာပေ ၏

## အမှတ်တရ အစီအစဉ်

သို့

မမ နေကောင်းပါစေလို့ ဆုတောင်းရင်းနဲ့ပဲ စရေးပြီနော်။

မမရေးထားတဲ့ 'ကျွန်မတင်တဲ့ရွှေမင်းသား'ဝတ္ထုကို ဖတ်ပြီး စာအရမ်းရေးချင်လာလို့ပါ။ မမရဲ့ဇာတ်ကောင် မိန်းကလေးတွေက ဘဝမှာချုပ်နှောင်မှုမရှိတဲ့ လွတ်လွတ်လပ်လပ် (free style) ဘဝကို ပိုင်ဆိုင်ထားကြတယ်နော်။ သူတို့တွေရဲ့ (character)တွေကို အရမ်းသဘောကျတယ်။ မမနဲ့စာအုပ်လေးတွေက ဖတ်ပြီးရင် ရသတစ်ခုလောက်ကိုတော့ အနည်းဆုံးပေးနိုင်တယ်နော်။ အဲဒီရသလေးတွေကို အရမ်းနှစ်သက်တယ်။ မမဆီက ပြန်စာနဲ့ ဓာတ်ပုံမျှော်နေမယ်။ အဆင်ပြေရင် ပို့ပေးပါနော်။

မမ စာပေလောကမှာ ဘယ်တော့မှ
ပျောက်ပျက်မသွားမယ့် မှတ်တိုင်
တစ်ခုကို စိုက်ထူနိုင်ပါစေ။

ငွေကမ္ဘာ
၂၃၆၀၊ ရွှေအောင်ရွေး(၁)လမ်း
ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏

## အမှတ်တရ အစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ခင်မင်ရိုးသားမှုများစွာနဲ့ ကိုရင် စာရေးလိုက်ပါတယ်။ ကိုရင် မဆုရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ တစ်ခါမှ မိတ်ဆက်စာ မရေးဘူးလို့ အမှားပါရင် ခွင့်လွှတ်နားလည်ပေးပါနော်။ မဆုမွန်ရဲ့ 'အတူတူငိုဖူးတဲ့သူ' ဆိုတဲ့ စာအုပ်ကိုအရမ်းကြိုက်တာပဲ။ အပိုင်ဝယ်သိမ်းထားတယ်။ နယ်ပြန်ရင် အတူတူငိုဖူးတဲ့ အမေ့ကို ပေးဖတ်ဖို့လေ။ မဆုမွန်ရဲ့ကျန်းမာရေးကို ဂရုစိုက်ပါနော်။ အာရောဂျံ ပရမ လာဘံတဲ့။ ကိုရင်တို့လို ထာဝရပရိသတ်တွေ အတွက် အမြဲတမ်း ခမနီယ ကျန်းမာနေမှဖြစ်မှာမို့ပါ။ ဘဝနှင့် ဆန္ဒတစ်ထပ်တည်းကျပြီးတော့ အောင်မြင်မှုပန်းတိုင်ကို ထာဝရ လှမ်းနိုင်ပါစေ ....

ကျေးဇူးတင်လျက်

ရှင်ဝါသေဌ(ဓမ္မစရိယ)
ရွှေတောင်ပါဠိတက္ကသိုလ်
ဝဏ္ဏာသုခီကျောင်းဆောင်
ရေနံချောင်းမြို့။

BURMESE CLASSIC .com

www.burmeseclassic.com